459

မုံရွာမြို

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး

ရေးသား

စီရင်တော်မူအပ်သော

သာသနာရေး ဦးစီးဌာန
အရှင်ကောဝိဒ
လျှောက်ထားပါသည်။

မဟာသယနဒီပနီ

နှင့်

ဒီဃာသနဝိနိစ္ဆယ

ဥပသမ္ပဒဝိနိစ္ဆယ

သသင်္ခါရ, အသင်္ခါရဝိနိစ္ဆယ

ဝ

ဂ-ကျမ်းတွဲ

ဟံသာဝတီ



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး ပုံတော်

နိဒါန်း

မဟာသယနာဒိ ဒီပနီကျမ်း

မဟာသယနမည်သော ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အရာ၌ ဥစ္စာသယန မဟာသယန အဆုံးအဖြတ်, ခြားနားပုံသရုပ်,ဝါဒစစ်ချက်,အဋ္ဌကထာ ဆရာတို့၏ ဝါဒအထူး,နှိုးနှောရှင်းလင်းချက်, ခင်းကြပုံအစီရင်, ကပ္ပိယ အကပ္ပိယစစ်တမ်း, အဓိဋ္ဌာန် ဝိကပ္ပနာပြောခဏ်းတို့ကို ရှင်းလင်းပြဆိုရာ ဖြစ်သော **မဟာသယနဒီပနီ** ကျမ်းကိုဌင်း၊ ဒီဃာသနအရာ၌ သက်ဆိုင်ရာ သိက္ခာပုဒ်တို့ဖြင့် ဆုံးဖြတ်စီစစ်ပုံ, ကျမ်းဂန်တို့၌လာသော နာနာဝါဒ စီစစ်ချက်တို့ကို ဖွင့်ဆိုရာဖြစ်သော **ဒီဃာသနဝိနိစ္ဆယ**ကျမ်းကိုဌင်း၊ သိမ်အပြင်ဝယ် ပဋ္ဌင်းခံရာတွင် စ-လယ်-ဆုံး ၃-ဌာန တို့၌ ပြုသင့်သော ပုဗ္ဗကိစ္စ, ပဓာနကိစ္စ,အပရကိစ္စ အရပ်ရပ်တို့ကို ပြဆိုရာ ဖြစ်သော **ဥပသမ္မဒဝိနိစ္ဆယ**ကျမ်းကိုဌင်း၊ ဝါဒရှုပ်ထွေးသော သသန်ါရ, အသန်ါရအရာ၌ ကျမ်းဂန်တို့မှလာသော အဆုံးအဖြတ်နှင့် ဆရာတော်၏ အလိုသဘောကျ ဆုံးဖြတ်ပုံတို့ကို ခြောက်ကဏ္ဍဖွင့်၍ ပြဆိုရာဖြစ်သော **သသန်ါရ အသန်ါရဝိနိစ္ဆယ** ကျမ်းကိုဌင်း၊ ရေးသားပြုစုတော်မူခဲ့ပေသည်။

ကျမ်းပြုအမော်ဇာတာတော်

ဤမဟာသယနဒီပနီ-နှင့် ဒီဃာသနဝိနိစ္ဆယ, ဥပသမ္မဒဝိနိစ္ဆယ, သသန်ါရ အသန်ါရဝိနိစ္ဆယ ၄-ကျမ်းတွဲကိုပြုစုတော်မူသော**ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး** သည် ဒီပဲရင်း မြို့နယ် စိုင်ပြင်ရွာ အာဘ ဦးထွန်းသာ, အမိဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၇-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့ ညဉ့်တချက်တီးကျော် ၂-ပါဒ်၊ ၂-ဗီဇနာ၊ ၅-ပြန်၊ ၇-ခရာ၊သိဟ်လဂ်၊တူ စန်း၊တနင်္ဂနွေ တြင်း၊ တနင်းလာ နဝင်း၊၉-လုံး ၂-ပါဒ်ထက်လဂ်စီးလျက် ဗီရဏိနက္ခတ် မွန်းတည့်လတ်သော မဂ်လာအချိန်တွင် သားမြတ် သားဦး မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

နိမိတ်ပေါ်ပြ အမည်တော်ရ

ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန့်စင်ရာ မဂ်လာအိမ်တော်၏အနီး မန်ကျည်းပင်၌ ထောင်၍ ထားအပ်သော ဝါးလုံးမှ သက်တံပေါက်ပြီး

လျှင် ၎င်းသက်တံသည် ဖွားသန့်စင်ရာ မဂ်လာအိမ်တော်ကို လက်ျာရစ်လှည့်လျက် အိမ်ခေါင်မှ အထက်ကောင်းကင်သို့ **တက်သွားသည်**ကို လူအများတွေ့ရှိရသဖြင့် မဂ်လာနိမိတ်ကို အစွဲပြု၍ **မောင်တက်ခေါင်**ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မဂ်လာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ ခေါ်ဝေါ်ကြလေသည်။

ဗျုပ္ပတ်အညီ ဘွဲ့တော်ချီ

၎င်းမောင်တက်ခေါင်သည် အရှေ့ယိတော်မြောက် ကျောင်းနေချိန်သို့ ရောက်လျှင် ရှာဦးကျောင်းဆရာတော်ကြီး ဦးဓမ္မ မဟာထေရ် အထံတော်၌ အပ်နှံထားရာ သူငယ်ကို့တတ်အပ်သော အရပ်ရပ် အတတ်ပညာများကို တတ်မြောက်ပြီးနောက် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ တက်ရောက်တော်မူရကား မောင်တက်ခေါင်-ဟူသော ဝေါဟာရမှ ထက်မြက်စူးရှလျင်မြန်လှသော **ဉာဏ်**ရှိမှုကိုစွဲ၍ **ရှင်ဉာဏ**-ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မဂ်လာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ နောက်မှတဖန် ခေါ်ဝေါ်ကြပြန်လေသည်။

ဓမ္မာစရိယ ဆန်ထောက်ရ

ဤနောက် သက်တော် ၂၀-ကျော်၌ ရဟန်းဘဝသို့ ကူးတော်မူပြီးလျှင် [သုဒဿနဝရ ဓမ္မသာမိ မဟာ ဓမ္မရာဇဂုရု, သုဒဿနဓဇ အတုလမိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု] ဟူသော တံဆိပ်တော် ၂-ထပ်ရ သံဃာ ၁၀၀၀-ကျော် စာချ **မန္တလေးမြို့ စံကျောင်းဆရာတော်** မဟာထေရ်ကျော်ကြီးထံတော်ဝယ် ပညာရင်နှီး သောက်ရှိမှီဝဲ နေစဉ်မှာပင် ၎င်းဆရာတော်ကြီး၏ အနှောဝါသိက တပည့်ကြီးဖြစ်သော [လုံပဏ်,လင်းပဏ်၊ဤနှစ်တန်၊ ဘယ်ပဏ်သာ၍တတ်သနည်း] ဟုပညာရှိများ နှုတ်၌ အထပ်ထပ် ခွဲက်ဆိုခံရသော **စလင်းဦးပဏ္ဍိစ္စမထေရ်** ထံတော်၌ ပိဋကတ်အခြေ တတ်မြောက်ခိုင်မြဲတော်မူလေသဖြင့် ပဌမစာချ ဆန်ထောက်တော်ရလျက် တပည့်အများ စာပေပို့ချ သင်ကြားပေးနေစဉ်မှာပင် ၁၂၄၁-ခု နှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူလေသည်။

ကျော်စောသတင်း တံဆိပ်နှင်း

၁၂၄၈-ခုနှစ်သို့ရောက်လတ်သော်ရတနာပုံနေပြည်တော် မန္တလေးမြို့ စံကျောင်းတိုက်ဝိဟာရမှပြောင်းရွှေ့တော်မူခဲ့၍ **မုံရွာမြို့ လယ်တီ ကျောင်းတိုက်ကြီး**

နိဒါန်း (၈)

ကိုတည်ထောင် ဖန်ဆင်းတော်မူကာ အရပ်ရပ်မှ ပညာရင်နှီးသောက်စို့ရန် ရောက်လာကြသော များစွာ သောင်းသောင်း တပည့် သံဃာအပေါင်းတို့အား စာပေပို့ချတော်မူခြင်း တကာ တကာမအပေါင်းတို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူခြင်း, ပါဠိဘာသာ, မြန်မာဘာသာ ၂-ဖြာသောကျမ်းဂန်တို့ကို ရေးသားပြုစုတော်မူခြင်း, အမြို့မြို့ အရွာရွာသို့ လှည့်လည်တော်မူလျက် တရား အမြိုက်မိုယ်းကို တဖြိုးဖြိုးသွန်ချတော်မူခြင်း, အမေးပုစ္ဆာ ပြဿနာအရပ်ရပ်တို့ကို တပ်အပ်သေချာ ဖြေကြားရှင်းလင်းတော်မူခြင်းစသော ဂုဏ်အပေါင်းတို့ကြောင့် လယ်တီဆရာတော်ကြီး-ဟုအာရှ,ဥရောပ အနှံ့ တအုံ့တသြ ကျော်စောကိတ္တိ ဂုဏ်ရှိန်ညှိ၍ ထွန်းလင်းဘိရကား တိုင်းကြီး,ပြည်ကြီးရှင်-ဘုရင်မင်းတို့ကအဂ္ဂမဟာပဏ္ဍိတ-ဟူသောပါဠိဂုဏ်ဟိတ်ဘွဲ့တံဆိပ်တော်ဖြင့်ရင်း, ဒီလစ်-ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့်ရင်း ဆက်ကပ်လှူဒါနိုးပူဇော်သည်ကို ခံယူရရှိတော်မူလေသည်။

ကရုဏာရှေးရှု ကျမ်းဂန်ပြု ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် သာမဏေဖြစ်စဉ်က ကျေးစေဇော်း ရတုကို စီရင်တော်မူလေသည်၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ စီရင်ပြုစုတော်မူသော ကျမ်းများမှာ—

၁။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိဟ် မဟာဋီကာသစ်ပါဠိ]	၁၀။ နိဗ္ဗာနဒီပနီ
	၁၁။ မဟာသယနဒီပနီ
၂။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂ လာန်ဋီကာပါဠိ]	၁၂။ ဥတ္တမပုရိသဒီပနီ
	၁၃။ ပဋိစ္စသမုပ္ပါဒဒီပနီ
၃။ ပဋ္ဌာနဒ္ဒေသဒီပနီပါဠိ	၁၄။ အာဟာရဒီပနီ
၄။ သမ္မာဒိဋ္ဌိဒီပနီပါဠိ	၁၅။ အနတ္တဒီပနီ
၅။ အနုဒီပနီပါဠိ	၁၆။ ကမ္မဋ္ဌာနဒီပနီ
၆။ ရူပဒီပနီ	၁၇။ အာနာပါနဒီပနီ
၇။ လက္ခဏဒီပနီ	၁၈။ စတုသစ္စဒီပနီ
၈။ ပါရမီဒီပနီ	၁၉။ သစ္စတ္ထဒီပနီ
၉။ ဝိဇ္ဇာမဂ္ဂဒီပနီ	၂၀။ ဗောဓိပက္ခိယဒီပနီ

၂၁။ သောမနဿုပေက္ခာဒီပနီ
၂၂။ ဘာဝနာဒီပနီ
၂၃။ သုကုမာရမဂ္ဂဒီပနီ
၂၄။ သာသနဒါယဇ္ဇဒီပနီ
၂၅။ ရောဂန္ဓရဒီပနီ
၂၆။ ဓမ္မဒီပနီ
၂၇။ ဒါနာဒိဒီပနီ
၂၈။ မဂ္ဂင်္ဂဒီပနီ
၂၉။ ဂေါဏသုရာဒီပနီ
၃၀။ နိယာမဒီပနီ
၃၁။ ဝိပဿနာဒီပနီ
၃၂။ အနတ္တဒီပနိကျမ်းသစ်
၃၃။ သီလဝိနိစ္ဆယ
၃၄။ ဝိရတိသီလဝိနိစ္ဆယ
၃၅။ ဇုဏာပရိဘောဂဝိနိစ္ဆယ
၃၆။ ဒိယာသနဝိနိစ္ဆယ
၃၇။ သရဏာဂုံဝိနိစ္ဆယ ကျမ်းသစ်
၃၈။ သသင်္ခါရ, အသင်္ခါရ ဝိနိစ္ဆယ
၃၉။ သိက္ခာဂဟဏဝိနိစ္ဆယ
၄၀။ စေတိယင်္ဂဏဝိနိစ္ဆယ
၄၁။ ဥပသမ္ပဒ ဝိနိစ္ဆယ
၄၂။ အာဇီဝဋ္ဌမက သီလအဆုံး အဖြတ်။
၄၃။ ဝိကာလဘောဇန သိက္ခာပုဒ် အဆုံးအဖြတ်။
၄၄။ ပရမတ္ထသံခိပ
၄၅။ ဝိနယသံခိပ
၄၆။ သဒ္ဒသံခိပ
၄၇။ သတ်ပုံသံခိပ
၄၈။ သင်ပုန်းကြီးသံခိပ
၄၉။ ပရမတ္ထဒီပနီခေါ် [သဒ္ဓြဟ် မဟာဋီကာသစ်နိဿယ]
၅၀။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂ လာန်ဋီကာနိဿယ]
၅၁။ ပဓာနသုတ် ပါဠိတော် နိဿယသစ်
၅၂။ အနတ္တဝိဘာဝနာပါဠိ နိဿယ
၅၃။ အာဝေဏိကဂုဏ်တော်ပါဠိ နိဿယ
၅၄။ လန်ဒန်ပါဠိဒေဝိပုစ္ဆာ ဝိဿဇ္ဇနာပါဠိ
၅၅။ သောတာပန်ပုစ္ဆာ
၅၆။ လယ်တီပုစ္ဆာ အဖြေပေါင်း ချုပ်
၅၇။ နိဗ္ဗာနဝိဿဇ္ဇနာ
၅၈။ ရုပ်ပိုင်းအကျဉ်း
၅၉။ သာသနဝိသောဓနီ ပဌမတွဲ
၆၀။ ၎င်း ဒုတိယတွဲ
၆၁။ ၎င်း တတိယတွဲ
၆၂။ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်
၆၃။ ဂန္ဓိရကဗျာကျမ်း
၆၄။ ဥရောပဗုဒ္ဓဘာသာအလင်းပြ
၆၅။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းလက်ဝ
၆၆။ သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်
၆၇။ ကမ္မဋ္ဌာန်းကျမ်းကြီး
၆၈။ ပုဏ္ဏော ဝါဒ ကမ္မဋ္ဌာန်း
၆၉။ လယ်တီမင်္ဂလသုတ္တန်
၇၀။ အလင်းကျမ်း

သဗ္ဗေသခ်ါရာ အန်စွာ ဤသို့အစရှိသည်ဖြင့် ဒီပနီ,ဝိနိစ္ဆယ, သံခိပ်,ပါဠိ-နိဿယ, ပုစ္ဆာ-ဝိဿဇ္ဇနာ, ဝိသောဓနီ ကျမ်းပေါင်းမြောက်မြားစွာကိုရေးသားစီရင်တော်မူခဲ့ပြီး

သည့်နောက်—

ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။
နု ဘယေန နု လဇ္ဇာယ၊ မရဏဝသ မာဂတံ။

ဟူသော ဒေသနာတော်နှင့်အညီ ကြီးကျယ် မြင့်မြတ်သော အာနုဘော်တော်တို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကြီး သော်မှရှောင်ကွင်း၍ မလွတ်နိုင်၊ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ပါတော်မူရဘိသို့၊ ဘုရားရှင်၏တပည့်သာဝက ကျေးဇူးရှင် လယ်တီဆရာတော် မထေရ်မြတ်ကြီးသည်လည်း ၁၂၇၅-ခုနှစ် ပဌမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ ၂-နာရီ မိနစ် ၃၀-အချိန်တွင် ပျဉ်းမနားမြို့၌ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ ပါတော်မူရချေပြီ။

ပုံနှိပ်စေခြင်း နှလုံးသွင်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက်၌ စီရင်တော်မူခဲ့သော ကျမ်းစာများ **မတိမ်ကော မပျောက်စေရန်ရင်း**, တပည့် နောက်သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဥာဏ်စဉ်တိုးပွားနိုးဇွာန်တိုင် **အကျိုးများစေရန်ရင်း** ရည်သန်ရိုးရင်း နှလုံးသွင်းရှိရကား ပါဠိဆရာကြီး **ဦးခင်စိုး သိရိပဝရ ဓမ္မာစရိယ** အမှူးရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက အကွရာပုဒ်ရင်း မခွဲတ်ယွင်းစေရအောင် သုတ်သင် ပြင်ဆင်လျက် ဤမဟာသယနဒီပနီနှင့်-ဒီဃာသန ဝိနိစ္ဆယ,ဥပသမ္ပဒဝိနိစ္ဆယ, သသခ်ါရ အသခ်ါရဝိနိစ္ဆယ ၄-ကျမ်းတွဲကို စက်တင်ပုံနှိပ်အပ်သည်ဖြစ်ပါ၏ကြောင်း။

"ဟံသာဝတီ"

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	မဟာသယနဒီပနီကျမ်း	
၁။	ပဏာမနှင့်ပဋိညာဉ်	၁
	ပဌမခဏ်း	
၁။	ဥစ္စာသယန, မဟာသယနသရုပ်	၂
၂။	ဥစ္စာသယနနှင့် မဟာသယနအထူး	၄
၃။	ပမာဏာတိက္ကန္တ အဆုံးအဖြတ်	၇
၄။	သရုပ်အားဖြင့် ခြားနားချေပြခြင်း	၁၃
၅။	ဋီကာတို့၌ စီစစ်ချက်	၃၉
	ဒုတိယခဏ်း	
၆။	အပ်မှ,မအပ်မှ၌ ပါဠိတော်များ	၄၄
၇။	အဌကထာတို့၏နာနာဝါဒ	၄၉
၈။	ဝါဒသို့ချိန်ရင်းလင်းချက်	၅၁
၉။	အခင်း ၂-မျိုးတို့၏ အထူး	၇၀
၁၀။	လောကဌ ခင်းကြုံအစီအရင်	၇၁
	တတိယခဏ်း	
၁၁။	ကပ္ပိယ, အကပ္ပိယစစ်တမ်း	၇၃
၁၂။	အဓိဋ္ဌာန်, ဝိကပ္ပနာမှ	၇၆
	ဒီဃာသနဝိနိစ္ဆယကျမ်း	
၁၃။	ဓမ္မဂါရဝမူလသိက္ခာပုဒ်	၈၇
၁၄။	ထေရဂါရဝ, အသာရုပ္ပမူလကသိက္ခာပုဒ်	၈၉
၁၅။	ဘေဒမူလက-ဒုဝဂ္ဂမဠာသိက္ခာပုဒ်၌ စီစစ်ခြင်း	၉၁
၁၆။	ဒီဃာသန အဆုံးအဖြတ်	၉၉
၁၇။	နာနာဂန္ဓဝိစာရဏအခဏ်း	၁၀၇

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	ဥပသမ္ပဒါနိဿယကျမ်း	
၁၈။	ရှေးဦးအမှာစကား	၁၁၇
၁၉။	ပုဗ္ဗကိစ္စစီရင်ခက်း	၁၁၈
၂၀။	ပဓာနကိစ္စစီရင်ခက်း	၁၃၇
၂၁။	အပရကိစ္စစီရင်ခက်း	၁၄၂
	သသန်ါရ, အသန်ါရဝိနိစ္ဆယကျမ်း	
၂၂။	ပဋိညာဉ်	၁၆၇
၂၃။	ဝိုကာဝါဒပြဆိုချက်	၁၆၇
၂၄။	အာဓိကာရကိုပြဆိုချက်	၁၇၀
၂၅။	ပုဗ္ဗာဘိသန်ါရကိုပြဆိုချက်	၁၇၂
၂၆။	ပါဠိတော်အဌကထာဝါဒညွှန်ပြချက်	၁၇၃
၂၇။	နိဂုံးချုပ်	၁၇၆

မဟာသယနဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ

ပဏာမနှင့် ပဋိညာဉ်

ယော ဥစ္ဆာနိ ပဟန္ဒာနိ၊ တိဏာနိ သေယျာနိ နာယကော။
ဒိဗ္ဗပြဟ္မအရိယာနိ၊ သဒါ သံဘုဇ္ဈိ တံ နမေ။

ယောနာယကော၊ အကြင်မြတ်စွာဘုရားသည်။ ဥစ္ဆာနိ၊ မြင့်သည်လည်း ဖြစ်ကုန်ထသော။ မဟန္ဒာနိ၊ ကြီးမြတ်သည်လည်း ဖြစ်ကုန်ထသော။ တိဏာနိ၊ ၃-ပါးကုန်သော။ ဒိဗ္ဗပြဟ္မအရိယာနိ သေယျာနိ၊ ဒိဗ္ဗသေယျ,ပြဟ္မသေယျ,အရိယသေယျတို့ကို။ သဒါ၊အခါခပ်သိမ်း။သံဘုဇ္ဈိ၊ သိုးဆောင်တော်မူပြီ။ တံ၊ ထိုမြတ်စွာဘုရားကို။ နမေ၊ ရှိခိုးပါ၏။

တိဏာခေါ်ဋမာနိ ပြာဟ္မဏာ ဥစ္ဆာသယနမဟာသယနာနိ။ ယေသာဟံ ဘေတရဟိ နိကာမလာဘီ ဟောမိ အဂိ၏ဥ္ဆလာဘီ အကသိရလာဘီ။ကတမာနိ တိဏာ၊ဒိဗ္ဗံ ပြာဟ္မဏာ ဥစ္ဆာသယန မဟာသယနံ၊ ပြဟ္မံ ဥစ္ဆာသယန မဟာသယနံ၊ အရိယံ ဥစ္ဆာသယန မဟာသယနံ။

[အဂ်ိုဗ္ဘိုရ်ိတိကနိပါတ် ဝ၌ဂေါတ္တသုတ် ပါဠိတော်။]

၁။ ကသိုဏ်းစျာန် ၄-ပါးသည် ဒိဋ္ဌေသေယျမည်၏။
၂။ ဗြဟ္မဝိဟာရစျာန် ၄-ပါးသည် ဗြဟ္မသေယျမည်၏။
၃။ ဖလသမာပတ်သည် အရိယသေယျမည်၏။
[သယနနှင့်သေယျအနက်တူ၏၊ ယင်း ၃-ပါးကို ဝိဟာရ ၃-ပါးဟူ၍လည်း ဆိုအပ်၏၊]

ယခုအခါ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကို စောင့်ချုပ်ထိန်းသိမ်းကြကုန်သော ရဟန်းရှင်လူတို့၏အကျိုးငှါ ဥစ္စာသယန မဟာသယန ဝိနိစ္ဆယကိုပြဆိုပေအုံ့။

ပဏာမနှင့်ပဋိညာဉ်ပြီး၏။

(က) ပဌမခဏ်း။ ။ဥစ္စာသယနဝတ္ထု၊ မဟာသယနဝတ္ထု၊ တို့ကို ကျမ်းဂန်အလိုနှင့် သရုပ်အားဖြင့် ခြားနားရှု ပြခြင်း။

(ခ) ဒုတိယခဏ်း။ ။အပ်မှု,မအပ်မှု၌နာနာဝါဒ ဘွင့်ဆိုကြသော ကျမ်းဂန်စုကို ရှင်းလင်းခြင်း။

(ဂ) တတိယခဏ်း။ ။ကျမ်းဂန်စုကို ရှင်းလင်းပြီး၍ သင့်မြတ်သော အနက်ကို ပေါင်းရှုပြခြင်း။

(က) ပဌမခဏ်း

၁-ဥစ္စာသယန, မဟာသယနသရုပ်

ဝိနည်းသုတ္တန် ကျမ်းဂန်တို့မှာလာသော ဥစ္စာသယန, မဟာသယန သရုပ်ကား---

၁။ အာသန္ဒီ,
၂။ ပလ္လင်,
၃။ ဧကန်က,
၄။ စိတ္တက,
၅။ ပဋိကာ,
၆။ ပဋလိကာ,
၇။ တူလိကာ,
၈။ ဝိကတိကာ,

၉။ ဥဒ္ဒလောမိ,
၁၀။ ကေန္ဒလောမိ,
၁၁။ ကဋ္ဌိဿ,
၁၂။ ကောသေယ္ယ,
၁၃။ ကုတ္တက,
၁၄။ ဟတ္ထတ္ထရ,
၁၅။ အဿတ္ထရ,
၁၆။ ရထတ္ထရ;
၁၇။ အဇိနပဝေဏီ,
၁၈။ ကဒလိမိဂပဝရ ပစ္စတ္ထရဏ,
၁၉။ သဥတ္တရစ္ဆဒ,
၂၀။ ဥဘတောလောဟိတ ကူပဓာန,

[အချို့သော ဝိနိစ္ဆယဟိုင်္ဂ ခုဒ္ဒသိက္ခာ ဋီကာသစ် နည်းအားဖြင့် အဆုံး ၂-ခုကို တခုတည်းပြု၍ ၁၉-ဟူ၏။]

သဘောတူအားဖြင့် ပေါင်းမူကား—

၁။ အာသန္ဒီ ၂။ ပလ္လင်	ညောင်စောင်းမျိုး ၂-ပါး။
၁။ ဂေါနက ၂။ ဥဒ္ဒလောမိ ၃။ ကေန္ဒလောမိ ၄။ ကုတ္တက ၅။ ဟတ္ထတ္ထရ ၆။ အဿတ္ထရ ၇။ ရထတ္ထရ	အခင်းကြမ်းမျိုး ၇-ပါး။
၁။ စိတ္တက ၂။ ပဋိကာ ၃။ ပဋလိကာ ၄။ ပိကတိကာ ၅။ တူလိကာ	အခင်းလတ်မျိုး ၅-ပါး။

၁။ ကဋ္ဌိသ ၂။ ကောသေယျ ၃။ အဇိနပဝေဏီ ၄။ ကဒလိမိဂပဝရ ပစ္စတ္ထရဏာ	အခင်းချောမျိုး ၄-ပါး။
၁။ သဉ္ဇတ္ထရဆဒ ၂။ ဥဘတောလောဟိတ ကူပဓာန	အပေါ်တင်မျိုး ၂-ပါး။

[အခင်းကြမ်း ၇- မျိုးကား-ဘူမတ္ထရဏာမျိုးတည်း၊ အခင်းလတ် ၅-မျိုးကား-ဥတ္တရတ္ထရဏာမျိုးတည်း၊ အခင်းကြမ်းပေါ်ခွဲ၍, ညောင်စောင်းပေါ်ခွဲ၍ ခင်းသည်၊ အခင်းချော ၄-မျိုးကား-ပစ္စတ္ထရဏာမျိုးတည်း၊ အခင်းလတ်ပေါ်ခွဲခင်းသည်။]

၁။ ဘူမတ္ထရဏံနာမ သုဒ္ဓဘူမိယံ အတ္ထရိတဗ္ဗ ကဋသာရကာဒိ ဝိကတိ။ဤအဋ္ဌကထာပါဠိ၌အာဒိမြင့် အခင်းကြမ်းမျိုးကိုယူ။

၂။ ဥတ္တရတ္ထရဏံနာမ မဠ္ဆပိဋ္ဌာဒီနံ ဥပရိ အတ္ထရိတဗ္ဗယုတ္တကံ ပစ္စတ္ထရဏံ။ဤအဋ္ဌကထာ၌ ဥတ္တရတ္ထရဏာကိုပင် ပစ္စတ္ထရဏာဟုဆို၏။

၃။ ပစ္စတ္ထရဏံနာမ ပါဝါရော ကောဇဝေါတိ ဘြောကမေဝဝုတ္တံ။ ဤအဋ္ဌကထာ၌ အခင်းချောဝ-မျိုးကိုလည်းယူလေ၊ ဤသို့ယူရန်ကြောင်းကျန်ရိပ်ရှိ၍ မိမိစကားမလုပ်ဘဲ ဝုတ္တံ-ဟု ရှေးကျမ်းဟောင်းကို ချလေသတည်း။

ဥစ္စာသယန,မဟာသယနသရုပ်ပြီး၏။

၂-ဥစ္စာသယနနှင့် မဟာသယနအထူး

ယခုအခါ ပါဠိတော်မှာလာသော အစဉ်အတိုင်း ကျမ်းဂန်တို့ဘွင့်ချက်ကို ပြသိုပ်ခဲ့။

ဥစ္စာသယန,မဟာသယနခွဲ-

၁။ ဥစ္စာသယနဆိုသော ပမာဏာတိက္ကန္တံ မဠ္ဆံ။

၂။ မဟာသယနဆိုသော အကဋိယတ္ထရဏံ။

[စမ္မကွန်ကအဋ္ဌကထာ, ဝိနယသင်္ဂဟအဋ္ဌကထာ။]

၁။ ပမာဏကို လွန်သောညောင်စောင်းသည် ဥစ္စာသယနမည်၏။
၂။ အကပ္ပိယအခင်းစုသည် မဟာသယနမည်၏ဆိုလိုသည်။

တနည်း---

၁။ အတိက္ကန္တပ္ပမာဏံ ဥစ္စာသယနံနာမ။
၂။ အာယတဝိတ္ထတံ အကပ္ပိယဘဏ္ဍံ မဟာသယနံနာမ။

[တိကဂိုဏ္ဍ ရအဋ္ဌကထာ။]

၁။ ပမာဏကိုလွန်သော ညောင်စောင်းအင်းပျဉ်သည် ဥစ္စာသယ-
နမည်၏။
၂။ ပကတိညောင်စောင်းထက် အလျားအနံကျယ်သော အကပ္ပိ-
ယ အခင်းအနှီးဘဏ္ဍာစုသည် မဟာသယနမည်၏ဆိုလိုသည်။

တနည်း—

၁။ ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တံ မဉ္စာဒိ။
၂။ မဟာသယနံ ဝုစ္စတိ အကပ္ပိယတ္ထရဏေဟိ အတ္ထတံ အာ-
သန္ဒာဒိ။

[သာရတ္ထဒီပနီ။ ၈မတိဋ္ဌကား-သလောဟိတဝိတားနဋ္ဌ-ဟူသေး၏။]

၁။ ပမာဏကိုလွန်သောညောင်စောင်းစသည်သည် ဥစ္စာသယန
မည်၏။
၂။ အကပ္ပိယ အခင်းတို့ဖြင့်ခင်းအပ်သော အာသန္ဒီညောင်စောင်း
စသည်သည်ရင်း, ဗီတာန်နှီနှင့်တကွသော အာသန္ဒီ ညောင်
စောင်းစသည်သည်ရင်း မဟာသယနမည်၏ဆိုလိုသည်။

အာသန္ဒီစေဝပလ္လင်္ကံ၊ ဥစ္စာသယနသညိတံ။

[ဗိနိစ္ဆယ၊]

အာသန္ဒီပလ္လင်္ကော ဥစ္စာသယနံ၊ သေသာမဟာသယနံ။

[ခုဒ္ဒသိက္ခာ ဋီကာသစ်။]

ဤနည်းအပေါင်းတို့တွင်—

အာယတဝိတ္ထတံ- ဆိုသော အဂ်ုတ္တိရ် အဋ္ဌကထာ အလိုကား-
အလျား၄- တောင်ထွာ, အနံ ၂-တောင်, ၆-သစ်ဟု ဆိုအပ်သော
ပမာဏယုတ္တညောင်စောင်းထက် လွန်သည်ကို မဟာသယန-ဆိုလို၏။

သာရတ္ထ,ဝိမတိနည်းခ္ခ–

အာသန္နီ,ပလ္လင် ၂-ပါးတို့သည် အကပ္ပိယအခင်းနှင့် မစပ်ကုန်သော်လည်း အကပ္ပိယအသီးဖြစ်,ကုန်ရကား-အကပ္ပိယတ္ထရဏောဟိအတ္ထတံ-ဟူသော ဝိသေသနလည်း အကျိုးမရှိလျှ၊ ဥစ္စာသယနမျိုး စင်စစ်ဖြစ်သော အာသန္နီကို မဟာသယနဆိုသည်လည်း မလျော်လွန်း၊အပေါင်မှအောက်ခ္ခ ပမာဏထက်လွန်၍ ရှည်သောအခြေရှိသော လက်တင်အုံးတားလည်း မရှိသောညောင်စောင်း,အင်းပျဉ်,ခရင်,ဘဒိုင်ဟူသမျှကို ဥစ္စာသယန-ဆိုလိုသည်။

ဝိသာခုပေါသတသုတ်အဘွင့်ခ္ခကား–

၁။ ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တာသနံ၊ တဿ ပမာဏံ ပန ယဿ ပါဒတလတော ယာဝ အဋ္ဌနိယာ ဟေဋ္ဌိမန္တာ သုဂတဝိုလေန အင္ဂုဝိုလပ္ပမာဏော မဇ္ဈိမပုရိသဿ ဟတ္ထေန ရတနပ္ပမာဏော ပါဒေါ ဟောတိ၊ တံပမာဏိကံနာမ၊ဝဋ္ဋတိ။ တတော အဓိကံ ပမာဏာတိက္ကန္တံ နာမ၊နဝဋ္ဋတိ။

၂။ မဟာသယနံ ဝုစ္စတိ အကပ္ပိယသန္ထတံ၊ တဒုဘယံ ဧဝံ သရူပတော ဝုတ္တံ အာသန္နီပလ္လင်္ကော။လ။ဥဘတော လောဟိတကူ ပဓာနန္တိ။

ဟုလာ၏။

၁။ ပမာဏကိုလွန်သော ညောင်စောင်းအင်းပျဉ်ကို ဥစ္စာသယနဆိုအပ်၏၊ အကြင်ညောင်စောင်းအင်းပျဉ်ခြေသည် မြေ၌ နင်းသော အောက်အပြင်မှ အပေါင်၏အောက်အစွန်းတိုင်အောင်မြတ်စွာဘုရား၏လက်ဝ-သစ်, မဇ္ဈိမပုရိသ၏ တတောင်အတိုင်းအရှည်ရှိ၏၊ထိုညောင်စောင်းအင်းပျဉ်သည် ပမာဏယုတ္တမည်၏၊ အိပ်ခြင်း,ထိုင်ခြင်းငှါ အပ်၏၊ထို့ထက်လွန်၍ ရှည်သော အခြေရှိသောညောင်စောင်း အင်းပျဉ်သည်ကား ပမာဏာတိက္ကန္တမည်၏၊ အိပ်ခြင်း,ထိုင်ခြင်းငှါမအပ်။

၂။ အကပ္ပိယ အမင်းမျိုးကို မဟာသယနဆိုသည်၊ထိုဥစ္စာသယန, မဟာသယန ၂-ပါးစုံကို သရုပ်အားဖြင့် အာသန္နီ, ပလ္လင်္ကော-အစရှိသော ပါဠိတော်အတိုင်း မှတ်ရမည်-ဟူလိုသည်။

ဤပါဠိ၌-သန္ဓတံ ဟူ၍ဆိုသောကြောင့် ကောသေယျဝဂ်မှာလာ၊ သော အကပ္ပိယ လက္ခဏာရှိသောသန္ဓတ အခင်းစုကိုလည်း ယူလိုရိပ်ရှိ၏။

ဥစ္စာသယနခ္ခင့် မဟာသယနဘဏ္ဍား ပြီး၏။

၃-ပမာဏာတိက္ကန္တအဆုံးအဖြတ်

ဝိနည်းအဋ္ဌကထာ၌ ဘုရား၏လက် ၈-သစ်သည် မဇ္ဈိမပုရိသ၏ တစောင်ရှိသည်ဟုဆို၏၊ ပကတိပုရိသကို အဆိုမရှိ။

ဝိသာခုပေါသထသုတ် အဂ်ုတ္တိုရ် အဋ္ဌကထာ၌ကား—

> မဇ္ဈေ ဆမာယ ဝါ သယေထ သန္ဓတေတိ မုဋ္ဌိဟတ္ထပါဒ-ကေ ကပ္ပိယမဇ္ဈေ ဝါ သုခဝိပရိကမ္မကတာယ ဘူမိယံ ဝါ တိဏပဏ္ဏာဒီနိ သန္ဓရိတ္မာ ကတေ သန္ဓတေ ဝါ သယေယျာတိ အတ္ထော။

ဟုလာ၏။

ဋီကာ၌လည်း—

> မုဋ္ဌိဟတ္ထပါဒကေတိ ပါဒတလတော ယာဝ အင္ဂုနိယာ ဟေဋ္ဌိမန္တော၊ တာဝ မုဋ္ဌိရတနပ္ပမာဏပါဒကေ၊ တဇ္ဇေ ခေါ် မဇ္ဈိမယ ပုရိသ ဟတ္ထေန၊ ယသိဒါနိ ဝဗုကိဟတ္ထောတိ သမညာ။

ဟူ၍ဘွင့်၏။

မုဋ္ဌိဟတ္ထပါဒကေတိ၊ မုဋ္ဌိဟတ္ထပါဒက-ဟူသည်ကား။ ပါဒတလတော၊ မြေဋ္ဌိုက်ထားသော ညောင်စောင်းခြေအပြင်မှ။ ယာဝ၊အကြင်မျှလောက်။ အင္ဂုနိယာ၊ အပေါင်၏။ ဟေဋ္ဌိမန္တော၊ အောက်အစွန်းသည်။ အတ္ထိ၊ရှိ၏။ တာဝ၊ ထိုမျှလောက်။ မုဋ္ဌိရတနပ္ပမာဏပါဒကေ၊ တောင်ဆုပ် ပမာဏအခြေရှိသော။ တဇ္ဇေ ခေါ်၊ထိုတောင်ဆုပ်ကိုလည်း။ မဇ္ဈိမယပုရိသ၊ မဇ္ဈိမပုရိသ၏။ ဟတ္ထေန၊ အတောင်ဖြင့်။ ဝဗုကိ ဟတ္ထော်၊ ဆိုအပ်၏။ ယသ၊ အကြင်မဇ္ဈိမပုရိသအတောင်ကို။ ဣဒါနိ၊ ယခုကာ

လဋ္ဌ။ ဝဗုကိဟတ္ထောတိ၊ လက်သမားတောင်ဟူ၍။ ဝါ၊သံတောင်ဟူ၍။ သမညာ၊ ခေါ်ဝေါ်သမုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။
[ဋီကာအနက်။]

ဤအဋ္ဌကထာ,ဋီကာတို့အလိုအားဖြင့် ဘုရား၏လက် ၇-သစ်သည် မဇ္ဈိမပုဂ္ဂိုလ်၏ တောင်ဆုပ်ရှိသည်-ဟုရောက်၏၊ပကတိပုဂ္ဂိုလ်ကိုကား-သုတ္တန်အဋ္ဌကထာတို့မှာလည်းမလာ။

သဒ္ဒသုတ္တနိဒ္ဒေသကျမ်း,ဝိနယာလင်္ကာရဋီကာကျမ်းတို့၌ကား—
မဇ္ဈိမဝဗုကိတတောင်လျှင် ပကတိပုဂ္ဂိုလ်သတတောင်ထွာရှိသည်ဟုဆို၏၊ ဤအလိုသော်- အပေါင်မှအောက်၌ ပကတိပုဂ္ဂိုလ် တတောင်ထွာ ပမာဏထက်ရှည်သော အခြေရှိသော ညောင်စောင်း,အင်းပျဉ်သည် ''ပမာဏာတိက္ကန္တ-ပမာဏကို လွန်သောဥစ္စာသယန''ဖြစ်၏။

ကဏ္ဍုပဋိစ္ဆာဒိသိ[illegible]ပဒ်ဝဏ္ဏဒ္ဒီ၌ကား—
မဇ္ဈိမတတောင်သည် ပကတိတတောင်နှင့် ၄-လက်မ-ဟူလို၏။

ယဒိ ကဏ္ဍုပဋိစ္ဆာဒိနာမ အဓောနာဘိဥ္ဘဇာဏုမဏ္ဍလာ ဥပ္ပန္နကဏ္ဍုပီဠကာဒိပဋိစ္ဆာဒိကာ အဓိပ္ပေတာ၊ အထ တဿာ သုဂတဝိဒတ္ထိယာ ဒီဃသော စတဿော ဝိဒတ္ထိယော တိရိယံ ဒွေ ဝိဒတ္ထိယောတိ ဣဒမ္ပိ အတိမဟန္တံ ပမာဏံ ဒိဿတိ။ သဗ္ဗော ဟိ ပုရိသော အတ္တနော အတ္တနော ဝိဒတ္ထိယာ သတ္တဝိဒတ္ထိကော ဟောတိ။ သုဂတဿ စ ကော ဝိဒတ္ထိ! မဇ္ဈိမဿပုရိသဿ တိဿော ဝိဒတ္ထိယောဟောန္တိ၊ တဿ ကဏ္ဍုပဋိစ္ဆာဒိ ပကတိ ပုရိသဿ ပမာဏံ အာပဇ္ဇတိ တိရိယံ။ဒီဃသော ပန ဒုဂုဏံ အာပဇ္ဇတီတိ။အာပဇ္ဇတု ဥက္ကဋ္ဌ ပရိစ္ဆေဒေါ တဿာ။စေ ဣစ္ဆတိ၊သဗ္ဗမ္ပိ သရိရံ ပဋိစ္ဆာဒေဿတိ။ သဗ္ဗသရိရဂတသန်္ဓိတဝါရေပိ※ဗဟုဂုဏံ ကတ္တာ နိဝါသေတုကာမော နိဝါသေဿတိတိ အယံ ဘဂဝတော အဓိပ္ပါယော သိယာ။
[ဝဋီရ။ ※သဗ္ဗသရိရဂတသန်္ဓိတဝါရေပိ-ဟူ၍ကားပါ၏။]

ဤဒိုကၢ်ဒ္ဒ–

၁။ ဘုရား ၂-ထွာရှိသော ပုဆိုးအနံသည် ပကတိပုရိသအ
ရပ်နှင့်မျှသည်ဟုဆိုချက်။

၂။ ပကတိပုရိသအရပ်သည် မိမိ၏ ၃-တောင်ထွာ ရှိမြဟု ဆို
ချက်။

ဤ ၂-ချက်ကိုညွှိသော် မဇ္ဈိမတတောင်သည် ပကတိတတောင်,၄-
လက်မပင်ကျ၏။

ကျမ်းကား။ ။ဘုရား ၂-ထွာသည် မဇ္ဈိမ၃-တောင်ဟု ဝိနည်းအဋ္ဌ-
ကထာ၌ပြ၏၊ ယင်း ၃-တောင်သည် တတောင်လျှင် ၄-လက်မစီပွားသည်ရှိသော် ပကတိပုရိသအရပ် ၃-တောင်ထွာရ၏၊ကုဋိကာရသိက္ခာပုဒ်အဘွင့် ဝေဇိရ, သာရတ္ထတို့ အလိုအားဖြင့်လည်း မဇ္ဈိမတတောင်လျှင် ပကတိ တတောင်,၄-လက်မပင်ကျ၏။

ယာ ပန ဒီဃတော သဋ္ဌိဟတ္ထာပိ ဟောတိ၊ တိရိယံ တိဟတ္ထာ ဝါ ဥိနက စတုဟတ္ထာ ဝါ၊ ယတ္ထ ပမာဏယုတ္တော မဇ္ဈော ဋ္ဌတောစိတော စ နပရိဝတ္တတိ၊ အယံ ကုဋိသင်္ခေ နဂစ္ဆတိ။ မဟာပစ္စရိယံ ပန စတုဟတ္ထဝိတ္ထာရာ ဝုတ္တာ။တတော ဟေဋ္ဌာ အကုဋိ။

[အဋ္ဌကထာ။]

ပမာဏယုတ္တော မဇ္ဈော နဝဝိဒတ္ထိ ကိရ။

[ဝဇိရ။]

တိ ဟတ္ထာတိ ဝမုကိဟတ္ထေန တိဟတ္ထာ။ ပမာဏယုတ္တော မဇ္ဈောတိ ပကတိဝိဒတ္ထိယာ နဝဝိဒတ္ထိပ္ပမာဏော မဇ္ဈော။

[သာရတ္ထ။]

ဤဒိုကာတို့၌လည်း မဇ္ဈိမတတောင်သည် ပကတိတတောင်,၄-
လက်မတွက်ခြေကျ၏။

ကျမ်းကား။ ။နံရံအတွင်း အနံ ၄-တောင်ကျယ်သော ကုဋိသည်
သာ ပမာဏယုတ္တ ညောင်စောင်းလှည့်လည်လောက်သည်ဖြစ်၍ ကုဋိ
မည်၏၊ ''အဋ္ဌကထာအဓိပ္ပါယ်ကျ''။ ယင်း ၄-တောင်ကား- ဝမုကို

၄-တောင်တည်း။ ပမာဏယုတ္တ ညောင်စောင်းကား-ပကတိ ပုရိသ ၉-ထွာရှိ၏၊ "ဒိုကာတို့အဆို"။ တာတောင်လျှင် ၄-လက်မစီတိုးသော် ဝမုကီ ၄-တောင်သည် ပကတိ ၄-တောင်, ၁၆-လက်မရ၏၊ ပမာဏယုတ္တညောင်စောင်းသည် ၉-ထွာရှိသည်ဆိုသောကြောင့် ပကတိ ၄-တောင်, ၁၂-လက်မရှိ၏။

ဤတော စိတောစ ပရိဝတ္တတိ-ဟူသော ဗျတိရိက်နှင့်အညီ အတွင်း၌ ချောင်ချောင် လှည့်လည်လောက်သည်ကို လိုအပ်သောကြောင့် ၄-လက်မတက်၍ ယူလိုက်သည်ရှိသော် ခေါင်းရင်း၌ ၂-လက်မ, ခြေရင်း၌ ၂-လက်မအပိုရ၏၊ ချောင်ချောင်လှည့်လည်လောက်၏၊ ထို့ကြောင့် ဤဝဇိရ, သာရတ္ထတို့အလို မဇ္ဈိမတောင်လျှင် ပကတိတတောင်,၄-လက်မ၏ဟု-ကျ၏။

ဝိမတိ၌ကား- အလိုအားဖြင့်ကား-ပဇ္ဈိမတတောင်လျှင် ပကတိတတောင်, ၈-လက်မ, ၁-လက်မတချက်၊ ၁၂-လက်မ တချက်ကျ၏။

ကျပုံကား။ "တိဟတ္ထာတိ ပကတိဟတ္ထေန တိဟတ္ထာ။ ဝမုကိ-ဟတ္ထေန တိဟတ္ထာတိပိ ဝဒန္တိ။ တံ တိဟတ္ထာဝါ။လ။ အယံ ကုဋိသဒ္ဒံ နဝစ္ဆတိတိ ဣမိနာ ဝိရုဇ္ဈတိ။ပကတိ ဟတ္ထေန ဟိ တိဟတ္ထာယပိ ကုဋိယာ ပမာဏယုတ္ထ-သ မဇ္ဈသ သုခေနေဝ ပ[illegible]ဝတ္တနတော။ ပမာဏ ယုတ္တော မဇ္ဈောတိ သဗ္ဗပဒ္ဓိမပ္ပမာဏယုတ္တော ဝဇ္ဈော။ သော ဟိ ပကတိဝိဒတ္ထိယာ နဝဝိဒတ္ထိကော အဋ္ဌဝိဒတ္ထိကော ဝါ ဟောတိ။

[ဝိမတိ။]

ဤ၌ဒိုကာ၌--

၁။ အတွင်း၌အနုအားဖြင့် ဝမုကီ ၃-တောင်ကျယ်သော ကုဋိမှာ ပင် ပကတိ ၉-ထွာရှိသောညောင်စောင်းချောင်ချောင်လှည့်လည်လောက်၏-ဆိုသည်တရပ်။

၂။ ပကတိ ၈-ထွာရှိသော ညောင်စောင်း ချောင်ချောင်လှည့်လည်လောက်၏-ဆိုသည်တရပ်,

ဤ ၂-ရပ်ကိုညွှိသော်-ဝမှုကို ၃-တောင်သည် ပကတိ ၉-ထွာရှိသည်၊ ဝါ၊၉-ထွာသာသာ ရှိသည်ဟု-တချက်၊ဝမှုကို ၃-တောင်သည် ပကတိ ၈-ထွာရှိသည်၊ ဝါ၊၈-ထွာသာသာရှိသည်ဟု တချက်ကျ၏။

ဤ ၂-ချက်တွင် သုခေနေဝပရိဝတ္တနတော-ဆိုသောကြောင့် ချောင်ချောင်လှည့်လည်လောက်စေခြင်းငှါ သာသာအချက် ၂-ခုကိုလိုအပ်၏၊ထို့ကြောင့် ဤဝိမတိအလို မဇ္ဈိမတတောင်လျှင် ပကတိ တတောင်, ၈-လက်မ, ၉-လက်မတချက်၊ ၁၂-လက်မ, ၁၃-လက်မ တချက်ကျ၏။

ဝမှုကိမ္မ ပကတိတိုးနည်း,တက်နည်းသည်–

၁။ ဝဇိရဆရာ, သာရတ္ထဆရာတို့ယူကြသော တိုးနည်း,တက်နည်း တလမ်း,

၂။ ဝိမတိ ဆရာယူသော တိုးနည်း,တက်နည်းတလမ်း,

သို့ တိုးနည်း,တက်နည်း ကွဲလွဲကြသည်ကို သတိမပြုမိ၍ ဝိမတိဆရာ, သာရတ္ထစကားကို ပယ်မိလေသည်။

မိမိအလိုဌလည်း ပကတိ ၄-တောင်အနံရှိသော ကုဋိသည် ပမာ-ဏယုတ္တညောင်စောင်း ချောင်ချောင်လှည့်လည်လောက်၏ဟု- ကျ၏၊ ပမာဏယုတ္တ ညောင်စောင်းကိုလည်း ၉-ထွာရှိသည်ဟု တချက်ဘွင့် ပြန်၏၊ပကတိ ၄-တောင်တိတိရှိသော ကုဋိအတွင်းအရပ်သည် ပကတိ ၈-ထွာရှိသော ညောင်စောင်းဖြင့်ပင် အံချသကဲ့သို့ ကြပ်တည်းလှပြီ၊ ၉-ထွာရှိသော ညောင်စောင်းဖြင့်ကား-ဆိုဘွယ်မရှိ၊ ဝိမတိအဘွင့်ကို-ဆင်ခြင်ရန်။

ပရိတ်ကြီးဋီကာ၌ကား-မဇ္ဈိမဝမှုကိမ္မပကတိကို ၈-သစ်တက်ယူ၏။

ဤသို့လျှင် ဘုရားလက် ၈-သစ်သည်–

၁။ မဇ္ဈိမတောင်ဆုပ်ရှိ၏ဟု တဝါဒ,

၂။ ဘုရားလက် ၈-သစ်သည် မဇ္ဈိမတတောင်ရှိ၏ဟု တဝါဒ,

၃။ မဇ္ဈိမတတောင်သည် ပကတိတတောင်, ၄-သစ်ရှိ၏-ဟု တဝါဒ.

မဟာသယနဒီပနီကျမ်း

၄။ မဇ္ဈိမတတောင်သည် ပကတိတတောင်, ဂ-သစ်ရှိ၏-ဟု တဝါဒ,

၅။ မဇ္ဈိမတတောင်သည် ပကတိတတောင်ထွာ ရှိ၏-ဟု တဝါဒ,

၆။ ဝိမတိဌ္ဌကား-ဝါဒတခုပြု၍ပြောဆိုရန် ပိုင်းပိုင်းခြားခြားမရှိ၊ မဇ္ဈိမတတောင်လျှင် ပကတိတတောင်ထွာမက အမိပ္ပါယ်ကျ-ဤမျှသာပြောဆိုရန်ရှိ၏။

၇။ ဥဏာဘိဝံသဓမ္မသေနာပတိ မောင်းထောင် ဆရာတော်ကြီး၏ ဥပေါသထဝိနိစ္ဆယဌ္ဌကား–မဇ္ဈိမတတောင်ကို ပကတိတတောင်ထွာဆိုသော်လည်း လက်ညှိုးထွာ, လက်လယ်ထွာ, လက်သူကြွယ်ထွာ, လက်သန်းထွာ ၄-ရပ်ရှိသည်တွင် ဝိဒတ္ထိသဒ္ဒါနှင့် လာသောကြောင့် လက်သန်းထွာကို ယူရမည်။ အဂ်ဏ္ဍိ၏ အဋ္ဌကထာ, ဋီကာတို့မှာ မုဋ္ဌိရတနဆိုသည်လည်း လက်သန်းထွာပင်တည်း-ဟု ဆို၏။

၈။ ဆရာဟော်ဦးဗုဒ္ဓိလည်း ဝိဒတ္ထိရှိရာ၌ လက်သန်းထွာကိုအနက်ဆိုး၏။

စီစစ်ချက်

၁။ ပထွာတက်သော ပဌမနည်းသည် မြတ်စွာဘုရား အရပ်တော် ၁၀-တောင်ရှိသည်ဟူသော အဋ္ဌကထာများနှင့်ညီ၏၊ မြတ်စွာဘုရား၏ အရပ်တော်သည် မြတ်စွာဘုရား၏ ၄-တောင်ရှိ၏၊ မဇ္ဈိမ ၁၂-တောင်ရှိ၏၊ ပကတိ ၁၀-တောင်ရှိ၏။

၂။ ဂ-သစ်တက်သော စတုတ္ထနည်းသည် မြတ်စွာဘုရား၏ အရပ်တော် ၁၆-တောင်ရှိသည်ဟူသော ပုဒ္ဓဝင်ပါဠိတော်နှင့်ညီ၏၊ ဂ-သစ်တက်လျှင် မဇ္ဈိမ ၁၂-တောင်သည် ပကတိ ၁၆-တောင်ဖြစ်သတည်း။

၃။ ၄-သစ်တက်သော တတိယနည်းသည် ဒီဃနိကာယဋီကာကြီး၌ မြတ်စွာဘုရား၏ အရပ်တော်ကို ၁၆-တောင်, ၁၀-တောင်ဟူသည်မှာ ဂေတုမာလာ ရောင်လုံးတော်ပါယူ၍ ဆိုသည်၊ ပကတိ အရပ်တော်မှာမူကား-၁၂ ပေါင်သာ ဟူသော အာစရိယဝါဒနှင့်ညီ၏။

ညီမုံကား။ ။အင်္ဂုတ္တိုရိအဋ္ဌကထာနည်းအတိုင်း အဆုပ်တောင်နှင့် ယူလျှင် မြတ်စွာဘုရား ၄-တောင်သည် မဇ္ဈိမအဆုပ်တောင်နှင့် ၁၂-တောင်ရှိသည်ကို လက်လယ်တောင်နှင့်ယူသော် ၁၀-တောင်သာရှိ၏၊ တတောင်လျှင် ၄-သစ်တက်ရကား-မဇ္ဈိမအဆုပ် ၁၂-တောင်လျှင် ပကတိ လက်လယ်တောင်ကြီး ၂-ခုတိုး၏၊ လက်လယ်တောင်ကြီးနှင့် ပကတိ ၁၂-တောင်ဖြစ်၏။

တနည်းသော်ကား။ ။မုဋ္ဌနာ အဓိကံ ရတနံ မုဋ္ဌရတနံ-ဟုပြု။

မုဋ္ဌနာ၊ တမိုဋ္ဌဖြင့်။အဓိကံ၊ လွန်သော။ ရတနံ၊ တတောင်တည်း။ မုဋ္ဌရတနံ၊ တမိုဋ္ဌဖြင့် လွန်သောတတောင်။ တတောင်, တမိုဋ္ဌဆိုလို သည်။ အတောင်ကိုလည်း ပကတိပုရိသအတောင်ကိုပင်ယူ။

မြတ်စွာဘုရားလက် ၈-သစ်သည် မဇ္ဈိမတတောင်ဖြစ်၏၊ ပကတိ တတောင် တမိုဋ္ဌ ဖြစ်၏၊ တမိုဋ္ဌ ဟူသည် လက် ၈-သစ်ဟု ဆိုအပ်သော ၈-လက်မပင်တည်း၊ ဤသို့ယူ.လျှင် မဇ္ဈိမမှ ပကတိ ၈-သစ်တက်နည်း သည် အဋ္ဌကထာနည်းပင်ဖြစ်၏-ဟု ဆိုရ၏။

ဥပေါသထဝိနိစ္ဆယကို စီရင်တော်မူသော ဥဏာဘိဝံသဓမ္မသေနာ ပတိ မောင်းထောင်ဆရာတော်, ပါတိမောက်နိဿယ ဒုဋ္ဌသိက္ခာ နိဿယကို စီရင်တော်မူသော အုတ်ကျောင်းဆရာတော်တို့ကား-လက် သန်းထွာဖြင့် တထွာတက်နည်းကို ယူတော်မူကြကုန်သည်။

ပမာဏာတိက္ကန္တအဆုံးအဖြတ်ပြီး၏။

၄–သရုပ်အားဖြင့် ခြားနား၍ပြခြင်း

အာသန္ဒီ

၁။ အာသန္ဒီ၌–

၁။ အာသန္ဒီနာမ အတိက္ကန္တပုမာဏာ ဝုစ္စတိ။ "ဘိက္ခုနိဝိဘင်း ပါဠိတော်"။

၂။ အာသန္ဒီတိ ပမာဏာတိက္ကန္တာသနံ။ "စမ္မက္ခန္ဓက,သိလက္ခန်, ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာ"။

၃။ အာသန္ဒီတိ အတိက္ကန္တပ္ပမာဏံ အာသနံ။"အဂ်ိတ္ထိ၊ရ် အဋ္ဌ ကထာ"။

၄။ အာသန္ဒီတိ သုဂတဂ်ိုလေန အတိရေကဋ္ဌဂ်ိုလပါဒကာနိ မဗ္ဗ ပိဋ္ဌာနိ။ တတ္ထ ပိဋ္ဌံနာမ မဠ္ဠောဝိယ နာတိဒီဃံ။"ခုဒ္ဒသိက္ခာ-ဋီကာသစ်"။

အတိက္ကန္တပ္ပမာဏာ၊ပမာဏကို လွန်သောအခြေရှိသော ညောင်စောင်းအင်းပျဉ်ကို။ အာသန္ဒီနာမ၊ အာသန္ဒီမည်၏-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ပါဠိတော်အနက်။]

အာသန္ဒီတိ-အာသန္ဒီဟူသည်ကား။ သုဂတဂ်ိုလေန၊ မြတ်စွာဘုရား၏လက်သစ်တော်ဖြင့်။ အတိရေကဋ္ဌဂ်ိုလပါဒကာနိ၊ လက်ဂ- သစ်ထက်လွန်သော အခြေရှိကုန်သော။ မဗ္ဗပိဋ္ဌာနိ၊ ညောင်စောင်းမျိုး, အင်းပျဉ်မျိုးတို့တည်း။ တတ္ထ၊ ထိုစကား၌။ ပိဋ္ဌံနာမ၊ အင်းပျဉ်မည်သည်။ မဠ္ဠောဝိယ၊ ညောင်စောင်းကဲ့သို့။ နာတိဒီဃံ၊မရှည်လွန်း။

[ဋီကာသစ်အနက်၊ကြွင်းသောပါဠိစုအနက်သိသာပြီ။]

သစ်,ဝါး,ကြိမ်,နွယ်တို့ဖြင့် ပြုလုပ်အပ်သော အခြေလေးချောင်းတပ်သော ကွပ်ပစ်, ခရုင်, ပလ္လင်, ဘဒ္ဒိုင်စသော အိပ်ရာနေရာထိုင်ရာဟူသမျှသည် မဗ္ဗပိဋ္ဌတို့၌ ပါဝင်ကြကုန်သောကြောင့် အာသန္ဒီအရကို မဗ္ဗပိဋ္ဌနှင့်ကွင်းပေသည်။

၁။ အယောင့်၇-ခု ညီစွာပြုသောစတုရန်းအင်းပျဉ်သည် အာသန္ဒီကမည်၏။

၂။ အလျားထက်ဝက်လွန်သော အနံ၌သော နေရာအထူးသည် အင်းပျဉ်မည်၏။

၃။ အလျားထက်ဝက် အနံ၌သော နေရာ, အလျားထက်ဝက်အောက် ယုတ်သော အနံ၌သောနေရာအထူးသည် ညောင်စောင်းမည်၏။

[ကပ္ပိယအကပ္ပိယခွဲခြမ်းမှကို နောက်မှဆိုလတ္တံ့။]

အာသန္နီပုဒ်၌-
အာ-ပုဒ်၊သဒ-ဓာတ်၊အ-ပစ္စည်း၊ဗိန္ဒုလာ၊ဣတ္ထိ၏-ပစ္စည်း။
[အဘိဓာန်ဋီကာ။]
အာ-ပုဒ်၊သံ-ပုဒ်၊ဒါ-ဓာတ်၊အ-ပစ္စည်း၊ဣတ္ထိ၏-ပစ္စည်း။
[အုတ်ကျောင်းဆရာတော်]
ခဋ္ဌင်ဆိုရာ၌-
ခဋ္ဌာပျုတြ၊ ခဋ္ဌ၂တေ အာကစ်ဝိယတေ သယနတ္ထိကေဟိတိ ခဋ္ဌာ။ခဋ-အာကခ်ိယံ။
[အဘိဓာန်ဋီကာ]

အတြ၊ ဤညောင်စောင်း ပရိယာယ်၌။ ခဋ္ဌာပိ၊ ခဋ္ဌာသဒ္ဒါသည်လည်း။ အာဂတာ၊ ကျမ်းတပါး၌လာသေး၏-ပေး၊ အိပ်ခြင်းကို အလိုရှိသောသူတို့သည် တောင့်တအပ်သောကြောင့် ခဋ္ဌင်ဆိုသည် ဟူလို။ ကြိမ်ခဋ္ဌင်,ပန်းမှန်ခြယ်သောခဋ္ဌင်ကို ဘဒ္ဒပီဌ၌ဘဒ္ဒသဒ္ဒါကိုယူ၍ မြန်မာ၌ "ဘဒိုင်" ဆိုသည်၊ အထူးကောင်းမြတ်သော ခဋ္ဌင်-ဆိုလိုသည်။ အာသန္နီပြီး၏။

ပလ္လင်

၂။ ပလ္လင်၌-
၁။ ပလ္လင်္ကာနာမ အာဟရိမေဟိ ဝါဠေဟိ ကတော ဟောတိ။
"ဘိက္ခုနိဝိဘင်းပါဠိတော်"။
ပလ္လင်္ကာနာမ၊ ပလ္လင််မည်သည်ကား။ အာဟရိမေဟိ၊ချုတ်ယူရွှေ့ပြောင်းခြင်းငှါ တတ်ကောင်းကုန်သော။ဝါဠေဟိ၊သားရဲရုပ်ရှင်တို့ဖြင့်။ ကတော၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။
[ပါဠိတော်အနက်။]

၂။ ပလ္လင်္ကာတိ ပါဒေသု ဝါဠရူပါနိ ထပေတ္ဝာကတော။ "စမ္မက္ခန္ဓက,သီလက္ခန်,အဂ်ုတ္တိ၂ရ, ဝိနည်း သင်ကြီဟ် အဋ္ဌကထာ"။
ပလ္လင်္ကာတိ၊ ပလ္လင််ဟူသည်ကား။ ပါဒေသု၊ ခြေတို့၌။ ဝါဠရူပါနိ၊ သားရဲရုပ်ရှင်တို့ကို။ ထပေတ္ဝာ၊ထား၍။ ကတော၊ပြုအပ်သော ညောင်စောင်း အထူးတည်း။
[အဋ္ဌကထာအနက်။]

၃။ ဝါဋ္ဌရူပါနိတိ အာဟာရိမာနိ ဝါဋ္ဌရူပါနိ။ အကဋ္ဌယရူပါကုလော အကဋ္ဌယမဿော ပလ္လင်္ကော်တိ ဟိ သာရသမာသေဝုတ္တံ။ ''သာရတ္ထ, ဝိမတိ, ဝိနယာ လက်ာရ, သီလက္ခန်, အဂ်ိတ္ထိ၊ရ် ုကာ''။

၄။ ဝါဋ္ဌရူပါနိတိ အာဟာရိမာနိ သီဟဗျတ္ထ၊ဒ်ဝါဋ္ဌရူပါနိ၊ ဝုတ္တာ၌ ဘိက္ခုနိဝိဘင်ေ် ပလ္လင်္ကော်နာမ အာဟာရိမေဟိ ဝါဋ္ဌေဟိ ကတောတိ။ ''သီလက္ခန်ုကာသစ်''။

၅။ ပလ္လင်္ကော်တိ ပါဒေသု သံဟာ ုမာနိ ဝါဋ္ဌရူပါနိ ထပေတ္ဝာ ကတောတ။ ဧကဿိ ယေဝ ဒါရုမှိ ကဋ္ဌကမ္မဝသေန ဆိန္နိတ္ဝာ ကတာနိ အသံဟာရိမာနိ တတြဋ္ဌာနေဝ ဝါဋ္ဌရူပါနိ ယသ ပါဒေသု သန္တိ။ဝေရူပေါ ပလ္လင်္ကော် ကပ္ပတိတိ အာဟာရိမေ နာတိဒုဝိနာဝ ဒီပိတံ ဟောတိ။ အကဋ္ဌယရူပါကုလော အကဋ္ဌယမဿော ပလ္လင်္ကော်တိ သာရသမာသေ ဝုတ္တံ။ ''ဝိနိ ုယ ုကာ''။

ပလ္လင်္ကော်တိ၊ ပလ္လင်္-ဟ္ကသည်ကား။ ပါဒေသု၊ခြေတို့၌။ သံဟာရိ-မာနိ။ ေ ့ရှေပြောင်းခြင်းငှါ တတ်ကောင်းကုန်သော။ ဝါဋ္ ်ခြေသ့ေ်သစ်ကျားသားပုရပ်တို့ကို။ ထပေတ္ဝာ၊ ထား၍။ ကတောပြုမ ်သောနေရာတည်း။ ဧကဿိ ယေဝ ဒါရုမှိ၊တခုသော အခြေသစ်သား၌ ပင်လျှင်။ကဋ္ဌကမ္မဝသေန၊သစ်သားကိုထု ပုပ်သော အမှု၏ အစွမ်းဖြင့်။ ဆိန္နိတ္ဝာ၊ ထုဖြတ်၍ ကတာနိ၊ ပြုအပ်ကုန်သော။ အသံဟာ ုမာနိ၊ ပြောင်းရှေ့ပြန်ငှါ မရအပ်ကုန်သော။ တတြဋ္ဌာနေဝ၊ ထိုအခြေ၌ အပြိုတည်နေသည်သာလျှင် ဖြစ်ကုန်သော။ ဝါဋ္ဌရူပါနိ၊ ပြုလုပ် သစ် ကျားသားမဲ့ရူပ်တို့သည်။ ယသ၊ အကြင်ပလ္လင်၏။ ပါဒေသု၊ခြေတို့၌။ သန္တိ၊ရှိကုန်၏။ဝေရူပေါ၎ကျိသို့သဘောရှိသော။ပလ္လင်္ကော်၊ပလ္လင်သည်။ ကပ္ပတိ၊ အပ်ပါ၏။ ဣတိ၊ ၎ကျိသို့သော အနက်ကို။ အာဟာ ုမေနာတိ ဣမိနာဝ၊အာဟာ ုမေန-ဟ္ကသော၎ပါ၌ဖြင့်သာလျှင်။ဒီပိတံ၊ပြတော်မူ အပ်သည်။ ဟောတိ၊ ဖြစ်၏။ အကဋ္ဌယရူပါကုလော အကဋ္ဌယမဿော ပလ္လင်္ကော်တိ၊ အကဋ္ဌယရူပါကုလောအကဋ္ဌယမဿောပလ္လင်္ကော်-ဟ္ကု၍။

သာရသမာသော၊ သာရသမာသကျမ်းမှ။ဝုတ္တံ၊ဆိုအပ်၏။ အကပ္ပိယရူ-ပါကုလော၊ မအပ်သော ခြေသွေ့,သစ်,ကျား,သားရဲရုပ်တို့ဖြင့် ရောပြွမ်းသည်ဖြစ်၍။ အကပ္ပိယော၊ မအပ်သော။ မဠော၊ ညှောင်စောင်းသည်။ ပလ္လင်္ကော၊ ပလ္လင််မည်၏။

[ဝိနိစ္ဆယဋ္ဌိကာအနက်။]

ခုဒ္ဒသိက္ခာဒီကာဟောင်းမှလည်း—

ပလ္လင်္ကောနာမ အာဟရိမေဟိ ရူပေဟိ ကတောတိ ဝုတ္တော။ တဿ ဆ သီဟရူပါဒိ ဒသေတ္ဝာ ကတော ပန ဝဋ္ဋတိတိ ဝဒန္တိ။ဟူ၍ဆို၏။

[အနက်လွယ်ပြီ။]

ဋီကာသစ်ဆရာကား—

ပါဒေသု ဝါဠရူပါနိ ထပေတ္ဝာ-ဟူသော အဋ္ဌကထာကို ဋီကာ-ဟောင်းပယ်သည်ဟု-ထင်မှတ်၍ ဋီကာဟောင်းကို မောင်းခဲ၍ပယ်ပြန်လေ၏။

ပလ္လင်္ကောနာမ ပါဒေသု ဝါဠရူပါနိ ထပေတ္ဝာ ကတောတိ ထပနသဒ္ဒေ အဋ္ဌကထာယံ ဝုတ္တတ္တာ ထပနဋ္ဌေ ယထာကထဉ္စိ ဟောတိ။ ယုဇ္ဇိစ နု ဟောတိတိ ဆ သီဟရူပါဒိ ဒသေတ္ဝာ ကတော ပန ဝဋ္ဋတိတိ ဝဒန္တိတိ ယံ ဋီကာယံ ဝုတ္တံ။ တံ ကိဒိတိ ဝေဝံ ဝဒန္တိတိ ဝတ္ဝာ ပဋိက္ခိပိတဗ္ဗံ။ အကပ္ပိယရူပါကုလော အကပ္ပိယမဠော ပလ္လင်္ကောတိဟိ သာရသမာသော ဝုတ္တော။ "ဂဝင်းဋီ-ကာသစ်"။

ပလ္လင်္ကောနာမ။လ။ ကတောတိ၊ ပလ္လင်္ကောနာမ။လ။ ကဟော-ဟူ၍။ထပနသဒ္ဒ၊ ထားခြင်းမျိုး၊အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ထပနဋ္ဌေ၊ ထားခြင်းမည်သည်လည်း။ ယထာကထဉ္စိ၊ အရှင်အဘယ ၂-ထွေ ၂-ရပ် အမှတ်မရှိသောအခြင်း အရာအားဖြင့်။ ဟောတိ၊ဖြစ်၏။ ယုဇ္ဇိစ၊ ထားရုံမျှနှင့်အကပ္ပိယ ဖြစ်ထိုက်သော ယုတ္တိသည်လည်း။ နဟောတိ၊မရှိ။ ဧတ္ထ၊ ဤသို့သော အကြောင်းကြောင့်။ တဿ ဆ သီဟရူပါဒိ ဒသေတ္ဝာ ကတောပန ဝဋ္ဋတိတိ ဝဒန္တိတိ၊ တဿ ဆ သီဟရူပါဒိ ဒသေတ္ဝာ ကဟောပန ဝဋ္ဋတိ

တိ၀ဒန္တိ-ဟူ၍။ ယံ၀စနံ၊ အကြင်စကားကို။ ဋီကာယံ၊ ဋီကာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ တံ၀စနံ၊ ထိုစကားကို။ ကိမိတိ။အသို့မူ၍။ ဧ၀ံ။ဤသို့။ဝဒန္တိ၊ ဆိုကြကုန်သနည်း။ ဣတိ၊ ဤသို့။ ဝတ္တာ၊ ဆိုမည်မောင်းမဲ၍။ ပဋိကွိပိ-တဗ္ဗံ၊ပယ်အပ်၏။ဟိသစ္စံ၊ဖြန်၏။အကပ္ပိယရူပါကုလော အကပ္ပိယမဇ္ဇော ပလ္လင်္ကော်တိ၊အကပ္ပိယရူပါကုလော အကပ္ပိယမဇ္ဇော ပလ္လင်္ကော်-ဟူ၍။ သာရသမာသေ၊ သာရသမာသကျမ်း၌။ ဝုတ္တံ၊ဆိုအပ်၏။

[ဋီကာသစ်အနက်။]

ဋီကာဟောင်းကား--

ပါဒေသု ၀ါဠုရူပါနိ ထပေတ္မာ ကတော-ဟူသော အဌကထာ-ပါဠိကို ထုတ်ပေသည်လည်းမဟုတ်၊ ပလ္လင်္ကော်နာမ အာဟရိမေဟိ ၀ါဠုရူပေဟိကတော- ဟူသော ပါဠိတော်ပါဠိကို ထုတ်ပေသည်၊ တတ္ထ၀ဿိဟရူပါဒိ ဒသေတ္မာ ကတောတိ ပန ၀ဏ္ဏံ၊ ၀ဠုတိ-ဟုဣတိ သဒ္ဒါ,၀ဏ္ဏံ၊သဒ္ဒါနှင့် ဆိုသည်လည်းမဟုတ်၊ ဝိနိစ္ဆယဋီကာကဲ့သို့ ပါဠိတော်၌ အာဟာရိမေဟိ-ဟု ဟောဒတော်မူသောကြောင့် ထိုအခြေခံ အသေထုလုပ်၍ ထားသော သားရဲရုပ်ရိုက်၌ အာပတ်မသင့်-ဟူသော ဗျတိရေက ဘနက်ကို ပြုခဲ့ပေသည်။

ဋီကာသစ်ဆရာအလိုကား—

ထပေတ္မာ ဟူသောအဌကထာပါဠိသည် အာဟာရိမေဟိ ဟူသောပါဠိတော်နှင့် အပြိုပင်ဖြစ်၍ ပြင်သင့်သောပါဠိမဟုတ်၊ ထိုပါဠိ အ၀ိုင်းထားအပ်သောအာ၀ဏ္ဏ၊ကမျပ်ခ်ိန်သာ အာပတ်သင့်သည်၊အသေ ထုလုပ်၍ထားသော သားရဲရုပ်၌ အာပတ်မသင့်-ဟူ၍ ဆိုလိုပါ၏။ ဋီကာဟောင်းအလိုနှင့် အတူတူပင်။

[ဗျာဂရဏ-ဝိကျေနိုင်ဘင်းပါဠိတော်မှစ၍ ပြဆိုခဲ့ပြီးသော အဌကထာ, ဋီကာဒီကာပုဒ်ရပ်တို့မှာ အာဟာရိမေဟိ-ဟူ၍ရင်း, အာဟာရိမာနိ ဟူ၍ရင်း အာ၀ဏ်ယနှင့်ပြည့်သော ပါဠိတို့၏အလိုတည်း။]

၀ဓိရူပဒီပကား—

ပါဠိတော်ရင်းပါဠိ ၂-ထွေ၏ ကြောင်းကို ပြ၏။

အသံဟာရိမေဟိ ၀ါဠေဟိတိ စ အာဟာရိမေဟိ ၀ါဠေဟိ တိ စ ဒုပိဏော ပါဠော။ ဝိသုံ ကတ္တာ ပဋ္ဌာ သံယောဇိတောဟိ

ဝါဌေဟိတိလိခိတံ။ ယထာ တထာ ဝါဌရူပေ ဥဒ္ဒါပေတွာ ကတပါဒံ ပလ္လင်္ကန္တိ ဝေဒိတဗ္ဗံ။ အာနာပတ္တိဝါရေ အသံဟာရိ မေဟိ ဝါဌေဟိ ကတံ ပရိဘုဥ္ဇတိတိ ဝစနာဘာဝတော။

[အာသန္နိသိက္ခာပုဒ်-ဝဏ္ဏရဗုဒ္ဓိ။]

ပါဠိတော် ပေတို့၌-

အသံဟာရိမေဟိ-ဟူ၍ဂုဏ်း, အာဟာရိမေဟိ-ဟူ၍ဂုဏ်း ပါ၌ ၂-ထွေရှိ၏၊ အနုဂဏ္ဌိပုဒ်၌ကား-အာဟာရိမေဟိ-ဟူသော နောက်ပါ၌ သို့လိုက်၍ အသီးအခြား ပြုလုပ်ပြီး၍ နောက်မှအခြေ၌ တပ်သော သားရဲရုပ်တို့ဖြင့်-ဟု ရေးလျက်ရှိ၏၊ အနုဂဏ္ဌိပုဒ် ရေးပြောသော်လည်း အနာပတ္တိဝါရ၌ အနာပတ္တိ အသံဟာရိမေဟိ ဝါဌေဟိ ကတံ ပရိဘုဥ္ဇတိ-ဟူ၍ မထွက်သောကြောင့် အာဂန္တုကရုပ်ပင်ဖြစ်စေ, အသေထုလုပ်သော အရုပ်ပင်ဖြစ်စေ၊ ခြေတို့၌ ထိုပလ္လင်ကို ခြယ်လယ်မှုကိစ္စ နှင့်ပြုအပ်သော သားရဲရုပ်ရှိခဲ့လျှင် အကပ္ပိယပလ္လင်ဟူ၍သာ မှတ်ရမည်-ဟူလိုသည်။

အနာပတ္တိဝါရ၌-

အနာပတ္တိ အာသန္နိယာ ပါဒေ ဘိန္ဒိတ္တာ ပရိဘုဥ္ဇတိ။ ပလ္လင်္ကဿ ဝါဌေ ဘိန္ဒိတ္တာ ပရိဘုဥ္ဇတိ။

ဟူ၍လာ၏။

ခန္ဓကဌ၌လည်း-

အနုဇာနာမိ ဘိက္ခဝေ ပလ္လင်္ကဿ ဝါဌေ ဘိန္ဒိတ္တာ ပရိ-ဘုဥ္ဇိတုံ။

ဟုလာ၏။

ဤသို့ဘိန္ဒနကြိယာနှင့် လာသည်ကိုထောက်သော် အ-ရုဿနှင့် အဟာရိမေဟိရူပေဟိ-ဟူသောပါဌ, သံသဒ္ဒါနှင့်တကွ အသံဟာရိမေဟိ ရူပေဟိ-ဟူသောပါဌသည်သာ မှုမှန် မှုရင်းဖြစ်သင့်သည်။

ဋီကာကြီးတို့၌လည်း-

ဝါဌရူပါနိတိ အဟာရိမာနိ ဝါဌရူပါနိ-ဟူ၍ဂုဏ်း, အသံ-ဟာရိမာနိ ဝါဌရူပါနိ-ဟူ၍ဂုဏ်း ရှိသင့်သည်။

ပါဒေသု ဝါဠဂူပါနိ ထပေတွာ ကတော-ဟူသော အဌကထာ ပါဋိဋ္ဌလည်း—

ဝဇိရဗုဒ္ဓိ ဋီကာပါဋိမှာကဲ့သို့ ဥ-အက္ခရာနှင့်တကွ ဥဋ္ဌာပေတွာက-တော-ဟု ရှိသင့်သည်၊ထပေတွာကတော ဟု ရှိခဲ့အုံ၊ ပြိုလုပ်သောအခါ ကပင် အာဂန္တုကသားရဲရုပ်တို့ကို အခြေခံထားရှိပြီသည်ဟု ယုတ္တိမရှိ၊ ပြောင်းရွှေ့၍ ရစကောင်းသော တင်၍ တပ်၍ စွပ်၍ ချိတ်၍ တွယ်ကပ်၍ထားအပ်သော အာဂန္တုကရုပ်အတွက်ကြောင့်သာ အာပတ်သင့်ရမည်၊ထိုအခြေမှာဒုခိုင်အမြဲ အသေထုလုပ်၍ထားသော သားရဲရုပ်အတွက်ကြောင့်ကား-အာပတ်မသင့်ဟူသော အနက်သည်လည်း ယုတ္တိမရှိ၊အသေထုလုပ်သောသားရဲရုပ်ရှိလျှင်သာ အကပ္ပိယဖြစ်သည်၊အာ-ဂန္တုကရုပ်ရှိရုံမျှနှင့် အာပတ်မသင့်-ဟူ၍သာ ဖြစ်သင့်ရာသည်။

အနုဂဏ္ဌိပုဒ်ဆရာ, ဝိနိစ္ဆယဋီကာဆရာ, ခုဒ္ဒသိက္ခာ ဋီကာဆရာတို့ လက်ထက်မှာမှ အာဟာရိမ-ဟု ဒုဗာဒီယ အရှိများလာသည်ဟု ယူရန်ရှိသည်၊ ပါဠိတော်ပါဋိတို့ဌိုင်ရင်း, ဋီကာကြီးပါဋိတို့ဌိုင်ရင်း အ-ရဿနှင့် မူရင်းဖြစ်ရာသည်။

ဝါဠဂူပါနိတိ၊ ဝါဠဂူပါနိ-ဟူသည်ကား။ အဟာရိမာနိ။ ဖယ်ရှားပြောင်းခွ,ပြင်းဌ၊ မတတ်ကောင်းကုန်သော။ ဝါဠဂူပါနိ၊ အသေထုလုပ်သော သားရဲရုပ်တို့ကို။ အနက်ဆို။

[အဟာရိမာနိ, အသံဟာရိမာနိအတူတူ။]

အဌကထာပါဋိတို့ဌိုင်လည်း—

ပါဒေသု။ အခြေတို့ဌိုင်၊ ဝါဠဂူပါနိ။ ခြေသော့, သစ်, ကျောင်း သားရဲရုပ်တို့ကို။ ဥဋ္ဌာပေတွာ၊ထစေ၍။ ပေး။ အောက်ဌိုင်ပြုဆိုခဲ့သော ထိုအခြေခံ အသေထုလုပ်သော သားရဲရုပ်ဖြစ်ခဲ့ရှု အပ်၏-ဟူသော ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာ ;ကာများကိုဆင်ခြင်။

ဝဇိရဌိ—

အနာပတ္တိ အသံဟာရိမေဟိ ဝါဠေဟိ ကတံ ပရိဘုဥ္ဇတိ-ဟု အနာပတ္တိဝါရမထွက်သောကြောင့် အာဟာရိမေဟိ ဝါဠေဟိ-ပါဋိကိုမလို ရိပ်ပြ၏။

ဆိုရန်ကား—

အနာပတ္တိ အာဟရိမေဟိ ဝါဌေဟိ ကတံ ပရိဘုဥ္ဇတိ ဟူ၍လည်းမထွက်၊ထို့ကြောင့် ဝိဘင်းဌ် အသံဟာရိမေဟိ ဝါ-ဌေဟိ-ပါဌ်ကိုမလိုအပ်-ဆိုရန်မှာ—

အသေမဟုတ်သော အာဂန္တုကရုပ်သည် ထိုပလ္လင်၏ အစိတ်မဟုတ်ရကား-မဆိုသင့်ဟူပေ၊ ခေါင်ခြင်ရှိယူလေ။

ပလ္လင်္ကော်ဌ်။ ။ပရိ-ပုဒ်၊ အကိ-ဓာတ်။ ပရိပုဗ္ဗောအကိလက္ခဏော၊ ဖောဝေ့ကုလောပေါ။ ရဿ လတ္တံ။

[အဘိဓာန်ဋီကာ။]

ပလ္လင်္ကော်ဝုဒ်, ပရိယင်္ကော်ဝုဒ်ရုပ်ပြီးသော ထူးကြဲသည်။ ။ပလ္လင်ပြီး၏။

ဂေါနက

၃။ ဂေါနကဌ်—

၁။ ဂေါနကောတိ ဒီဃလောမကော မဟာကောဇဝေါ။ စတုရင်္ဂလာဓိကာနိ ကိရတသ လောမာနိ။ "စမ္မဘ္ဘန္တက, သီလဘ္ဘန်, အင်္ဂတ္တိရ်, ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာ"။

၂။ ဒီဃလောမကောမဟာကောဇဝေါတိ စတုရင်္ဂလာဓိက လောမော ကာဋ္ဌကောဇဝေါ။ "သာရတ္ထ"။

၃။ အင်္ဂတ္တိရ် အဋ္ဌကထာဟတ္ထာဋ္ဌဝက သုတ်အဘွင့်ရှိလည်း-ဂေါနကတ္ထတောတိ စတုရင်္ဂလလောမေန ကာဋ္ဌကောဇဝေန အတ္ထတော။

ဟုလာ၏၊ ဋီကာကြီးအလုံးမရှိ။

၄။ ဒီဃလောမကော မဟာကောဇဝေါတိ စတုရင်္ဂလာဓိက လောမော ကာဋ္ဌဝဏ္ဏော မဟာကောဇဝေါ။ "သီလဘ္ဘန် ဋီကာသစ်"။

၅။ ဂေါနကန္တိ ဒီဃလောမကမဟာကောဇံ။ စတုရင်္ဂလာဓိကာနိ ကိရ တသ လောမာနိ၊ ကာဋ္ဌဝဏ္ဏော။ "ပိနိဋ္ဌယ ဋီကာ"။

၆။ စတုရဂ္ဂလာဓိကလောမော ကောဇဝေါ ဂေါနကောတိ ဝုစ္စတိ။ "ခုဒ္ဒသိက္ခာဒီကာ"။

ဂေါနကောတိ၊ ဂေါနက-ဟူသည်ကား။ ဒီဃလောမကော၊ လက် ၄-သစ်ထက်ရှည်သော အမွေးရှိသော။ မဟာကောဇဝေါ၊ ကော်ဇောနက်ကြီးတည်း။ တဿ၊ ထိုဂေါနက ကော်ဇော၏။ လောမာနိ၊ အမွေးတို့သည်။ စတုရင်္ဂုလာဓိကာနိ ကိရ၊လက် ၄-သစ်ထက် လွန်၍ ရှည်ကုန်သတတ်။

[အဋ္ဌကထာအနက်။]

နောက်ပါဠိတို့၌-

စတုရင်္ဂုလလောမေန၊ အမွေးလက် ၄-သစ်ရှိသော။ ကာဠကော ဇဝေန၊ မည်းနက်သော ကော်ဇောဖြင့်။ အတ္ထိတော၊ ခင်းအပ်သော ပလ္လင်။

ဂေါနကောပုဒ်၌-

ဂု-သဒ္ဒေ။ ယု၊ သကတ္ထေကော၊ ဥသော်တို့။

[အဘိဓာန်ဋီကာ။]

ဤအလိုဒန္ဓဇ နှ-နှင့်လို၏၊ မုဒ္ဓဇ ဏ-နှင့်စာအရှိမျှား၏၊ သိဟိဠ် အဘိဓာန်ဋီကာ၌ နယေယ်နှင့်ရှိ၏။ ။ဂေါနကပြီး၏။

စိတ္တက

၄။ စိတ္တက၌-

၁။ စိတ္တကောတိ ဝါနစိတြော ဥဿာမယတ္ထရဏော "စမ္မက္ခန္ဓ-က,သိလက္ခန်အဋ္ဌကထာ"။

၂။ စိတ္တကန္တိ ရတနစိတ္တံ ဥဿာမယတ္ထရဏံ။ "အင်္ဂုတ္တိုရ်, ဝိနည်းသဒ္ဒြိဟ်အဋ္ဌကထာ"။

၃။ ဝါနစိတြော ဥဿာမယတ္ထရဏောတိ ဘိတ္တိဆိဒ္ဒါဒိဝသေန ဝိစိတြော ဥဿာမယတ္ထရဏော။ "သာရတ္ထ"။

၄။ ဝါနစိတြော ဥဿာမယတ္ထရဏောတိ နာနာဝဏ္ဏေဟိ ဥဿာမယသုတ္တေဟိ ဘိတ္တိဆိဒ္ဒါဒိဝသေန ဝါယိတ္ဝာ ကတစိတ္တတ္ထရဏော။ "ဝိမတိ"။

၅။ ဝါနဝိစတြန္တိ ဘိတ္တိ ဆိဒ္ဓါဒိဝသေန ဝိနနဝိစတြာ။
"သီလက္ခန်ဋီကာကြီး"။

၆။ ဝါနဝိစတြန္တိဘိတ္တိဆိဒ္ဓါဒိအာကာရေန ဝါနေန သံသိဗ္ဗ-
နေန ဝိစိတြာ။ "သီလက္ခန်ဋီကာသစ်"။

၇။ စိတ္တကန္တိ ဘိတ္တိဆိဒ္ဓါဒိဝိစိတြာ ဥဏ္ဏာမယတ္ထရကံ။
"ဝိနိစ္ဆယဋီကာ"။
[ခုဒ္ဒသိက္ခာဋီကာတို့၌လည်း ဤနည်းတူပင်။]

၈။ ရတနစိတ္တန္တိ ဘိတ္တိဆိဒ္ဓါဒိဝသေန ရတန ဝိစိတြာ။
"အင်္ဂုတ္တိုရ်ဋီကာကြီး"။

ဝါနစိတြော ဥဏ္ဏာမယတ္ထရလောတိ၊ဝါနစိတြော ဥဏ္ဏာမယတ္ထ-
ရလော-ဟူသည်ကား။ နာနာဝဏ္ဏေဟိ၊ အထွေထွေသော အဆင်းရှိ
ကုန်သော။ ဥဏ္ဏာမယသုတ္တေဟိ၊ သိုးမွေးဖြင့် ပြီးသော၎င်းတို့ဖြင့်။
ဘိတ္တိဆိဒ္ဓါဒိဝသေန၊ နံရံပေါက်စသည်တို့၏ အစွမ်းဖြင့်။ ဝါယိတ္တာ၊
ယက်၍။ ကတစိတ္တတ္ထရလော၊ ပြအပ်သော ဆန်းကြယ်သောအခင်း
တည်း။

[ဝိမတိအနက်။]

ဝါနစိတြန္တိ၊ ဝါနစိတြာ-ဟူသည်ကား။ ဘိတ္တိဆိဒ္ဓါဒိအာကာရေန၊
နံရံပေါက်စသော အခြင်းအရာအားဖြင့်။ ဝါနေနသံသိဗ္ဗနေန၊ ချုပ်
ခြင်းအမှုဖြင့်။ ဝိစိတြာ၊ ဆန်းကြယ်သောအခင်းတည်း။
[သီလက္ခန်ဋီကာသစ်အနက်၊ အကြင်းလွယ်ပြီ။]

သိုးမွေးတို့ကို ချည်ပြု၍အထူးထူးသော အဆင်းတို့ဖြင့် ဆိုး၍ယက်
သောအခါ မြန်မာတို့ပုဆိုးကဲ့သို့ နံရံပေါက်သဏ္ဌာန် စသည်ဖြင့် အ
ကွက်ဘော်၍ယက်သော သားမွေးအခင်း၊ "ဝိနည်းဋီကာများအလို"။

ဝါ-တခုခုသော သကလပ်ထည်, ကတ္တိပါဏည်, ဖဲထည်စသော
သားမွေးထည်၌ ချည်အမျိုးမျိုး အထည်အမျိုးမျိုးတို့ဖြင့် ချုပ်ပန်း,
ကိုက်ပန်းဟင်၍ ချုပ်အပ်သော သားမွေးအခင်း။
"သီလက္ခန် ဋီကာများအလို"။

ရတနာစိတ္တံ-ဟူသော နောက် ''အဋ္ဌကထာ''များ၌လည်း ရှေ့ချည်, ငွေ့ချည်တို့ဖြင့် ဆန်းကြယ်စွာ ယက်သော သားမွေးအခင်း, ဆန်းကြယ်စွာချုပ်သော သားမွေးအခင်း ၂-မျိုးကိုယူလေ၊ ဝိနယာလင်္ကာ-ရဒိုကာဂ္ဂ်ကား-ရတနာသဒ္ဒါမပါမရှိ၊ ဝါနသဒ္ဒါနှင့်ရှိ၏။

ဂေါ်ဇောဆိုသည်ကား။ ။ခြေရုံခြင်းငှါ မတတ်ကောင်းအောင်ရုန့်ရင်းသော အတိုင်ချည် အဖောက်ချည်ခံ၍ သိုးမွေးအဆာအမြောက်ထည့်၍ ဝင်းမှုကိစ္စမျှကို ရွယ်၍ယက်သောအခင်းတည်း။

အဏ္ဍရဏာဆိုသည်မှာမူကား။ ။ကော်ဇော လည်း အတ္ထရဏာ ပင်၊ ဝတ်မှု,ခြေမှု,ရုံမှု, ခင်းမှုပြုခြင်းငှါ တတ်ကောင်းအောင် ချောမွေ့သော အတိုင်ချည် အဖောက်ချည်တို့ဖြင့် ယက်အပ်သော သားမွေးအထည်မျိုးတို့ကို အခင်းမှတ်မျိုးငှါ တိုင်းတာချုပ်လုပ်သော အခင်းမျိုးသည် လည်းအတ္ထရဏာပင်။

[ကောဇဝသဒ္ဒါနှင့်ဆိုရာ၌ ကော်ဇောမျိုးသက်သက်ကိုယူ၊ အဏ္ဍရဏာသဒ္ဒါ, ပစ္စတ္ထရဏာသဒ္ဒါတို့နှင့်ဆိုရာတို့၌ အလုံးစုံကိုယူလေ။]

ဆရာတော်ဦးဗုဒ္ဓကား--

စိတ္တာကခြေသည် သစ်ကျားသားရဲရှင်ဖြင့် ဆန်းကြယ်သော အခင်းဟု အနက်ဆို၏၊ ဒိုကာအာဘင့်မျှားနှင့်လည်းမညီ၊ အထက်မှာ လာလတ္တံ့သော ဝိကတိအခင်းနှင့်လည်းမထူးကြ၊ အမျိုးသောစာ၌ ဝါဌစိကြီဟုရှိသောပါဌ်ပျက်ကိုသတိပြုမိ၍ ဆိုခြင်းမျှသာ။ ။စိတ္တာကပြီး၏။

ပဋိကာ

၅။ ပဋိကာ-

၁။ ပဋိကာကို ဥဏ္ဏာမသော သေတတ္တရဏောဟု။ ''စမ္ပဏ္ဍနက, သီလဂ္ဂန်, အဝ်ဖြိုး, ဝိနည်းသင်္ကြိတ် အဋ္ဌကထာ''။

၂။ ပဋိကာနှင့်ဥဏ္ဏာမပေါ်သော သေတတ္တရဏံ။ ''ဝိနိစ္ဆယဒီကာ, ဒုဒ္ဒသိကဒီကာ ဒီကာစုလည်း ဤနည်းပင်။

၃။ သေတတ္တရဏောဝါ ဓဝလတ္တရဏောဝါ။ သီတတ္ထိကေဟိ သေဝိ-တတ္တာ သေတတ္တရဏော ပဟုမုဒုလောမောတိပိ ဝဒန္တိ။ ''သီလဂ္ဂန်ဒီကာသစ်''။

ပဋိကာတိ၊ ပဋိကာ-ဟူသည်ကား။ ဥက္ကာမယော၊ သိုးမွေးဖြင့်ပြီး သော။ သေတတ္ထရဏော၊ အခင်းဖြူတည်း။

[အဋ္ဌကထာအနက်။]

သေတတ္ထရဏောတိ၊သေတတ္ထရဏော-ဟူသည်ကား။ ဓဝလတ္ထရ-ဏော၊ ဆွတ်ဆွတ်ဖြူသောအခင်းတည်း။ သီတတ္ထိကေဟိ၊ အအေးကို အလိုရှိသောသူတို့သည်။သေဝိတဗ္ဗတ္တာ၊ မှီဝဲအပ်သည်၏အဖြစ်ကြောင့်။ သေတတ္ထရဏော၊ အခင်းဖြူသည်။ ဗဟုမုဒုလောမော၊ အလွန်ထူထဲ သော နူးညံ့သောအမွေးရှိ၏။ဤတို့၊ဤသို့။ဝဒန္တိ၊ဆိုကြကုန်၏။

[ဋီကာသစ်အနက်။]

ဤဌာနလည်း အတ္ထရဏ သဒ္ဒါနှင့်ဆိုသောကြောင့် သကလပါဖြူ, ကတ္ထိပါဖြူ, ဖဲဖြူစသော သားမွေး အထည်ဖြူစုကိုလည်းယူ။ ။ ပဋိကာပြီး၏။

ပဌမိကာ

၆။ ပဌမိကာ၌–

၁။ ပဌမိကာတိ ယနပုပ္ဖကော ဥက္ကာမယလောဟိတတ္ထရဏော။ ယောအာမလကပတ္တောတိပိ ဝုစ္စတိ။"စမ္မကွန္ဒက, သီလကွန်, အဂ်ုတ္တိုရ်, ဝိနည်းသင်္ဂြိဟ် အဋ္ဌကထာ"။

၂။ ဥက္ကာမယတ္ထရဏောတိ ဥက္ကာမယလောဟိတတ္ထရဏော။ "သာရတ္ထ"။

[ဤသာရတ္ထအလို အချို့သောစမ္မကွန္ဒက အဋ္ဌကထာပါဠိမှာ လော-ဟိတသဒ္ဒါမပါရိပါရှိ၏၊ ဝိနည်းသင်္ဂြိဟ်မှာလည်း ဤနည်းတူ။]

၃။ ယနပုပ္ဖကောတိဗဟလရာဂေါ။"ဝိမတိ"။

၄။ ယနပုပ္ဖကောတိ သဗ္ဗထာ ပုပ္ဖါကာရ သမ္ပန္နော။ "သီလကွန် ဋီကာသစ်"။

၅။ ပဌမိကန္တိ ယနပုပ္ဖကံ ဥက္ကာမယံ လောဟိဘတ္ထရဏံ။ ယံ အာမလကပတ္တန္တိပိ ဝုစ္စတိ။"ဝိနိစ္ဆယဋီကာ"။

၆။ ပဌမိတိ ယနပုပ္ဖံ ရတ္တအတ္ထရဏံ။ "ခုဒ္ဒသိက္ခာ ဋီကာ ဟောင်း"။

၇။ ပဌမိကာ ယနပုပ္ဖိကာ။ "ရင်းဋီကာသစ်"။

ပဋ္ဌလိကာတိ၊ ပဋ္ဌလိကာ-ဟူသည်ကား။ ယနပုပ္ဖကော၊ ထူထပ်သော ပန်းပွင့်ရှိသော။ ဥဒ္ဓာဝမယလောဟိတတ္ထရဏော၊ သိုးမွေးဖြင့်ပြီးသော အခင်းနီတည်း။ ယော၊ အကြင်အခင်းကို။ အာမလကပတ္တောတိပိ၊ သျှိသျှားရွက်သဏ္ဌာန်ရှိသော ပန်းရွက်တို့ဖြင့် ပြည့်သည်ဖြစ်၍ အာမလကပတ္တအခင်းဟူ၍လည်း။ ဝုစ္စတိ၊ဆိုအပ်၏။

[အဌကထာအနက်။]

ယနပုပ္ဖကောတိ၊ ယနပုပ္ဖကော- ဟူသည်ကား။ ဗဟလရာဂေါ၊ ထူထပ်သော ဆိုးရည်ဆေးစွဲမှုရှိသော။

[ဝိမတိအနက်။]

ယနပုပ္ဖဂေါတိ၊ ယနပုပ္ဖကော-ဟူသည်ကား။ သဗ္ဗထာ၊ အချင်းခပ်သိမ်းအားဖြင့်။ ပုပ္ဖါကာရသမ္ပန္နော၊ ပန်းပွင့်သဏ္ဌာန်, ပန်းရွက်သဏ္ဌာန်နှင့်ပြည့်စုံ၏။

[သီလက္ခန်ဓိကာသစ်အနက်။]

ဤ၌လည်း အတ္ထရဏသဒ္ဒါဖြင့် ကော်ဇောမျိုးနှင့်တကွ သားမွေးဖြင့်ပြီးသော သကလပ်နီအခင်း, ကတ္တိပါနီအခင်း, ဖဲနီအခင်းတို့ကို ယူ၊ ဝိမတိအလိုအားဖြင့် ပန်းပြောက်အထူးမပါသော်လည်း တွတ်တွတ် တွေးတွေးနီမြန်းလျှင်ပင် "ယနပုပ္ဖက"ဆိုလိုရိပ်ရှိ၏၊ အာမလ-ကပတ္တလက္ခဏာနှင့်ညီမှုပေ။ ။ပဋ္ဌလိကာပြီး၏။

တူလိကာ

၇။ တူလိကာ၌-

၁။ တူလိကာ ပကတိဟူလိကာယေဝ။ "စမ္မက္ခန္ဓက, ဝိနည်းသရိုပ်အဋ္ဌကထာ"။

၂။ တူလိကာတိ တိဏ္ဍံ တူလာနံ အညတရပုဏ္ဏာ တူလိကာ။ "သီလက္ခန်,အဂ်ုတ္တိ၂ရ်အဋ္ဌကထာ"။

၃။ ပကတိတူလိကာတိ ရုက္ခတူလ လတာတူလ ပေါဠုကိတူလသမ်ါတာနံ တိဏ္ဍံ တူလာနံ အညတရပုဏ္ဏာ တူလိကာ၊ "သာရတ္ထ, ဝိနိစ္ဆယဋီကာ"။

၄။ တူလိကာတိ တူလပုဏ္ဏာ ဘိသိ။"ဝိမတိ"။

[ကြင်းခေသာဋီကာတို၌လည်း မထူးကြလေပြီ။]

ပကတိတူလိကာတိ၊ ပကတိတူလိကာ-ဟူသည်ကား။ ရုက္ခတူလ-လတာတူလ ပေါဌုကိတူလသင်္ခါတာနှံ၊ သစ်ပွင့် သစ်သီးမှ ဖြစ်သော မှိုလဲ, နွယ်ပွင့်နွယ်သီးမှ ဖြစ်သောမှိုလဲ, မြက်ပွင့်မြက်သီးမှဖြစ်သော မှိုလဲဟုဆိုအပ်ကုန်သော။ တိဏ္ဍိုတူလာနှံ၊လဲမှိုလို ၃-မျိုးတို့တွင်။ အည-တရ ပုဏ္ဏာ၊ တပါးပါးသောလဲမှိုဖြင့် ပြည့်သော။ တူလိကာ၊ လဲအခင်းတည်း။

[သာရတ္ထအနက်။]

တူလိကာတိ၊ တူလိကာ-ဟူသည်ကား။ တူလပုဏ္ဏာ၊လဲပြည့်သော။ ဘိသိ၊ ဘုံလျှိုတည်း။

[ဝိမတိအနက်။]

မန္ဒလေးမြို့တော် အချုပ်တန်းမျှားမှဖြစ်သော မွေ့ရာခေါ်သော အိပ်ရာအထူးကိုဆိုသည်။ ။တူလိကာပြီး၏။

ဝိကတိကာ

၇။ ဝိကတိကာ၌-

၁။ ဝိကတိကာတိ သီဟဗျဃ္ဃာဒိရူပဝိစိတြော ဉဏ္ဏာမယတ္ထ-ရဏောာ။ "စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်း သရ်ဂြိဟ်အဋ္ဌကထာ"။

၂။ ဝိကတိကာတိ သီဟရူပါဒိဝသေန ၀ါ ရတနဝိစိတ္တာ ၀ါ ဂယ္ဟတိ။ "ဝိမတိ"။

၃။ ဝိကတိတိ သီဟဗျဃ္ဃာဒိရူပဝိစိတ္တြဲ ဉဏ္ဏာမယတ္ထရဏံ။ "ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာဟောင်း, ဋီကာသစ်"။

၄။ သီဟဗျဃ္ဃာဒိရူပေဟိ၊ စိတ္တံ ဝိကတိကာ ဘဝေ။ "အဘိ ဓာန်"။

ဝိကတိကာတိ၊ဝိကတိကာဟူသည်ကား။သီဟဗျဃ္ဃာဒိရူပဝိစိတြော၊ ခြင်္သေ့ရုပ်,ကျားရုပ်အစရှိသော အရုပ်တို့ဖြင့် ဆန်းကြယ်သော။ဉဏ္ဏာ-မယတ္ထရဏောာ၊ သိုးမွေးဖြင့်ပြီးသော အခင်းတည်း။

[အဋ္ဌကထာအနက်။]

ဝိကတိကာတိ၊ ဝိကတိကာ-ဟူသည်ကား။ သီဟရူပါဒိဝသေနဝါ၊ ခြင်္သေ့ရုပ်စသည်၏အစွမ်းဖြင့်ရင်း။ ရတနဝိစိတ္တာဝါ၊ ရွှေချည်ငွေချည်စသောရတနာတို့ဖြင့် ဆန်းကြယ်သည်ကိုရင်း။ ဂယ္ဟတိ၊ယူအပ်၏။
[ဝိမတိအနက်။]

ရွှေချည်ငွေချည်စသော ရတနာတို့ဖြင့် ဆန်းကြယ်သည်ကို ယူခဲ့သော် အဂ်ုတ္တိ၏, ဝိနည်းသင်္ဂြိဟ်တို့ ဘွင့်ကြသော စိတ္တကအခင်းနှင့် ထပ်မံလျက်ရှိသည်၊ စိတ္တကဋ္ဌ နံရံပေါက်စသည်၏ အစွမ်းဖြင့် ရတနာဆန်းကြယ်မှုကိုယူ၊ ဤဝိကတိဋ္ဌ ခြင်္သေ့ရုပ်စသည်၏ အစွမ်းဖြင့် ရတနာဆန်းကြယ်မှုကိုယူ၊ဝါ-စိတ္တကဋ္ဌ ရတနာချည်တို့ဖြင့် အယက်ဆန်းကြယ်မှုကိုယူ၊ ဤဝိကတိဋ္ဌ ရတနာချည်တို့ဖြင့် ချုပ်ပန်း ကိုက်ပန်းဆန်းကြယ်မှုကိုယူ၊ ဝိမဘိပါဋ္ဌမှာ သီဟရူပါဒိဝသေန ဝါနဝိစိတ္တာဝဂယ္ဟတိ- ရှိလိုမည်ထင်သည်၊ ဆင်ခြင်။ ။ဝိကတိကာပြီး၏။

ဥဒ္ဒလောမိ,ကေန္တလောမိ

၉-၁၀။ ဥဒ္ဒလောမိ,ကေန္တလောမိ ၂-ပါးဋ္ဌ—

၁။ ဥဒ္ဒလောမိတိ ကေတော ဥဂ္ဂတလောမံ ဥဏ္ဏာမယတ္ထရဏံ။ ကေန္တလောမိတိ ဥဘတော ဥဂ္ဂတလောမံ ဥဏ္ဏာမယတ္ထရဏံ။"စမ္မကွန္ဓ(၁),ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာ"။

၂။ ဥဒ္ဒလောမိတိ ဥဘတောဒသံ ဥဏ္ဏာမယတ္ထရဏံ၊ ကေစိ ကေတော ဥဂ္ဂတပုပ္ဖန္တိပိ ဝဒန္တိ။ ကေန္တလောမိတိ ကေတောဒသံဥဏ္ဏာမယတ္ထရဏံ၊ ကေစိ ဥဘတော ဥဂ္ဂတ-ပုပ္ဖန္တိပိ ဝဒန္တိ။"သီလက္ခန်,အဂ်ုတ္တိ၏အဋ္ဌကထာ"။
[ဝိနိစ္ဆယဋီကာ ခုဒ္ဒသိက္ခာဋီကာတို့ဆိုစမ္မကွန္ဓကအဋ္ဌကထာအတိုင်း။]

ဥဒ္ဒလောမိတိ၊ ဥဒ္ဒလောမိတိ- ဟူသည်ကား။ ကေတော၊ တဘက်အပြင်မှသာလျှင်။ ဝါ၊ တဘက်အပြင်ဋ္ဌသာလျှင်။ ဝါ၊ တဘက်အဘို့အားဖြင့်သာလျှင်။ ဥဂ္ဂတလောမံ၊ ထသောအမွေးရှိသော။ ဥဏ္ဏာမ-ယတ္ထရဏံ၊ သိုးမွေးဖြင့်ပြီးသောအခင်းတည်း၊ ကေန္တလောမိတိ၊ကေန္တလောမိတိ-ဟူသည်ကား-ဥဘတော၊ ၂-ဘက်အပြင်မှ။ ဝါ၊ ၂-ဘက်

အပြင်၌။ ၀၊ ၂-ဘက်အဘို့အားဖြင့်။ ဥဂ္ဂတလောမံ၊ ထသောအမွေး ရှိသော။ ဥဏ္ဏာမယတ္ထရဏံ၊ သိုးမွေးဖြင့်ပြီးသော အခင်းတည်း။

[အဋ္ဌကထာအနက်။]

နောက်ပါဠိတို့၌ ဒသာသဒ္ဒါ,ပုပ္ပသဒ္ဒါတို့လည်း လောမနှင့် အနက်တူ၊ ကေစိဆိုသည်ကား- သာရသမာသကျမ်းဆရာ, ဥတ္တရဝိဟာရ၀ါသီဆရာတို့ကိုဆိုသည်။

ကေစိတိ သာရသမာသာစရိယာ ဥတ္တရဝိဟာရ၀ါသိနောစ။

[သီလက္ခန်,အဂ်ုတ္တိ၏ဋီကာ။]

ကေစိဆိုသော်လည်း အမည်မျှသာကွဲလွဲကြသည်၊ အနက်အားဖြင့် ထိုအခင်း ၂-ခုမှတပါးမဟုတ်ပြီ။

နာမမတ္တမေ၀ ဝိသေသော။

[သီလက္ခန်ဋီကာသစ်။]

ယခုကာလ၌ကား- အမွေးတဘက်ရှိသော ကော်ဇောမျိုးကိုသာ မြင်ဘူးရသည်၊ အမွေး ၂-ဘက်ရှိသော ကော်ဇောမျိုးကိုမမြင်ဘူးပေ၊ ခြိုရုံသောအထည်မျိုး၌သာ အမွေး ၂-ဘက်တက်ကိုမြင်ဘူးရသည်။

ဥဒ္ဒလောမိပုဒ်၌-

ဥဒိတံ ဒ္ဒိသု လောမံ ဒသာ ယဿ သာ ဥဒ္ဒလောမိ၊ ဣ:ယတ္ထံ ဒ္ဒိတ္တဥ္စ။

[အဘိဓာန်ဋီကာ။]

ဒ္ဒိဒသေကဒသာနျုဒ္ဒ၊လောမိ ကေန္ဓလောမိနော။

ဟူသော အဘိဓာန်အလိုဏ္ဏိကာရန္ဓပုလ္လိင်, ကျမ်းဂန်တို့အလို ဏ္ဏိကာရန္ဓဣတ္ထိလိင်။ ။ဥဒ္ဒလောမိ, ကေန္ဓလောမိ ၂- ပါးပြီး၏။

ကဋ္ဌိဿ,ကောသေယ္ယ

၁၁-၁၂။ ကဋ္ဌိဿ, ကောသေယ္ယ ၂-ပါး၌-

၁။ ကဋ္ဌိဿ နှင့် ရတနပရိသိဒ္ဓိတံ ကောသေယ္ယကဋ္ဌိဿမယံ ပစ္စတ္ထ-ရဏံ။ ကောသေယ္ယနှင့် ရတနပရိသိဒ္ဓိတံကောသေယ္ယ သုတ္တ-မယံ ပစ္စတ္ထရဏံ။''စမ္မဂ္ဂန္ဓက, ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာ''။

၂။ ကောသေယ္ယနှင့် ရတနပရိသိဒ္ဓိတမေ၀ ကောသေယ္ယ သုတ္တ-မယံပစ္စတ္ထရဏံ။''သီလက္ခန်, အဂ်ုတ္တိ၏အဋ္ဌကထာ''။

၃။ ကောသေယျ ကဋ္ဌိသမယန္တိ ကောသေယျ ကသဋမယံ။ "သီလက္ခန္ဓိကာ၊ ကိုး, သာရတ္ထ"။

၄။ ကောသေယျ ကဋ္ဌိသမယန္တိ ကောသေယျသုတ္တာနံ အန္တရာ သုဝဏ္ဏ မယသုတ္တာနိ ပဝေသေတွာ ဝိတံ။ သုဝဏ္ဏသုတ္တံ ဟိ ကဋ္ဌိသံ ကသဋန္တိစ ဝုစ္စတိ။ တေနေဝ ကောသေယျကဋ္ဌိသ-မယန္တိ ကောသေယျ ကသဋမယန္တိ အာစရိယ ဓမ္မပါလတ္ထေ-ရေန ဝုတ္တန္တိ ဝဒန္တိ။ "ဝိမတိ, သီလက္ခန္ဓိကာသစ်"။

၅။ ကဋ္ဌိသန္တိ ရတနပရိသိဒ္ဓိတံ ကောသေယျ ကသဋမယပစ္စတ္ထ-ရဏံ။ ကောသေယျ ကဋ္ဌိသမယန္တိ ကောသေယျ ကသဋမ-ယန္တိ အာစရိယ ဓမ္မပါလတ္ထေရေန ဝုတ္တံ။ ကန္တိတကောသေ-ယျပုဏ္ဏဝိတန္တိ အတ္ထော။ "ဝိနိစ္ဆယဋ္ဌကာ"။
[ခုဒ္ဒသိက္ခာဋ္ဌကာ၂-စောင်းကား-စမ္ဘာန်ကအဋ္ဌကထာပေ တိုင်း။]

ကဋ္ဌိသန္တိ၊ ကဋ္ဌိသံ-ဟူသည်ကား။ ရတနပရိသိဒ္ဓိတံ၊ ရွှေချည်, ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှစ်ဝပ် ချုပ်ချယ်အပ်သော။ ဝ၊ ရွှေပြား, ငွေပြား စီထားချကပ် လိမ်းကျံအပ်သော။ ကောသေယျ-ကဋ္ဌိသမယံ၊ ပိုးချည်အကြမ်းဖြင့်ပြီးသော။ ဝ၊ ပိုးချည်အတွင်း ရွှေချည် သွင်းမ္ပ ယက်ခြင်းအမှုဖြင့်ပြီးသော။ ဝ၊ ပိုးချည်, ကဋ္ဌိသခေါ် လျှော်-ချည်၂-မျိုးဖြင့်ပြီးသော။ ပစ္စတ္ထရဏံ၊ အပေါ်လွှမ်းအာင်းတည်း။

ရတနပရိသိဒ္ဓိတံဌ-

၁။ ပဌမအနက်ကား ရတနပရိသိဒ္ဓိတန္တိ ရတနေဟိ သံသိဒ္ဓိတံ. ဟူသော သီလက္ခန္ဓိကာသစ်အလို။

၂။ ဒုတိယအနက်ကား-ရတနပရိသိဒ္ဓိတန္တိ သုဝဏ္ဏလိတ္တံ၊ဟူသော ဝိမတိအလို။

ရွှေလိမ်းကျံမှုမည်သည် အာဘင်း အရုံမျိုးနှင့် လျှော်ခွင့် မရှိရကား ဝိမတိကို ကေစိဆိုလေ၏။

သုဝဏ္ဏလိတ္တာန္တိကေစိ။ "သီလက္ခန္ဓိကာသစ်။"

ကောသေယျကဋ္ဌိသမယံ၏ ၃-နက်တွင်---

၁။ ပဌမအနက်ကား-ကောသေယျကသဋ္ဌမယံ-ဟူသောအဘွင့်ကို မြော်သည်၊ ဥစ္ဆုရသော၊ ကြိုရည်။ဥစ္ဆုကသဋ္ဌော၊ကြိုဘတ်ဟူသကဲ့သို့ တည်း၊ အညွှန့်သားကိုထုတ်ပြီးနောက် အကြမ်းကိုကသဋ္ဌဆိုသည်၊ ပိုးချည်အကြမ်းအချော ၂-မျိုးတွင် အကြမ်းဖြင့်ပြီးသော အခင်းဆိုလို သည်။

၂။ ဒုတိယအနက်ကား-ကောသေယျသုတ္တာနံ အန္တရာ သုဝဏ္ဏမယ သုတ္တာနိ ပဝေသတွာ ဝိတံ၊သုဝဏ္ဏသုတ္တံ ဟိ ကဋ္ဌိသံကသဋ္ဌန္တိစ ဝုစ္စတိ-ဟူသော ဝိမတိ,သီလကွန်ဋိကာသစ်တို့အလို။ကဋ္ဌိသသည် ရွှေချည်မှန် ခဲ့အုံ့။ထိုချည်ဖြင့်ပင်လျှင် အကပ္ပိယကိစ္စ ပြီးစီးလေရကား- အကပ္ပိယ အကျိုးဂ္ဂါ ရတနပရိသိဗ္ဗိတံ-ဟူသောပုဒ်ကို အဋ္ဌကထာဆိုခွင့်မရှိ၊ ရွှေ ချည်ကို ကဋ္ဌိသခေါ်သည်၊ကသဋ္ဌခေါ်သည် ဟူ၍လည်း ကျမ်းဂန်မရှိ၊ ဆင်ခြင်ရန်။

၃။ တတိယအနက်ကား-ကောသိယသုတ္တာ ကဋ္ဌိသဝါကေဟိ ပက တံ အတ္ထရဏံ ကဋ္ဌိသံနာမ-ဟူသော အဘိဓာန်ဋီကာအလို။ ထိုကို သီလကွန်ဋီကာသစ်၌ ကေစိ-ဟူ၏။

ကောသေယျန္တိ၊ ကောသေယံ-ဟူသည်ကား။ ရတနပရိသိဗ္ဗိတံ၊ ရွှေချည်, ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှံ့စပ်ချုပ်ချယ်အပ် သော။ ကောသေယျသုတ္တာမယံ၊ပိုးချည်ဖြင့်ပြီးသော။ ပစ္စတ္ထရဏံ၊အပေါ် လွှမ်းအခင်းတည်း။

[အဋ္ဌကထာအနက်။]

ပိုးချောကို ယက်သောပုဆိုး,အင်္ကျီ,ထမီ, တဘက်စသော ပိုးထည် တို့ကို ပြုလုပ်သော အခင်းမျိုးတို့ကိုလည်းယူလေ၊ ဤအခင်း ၂-မျိုးဌ ရတနပရိသိဗ္ဗိတံ-ဟူသောပါဌ်ဖြင့် ရွှေချည်ငွေချည်နှင့်ရောရ၍ ယက် အပ်သော ပိုးကြမ်း, ပိုးချော အထည်များကိုလည်း သဗ္ဗိဟ၊ ပိုးချည်ဖြင့် ပြီးသော ဖဲကတ္တီပါတို့ကို ကဋ္ဌိသ ဆိုသည်ဟူကြကုန်၏။

ကဋ္ဌိသ-ပုဒ်ပြီးကိုအဘိဓာန်ဋီကာ၌မဆို၊ ကျမ်းဂန်တို့မှာ အချို့စာ ၌ မုဒ္ဓဇ ၄-တလုံးနှင့်ရှိ၏၊ အဘိဓာန်၌ကား-အရိယာသာမည ဂါထာ

ပဌမ,တတိယ ၂-ပါဒတွင် ဒွေဘော်သင့်ချည်း မြင်သောကြောင့် မုဒ္ဓဇ ၄-ဒွေဘော်နှင့်သာရှိရမည်။ ။ကဋ္ဌိသ, ဂကာသေယျ ၂-ပါးပြီး၏။

ကုဇ္ဇာ

၁၃။ ကုတ္တကဋ္ဌ—

ကုတ္တကဋ္ဌိ သောဠသန္နံ နာဠုကိတ္ထိနံ ဌတ္ဝာ နစ္စယောဂ္ဂံ ဥဏ္ဏာမယတ္ထရဏံ။

[စမ္မကဒ္ဒနက, သိလဂ္ဂန်, အဂ်ုတ္တိ၂ရ, ဝိနည်းသင်္ဂြိဟ် အဋ္ဌကထာ, ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာ။]

ကုတ္တကဋ္ဌိ၊ ကုတ္တက-ဟူသည်ကား။ သောဠသန္နံ၊ တကျိပ်ခြောက်ယောက်ကုန်သော။ နာဠုကိတ္ထိနံ၊ ကချေသည်မတို့၏။ ဌတ္ဝာ၊ ရပ်၍။ နစ္စယောဂ္ဂံ၊ က-စလောက်သော။ ဥဏ္ဏာမယတ္ထရဏံ၊ သိုးမွေးဖြင့်ပြီးသောအခင်းတည်း။

[အဋ္ဌကထာဋီကာအနက်။]

အဘိဓာန်၌ ဥဒ္ဒလောမီ, ကေန္ဒလောမီ အခင်း ၂-ပါးသည်ပင်လျှင် ကချေသည်တကျိပ်ခြောက်ယောက် က-စလောက်အောင်ကျယ်ခဲ့မှု-ကုတ္တကဟူ၏။

တဒေဝ သောဠသိတ္ထိနံ၊ နစ္စယောဂ္ဂံ ဟိ ကုတ္တကံ။

[အဘိဓာန်။]

တဒေဝ၊ ထိုဥဒ္ဒလောမီ,ကေန္ဒလောမီ အခင်း ၂-ပါးသည်ပင်လျှင်ပေး၊ သီလဂ္ဂန်ဋီကာသစ်မှာလည်း-တံပန ဥဒ္ဒလောမီ ကေန္ဒလောမီ ဝိသေသမေဝ-ဟုဆိုပြီး အဘိဓာန် ဂါထာကိုဆောင်၏။

ကုတ္တကပုဒ်ကို—

ကရောန္တိ ဇဏ္ဍနစ္စန္တိ ကုတ္တကံ၊ ကရ-ကရဏော၊ ဟော၊ ဘာဝေ၊ သကတ္ထေ ကော၊ ဘုဇာဒိ၊

[အဘိဓာန်ဋီကာ။]

ဤအလို ဒန္ဓဇ ဂ-ဒွေဘော်နှင့်လို၏၊ ကျမ်းဂန်တို့၌ မုဒ္ဓဇ ၄-ဒွေဘော်မျှား၏။ ။ကုတ္တကပြီး၏။

ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ

၁၄-၁၅-၁၆။ ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ ၃-ပါး၌-

၁။ ဟတ္ထတ္ထရ အဿတ္ထရတို ဟတ္ထိအဿဝိဒ္ဓသု အတ္ထရဏာ-ဝေ။ရထတ္ထရေပိ သေဝနယော။"စမ္မကွန္ဓက,သီလကွန်, ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာ"။

၂။ အဂ်ိတ္ထိ,ရိအဋ္ဌကထာ၌ကား-ဟတ္ထတ္ထရာဒယော ဟတ္ထိ-ပိဋ္ဌာဒီသု အတ္ထရဏာဝေ၊ဟတ္ထိရူပါဒိနိ ဒသေတ္ထာ ကတ အတ္ထရဏာစ-ဟူ၏။

၃။ ဟတ္ထိပိဋ္ဌေ အတ္ထရဏံ ဟတ္ထတ္ထရံနာမ။အဿတ္ထရရထတ္ထ ရေသုပိ သေဝနယော။ "ဝိနိစ္ဆယဋီကာ"။

၄။ ဟတ္ထိအဿရထတ္ထရာ တေသံ ဥပရိ အတ္ထရဏကအတ္ထ ရာဝ။"ခုဒ္ဒသိက္ခာဋီကာဟောင်း"။

၅။ ဟတ္ထိနော စ အဿာ စ ရထာ စာတိ ဒ္ဝန္ဒော။ တေသံ ပိဋ္ဌိသု အတ္ထရာတိ တပ္ပုရိသော။ "ဋီကာသစ်"။

ဟတ္ထတ္ထရာဒယော၊ ဟတ္ထတ္ထရ-စသည်တို့မည်သည်ကား။ ဟတ္ထိ-ပိဋ္ဌာဒီသု၊ ဆင်ကျောက်ကုန်းစသည်တို့၌။ အတ္ထရဏာဝေ၊ ခင်းအပ်သောအခင်းတို့ပင်တည်း။ ဟတ္ထိရူပါဒိနိ၊ ဆင်ရုပ်စသည်တို့ကို။ ဒသေတ္ထာ၊ ပြ၍။ ကတအတ္ထရဏာစ၊ ပြုအပ်သော အခင်းတို့သည်လည်း။ ဟတ္ထတ္ထရာဒယော၊ ဟတ္ထတ္ထရစသည်မည်ကုန်၏။

[အဂ်ိတ္ထိ,ရိအဋ္ဌကထာအနက်၊ အကြင်းပါဌ်စုံးအနက်လွယ်ပြီ။]

ထို ၃-ပါးတို့တွင် ဟတ္ထတ္ထရ အခင်းကိုမဟာပိဋ္ဌိယကော်ဇော-ဟူ၍လည်းလာ၏။

မဟာပိဋ္ဌိယကောဇဝန္တိ ဥဏ္ဏာမယော ပါဝါရသဒိသော ကောဇဝေါ။

[စီဝရဋ္ဌကအဋ္ဌကထာ။]

မဟာပိဋ္ဌိယကောဇဝန္တိ ဟတ္ထိပိဋ္ဌိသု အတ္ထရိတဗ္ဗကာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသမည်ံ စတုရဂ်ုလပုပ်ံ ကောဇဝံ။

[သာရတ္ထ, ဝိမတိ။]

တနည်း–

ဟတ္ထတ္ထရ၊ ဆင်ကုန်းနှီး။ အဿတ္ထရ၊ မြင်းကုန်းနှီး။ ရထတ္ထရ၊ ရထားအခင်း-ဟူ၍ ဓမ္မသေနာပတိမောင်းထောင်ဆရာတော်, အုဋ္ဌ ကျောင်းဆရာတော်တို့ ဆိုသောအနက်အတိုင်း ဆင်ကျောက်ကုန်း, မြင်းကျောက်ကုန်း, ရထားခွင်တို့နှင့်တိုင်း၍ ချုပ်လုပ်အပ်သော လဲ သွတ်သော ဆင်ကုန်းနှီး, မြင်းကုန်းနှီး, ရထားပေါ်၌ ခင်းသော လက် ၃-သစ်, ၄-သစ် ထူသော ရထားအခင်းတို့ကို ဟတ္ထတ္ထရစ သည်ယူ။

မဟာပိဋ္ဌယမှာ ဆင်ကျောက်ကုန်း၌ ခင်းလောက်သော ဂေါနက ကော်ဇောစသည်ကိုယူ၊ မဟန္တံ ပိဋ္ဌံ အဿာတိ မဟာပိဋ္ဌယံ-ပြု၍ ညောင်စောင်းပမာဏထက် ကျယ်ဝန်းသောအပြင်ရှိသော ကော်ဇောကြီး မျိုး-ဟူ၍လည်းဆိုသင့်၏။ ။ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ ၃-ပါးပြီး၏။

အဇိနပဝေဏီ

၁၇။ အဇိနပဝေဏီ၌–

၁။ အဇိနပဝေဏီတိ အဇိနစမ္မေဟိ မဉ္ဇပ္ပမာဏေန သိဗ္ဗိတ္ဝာ ကတပဝေဏီ။ "အဌကထာ ၄-ကျမ်း"။

၂။ အဇိနစမ္မေဟိတိ အဇိနဓိဂစမ္မေဟိ ဟာနိ ကိရ စမ္မာနိ သုခုမတရာနိ။ တသ္မာဒုပဋ္ဌ တိပဋ္ဌာနိ ကတ္ဝာ သိဗ္ဗန္တိ။ တေန ဝုတ္တံ အဇိနပဝေဏီတိ။ "သာရတ္ထ သီလဂ္ဂန်, အဂ်ုတ္ဘြ၂ရ်ုကာ"။

၃။ ဥပရိ ဥပရိ ထပေတ္ဝာ သိဗ္ဗနဝသေန ဟိ သန္ဓိတိဂ္ဂတာ ပဝေဏီတိ ဝုစ္စတိ။ "သီလဂ္ဂန်ုကာသစ်"။

၄။ အဇိနမိဂစမ္မာနံ အတိသုခုမတ္ဝာ ဒုပဋ္ဌ တိပဋ္ဌာနိ ကတ္ဝာ သိဗ္ဗန္တိတိ ဝုတ္တံ အဇိနပဝေဏီတိ။ "ဝိမတိ"။

၅။ အဇိနပဝေဏီနာမ အဇိန စမ္မေဟိ မဉ္ဇပ္ပမာဏေန သိဗ္ဗိတ္ဝာ ကတာ ပဝေဏီ။ တာနိ ကိရ စမ္မာနိ သုခုမတရာနိ။ တသ္မာ ဒုပဋ္ဌ တိပဋ္ဌာနိ ကတ္ဝာ သိဗ္ဗန္တိ။ တေန ဝုတ္တံ အဇိန-ပဝေဏီတိ။ "ဝိနိ ဆ္ဆယ်ုကာ"။

အဇိနပဝေဏီတိ၊ အဇိနပဝေဏီ-ဟူသည်ကား။ အဇိနစမ္မေဟိ၊ သစ်နက်ရေတို့ဖြင့်။ မဇ္ဈပ္ပမာဏေန၊ ညောင်စောင်းပမာဏ အားဖြင့်။ သိဗ္ဗိတ္ဝာ၊ ချုပ်၍။ ကတပဝေဏီ၊ ပြုအပ်သော အခင်းအဘွဲ့တည်း။ဝါ၊ အခင်းအလျှဉ်တည်း။

[အဌကထာအနက်။]

အဇိနစမ္မေဟိတိ၊ အဇိနစမ္မေဟိ-ဟူသည်ကား။ အဇိနမိဂစမ္မေဟိ၊ အဇိနမည်သော သားရ၏အရေတို့ဖြင့်။ ကိရ၊ ကြားဘူးသည်ကား။ တာနိစမ္မာနိ၊ ထိုအရေတို့သည်။ သုခုမတရာနိ၊ အလွန်နူးညံ့ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ဒုပဋ္ဋ တိပဋ္ဋာနိ၊ ၂-ထပ် ၃-ထပ်တို့ကို။ ကတ္ဝာ၊ ပြု၍။ သိဗ္ဗန္တိ၊ ချုပ်ကြကုန်သတတ်။ တေန၊ ထို့ကြောင့်။ အဇိနပဝေ-ဏီတိ၊ အဇိနပဝေဏီ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

၂-ထပ် ၃-ထပ်ဘွဲ့မှရှိသောကြောင့် ပဝေဏီခေါ်သည်-ဟူလို။

[သာရတ္ထအနက်။]

ဟိသစ္ဆံ၊ မှန်၏။ ဥပရူပရိ၊ အဆင့်ဆင့်။ ထပေတ္ဝာ၊ ထား၍။သိဗ္ဗန-ဝသေန၊ ချုပ်ခြင်း၏အစွမ်းဖြင့်။ သန္ဓာတိဘူတာ၊ အစဉ်ဖြစ်သည်ဖြစ်၍။ ပဝေဏီတိ၊ ပဝေဏီ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဋီကာသစ်အနက်။]

အဇိနပဝေဏီကဒလိ၊ မိဂပ္ပဝရအတ္ထရာ။

[ခဒ္ဒသိက္ခာ။]

ဤ၌- အဇိနပဝေဏီ စ ကဒလိဒိဂပဝရအတ္ထရဉ္စ-ဟုဒွန်ပြု၊ ဗဟုဝုစ်ချ။

ဋီကာဟောင်း၌ကား-

ထို ၂-ပုဒ်ကို အတ္ထရ-ပုဒ်နှင့် တတိယာတပ္ပုရိသ်လုပ်၏၊ ယင်းကို ဋီကာသစ်ပယ်လေပြီ၊ရင်းဋီကာသစ်အလိုကား-ဒွန်ပုဒ်မဟုတ်၊အဇိန-ပဝေဏီတပုဒ်,ကဒလိမိဂပဝရအတ္ထရတပုဒ် ဧကဝုစ်နှင့်ရှိလို၏။ ။အဇိ-နပဝေဏီပြီး၏။

ကဒလိမိဂပဝရပစ္ဆရဏ

၁၀။ ကဒလိမိဂပဝရပစ္ဆတ္ထရဏာဒ်—

ကဒလိမိဂပဝရပစ္ဆတ္ထရဏာနှိ ကဒလိမိဂစမ္မံနာမအတ္ထိ၊ဟေ နု ကတံ ပဝရပစ္ဆတ္ထရဏံ၊ဥတ္တမ ပစ္ဆတ္ထရဏန္တိ အတ္ထော။ တံ ကိရ သေတဝတ္ထသ ဥပရိ ကဒလိမိဂစမ္မံ ပတ္ထရိတ္ဝာ သိဗ္ဗိတ္ဝာ ကရောန္တိ။

''စမ္ပ ပ္ပန္ဓက, သီလဝ္ဘန်,အဂ်ုတ္တိ၊ရ်, ဝိနည်းသ ဣပ်ာ အဒ္ဓကထာ''။

[ကြွင်းသောဒီကာမျှားကို အထူးမရှိလှပြီ။]

ကဒလိမိဂပဝရပစ္ဆတ္ထရဏာနှိ၊ ကဒလိမိဂပဝရပစ္ဆတ္ထရဏာ ဟူသည်ကား။ ကဒလိမိဂစမ္မံနာမ၊ ဝံပိုင့်မည်သော သားဏ် အရေမည်သည်။ အတ္ထိ၊ ၏။ တေန၊ ထိုပံပိုင့်ရေဖြင့်။ ကတံ၊ ပြုအပ်သော။ ပဝရပစ္ဆတ္ထရဏံ၊ မြတ်သောအခင်းတည်း။ ဥတ္တမပစ္ဆတ္ထရဏံ၊ မြတ်သောအခင်းတည်း။ ဤတို၊ ဤကား။ အတ္ထော၊ အနက်တည်း။ ကိရ၊ ကြားဘူးသည်ကား။ ဟံ၊ ထိုအခင်းကို။ သေတဝတ္ထသ၊ အဝတ်ဖြူ၏။ ဥပရိ၊အထက်၌။ ကဒလိမိဂစမ္မံ၊ ဝံပိုင့်မည်သော သားဏ်အရေကို။ ပတ္ထရိတ္ဝာ၊ ခင်း၍။ သိဗ္ဗိတ္ဝာ၊ ချုပ်၍။ ကရောန္တိ၊ ပြုကြကုန်သတတ်။

[အဒ္ဓကထာဒီးနက်။]

ကဒလိမ်ဂေါ်တိ မဉ္ဇာရုကာဂရ ဝ်ဂေါ်။ ဟသ စမ္ပေန ကတံ ပဝရပစ္ဆတ္ထရဏံ။ပ။တသ္မာ သုဒ္ဓမေဝ ကဒလိမ်ိဂစမ္ပံ ဝဋ္ဋတိတိ ဝဒန္တိ။

[သီ၊ကျွန်ဒီကာသစ်။]

မဉ္ဇာရုဟာရ ဝ်ဂေါ်။ ဟိမ်ကြော်ဝင်ခွင့် တူသော သဏ္ဌာန်ရှိသော သားတည်း။ပေး။

ဝံပိုင့်ရေသည် အကပ်ယမပ္ပြစ်လေရကား-သုဒ္ဓမေဝကဒလိမ်ိဂစမ္ပံ ဝဋ္ဋတိ-ဟူသည်ကိုဆင်ပြီ။ ။ကဒလိမ်ိဂပဝရပစ္ဆတ္ထရဏာပြီး၏။

သဉ္ဇာရဆ

၁၉။ သဉ္ဇာရဆ္ဆဒ်—

၁။ သဉ္ဇာရဆ္ဆဒ်နှိ သဟ ဥ္ဇာရဆ္ဆဒေန၊ဥပရိ၊ပဒ္ဓေန ရတ္တာ၊ဝိတာ နေန သဒ္ဒိနှိ အတ္ထော။''စမ္ပကွန်ဓက, သီလဝ္ဘန်, အဂ်ုတ္တိ၊ရ်, ဝိနည်း သ ဣပ်ာအဒ္ဓကထာ''

၂။ ဥတ္တရံ ဥပရိဘာဝံ ဆာဒေတိတိ ဥတ္တရစ္ဆဒေါ။ "သာရတ္ထ, သီလက္ခန်, အဂ်ိတ္ဌိ၊ရ်, ဝိနယာလက်ာရ ဒ့ိုကာ"။
သဟဥတ္တရစ္ဆဒေနာတိ သဥတ္တရစ္ဆဒံ-ပြ။

ယံအာသနံ၊ အကြင်နေရာသည်။ ဥတ္တရစ္ဆဒေန၊ အထက်ဖျံမိုးအပ်သော ဗိတာန်နိ မျက်နှာကြက်နိနှင့်။ သဟ၊ တက္ခ။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့သောအကြောင်းကြောင့်။ တံအာသနံ၊ ထိုနေရာသည်။ သဥတ္တရစ္ဆဒံ၊သဥတ္တရစ္ဆဒမည်၏။
[အထက်ဖျံ ဗိတာန်နိကြက်၍ မိုး၍ ထားအပ်သော ညောင်စောင်းအင်းပျဉ်ရ၏။]

ထို့ကြောင့် ဝိနိစ္ဆယဒ့ိုကာ၌-
ဟေဋ္ဌာရတ္တဝိတာနသာတိ ကုသုမ္ဘာဒိရတ္တသ ဝေလာဟိ-တဝိတာနသ ဟေဋ္ဌာ ကပ္ပိယပစ္စတ္ထရဏေဟိ အတ္ထတံ အာသ-နဉ္စ နဝဋ္ဌတိ။
ဟုအာသနသဒ္ဒါနှင့်လာပေ၏၊ အာသနဆိုသည်လည်း ညောင်စောင်းအင်းပျဉ်တည်း။

ထို့ကြောင့် တိကနိပါတ်၌-
တတြသ ပလ္လင်္ကော ဂေါနကတ္ထတော ပဋိကတ္ထတော ပဒ-လိကတ္ထတော ကဒလိမိဂပဝရပစ္စတ္ထရဏတ္ထတော သဥတ္တရစ္ဆ-ဒေါ ဥဘတောလောဟိတကူပဓာနော။
ဟူ၍ဟောဒေတော်မူ၏။

တတြ၊ ထိုပြာသာဒ်၌။ ဂေါနကတ္ထတော၊ ဂေါနကအာဝင်းဖြင့် ခင်းအပ်ထသော။ ပဋိကတ္ထတော၊ ပဋိကာအခင်းဖြင့် ခင်းအပ်ထသော။ ပဒ-လိကတ္ထတော၊ ပဒ-လိကာအခင်းဖြင့် ခင်းအပ်ထသော။ကဒလိမိဂပ-ဝရပစ္စတ္ထရဏတ္ထတော၊ ဝံပိုင့်ရေအုပ်သော မြတ်သောအခင်းဖြင့်လွှမ်းအပ်ထသော။ သဥတ္တရစ္ဆဒေါ၊ အထက်ဖျံ ဖြန့်ကြက်အုပ်မိုးသော ဗိတာန်နိမျက်နှာကြက်နိလည်းရှိထသော။ ဥဘတော လောဟိတကူပ-ဓာနော၊ခြေရင်း ခေါင်းရင်း၂-ဌာန၌ ထားအပ်သော ခြေအုံးနိ,ခေါင်းအုံးနိလည်းရှိထသော။ ပလ္လင်္ကော၊ ပလ္လင်သည်။ အဿ၊ရှိရာ၏။
[ပါဠိတော်အနက်။]

ဤပါဠိတော်၌ သဉ္ဇာရဆဒေါ, ဥဘတော လောဟိတကူပဓာနော-ဟူသော ဩကာရန္တပုလ္လိင် ၂- ပုဒ်၏အရသည် ပလ္လင်္ကော်ပေတည်း၊ တိုဟောကြောင့် ၂- ပုဒ်လုံးကို အညပဒတ္တသမာသ်ဝိဂြိဟ်ဆိုရ၍ ပလ္လင်ကို အည-ပုဒ်အရယူ။

တိုအတူ သဉ္ဇာရဆဒံ, ဥဘတောလောဟိတကူပဓာနံ- ဟူသော ဝိနည်းပုဒ်တို့၌လည်း ညောင်စောင်းဒဲင်းပျဉ်ကို အညပုဒ်အရယူ၊ နောက် ဥဘတောလောဟိတကူပဓာန- ပုဒ်အဘွင့်၌လည်း မဠ္ဌသ-ဟူ၍ဘွင့်ဆိုလတ္တံ့။

ခုဒ္ဒသိက္ခာနုကာသစ်ကြား—

သလောဟိတ ဝိတာနန္တိတော် ဥဘတောရတ္တူပဓာနကန္တိ ဣမသ ဝိသေသနံ။

ဟုဆို၏။

ဤအလို-ရှေးပုဒ်ကို သဟ ဥတ္တရဆဒေနာတိ သဉ္ဇာရဆဒံ-ပြု၍ အုံးနှိ ၂-ခုကို အညပုဒ် အရယူလို၏၊ ဥဘတောလောဟိတကူပဓာန-ပုဒ်ကိုလည်း ဥတ္တရပဒတ္တသမာသ်ပြုလို၏၊ အထက်၌ ကြက်မိုးသော ဖိတာန်နှိ ရှိသောအုံးနှိ ၂-ခုမိုလို၏၊ အောက်ကပြခဲ့ပြီးသော ပါဠိတော်စသည်မှ,မကိုး,အဋ္ဌကထာ,လည်း ဖိတာန်နှိကိုအကပ်ပြုယ အခင်းနှင့် ဘက်တွဲ၍သာဖြစ်၏၊ အုံးနှိနှင့် ဘက်တွဲ၍ မစိုစ်၊ ဖိတာန်နှိသာရှိ၍ အုံးနှိ ၂-ခုမရှိ,သော် ဘယ်သို့၊ အုံးနှိ ၂-ခုသာရှိ၍ ဖိတာန်နှိမရှိခဲ့သော် ဘယ်သို့-ဟုအဓိပ္ပာယ်မရှိ၊ ကိုယ်ကြောင့် ထိုပုံကာကိုဆင်ခြင်။ ။ သဉ္ဇာရဆဒပြီး၏။

ဥဘတောလောဟိတကူပဓာန

၂၀။ ဥဘတောလောဟိတ ကူပဓာနဿ—

ဥဘတောလောဟိတကူပဓာနန္တိ သီသုပဓာနဉ္စ ပါဒုပဓာနဉ္စာတိ မဠ္ဌသ ဥဘတော လောဟိတကံ ဥပဓာနံ။

[စမ္ပကဒန္ဓက,သီလက္ခန်,အဂ္ဂိဘုရား,ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာ။]

ဒုကာတို့၌လည်း ဤနည်းတူပင် ဘွင့်ကြကုန်၏။

ဥဘတောလောဟိတကူပဓာနန္တိ၊ ဥဘဘောလောဟိတကူပဓာနံ-ဟူသည်ကား။သီသုပဓာနဥ္စ၊ခေါင်းအုံး၎င်း။ပါဒုပဓာနဥ္စ၊ ခြေအုံး၎င်း။ ဣတိ၊ ဤသို့။ မဥ္ဇယ၊ ညောင်စောင်း၏။ ဥဘတော၊ ခေါင်းရင်း,ခြေရင်း ၂-ဌာနဟု။ လောဟိတကံ၊ နီသော။ ဥပဓာနံ၊ အုံးတည်း။

[အဋ္ဌကထာအနက်။]

သရုပ်မျှကိုသာ ထုတ်ပြတော်မူသည်၊ ဝိဂြိုဟ်မှာမူကား—

ဥဘောသု ဌာနေသု ထပိတာနိ လောဟိတာနိ ဒွေ ဥပဓာနာနိ တေဿာတိ-ဟုပြုလေ၊ဆရာတော် ဦးဗုဒ္ဓလည်း ဗဟုဗ္ဗီဟိ အနက်ဆိုပေ၏။ ။ဥဘတော၊လောဟိဘကူပဓာနပြီး၏။

သရုပ်အားဖြင့်ခြားနား၍ပြခြင်းပြီး၏။

၅-ဋီကာတိုဋ္ဌိစိစစ်ချက်

ယခုအခါဋီကာတိုဋ္ဌ စိစစ်ဘွယ်ကို အတန်းယ်ပြဆိုဦးအုံ့။

ဒီဃနိကာယအဋ္ဌကထာယံ ပန ထပေတ္စာ ဝူလိကံ သဗ္ဗာ-နေဝ၊ဂေါနကာဒိနိ ရတနပရိသိဗ္ဗိတာနိ ဝဋ္ဋနိတိ ဝုတ္တံ။

[သီလက္ခန်အဋ္ဌကထာ။]

ဒီဃနိကာယအဋ္ဌကထာယံ ပန၊ ဒီဃနိကာယ်မဟာ အဋ္ဌကထာ ရင်းခ်ာကား။ ပေး။

ဤဝါကျမှာ အချို့စာဌ နဝဋ္ဋနိ-ရှိ၏၊ အချို့စာဌ ဝဋ္ဋနိ-ရှိ၏။ ဋီကာတို့ ဘွင့်ချက်အလို နမရှိသောဝဋ္ဋနိသာရှိလို၏၊ ပဋိက္ခိတ္တပါဠိတော်ကြီးကို ဘွင့်သော မဟာအဋ္ဌကထာဆရာသည် ရတနာချုပ်လျက်ပင် အပ်၏ဟုမဆိုတန်ရာ၊ ထို့ကြောင့်—

ကဠိသာ ကောသေယျာ ရတနပရိသိဗ္ဗိတာနိ နဝဋ္ဋနိ၊ သုဒ္ဓါနိ ဝဋ္ဋနိ။

ဟူသောခုဒ္ဒသိက္ခာ ဋီကာဟောင်းမှာ ရှိသောပါဌ်ကဲ့သို့—

သဗ္ဗာနေဝ ဂေါနကာဒိနိ ရတနပရိသိဗ္ဗိတာနိ နဝဋ္ဋနိ၊ သုဒ္ဓါနိ ဝဋ္ဋနိ။

ဟုရှိရင်းဖြစ်ရာသည်။

ဋီကာကြီးဌီကား—

ထေပတ္တာတူလိကဿ ဘေန ရတနပရိသိဗ္ဗနရဟိတာပိ တူလိကာ နာဌတိတိ ဒီပေတိ။ ရတနပရိသိဗ္ဗိတာနိတိဣမိနာ ယာနိရတနပရိသိဗ္ဗိတာနိ၊တာနိ ဘူမဋ္ဌရဏာဝသေန ယထာ-နုရူပံ မဗ္ဗပိဌာဒီသုစ ဥပနေတုံ ဝဋ္ဋန္တိတိ ဒီပိတံ ဟောတိ။

ဟုပါ၎ငြားရှိ၏၊ ဋီကာအရပ်ရပ်တို့ဌလည်း ဤပါဌ်အတိုင်းရှိကြ၏။

ဤပါဌ်အလိုသော်ရတနာ ခြယ်လယ်လျက်ပင် ညောင်စောင်းအင်းပျဉ်ဌ ခင်းရ၏-ဆိုလိုသည်၊ ထိုသို့ဖြစ်ခဲ့မူ ဤဂေါနက စသည်တို့ကို အကပ္ပိယမဟာသယနဌ်ဟောတော်မူခြင်းသည် မသင့်သောဟောခြင်း, ချက်ယွင်းသောဟောခြင်းသာ ဖြစ်ခဲ့ရာ၏၊ ပါဠိတော်ကို ထိုသို့ဆိုခြင်းငှါလည်းမသင့်၊ အကပ္ပိယအချက်သည် ဧကန္တရှိသင့်၏၊ အဘွင့်ဆရာတို့လည်းဧကန္တပြုဆိုသင့်၏။

ထို့ကြောင့်—

ရတနပရိသိဗ္ဗိတာနိဝိတိဣမိနာ ယာနိရတနပရိသိဗ္ဗိတာနိ၊ တာနိ ဘူမဋ္ဌရဏာ ဝသေန။ ယာနိ ရတနပရိသိဗ္ဗနရဟိတာ-နိ၊တာနိ ယထာနုရူပံ မဗ္ဗပိဌာဒီသု စ ဥပနေတုံ ဝဋ္ဋန္တိတိ ဒီပိ-တံ ဟောတိ။

ဟူ၍သာလျှင် မူရင်းပါဌ်မှန်ဖြစ်ပေရာသည်၊ ယာနိ-ဟု ချီသည်ကို မြင်၍လည်း ၂-ဝါကျဝေဘန်လိုမူ ထင်ရှားပါ၏၊ အဌကထာဌ်ပါသဒ္ဒါ ရှိရင်းဝိုလည်း သိသာ၏၊ ယာနိတာနိ-ဟုသုတိတူသဒ္ဒါချင်းကွေးယှက်သောကြောင့် ဝါ ကျတခု ကျပျောက်၍နေသည်ဟုသိသင့်၏။

ဝဇိရဗုဒ္ဓိ, သာရတ္ထ, ဝိမတိ, ဝိနိစ္ဆယ, သီလက္ခန်ဒီကာသစ်-စသော ဋီကာအရပ်ရပ်တို့ ဒီယနိကာယ် မဟာအဌကထာ မှာ ဘုဇ္ဇန်ဒေသနာဖြစ်သည်နှင့်အ[illegible] လူတို့ကိုသတ်ပြီးခြင်းငှါ ရတနပရိသိဗ္ဗိတာနိဝဋ္ဋန္တိ-ဆိုသည်ဟုဖြေဆိုကြကုန်၏။

လူဥပုသ်သည်တို့အား ရတနာခြယ်လယ်သောဂေါနကစသည်တို့ကို ညောင်စောင်း အင်းပျဉ်ဌ်ခင်းရ၍ အိပ်ခြင်း ထိုင်ခြင်းငှါအပ်၏၊ ဥစ္စာသယနသိက္ခာပုဒ်မပျက်-ဟူသောအနက်သည် သက်သက်မလျော် လေရကား-ထိုပုဏ္ဏကာတို့စကားကိုလည်းဆင်ခြင်အပ်၏။

ဤသို့လျှင်--

ယာနိ ရတနပရိသိဗ္ဗိတာနိ၊ တာနိဘူမတ္ထရဏာဝသေန ယ-
ထာနုရူပံ မဗ္ဗပိဌာဒိသုစ ဥပနေတုံ ဝဋ္ဋန္တိတိ ဒိပိတံ ဟောတိ။

ဟုရှိသော ဋီကာပါဠိအတိုင်း ယူခဲ့သည်ရှိသော် အလွန် မသင့်
မလျော်သော ဝိရောဓိအပြစ်နှင့် ယှဉ်ခြင်းကြောင့် ထိုပါဠိအတိုင်းကို
မပယူမူ၍-

ယာနိ ရတနပရိသိဗ္ဗိတာနိ၊တာနိ ဘူမတ္ထရဏာဝသေန၊ယာနိ
ရတနပရိသိဗ္ဗနရဟိတာနိ၊ တာနိ ယထာနုရူပံ မဗ္ဗပိဌာဒိသု စ
ဥပနေတုံ ဝဋ္ဋန္တိတိ ဒိပိတံ ဟောတိ။

ဟူသော ပါဠိကိုသာ ယုံကြည်အပ်သတည်း။

ဤပါဠိအတိုင်းပင် ယူသော်လည်း ရတနာချုပ်ခြင်းမှ ကင်းသော
ဂေါနကစသည်တို့ကို ညောင်စောင်း စသည်တို့၌ ဆောင်ခြင်းငါအပ
ကုန်၏-ဟူသောအနက်ကို အရှင်မဟာဗုဒ္ဓယောသ ဆရာမနှစ်သက်
သောကြောင့် ဒီဃနိကာယဋ္ဌကထာယံ ပန ဝုတ္တံ- ဆိုပြီးလျှင်အဆုံး၌
ဝိနည်းပါဠိတော်ရှိတိုင်း မိမိအလိုကိုပြုဆိုတော်မူသတည်း။

[ပညာရှိအများကိုစဉ်းစားကြရန်အချက်။]

ဝိနိစ္ဆယဋီကာ၌-

အာသန္ဒိံ ပနပလ္လင်္ကံ၊ ထပေတ္ဝာ တူလိကံပိစ။
သေသကံ ပန သဗ္ဗမ္ပိ၊လဘတေ ဂိဟိသန္တကေ။
ဓမ္မာသနေ အနာပတ္တိ၊ဘတ္တဂ္ဂေပိ နိသီဒိတုံ။
ဘူမတ္ထရဏကေ တတ္ထ၊ သယိတုံစာပိ ဝဋ္ဋတိ။

ဟူသောဂါထာအဘွင့်၌-

ဓမ္မာသနာဒိပဒေသနိယမေန တတော အညတ္ထ ဂိဟိဟိ
ပညတ္တေပိ တတ္ထ နိသီဒိတုံ ၏ နဝဋ္ဋတိတိ ဗျတိရေကတော ဝိ-
ညာယတိ။

ဟုဆိုရ၏။

၁။ ဓမ္မာသန,
၂။ ဘတ္တဂ္ဂ,
၃။ အန္ဓရယ,

ဤ၃-ဌာနကိုသာ ပြဆိုသောကြောင့် ဤ၃-ဌာနမှတပါး တိုးခြားသောဌာနခို လူတို့ဥစ္စာကို လူတို့အလိုအလျောက် ခင်းရှိပေးသော်လည်း ထိုင်ခြင်းဌါမအပ်ဟု ဗျတိရေကနည်းအားဖြင့် သိအပ်၏-ဟူလိုသည်။

ထိုစကားမသင့် ပါဠိတော်၌ အရပ်ဒေသကိုမှတ်၍ ပညတ်တော်မူသည်မဟုတ်၊ ဂိဟိဝိကဋ္ဌံ ပရိဘုဥ္ဇိတုံ-ဟူ၍ ဂိဟိဝိကဋ္ဌဖြစ်ခဲ့လျှင် သုံးဆောင်စေ-ဟူ၍သာဟောတော်မူသည်၊ အဋ္ဌကထာတို့၌လည်းအကြင်အရပ်ဌာနခို ရဟန်းတို့သည် ဂိဟိဝိကဋ္ဌကို တွေ့ကြုံတတ်ကုန်၏၊ ထိုအရပ်တို့ကို ဥပလက္ခဏနည်းအားဖြင့်မှတ်၍ ပြခြင်းဌါသာလျှင်ဧမ္မာသန, ဘတ္တဂ္ဂ, အန္ဓရဃရ ၃-ဌာနကိုပြကြကုန်သည်၊ ထို၃- ဌာနမှ တပါးသောကျောင်းတွင်း ကျောင်းပ တောအရပ်,တောင်အရပ်,မြောက်အရပ်, ရေအရပ်, လေအရပ်, သဘော်အရပ် စသည်တို့၌ ဂိဟိဝိကဋ္ဌမအပ်၍ ပြကြကုန်သည်မဟုတ်၊ ထို့ကြောင့် လူတို့ဥစ္စာကို လူတို့အလိုအလျောက်ခင်းရှိပေးခဲ့မူ ဘယ်နေရာမှာမဆို ထိုင်ရုံမူကား-ထိုင်ရ၏မှတ်၊ တရပ်။

ဘုမတ္တရဏကေ တတ္ထ၊ သယိတုံစာပိ ဝဋ္ဋတိ။

ဤပါဒ၏အဘွင့်ကား-

ဘုမတ္တရဏကေတိတ္ထ ကတေတိ သေသော။ တတ္ထာတိသံ-ယိကေ၀ါ ဂိဟိသန္တကေ၀ါ ဂေါနကာဒိမှ သဟမ္ဗေကေဟိ အနာဏတ္ထောဟိ ဂိဟိဟိ ဘုမတ္ထရဏေ ကတေ။ သယိတုံစာပိ ဝဋ္ဋတိတိ ဥပရိ အတ္တနော ပစ္စတ္ထရဏံ ကတ္တာ နိပ္ပဇ္ဇိတုံ ဝဋ္ဋတိ။ အပိသဒ္ဒေန နိသီဒိတုံစာပိတိ သမုစ္စိနောတိ။ ဘုမတ္ထရဏေ ကတေတိဣမိနာ ဂိဟိဟိ၀ေ မဗ္ဗပိဌာဒိသု သယနတ္ထံ အတ္ထတေ ဥပရိ အတ္တနော ပစ္စတ္ထရဏံ ဒတ္တာ သယိတုံ၀ါ နိပ္ပဇ္ဇိတုံ၀ါ နဝဋ္ဋတိတိ ဒီပေတိ။

[ဝိနိစ္ဆယဋ္ဌကာ။]

ဤဋီကာ၌-

သဟမ္ဗေကေဟိ အနာဏတ္ထောဟိ ဂိဟိဟိ ဘုမတ္ထရဏေကတေ-ဟူသောစကားသည်မသင့်၊ အနုဇာနာမိ ဘိက္ခ၀ေ အ၀သေသံ ဘုမတ္ထ-

ရဏံကာတုံ-ဟူသောပါဠိတော်သည် ဘုမတ္ထရဏကိစ္စ၌ကား-လူတို့ကို အခင်းစေခိုင်းအပ်ရုံမျှမကသေး၊ သံယိက, ပုဂ္ဂလိကတို့ကို ရဟန်း, သာမဏေတို့ကိုယ်တိုင်ပင် ခင်း၍ အိပ်ခြင်း ထိုင်ခြင်းကို ခွင့်ပြုတော်မူ သော ပါဠိတော်ပေတည်း၊ ထို့ကြောင့် ဘုမတ္ထရဏကိစ္စအရာ၌ ရဟန်းတို့ဥစ္စာ, လူတို့ဥစ္စာမရွေး၊ ရဟန်းတို့ကိုယ်တိုင် ခင်း၍ အိပ်လို အိပ်, ထိုင်လိုထိုင်၊ လူတို့ကို အခင်းစေခိုင်း၍ အိပ်လိုအိပ်,ထိုင်လိုထိုင်၊ အပြစ်မရှိသာမှတ်၊ သံယိကဖြစ်ခဲ့မူ-ပုဂ္ဂလိကအပေါ် လွှမ်းခင်း၍ အိပ် ခြင်း ထိုင်ခြင်းကို ပြုရသည်။ ။တရပ်။

သယိတုံစာပိဝဋ္ဋတိတိ ဥပရိ အတ္ထာနော ပစ္စတ္ထရဏံ ကတ္ဝာ နိပ္ပဇ္ဇိတုံ ဝဋ္ဋတိ။

ဟူသောစကားသည်လည်း သံယိက ဘုမတ္ထရဏာ၌ သင့်၏၊ပုဂ္ဂလိ-က ဂိဟိသန္တကဘုမတ္ထရဏတို့၌ကား-ထိုအပေါ်၌ ပုဂ္ဂလိက အခင်း ခင်းဘွယ်ကိစ္စ မရှိ။

အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတ္ဝာ နိပ္ပဇ္ဇိတုံ။
ဟူသောပါဠိသည် သံယိကအရာ၌ ပညတ်သောပါဠိပေတည်း။

ဤအရာ၌ ခုဒ္ဒသိက္ခာတွင် အုပ်ကျောင်းဆရာတော် ဆုံးဖြတ်ချက် အလွန်ကောင်းလှပေ၏။

သယိတုံစာပိတိ အတ္ထာနော ကပ္ပိယပစ္စတ္ထရဏံ အတ္ထရိတ္ဝာ သယိတုဒ္ဓ နိသီဒိဟုဒ္ဓ။
[ခုဒ္ဒသိက္ခာဋ္ဌိကာသစ်။]

ဤဋ္ဌိကာလည်း သံယိက၌သင့်၏၊ ပုဂ္ဂလိကဂိဟိသန္တကတို့၌ မသင့်။

တနည်း။ ။ပုဂ္ဂလိကပင်ဖြစ်သော်လည်း သံယိကအနေနှင့် သုံး ဆောင်ရသောကြောင့် သံယိကနည်းကို ဘွင့်ဆိုကြသည်-ဟုယူ။

ဋ္ဌိကာတိုဋ္ဌစီစစ်ချက်ပြီး၏။
ပဌမခဏ်းပြီး၏။

(ခ) ဒုတိယခဏ်း

၁-အပ်မှုမအပ်မှုနှင့် ပါဠိတော်များ

ယခုအခါကပ္ပိယ, အကပ္ပိယအစီအရင်ကို ပြဆိုပေအုံ့။

ဤအရာ၌ အကပ္ပိယဆိုသည်ကား–

အလှူခံခြင်းငှါ မအပ်သည်ကိုဆိုသည်လည်း မဟုတ်၊ ကိုင်တွယ်ထိပါးခြင်းငှါ မအပ်သည်ကို ဆိုသည်လည်းမဟုတ်၊ စင်စစ်မူကား- ပုဂ္ဂလိကလှူဒါန်း၍ရသော်လည်း ပုဂ္ဂလိကအနေနှင့် ဆောင်ခြင်းငှါ မအပ်သည်ကိုဂင်း, ခွင့်ပြုတော်မူသော ဂိဟိဝိကဋ္ဌနီဟာရကို လွှတ်၍ ညောင်စောင်း, အင်းဖျဉ်ပေါ်၌ခင်း၍ အိပ်ခြင်း ထိုင်ခြင်းငှါ မအပ်သည်ကိုဂင်း အကပ္ပိယဆိုသတည်း။

၁။ နှ ဘိက္ခဝေ ဥစ္စာသယန မဟာသယနာနိ ဓာရေတဗ္ဗာနိ။ သေယျထိဒံ၊အာသန္ဒိပလ္လင်္ကော။လ။ ဥဘတောလောဟိတကူ-ပဓာနံ၊ ယော ဓာရေယျ။ အာပတ္တိ ဒုက္ကဋဿ။ "မဟာဝါ စမ္မကွန္ဒကာ၊ ဗျေ၍ပ်"။

၂။ တေန ခေါပန သမယေန ရညော ပသေနဒိကောသလဿ အယျိကာ ကာလင်္ဂတာ ဟောတိ။ တဿာ ကာလင်္ဂတာယ သံယသ ဗဟုံ အကပ္ပိယဘဏ္ဍံ ဥပ္ပန္နံ ဟောတိ။သေယျထိဒံ၊ အာသန္ဒိ ပလ္လင်္ကော။ လ။ ဥဘတောလောဟိတကူပဓာနန္တိ။ ဘဂဝတော တေမတ္တံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္နိတ္တာ ပရိဘုဉ္ဇိတုံ။ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတ္တာ ပရိဘုဉ္ဇိတုံ။တူလိကံ ဝိဇဋေတ္တာ ဗိဇ္ဇေါဟနံ ကာတုံ။ အဝသေသံ ဘူမတ္ထရဏံ ကာတုံ။ "စူဠဝါ၊သနာသနက္ခန္ဓက၊ ဗေ၍ပ်"။

၃။ တေန ခေါပန သမယေန မနုဿာ ဘတ္တဂ္ဂေ အန္တရယရေ ဥစ္စာသယန မဟာသယနာနိ ပညပေန္တိ။ သေယျထိဒံ၊ အာ-သန္ဒိံ ပလ္လင်္ကံ။ လ။ ဥဘတောလောဟိတကူပဓာနံ။ ဘိက္ခ။ ကုက္ကုစ္စာယန္တာ နှ နိသီဒန္တိ။ဘဂဝတော တေမတ္တံ အာရော-

စေသုံ။ အနုဇာနာမိ ဘိက္ခဝေ ထပေတွာ ဟိဏိ အာသန္ဒိံ ပလ္လင်ံ တူလိကံ ဂိဟိဝိကဉ္စုံ အဘိနိသီဒိတုံ။ နတ္ထေ၀ အဘိ-နိပ္ပဇ္ဇိတုံ။ "စူဠ၀ါသေနာသနက္ခန္ဓက၊ ဗီချပ်"။

၄။ တေန ခေါပန သမယေန ဘိက္ခူ။ ဓောတပါဒကာ နိပ္ပဇ္ဇိတုံ ကုက္ကုစ္စာယန္တိ။ ဘဂ၀တော တေမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတွာ နိပ္ပဇ္ဇိတုံ။ "စူဠ၀ါသေ-နာသနက္ခန္ဓက၊ ဇော်ချပ်"။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥစ္စာသယနမဟာသယနာနိ၊ ဥစ္စာသန, မဟာသယနအခင်းတို့ကို။နခ၀ရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။ သေယျ-ထိဒံ၊ အဘယ်တို့ကို မဆောင်အပ်ကုန်သနည်း ဟူမူကား။ အာသန္ဒိ၊ အာသန္ဒိကိုလည်း။ ပလ္လင်္ကော်၊ ပလ္လင််ကိုလည်း။ လ။ ဥဘတောလောဟိ-တကူပ၀ါနံ၊ ဥဘတောလောဟိတကူပ၀ါနကိုလည်း။ ဋုမာနိ၊ ဤသည်တို့ကို။ နခ၀ရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။ ယော၊ အကြင်ရဟန်းသည်။ ၀ါရေယျ၊ ဆောင်ငြားအံ့။ တဿ၊ ထိုရဟန်းအား။ဒုက္ကဋသ၊ ဒုက္ကဋ်အပြစ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်၊ ဟောတိ။ဖြစ်၏။

[မဟာ၀ါစမ္မက္ခန္ဓကအနက်။]

ဤပါဠိ၌ အဆောင်ကို ပယ်မြစ်တော်မူသည်၊ အဆောင်ဆိုသည်ကို လည်း ဤဋီကာပါဠိဖြင့်သိအပ်၏။

ယထာ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒ ပရိဘောဂန္တိ၀စနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသန ပရိ-ဘောဂ၀သေန နိယမိတံ သုဝဏ္ဏယဋ္ဌာဒိကံ ပရိဘုဉ္ဇိတုံ ၀ဋ္ဋ-မာနမ္ပိ ကေ၀လံ အတ္တနော သန္တကံ ကတ္တာ ပရိဘုဉ္ဇိတုံ နဝ-ဋ္ဋတိ။ဧ၀မိဒံ ဘုမတ္ထရဏ၀သေန ပရိဘုဉ္ဇိယမာနမ္ပိ အတ္တနော သန္တကံ ကတ္တာ တံတံ ဝိဟာရံ ဟရိတ္တာ ပရိဘုဉ္ဇိတုံ နဝ-ဋ္ဋတိ။ ဒဿနတ္ထံ ပရိဟရဏေ ယေ၀ ပဋိက္ခေ၀ ပေါ'ဝေ၀ိတ ဗ္ဗောတိ ၀ုတ္တံ။

[ပဌမသေနာသနသိက္ခာပုဒ်-သာ၀ဏ္ဏ။]

ပုဂ္ဂလိကအနေနှင့် ကပ္ပိယသားရေကို သွားရာ လာရာ ဆောင်၍ ခင်း၍ သုံးဆောင်သကဲ့သို့ ပုဂ္ဂလိက လှူဒါန်း၍ ရသော်လည်း သွားရာ

လာရာ ယူဆောင်၍ ခင်း၍ မသုံးဆောင်အပ်၊ ကျောင်းမှာသင့်တင့်သောနေရာ၌ အမြဲခင်းထား၍ ဝိဟာရ ပရိဘောဂ သည်ရှင့်သာ သုံးဆောင်ရမည်ဟူလိုသည်၊ ဤပါဠိတော်မှာ သုံးဆောင်ရသော အစီအရင်မလာသေး၊ နောက်ပါဠိတော်မှာမှ လာလတ္တံ့။

၂။ တေန ခေါ်ပနသမယေန၊ ထိုအခါ၌။ ပသေနဒိ ကောသလသ၊ ပသေနဒိကောသလအမည်ရှိသော။ ရညော၊ မင်း၏။ အယျိကာ၊ ဘွားတော်သည်။ ကာလင်္ကတာ၊ သေလွန်သည်။ ဟောတိ၊ ဖြစ်၏။ တဿာ၊ ထိုဘွားကော်သည်။ ကာလင်္ကတာယ၊ သေလွန်သည်ရှိသော်။ သံယသ၊သံယာအား။ ဗဟုံ၊များစွာသော။ အကပ္ပိယဘဏ္ဍံ၊ အကပ္ပိယဘဏ္ဍာသည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ဖြစ်၏။

[ဤနိဒါန်းဖြင့် အလှူခံခြင်းငါအပ်သည်ကို သိအပ်၏။]

ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ လျှောက်ကြားကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာသန္နိယာ၊ အာသန္နီ၏။ ပါဒေ၊ ပိုမိုရှည်သောခြေတို့ကို။ ဆိန္ဒိတ္ဝာ၊ ဖြတ်၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ပလ္လင်္ကဿ၊ ပလ္လင်၏။ ဝါဠေ၊ သားရဲရုပ်တို့ကို။ ဘိန္ဒိတ္ဝာ၊ ဖျက်၍။ ပရိဘုဉ္ဇိတုံ၊သုံးဆောင်ခြင်းငါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ တူလိကံ၊ လဲသွတ်သောအခင်းကို။ ဝိဇေ့တ္ဝာ၊ ဖြေဖျက်၍။ ဗိမ္ဗောဟနံ၊ ခေါင်းအုံးကို။ ကာတုံ၊ ပြုခြင်းငါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ အဝသေသံ၊ ကြွင်းသော ဂေါနကကော်ဇောစသည်ကို။ ဘူမတ္ထရဏံ၊ မြေအခင်းကို။ ကာတုံ၊ ပြုပြင်းငါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

[စုဋ္ဌဝါသေနာသနက္ခန္ဓကအနက်။]

အဋ္ဌကထာ၌—

ဂေါနကာဒီနိ သံယိကဝိဟာရေ၀ါ ပုဂ္ဂလိကဝိဟာရေ ၀ါ မဠုပိဌေသု အတ္ထရိတ္ဝာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတိ။ ဓမ္မာသနေ ဂိဟိဝိကဋနိဟာရေန လဗ္ဘတိ။ တတြပိ နိပ္ပဋ္ဌိတုံ နဝဋ္ဋတိ။

ဟုဘွင့်၏။

ဂေါနကစသောဝတ္ထုတို့သည် သံယိကကျောင်း၌သော်၎င်း,ပုဂ္ဂလိကကျောင်း၌သော်၎င်း ညောင်စောင်းအင်းပျဉ်တို့၌ခင်း၍ သုံးဆောင်ခြင်း

ဌါ မအပ်ကုန်၊ တရားဟောနေရာဖြစ်သော ညောင်စောင်း အင်းပျဉ် ပလ္လင်ဌမူကား-ခင်း၍ ဂိဟိဝိကဋ အနေအားဖြင့် သုံးဆောင်ခြင်းဌါ ရအပ်ကုန်၏၊ ထိုဌလည်း ထိုင်ခြင်းဌါသာ ရအပ်ကုန်၏၊အိပ်ခြင်းဌါ မရအပ်ကုန်-ဟူလိုသည်။

ဂိဟိ ဝိကဋနိဟာရ ဆိုသည်ကား-ရဟန်း,သာမဏေတို့၏ စေခိုင်း ခြင်းနှင့်ကင်း၍ကျောင်းရှိ ဂေါနက စသည်တို့ကို အရံစောင့်ကျောင်း သား, ရပ်သား, ရွာသားတို့အလိုအလျောက် ခင်းထားသည်ကို ဆို လိုသည်၊ ကျောင်းရှိဂေါနကစသည်တို့ကို လူတို့ဌားရမ်း၍ ပရိတ်ရွတ်, ဆွမ်းစဉ်, သံဃာစဉ်, ခဋဉ်ညောင်စောင်းတို့ဌ ခင်းထားသည်ကိုလည်း သင်္ဂြိဟ်လေ၊ ဤပါဠိတော်မှာ လူတို့ဥစ္စာမလာသေး၊ နောက်ပါဠိ-တော်မှာမှလာလတ္တံ့။

၇။ တေနခေါပနသမယေန၊ ထိုအခါ၌။ မနုဿာ၊ လူတို့သည်။ ဘတ္တဂ္ဂေ၊ ဆွမ်းကျွေးရာဌာန၌ဌင်း။ အန္တရဃရေ၊ မိမိတို့နေရာ ရွာ တွင်း အိမ်တွင်း၌ဌင်း။ ဥစ္စာသယန မဟာသယနာနိ၊ ဥစ္စာသယန, မဟာသယနအခင်းတို့ကို။ ပညပေန္တိ၊ ခင်းကြကုန်၏။လ။ဘိက္ခု။၊ရဟန်း တို့သည်။ ကုက္ကုစ္စာယန္တာ၊ အလိုလိုရှိကြကုန်၍။ နနိသီဒန္တိ၊ မထိုင်ကြ ကုန်။

[ဤ၌ ကုက္ကုစ္စာယန္တာ-ဟူသော ပါဠိဖြင့် ညောင်စောင်းအင်းပျဉ်ထက် ခင်းကြကုန်သည်ကို သိအပ်သည်။]

ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊လျှောက်ကြားကြကုန်၏။ဘိက္ခဝေ၊ ရဟန်းတို့။အာသန္ဒိံ၊ အာသန္ဒိကိုဌင်း။ ပလ္လင်ံ၊ ပလ္လင်ကိုဌင်း၊ တူလိကံ၊ လဲသွတ်သောအ ခင်းကိုဌင်း။ တိဏိ၊ ၃-ပါးတို့ကို။ ထပေတွာ၊ ချန်ထား၍။ ဂိဟိဝိကဋုံ၊ လူတို့ဥစ္စာနေရာ အထူးစုဌ။ အဘိနိသီဒိတုံ၊ထိုင်ရုံ ထိုင်ခြင်းဌါ။ အနု ဇာနာမိ၊ ခွင့်ပြုတော်မူ၏။ အဘိနိပဇ္ဇိတုံ၊လျောင်းခြင်းဌါမူကား။ နတ္ထေ ဝအနုဇာနာမိ၊ခွင့်မပြုသည်သာတည်း။

[စူဠဝါဒသနာသနက္ခန္ဓကအနက်။]

ဘတ္တဂ္ဂဆိုသည်ကား-ကျောင်းမှာဖြစ်စေ,ရွာတွင်းမှာဖြစ်စေ၊လူတို့၏ ရဟန်းသံဃာကို ဆွမ်းကျွေးသောဌာနကိုဆိုသည်၊ ထိုဌာန၌လူတို့ဥစ္စာ

ကိုပင်ဖြစ်စေ, ကျောင်းဥစ္စာကိုပင် ဖြစ်စေ၊ လူတို့အလိုအလျောက် ညောင်စောင်းအင်းပျဉ်ခ်ခင်း၍ ဆွမ်းကပ်ကြကုန်မူ-ထိုအပေါ်ဌေထိုင်၍ စားအပ်၏၊ ရွာတွင်းသို့ဝင်သော ရဟန်းအားညောင်စောင်းအင်းပျဉ်ခ် လူတို့ခင်း၍ထားရာခ်ိန်လည်း ထိုင်ခြင်းငါမျှ အပ်၏၊ ဘတ္တဂ္ဂ, အန္ဓရ-ယရတို့ခ်ိသာမက ဂိဟိဝိကဋ္ဌကို လူတို့အလိုအလျောက်ခင်း၍ ပေးခဲ့မူ ဘယ်နေရာဌာနခ်ိမဆို ထိုင်ခြင်းငါအပ်သည်သာမှတ်၊ ဤပါဠိတော်မှာ ပုဂ္ဂလိကပစ္စတ္ထရဏာခင်းမှုမလာသေး၊နောက်ပါဠိတော်မှာမှလာလတ္တံ့။

၇။ တေနခေါ၀ပနသမယေန၊ ထိုအခါခ်ိ။ ဓောတ၀ါဒကာ၊ ဆေးသောခြေရှိကြကုန်သော။ ဘိက္ခု။၊ ရဟန်းတို့သည်။ နိပ္ပဇ္ဇိတုံ၊ လျောင်းခြင်းငါ။ ကုက္ကုစ္စာယန္တိ၊ အလို့လို့ရှိကြကုန်၏။ ဘဂ၀တော၊ မြတ်စွာဘုရားအား။ တေမတ္ထံ၊ဤအကြောင်းကို။ အာရောစေသုံ၊လျှောက်ကြားကုန်၏။ ဘိက္ခ၀ေ၊ ရဟန်းတို့။ ပစ္စတ္ထရိတ္ထာ၊ အပေါ်ခ်ိတထပ်ခင်း၍။ နိပ္ပဇ္ဇိတုံ၊ လျောင်းခြင်းငါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

[စူဠ၀ါသေနာသနက္ခန္ဓကအနက်၊]

ပစ္စတ္ထရိတ္ထာတိ ပရိဘဏ္ဍကတံ ဘူမိ ၀ါ ဘူမတ္ထရဏာ သေ-နာသနံ ၀ါ သံယိက မဠ္ဆပီဋ္ဌं ၀ါ အဘ္ဘာနော သန္ဓာကေန ပစ္စတ္ထ-ရဏေန ပစ္စတ္ထရိတ္ထာ၀ နိပ္ပဇ္ဇိတဗ္ဗံ။

[အဋ္ဌကထာ။]

ပစ္စတ္ထရိတ္ထာဆိုသည်ကား-အပြေအပြစ်ပြုအပ်သော မြေကိုရင်း, ဂေါနကစသော ဘူမတ္ထရဏာအခင်းစုံကိုရင်း, သံယိကညောင်စောင်းအင်းပျဉ်ကိုရင်း, ဝိမိ၏ဥစ္စာဖြစ်သော အပေါ်လွှမ်း အခင်းဖြင့်ခင်း၍ သာအိပ်အပ်၏–ဟူလိုသည်၊ ဤခ်ိ အဘ္ဘာနော သန္ဓာကေန ပစ္စတ္ထရဏေန-ဟူသောပါဠိဖြင့် သံယိကအရာဌာနဖြစ်ကြောင်းကို သိအပ်၏၊ ထို့ကြောင့် ဘူမတ္ထရဏာအရာခ်ိ သံယိကခ်ိသာ ပုဂ္ဂလိကအခင်းလို၏၊ ပုဂ္ဂလိကဂိဟိသန္ဓာကတို့ခ်ိ မလို-ဟုသိလေ၊ ဤအရာခ်ိ ခုဒ္ဒသိက္ခာတွင် အုပ်ကျောင်းဆရာတော် စီစစ်ပြီးရှိလေ၏။

အပ်မှ,မအပ်မှခ်ိ ပါဠိတော်ရင်းစုကို ရှင်းလင်းစွာသိနှင့်ရန် ထုတ်ပြသောအခက်းပြီး၏။

၂–အဌကထာတို့၏နာနာဝါဒ

အာသန္ဒီ, ပလ္လင်,တူလိက၊ ဤ၃-ပါးတို့၏ ကပ္ပိယ, အကပ္ပိယ-အရာ၌ ဝါဒအကွဲအပြားမရှိကြ၊ ထိုမှကြွင်းသော ဂေါနကစသော အခင်းတို့၌ကား–

ဒီဃနိကာယ် မဟာအဌကထာအလိုအားဖြင့် ထိုဂေါနကစသော အခင်းတို့သည် ရတနာချုပ်မှု, ရက်မှု, ခြယ်လယ်မှု ရှိကုန်မှသာလျှင် အကပ္ပိယဖြစ်ကုန်သည်၊ ညောင်စောင်း, အင်းပျဉ်၌ ခင်း၍ အိပ်ခြင်း ထိုင်ခြင်းငှါမအပ်ကုန်သည်၊ ရတနာချုပ်မှု, ရက်မှု, ခြယ်လယ်မှုမရှိ ပကတိသက်သက်ဖြစ်ကုန်မူကား-ညောင်စောင်း,အင်းပျဉ်၌ခင်း၍ အိပ်ခြင်း,ထိုင်ခြင်းကိုပြုခြင်းငှါ အပ်ကုန်၏။

ဒီဃနိကာယအဌကထာယံ ပန ထပေတ္မာ တူလိကံ သဗ္ဗာနေဝ ဂေါနကာဒိနိ ရတနပရိသိဗ္ဗိတာနိ နဝဋ္ဋန္တိ။ သုဒ္ဓါနိ ဝဋ္ဋန္တိတိ ဝုတ္တံ။

[သီလက္ခန်အဌကထာ။]

ဋီကာကြီးအလို-ရတနပရိသိဗ္ဗိတာနိပိ ဝဋ္ဋန္တိ-ရှိလို၏။ ဘူမတ္ထရဏာ-ကိစ္စ၌အပ်သည်ကို ဝဋ္ဋန္တိဆိုသည်၊ ရှေပါင်၌ မဆ,ပိဋကတို့၌ မအပ်သည်ကို နဝဋ္ဋန္တိ-ဆိုသည်၊ အဓိပ္ပါယ်မှာမကွဲကြပြီ။

ရတနပရိသိဗ္ဗိတာနိ ပိ တိ ဣမိနာ ယာနိ ရတနပရိသိဗ္ဗိတာ-နိ၊တာနိ ဘူမတ္ထရဏဝသေန။ယာနိ ရတနပရိသိဗ္ဗနရဟိတာနိ၊ တာနိ ယထာနုရူပံ မဆ္ဆပိဋကာဒီသု စ ဥပနေတုံ ဝဋ္ဋန္တိတိ ဒီပိတံ ဟောတိ။

[ဋီကာကြီး။]

အရှင်မဟာဗုဒ္ဓဃောသထေရ်အလိုအားဖြင့်ကား–

ကောသေယျအခင်း တခုသည်သာလျှင် ရတနာနှင့် မရောလျှင် အပ်သည်၊ ထိုမှကြွင်းသမျှသည် ရတနာနှင့် မရောမဘက် သက်သက် ပင်ဖြစ်ငြားသော်လည်း အကပ္ပိယချည်းသာတည်း၊ မဆ,ပိဋကတို့၌ ခင်း၍ သုံးဆောင်ခြင်းငှါမအပ်။

အာသန္ဒီအာဒီသု ပန ဝုတ္တာနယေနေဝ ပဋိပဇ္ဇိတပ္ပံ။ ဝုတ္တာဒ္ဓေတံ အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတ္ဝာ ပရိဘုဥ္ဇိတုံ၊ ပလ္လင်္ကသ ဝါဒ္ဓေ ဘိန္ဒိတ္ဝာ ပရိဘုဥ္ဇိတုံ၊ တူလိကံ ဝိဇဒ္ဓေတ္ဝာ ဗီဇ္ဇေါ-ဟနံ ကာတုံ၊ အဝသေသံ ဘူမတ္ထရဏံ ကာတုန္တိ။

[သီလက္ခန်အဋ္ဌကထာ။]

အဂ်ိတ္ထိုရ်အဋ္ဌကထာ၌ကား-ဘူမတ္ထရဏကိစ္စနှင့် အပ်သည်ကိုပင် ကပ္ပိယဆိုရ်။

လဒ္ဓါ စ ပန နကပ္ပန္တိ တိ ဣဒ္ဓ ကိဉ္စိ ကပ္ပတိ။သုဒ္ဓကော-သေယျ္ဟ မဉ္ဇေပိ အတ္ထရိတုံ ဝဋ္ဋတိ။ဂေါနကာဒယော ဘူမတ္ထ-ရဏပရိဘောဂေန၊ အာသန္ဒိယာ ပါဒေ ဆိန္ဒိတ္ဝာ ပလ္လင်္ကသ ဝါဒ္ဓေ ဘိန္ဒိတ္ဝာ တူလိကံ ဝိဇဒ္ဓေတ္ဝာ ဗီဇ္ဇေါဟနံ ကာတုန္တိ ဝစနတော ဣမာနိပိ ဘေတန ဝိဓာနေန ကပ္ပန္တိ။ အကပ္ပိယံ ပန ဥပါဒါယ သဗ္ဗာနေဝ အကပ္ပိယာနိတိ ဝုတ္တာနိ။

ဣမာနိပိ၊ ဤအာသန္ဒီ, ပလ္လင်္က, တူလိက တို့သည်လည်း။ ဘေ-နဝိဓာနေန၊ ဤအခြေကို ဖြတ်ခြင်း, သားရဲရုပ်ကို ဖျက်ခြင်း, လဲအ ခင်းကို ဖြေ၍ ခေါင်းအုံးပြုလုပ်ခြင်းအစီအရင်ဖြင့်။ ကပ္ပန္တိ၊အပ်ကုန်၏။ အကပ္ပိယံပန၊ မအပ်သော အစီအရင်ကိုကား။ ဥပါဒါယ၊ အစွဲပြု၍။ သဗ္ဗာနေဝ၊ အလုံးစုံတို့ကိုသာလျှင်။ အကပ္ပိယာနိတိ၊ မအပ်ကုန်ဟူ၍။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

[အဂ်ိတ္ထိုရ်အဋ္ဌကထာ။]

မအပ်သော အစီအရင်နှင့် သုံးဆောင်ခဲ့လျှင် အကုန်လုံးပင် အကပ္ပိယချည်းဖြစ်ကုန်၏၊ အပ်သော အစီအရင်နှင့် သုံးဆောင်ခဲ့ လျှင် အကုန်လုံးပင် ကပ္ပိယချည်းဖြစ်ကုန်၏၊မြတ်စွာဘုရားသည်ကား-မအပ်သော အစီအရင်နှင့် သုံးဆောင်သည်ကို ရည်၍ လဒ္ဓါစပန နကပ္ပန္တိ-ဟု ဟောတော်မူသည်ဟူလိုသည်။

ဤအဂ်ိတ္ထိုရ်အဋ္ဌကထာမှာလည်း-

ကောသေယျ အခင်းတခုသည်သာလျှင် ရတနာနှင့် မရောခဲ့လျှင် ကပ္ပိယဖြစ်၏၊ ဂေါနကစသည်မှာမူကား-ရတနာနှင့် မရောသော်လည်း

အကပ္ပိယချည်းသာတည်း၊ မဠ,ဝိဌတို့၌ခင်း၍ အိပ်ခြင်း, ထိုင်ခြင်းဌာ၊ မအပ်ဟု ပြတော်မူ၏။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓယောသထေရ် အလိုအားဖြင့် သုဒ္ဓကောသေယျတခုသည်သာ ကပ္ပိယရှိသည်၊ ကြွင်းသောဂေါနက စသည်တို့သည်မူကား-ရတနာနှင့်မရောကုန်သော်လည်း အကပ္ပိယတို့ချည်းသာ-ဟူသော အဆိုးအဖြတ်ကို သိအပ်သတည်း၊ အလုံးစုံသောဠီကာဆရာတို့လည်း ဤအဆိုးအဖြတ်အတိုင်းပင် တည်ကြကုန်သည်။

ဥဘတောလောဟိတကူပဓာနခ္ခ်ိလည်း သိလက္ခန်အဋ္ဌကထာ၌-

အလောဟိတကာနိ ဒွေပိ ဝဋ္ဋန္တိယေဝ။ တတော ဥဋ္ဌာရိ လဘိ-တ္မာ အညေသံ ဒါတဗ္ဗာနိ။ ဒါတုံ အသက္ကောန္တော မဠ္ဠေ တိရိယံ အတ္ထရိတ္မာ ဥပရိ ပစ္စတ္ထရဏံ ဒတ္မာ နိပ္ပဋ္ဌိတုမ္ပိ လဗ္ဘတိ။

ဟူ၍လာ၏။

အနိမဟုတ်သောခေါင်းအုံးတို့ကို မျှားစွာရခဲ့လျှင် ညောင်စောင်းအပေါ်၌ ဘီလာခင်း၍ အထက်၌ အပေါ်လွှမ်းခင်း၍ အိပ်ခြင်းဌာ ရအပ်၏-ဟူလိုသည်၊ ဤ၌ဂိလာနဟူ၍ အဆိုမပါ၊ ဝိနည်းအဋ္ဌကထာ၌ကား-ဂိလာနပုဂ္ဂိုလ်သည်သာ ထိုသို့ခင်း၍ အိပ်ခြင်းဌာရအပ်သည် ဟုဆို၏။

အဂိလာနဿ သိသုပဓာနဠ္ဠ ပါဒုပဓာနဠ္ဠာကိ ဒွယမေဝ ဝဋ္ဋတိ။ ဂိလာနဿ ဗိဗ္ဗောဟနာနိ ပတ္ထရိတ္မာ ဥပရိ ပစ္စတ္ထရ-ဏံ ဒတ္မာ နိပ္ပဋ္ဌိတုမ္ပိ ဝဋ္ဋတိ။

[သေနာသနက္ခန္ဓကအဋ္ဌကထာ။]

အဋ္ဌကထာတို့၌ ကပ္ပိယ,အကပ္ပိယ အဆိုစကားကွဲပြားလျက်ရှိသည်ကို ပြဆိုသောအခက်းပြီး၏၊

၃-ဝါဒညှိ၍ရှင်းလင်းချက်

ယခုအာဂါ အာသန္ဒိမှစ၍ ကပ္ပိယ, အကပ္ပိယ အစီအရင်ကို အစဉ်အတိုင်းပြဆိုပေအုံ့။

အာသန္ဒီ

၁။ အာသန္ဒီ-ပမာဏထက်လွန်၍ မြင့်သော အခြေရှိသောညောင်စောင်း,အင်းပျဉ်,ခရုင်,ဘဒိုင်မျိုး။

ဤ၌ အလျားရှည်သော ညောင်စောင်း အင်းပျဉ်သည် သာလျင် ပြုဆိုခဲ့ပြီးသော ပမာဏကိုလွန်မူ အကပ္ပိယဖြစ်၏။

၁။ အလျား၏ထက်ဝက်အနံရှိမူ ညောင်စောင်းခေါ်၏။

၂။ အလျား၏ ထက်ဝက်ထက်လွန်သော အနံရှိမူ အင်းပျဉ်ခေါ်၏။

၃။ အလျား အနံညီမျှသော လေးထောင့်စတုရန်းဖြစ်မူ အာသန္ဒီ-ကအင်းပျဉ်ခေါ်၏။

ထိုအာသန္ဒီက အင်းပျဉ်မျိုးဖြစ်ပေမူကား-ပမာဏကို လွန်သော်လည်း ကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ အာသန္ဒိကံ။
[ပါဠိ။]

အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ အာသန္ဒိကန္တိဝစနတော အဌင်္ဂုလတော ဥစ္စပါဒကောပိ အာသန္ဒိကော ဝဋ္ဋတိ။ ကေ-တော ဘာဝေန ဒီဃပိဌမေဝ ဟိ အဌင်္ဂုလတော ဥစ္စပါဒကံ နဝဋ္ဋတိ၊ တသ္မာ စတုရဿပိဌံ ပမာဏာတိက္ကန္တမ္ပိ ဝဋ္ဋတိ။
[ဝိနည်းသင်္ဂြိဟ်အဌကထာတောချပ်။]

အလျားရှည်သော ညောင်စောင်း အင်းပျဉ်ပင် ဖြစ်သော်လည်း ခေါင်းရင်းခ္ဍ အုံးတားတပ်သော ပဌမ်ညောင်စောင်း အင်းပျဉ်မျိုးသည်ရင်း, ခေါင်းရင်းခ္ဍ အုံးတား, ဝဲယာခ္ဍလက်တင်တပ်သောသတ္တမ်ညောင်စောင်း အင်းပျဉ်မျိုးသည်ရင်း ပမာဏထက်လွန်၍ မြင့်သော်လည်း ကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ ပဌမံ။
အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ သတ္တမံ။

ပါဠိအဋ္ဌကထာတို့၌ တိုက်ရိုက်လာရှိသော အရာတို့၌ ပါဠိပါဌ်သားများ၌မဆုတ်ပြီ၊ ဝိနည်းသင်္ဂြိဟ် အဋ္ဌကထာ နောက်ဆုံးအပိုင်းမှာ တလုံးတစုတည်းလာသည်ဖြစ်၍ ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာပါဌ်ကိုသာ စိုးစဉ်းထုတ်ပြပါအုံ့။

အနံ့ထက် အလျားရှည်လျက် အုံးတားလက်တင်မရှိသော ညောင်စောင်း အင်းပျဉ်မျိုးသည်သာလျှင် ပမာဏကိုလွန်မူ အကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတ္မာ ပရိဘုဉ္ဇိတုံ။

ဟူ၍ဟောတော်မူသောကြောင့် အခြေ၌ ပမာဏထက် လွန်သော အဘို့ကို ဖြတ်၍ပစ်ခဲ့လျှင် ကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ ထပေတ္မာ တိဏိ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိဝိကဉ္စ အဘိနိသီဒိတုံ။ နတ္ထေ အဘိနိပဇ္ဇိတုံ။

ဟူ၍ ဟောတော်မူသောကြောင့် ပမာဏကို လွန်သော ညောင်စောင်း, အင်းပျဉ်, ခဋ္ဌင်,ဘဒ္ဒိုင်ဖြစ်ခဲ့မူကား-လူတို့ဥစ္စာပင် ဖြစ်သော်လည်း အကပ္ပိယသာတည်း၊ ဓမ္မာသန, ဘတ္တဂ္ဂ, အန္ဓရဃရစသော တစုံတခုသော နေရာ၌ပင် ကပ္ပိယပရိယာယ်မရှိ၊ညောင်စောင်း အင်းပျဉ်နှင့်စပ်သော ပါဠိတော်အရပ်ရပ်သည်–

အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂသ မဉ္စံ ဒုဝဂ္ဂသ ပီဌံ။

ဟူသော ပါဠိတော်မှာကဲ့သို့ အလျား ၇-တောင်ထွာရှိသော ပမာဏယုတ္တတယောက်အိပ် ညောင်စောင်း, အင်းပျဉ်မျိုးကို ပမာဏပြု၍ဖြစ်သတည်း၊ ထို့ကြောင့် သံယာစိတ,ကုဋိ၌ ယင်းကုဋိ၏ အနံ့ပမာဏကို ပမာဏယုတ္တညောင်စောင်းဖြင့် ပိုင်းခြားပေ၏၊ထို့ကြောင့် အလျား ၇-တောင်ထွာထက်လွန်၍ ရှည်သော သံယာစင် ခဋ္ဌင်ရှည်မျိုး, ကျောင်းတွင်း, ကျောင်းပ, ရှာတွင်း, ရှာပ, စရပ်တန်ဆောင်း, ရေအိုးစင်, သစ်ပင်ရင်းတို့၌ ခင်းထားသော ခဋ္ဌင်ကြီးမျိုးသည်ကား-ပမာဏကိုပင် လွန်၍မြင့်သော်လည်း အိပ်ခြင်း,ထိုင်ခြင်းငှါ အပ်၏ဟု ယူသင့်သည်။ ။အာသန္ဒိပြီး၏။

ပလ္လက်

၂။ ပလ္လကော်-အခြေခံ အသေထုလုပ်အပ်သောသားရဲရုပ်ရှိသော ညောင်စောင်း,အင်းပျဉ်,ပလ္လင်,ဘဒိုင်အထူး။

ဤ၌ သိကြားမင်း၏ တယူဇနာရှိသော မဏိပလ္လင်ထက်၌ အရှင်မဟာမောဂ္ဂလာန် ထိုင်နေကြောင်း တဏှာသခ်ိယသုတ်၌ လာသည်၊ သုမနသာမဏေသည် ဘိုးတော်ဓမ္မာသောကမင်းကြီး၏ ရာဇပလ္လင်ထက်၌ထိုင်နေကြောင်း ဓမ္မာသောကဝတ္ထု၌လာသည်၊ဤသို့လာသည်များကိုထောက်၍ ဤ၌ပလ္လင်အရကို ညောင်စောင်း အင်းပျဉ်မျိုးဖြစ်သော အခြေ ၄-ခု, အခြေ ၆-ခု, အခြေ ၈-ခုစသည်ဖြင့် အခြေတပ်၍ပြုအပ်သော ကော့ပလ္လင်မျိုးကိုသာ လိုအပ်၏။

၁။ ဘုရားစေတီအတွင်း၌ ရုပ်ပွားဆင်းတု တည်ထားသော အခြေဟူ၍ အသီးအခြားမရှိ၊ မြေမှာစိုက်၍ လုပ်အပ်သော အုပ်ပလ္လင်, ကျောက်ပလ္လင်မျိုး။

၂။ မြေနန်းရာဇပလ္လင်, ဗြိတိုက်ရာဇပလ္လင်များကဲ့သို့ သစ်သားကို ခွေ၍ လုပ်အပ်သောရာဇပလ္လင်မျိုး။

၃။ ပကတိမြေအပြင်ထက် အမြင့် ၁၄-တောင်, အလျားအနံ ၈-မင်းပယ်ရှိသော ဗောဓိပလ္လင်တော်။

၄။ ထို ၁၄-တောင်မြင့်သော ဗောဓိပလ္လင် မြေအပြင်၌ ဖြစ်ပေါ်လာသည်ဖြစ်၍ ၁၄-တောင်မြင့်သည် ဟူ၍ပင်ဆိုရသော အ-ပရာဇိတ ရွှေပလ္လင်တော်။

အစရှိသော ပလ္လင်မျိုးတို့၌ကား-သားရဲရုပ်ပင်ရှိသော်လည်း ကပ္ပိ-ယသာဟု ယူသင့်သည်။

ဤပလ္လင်၌လည်း-

အနုဇာနာမိ ဘိက္ခဝေ ပလ္လင်္ကသ ဝါ ဧဠ ဘိန္ဒိတ္တာ ပရိဘုဥ္ဇိတုံ။

ဟူ၍ဟောတော်မူသောကြောင့် သားရဲရုပ်ကိုဖျက်၍ပစ်လျှင် ကပ္ပိ-ယဖြစ်၏။ ။ပလ္လင်ပြီး၏။

တူလိကာ

၃။ တူလိကာ–အတွင်းဌ သစ်သီး, သစ်ပွင့်, နွယ်သီး, နွယ်ပွင့်, မြက်သီး, မြက်ပွင့်တို့မှဖြစ်သော လဲမှိုသွတ်၍ပြုသော မွေ့ရာအခင်း။

မန္တလေးမြို့တော် အချုပ်တန်းမှဖြစ်သော မွေ့ရာဟူ၍ရင်း, ဖုံဟူ၍ရင်း, အိပ်ရာလိပ်ဟူ၍ရင်း, နေရာထိုင်ဟူ၍ရင်း အမျိုးမျိုးခေါ်ကြသော အလိပ်,ခေါက်ပြား ၂-မျိုးရှိသော အခင်းကိုဆိုသည်။

တူလိကာအခင်းသည်လည်း–

အနုဇာနာမိ ဘိက္ခဝေ ထဇပတ္တာ တိဏာ အာသန္ဒိं ပလ္လင်္ကံ တူလိကံ ဂိဟိဝိကဉ္စ ပရိဘုဉ္ဇိတုံ။

ဟူ၍ ဟောတော်မူသောကြောင့် လူတို့ဥစ္စာပင် ဖြစ်သော်လည်း အကပ္ပိယသာတည်း၊ဂိလာနပုဂ္ဂိုလ်အား ခေါင်းအုံးများစွာကိုညောင်စောင်းပေါ်မှာ ဘီလာခင်း၍ အထက်၌ အပေါ်လွှမ်းခင်း၍ အိပ်ခြင်းဌာနအပ်၏ဟူသော အဌကထာ၌ အပေါ်လွှမ်းခင်းမှုကို စီရင်ပေသည်ကား-ခေါင်းအုံး၌လဲရှိသည့်အတွက် ဤတူလိကာအခင်းလျှဉ်းပါးခြင်းကြောင့်ပေတည်း၊ ထို့ကြောင့် ဂိလာနပုဂ္ဂိုလ်အား ထိုလဲမွေ့ရာပေါ်၌ အပေါ်လွှမ်းခင်း၍ အိပ်ခြင်းဌာနအပ်သည်–ဟုယူရန်ရှိ၏၊ ဆင်ခြင်။ ။ တူလိကာပြီး၏။

ဂေါနက

သုတ္တဝိညတ္တိသိက္ခာပုဒ် သုတ္တကန္တန သိက္ခာပုဒ်တို့၏ ဝိဘင်းဌ ချည်မျိုး ၆–ပါးလာ၏။

ခေါမံ၊ ကပ္ပါသိကံ၊ ကောသေယ္ယံ၊ ကမ္မလံ၊ သာဏံ၊ ဘင်္ဂံ။

၁။ ခေါမံ၊ ခေါမမည်သောလျှော်ချည်၊ ဝါ၊ ခုံချည်။ ယင်းကိုမြန်မာ၌ဂုံချည်ခေါ်သည်။

၂။ ကပ္ပါသိကံ၊ ဝါချည်။

၃။ ကောသေယ္ယံ၊ ပိုးချည်။

၄။ ကမ္မလံ၊ သိုးမွေးချည်။

၅။ သာဏံ၊ ပိုက်ဆံလျှော်ချည်၊ ယင်းကိုမြန်မာ၌ သျှာက်ချည်ခေါ်သည်။

၆။ ဘဂ်ံ၊ ဘဂ်မည်သောလျှော်ချည်၊ ယင်းကိုမြန်မာ၌ ဘန်ချည် ခေါ်သည်။ ဝါ၊ ခေါမ-စသော ဂွမ်းမျိုး ၅-ပါးကိုရောရ်ု လုပ်သောမိဿကချည်။

ဘုံဘိုင်မြို ရက်ကန်းစက်ရုံကြီးများ၌ ကော်ဇောရက်မှု, သကလပ် ရက်မှုပညာများကို သင်ကြားလုပ်ကိုင် တတ်မြောက်ရ်ု လာသောသူ များကိုခေါ်ရ်ု မေးမြန်းရာ-အသီးအသီး ချည်လုပ်နည်း ၂-မျိုးရော, ၃-မျိုးရော-စသော မိဿက ချည်လုပ်နည်းများကို ပြောဆိုသောကြောင့် ၅-ပါးကိုရောရ်ု လုပ်သောချည်ဟု အဋ္ဌကထာဘွင့်သည်ကို ဥက္ကဋ္ဌနည်း ယူ။

အကျဉ်းအားဖြင့်။ ။သိုးမွေးချည်, ဝါချည်, ပိုးချည်, လျှော်ချည် ချည် ၄-မျိုးရှိ၏။

ဂေါနက-စသည်တို့မှာ ကပ္ပိယ, အကပ္ပိယ၌ ဝါဒကွဲပြားလျက်ရှိ သည်ကို ရှေးဦးစွာပြဆိုအပ်၏။

ဂေါနကဋ္ဌ လက် ၄-သစ်ထက်လွန်သော အမွေးရှိသည်ဟု အဋ္ဌ-ကထာတို့၌ ဆိုသောကြောင့် လက်၄-သစ်အောက်ယုတ်သော အမွေး ရှိမှု-ကပ္ပိယဖြစ်၏- ဟူသောဝါဒသည် ဝဇိရဗုဒ္ဓိ, သာရတ္ထ,ဝိနိစ္ဆယဋီ ကာတို့မှာလာ၏။

၁။ စတုရင်္ဂုလာမိကာနိတိ ဝုတ္တတ္တာ စတုရင်္ဂုလတော ဟေဋ္ဌာ ဝဋ္ဋတိတိ ဧကေ။ ''ဝဇိရဗုဒ္ဓိ''။

၂။ စတုရင်္ဂုလာမိကာနိ ကိရ တဿ လောမာနိတိ ဝစနတော စတုရင်္ဂုလတော ဟေဋ္ဌာ ဝဋ္ဋတိတိ ဝဒန္တိ။''သာရတ္ထ''။

၃။ စတုရင်္ဂုလတော ဥနလောမကကောဇဝေါ ဝဋ္ဋတိတိ ဝဒန္တိ။ ''ဝိနိစ္ဆယဋီကာ''။

ဤဋီကာတို့၌ အာစရိယဝါဒ အနေနှင့်လာ၏၊ ခုဒ္ဒသိက္ခာဋီကာ ဟောင်း၌ကား-အကြောင်းနှင့်တကွ သကဝါဒအဖြစ်ဖြင့်ဆို၏။

အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိ စီဝရကွန္ဓကေ ဝုတ္တတ္တာ စတုရင်္ဂုလလောမကံ ပကတိကောဇဝံ ဝဋ္ဋတိ။ [ရင်းဋီကာ။]

အမွေးလက် ၄-သစ်တိတိရှိသော ဂေါနက ကော်ဇောသည်ကား-အနုညာတကပ္ပိယကော်ဇောဖြစ်၍ အပ်၏-ဟူလိုသည်။

[ဤကား-တဝါဒတည်း။]

ဝိမတိဆရာကား-ဤဝါဒကိုမယူလို။ ။ဤဂေါနက အခင်း၌အမွေးလက် ၄-သစ်ထက် ရှည်သည်ဟူ၍ အဌကထာတို့၌ ဆိုခြင်းသည် ထိုမျှလောက်ရှည်မှသာ အကပ္ပိယ, ထိုမျှလောက်မရှည်လျှင် ကပ္ပိယဟု ပိုင်းခြားလို၍ ဆိုသောစကားမဟုတ်၊ အထက်မှာ လာလတ္တံ့သော ဥဒ္ဒလောမိ, ကေန္ဒလောမိတို့နှင့် ခြားနားခြင်းငှါ ဆိုသောစကားသာတည်း၊ ထို့ကြောင့် အမွေးလက် ၄-သစ်အောက် ယုတ်ခဲ့လျှင် ဥဒ္ဒလောမိ, ကေန္ဒလောမိတို့၌ ပါဝင်လေ၏။

[ဝိမတိ။]

စတုရဂ်လာမိကာနိတိ ဥဒ္ဒလောမိကေန္ဒလောမိဟိ ဝိသေသ-ဒဿနံ။ စတုရဂ်လဘော ဟိ ဥိနာနိ ကိရ ဥဒ္ဒလောမိအာဒိသု ပရိသန္တိ။

[ရင်းပါ၌]

တဘက်အမွေးရှိသည်, ၂-ဘက်အမွေးရှိသည်ကို ဥဒ္ဒလောမိ, ကေန္ဒလောမိဆိုသည်၊ အမွေးရှိသော ကော်ဇောမှန်လျှင် တဘက်မွေး, ၂-ဘက်မွေး ၂-ပါးတွင် တပါးပါးဖြစ်ရမည်၊ ထို ၂-ပါးမှ မလွတ်နိုင်ရာ ဆိုလိုသည်၊ သီလက္ခန်ဓိကာသစ်လည်း ဝိမတိကို လိုရိပ်ရှိ၏။

[ဤကား-ဝိမတိဝါဒတည်း။]

ဂေါနကအခင်းမှာ ဥဏ္ဏာမယသဒ္ဒါနှင့် မဘွင့်ကြ၊ မည်းနက်သော အဆင်းရှိသော ကော်ဇောကြီးဟူ၍သာ ဘွင့်ကြသည်၊ ဥဒ္ဒလောမိ, ကေန္ဒလောမိတို့မှာ ဥဏ္ဏာမယသဒ္ဒါနှင့်ဘွင့်ကြသည်၊ ကော်ဇောဟူ၍ မဘွင့်ကြ၊ အခင်းဟူ၍သာဘွင့်ကြသည်၊ ထို့ကြောင့် ဂေါနကကား-ချည်မျိုး ၆-ပါးနှင့်ဆက်ဆံသော ကော်ဇောမျိုးပေတည်း၊ ဥဒ္ဒလော-မိ,ကေန္ဒလောမိတို့ကား- သိုးမွေးဖြင့်ပြီးသော အခင်းတို့ပေတည်း၊ ကော်ဇောအခင်း, ကော်ဇောမဟုတ်သော အခင်း ၂-မျိုးတို့နှင့် ဆက်ဆံကုန်သည်။

ထို့ကြောင့် သားမွေးဖြင့်ပြီးသော ဂေါနကကော်ဇောမျိုးဌ ဝိမတိ အယူသင့်ရာ၏၊သားမွေးမှတပါးသော ချည် ၅-မျိုးဖြင့်ပြီးသော ဂေါ-နကကော်ဇောမျိုးဌ ပဌမဝါဒသင့်ရာ၏။

ဝိမတိသင့်မုံ။ ။သားမွေးဖြင့်ရက်သော ကော်ဇောသည် အမွေး လက် ၄-သစ်ထက်လွန်သည်ဖြစ်အံ့၊ ဂေါနကမည်၏၊ အမွေးလက် ၄-သစ်တိတိရှိခဲ့သော်ရင်း, ယုတ်ခဲ့သော်ရင်း ဥဒ္ဒလောမိ,ကေန္တလောမိ ၂-ပါးတွင် တပါးပါးဖြစ်၏။

ပဌမဝါဒသင့်မုံ။ ။သိုးမွေးချည်မှ တပါးသော ချည် ၅-ပါးတို့ဖြင့် ရက်သောကော်ဇောသည် လက် ၄-သစ်ထက် ရှည်သောအမွေးရှိ သည်ဖြစ်ခဲ့အံ့၊ အကပ္ပိယ ဂေါနကဖြစ်၏၊ လက် ၄-သစ်အောက်ယုတ် သောအမွေးရှိခဲ့သော် ကပ္ပိယဖြစ်၏။

ခုဒ္ဒသိက္ခာဋီကာဟောင်းဌ အမွေးလက် ၄-သစ်တိတိရှိလျင် ပကတိ ကော်ဇောမျိုးဖြစ်၍အပ်၏-ဟူသောစကားသည်အဂ်ုတ္တိ၊ရ်အဋ္ဌကထာ နှင့်ဆန့်ကျင်၏၊ ဤအခင်းကြီးတို့ဌ အကပ္ပိယအချက်မှာ အမွေး၏ ဝိကတိမှုသည် ပမာဏ၊ စိတ္တကစသော အခင်းတို့ဌကား- ဆိုးရည်မှု ဝိကတိ, ခြယ်လယ်မှုဝိကတိသည် ပမာဏ။

ဆိုဘွယ်အထူးကား–ဂေါနကဌ် ကာဠဝဏ္ဏောမဟာကောဇဝေါ-ဟု မဟာပိဋ္ဌယဌ် မဟာသ ဒ္ဒါနှင့်တကွ စတုရဂ်လပုပ်ံ-ဟုပါရှိသည်၊ မဟာ အရမှာ ပကတိ ၉-ထွာရှိသော ပမာဏယုတ္တညောင်စောင်းထက် လွန်သည်ကို ယူသင့်သည်၊ ဂေါနကဌ် အမွေး လက်၄-သစ်ရှိသည်ဟု အဂ်ုတ္တိ၊ရ်အဋ္ဌကထာဌ်ဘွင့်သည်၊ မဟာပိဋ္ဌယကော်ဇောလည်း အမွေး လက်၄-သစ်ရှိသည်ဟု ဋီကာတို့ဌ ဘွင့်သည်၊ထို့ကြောင့် အမွေးလက် ၄-သစ်ရှိအောင် ရှည်မှုသည်သာလျင် အမွေးအတွက်ဌ်အကပ္ပိယအင်္ဂါ, မဟာသယနအင်္ဂါဖြစ်သင့်သည်၊ အမွေးလက် ၄-သစ်အောက် ယုတ် ခဲ့လျင် ပကတိကော်ဇောမျိုးပင်ယူသင့်သည်။

အဘိဓာန်မှာ-ဥဒ္ဒလောမိ,ကေန္တလောမိသည်ပင်လျင် ကချေသည် တကျိပ်ခြောက်ယောက်,က-စလောက်အောင်ကြီးခဲ့လျင် ကုတ္တကမည်

၈၊-ဟု လာသောကြောင့် ဥဒ္ဒလောမိ, ကေန္ဒလောမိ ၂- ပါးသည်လည်း ကော်ဇောဝယ်မျိုး, ကော်ဇောလတ်မျိုးမဟုတ်၊မဟာကော်ဇောကြီးမျိုးပေဟုသိအပ်သည်၊ထို့ကြောင့် အလျားဇ-ထွာ အနံ၂-တောင် ၆-သစ်ထက် မလွန်သောကော်ဇောဝယ်, ကော်ဇောလတ်တို့၌တဘက်အမွေးတက်, ၂- ဘက်အမွေးတက်ဟူသော လက္ခဏာကို မလိုအပ်၊ အမွေးလည်းရှည်, အလျားအနံလည်းကြီးသော မဟာပိဋ္ဌိယကော်ဇောကြီးမျိုး၌သာ ထိုလက္ခဏာကိုလိုအပ်သည်။

၄။ ဂေါနကော-အမွေးလက်၄- သစ်ရှည်သော အလျား အနံညောင်စောင်း ပမာဏထက်လွန်သော သက်သက်မည်းနက်သော အဆင်းရှိသော ဂေါနကမည်သောကော်ဇောကြီး။

၀၊ဂေါနကော-အမွေးလက်၄-သစ်ထက်လွန်၍ရှည်သောအလျား အနံညောင်စောင်း ပမာဏထက်လွန်သော သက်သက် မည်းနက်သော အဆင်းရှိသော ဂေါနကမည်သောကော်ဇောကြီး။

၁။ ပဌမအနက်ကား-ဂေါနကတ္ထတောတိ စတုရင်္ဂလလောမေနကာဠကောဇဝေန အတ္ထတောဟု-ဟူသောအင်္ဂါတို့ရ်အဋ္ဌကထာနှင့်ညီစေသည်။

၂။ ဒုတိယအနက်ကား-ကျမ်းဂန်အများနှင့် ညီစေသည်။

၃။ အလျားအနံ ညောင်စောင်းပမာဏထက် လွန်သည်ဟူသော အနက်မှာ- မဟာကောဇဝေါ-ဟူသော ဘွဲ့ပါ၌ အာယတ ဝိတ္ထတံ အကပ္ပိယဘဏ္ဍံ မဟာသယနံ နာမ-ဟူသော ဝိသာခုပေါသထသုတ် အင်္ဂါတို့ရ်အဋ္ဌကထာများနှင့်ညီစေသည်။

ဤဂေါနကအခင်း၌ ဥဏ္ဏာမယသဒ္ဒါနှင့် ဘွဲ့ချက်မလာသောကြောင့် ချည်မျိုး၆-ပါးယူသင့်၏၊ အတ္ထရဏနှင့်မဆို၊ကောဇဝနှင့်ဆိုသောကြောင့် ကော်ဇောမျိုးဝိသေသကိုယူ။ ။ဂေါနကအခင်းပြီး၏။

စိတ္တက

၅။ စိတ္တကော- အထူးထူးသော အဆင်းရှိသော သားမွေးချည်တို့ဖြင့် နံရံပေါက်သဏ္ဌာန်စသည်၏ အစွမ်းဖြင့် ရက်မူဆန်းကြယ်သော စိတ္တကမည်သောသားမွေးအခင်း။

[သာရတ္ထ,ဝိမတိ,ဝိနိစ္ဆယ,ခုဒ္ဒသိက္ခာဋီကာကြီးငယ်။]

၀၊။စိတ္တကော-အထူးထူးသော အဆင်းရှိသော သားမွေးချည်တို့ဖြင့် နံရံပေါက်သဏ္ဌာန်စသည်၏ အစွမ်းဖြင့်ချုပ်မှု,ခြယ်လယ်မှု,ဆန်းကြယ်သော စိတ္တကမည်သောသားမွေးအခင်း။

[သီလကွန်ဋီကာ။]

၀၊။ ရှေချည်, ငွေချည်တို့ဖြင့် ရက်မှု, ချုပ်မှု, ခြယ်လယ်မှု ဆန်းကြယ်သော စိတ္တကမည်သော သားမွေးအခင်း။

[အဂ်ိတ္ထိ၊ရ,ဝိနည်းသင်္ဂြိဟ်အဋ္ဌကထာ။]

ဤ၌ အဆင်းတပ်စွန်း တောက်ပစေခြင်းငှါ အကပ္ပိယဆိုးရည်ဖြင့် ဆိုးအပ်သော အထူးထူးသော အဆင်းတို့ကိုယူ၊ သက်နှံ၌အပ်သော ဆိုးရည်မျိုးဖြင့် ဆိုးအပ်သောအဆင်းစု, ပကတိဇာတိအဆင်းစုကား-တပ်စွန်းတောက်ပခြင်းရှိသော ဝိကတိအဆင်းမျိုး မဟုတ်သည်ဖြစ်၍ ကပ္ပိယသာ၊ ထို့ကြောင့် ပကတိဇာတိအဆင်းဖြင့် အထူးထူးသော အဆင်းရှိသော သိုးမွေးတို့ကို အပြောက်အကျား ဖြစ်အောင် ရက်၍ ပြုအပ်သော ကော်ဇောကို စိတ္တကဟူ၍မဆိုအပ်၊ ပကတိကော်ဇော ဟူ၍သာဆိုအပ်သတည်း။

[နောက်နောက် အခင်းတို့၌လည်း ဤနည်းတူ။]

ဤအခင်း၌ ဥဏ္ဏာမယသဒ္ဒါနှင့်ဘွင့်သောကြောင့်ခေါ်မ- စသောချည် ၆-မျိုးတွင် သိုးမွေးချည်ကိုသာလိုအပ်ရကား-ဂင်းချည်နှင့်မရောမယှက်သက်သက်သော လျှော်ချည်, ၀ါချည်, ပိုးချည်တို့ဖြင့် နံရံပေါက်သဏ္ဌာန်စသည်၏ အစွမ်းဖြင့် ရက်မှု, ချုပ်မှု,ခြယ်လယ်မှု ဆန်းကြယ်သော စိတ္တကအခင်းသည် ကပ္ပိယဖြစ်၏-ဟုယူ။

အတ္ထရဏသဒ္ဒါနှင့် ဘွင့်ကြသောကြောင့် ထိုအခြင်းအရာအား ဖြင့် ဆန်းကြယ်သော သားမွေးကော်ဇောမျိုးကိုဂင်း, သားမွေးဖြင့် ပြီးသော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်,ကမ္ဗလာထည်တို့ကို ပြုလုပ်သော အခင်းမျိုးကိုဂင်း အကပ္ပိယ၌ ယူအပ်၏။

ထိုအထည်တို့ကိုပင်လျှင် ဘုံလျှိုပြုလုပ်ပြန်လျှင် ဥဏ္ဏာဘိသိဖြစ်ပြန်၍ ကပ္ပိယဖြစ်ပြန်၏၊ နောက်နောက်အခင်းတို့၌လည်း ဤနည်းအတိုင်းသိ

လေ၊ရတနာနှင့်ရောရာ၌ကား-ချည်၅-ပါးတို့ဖြင့်ပြီးသော်လည်း ကော-သေယျမှာကဲ့သို့အကပ္ပိယသာတည်း၊ ဋ္ဌိကာတို့၌ကား-ကပ္ပိယ,အကပ္ပိ-ယပြဆိုခြင်းမရှိပြီ။ ။စိတ္တကပြီး၏။

ပဋ္ဌိကာ

၆။ ပဋ္ဌိကာ- သားမွေးဖြင့် ပြီးသောဖြူသောအခင်း။

ဤ၌လည်း ဥက္ကာမယသဒ္ဒါနှင့် ဘွင့်သောကြောင့် သိုးမွေးချည်ဖြင့် ပြီးသည်ကိုယူ၊ ဝါချည်, ပိုးချည်, လျှော်ချည်ဖြင့်ပြီးသော ပုတီးစုလျားအခင်းဖြူများကား-ကပ္ပိယ၊ အတ္ထရဏသဒ္ဒါနှင့် ဘွင့်သောကြောင့် သားမွေးကော်ဇော ဖြူနှင့်တကွ သားမွေးဖြင့်ပြီးသော သကလပ်ဖြူ, ဖဲဖြူ, ကတ္တီပါဖြူ, ကမ္ဗလာဖြူများကိုလည်း ဤပဋ္ဌိကာ၌ သဗ္ဗြိဟ်အပ်၏၊ ဤ၌ အဖြူဆိုသော်လည်း အဆင်းတပ်စွန်းခြင်းငှါ ဆိုးအပ်သောအဖြူကိုသာယူ၊ ပကတိအဖြူကား-ကပ္ပိယသာ။ ။ပဋ္ဌိကာပြီး၏။

ပဋ္ဌလိကာ

၇။ ပဋ္ဌလိကာ-အနိုခ်ဍ် ပန်းပြောက်တခဲနက် ခြယ်လယ်သော သားမွေးအခင်းနို။

ဤ၌လည်း ဥက္ကာမယ သဒ္ဒါနှင့် ဘွင့်သောကြောင့် သားမွေးချည်ဖြင့် ပြီးသော အခင်းနိမျိုးသည်သာ အကပ္ပိယ၊ ဝါချည်, ပိုးချည်,လျှော်ချည်ဖြင့်ပြီးသော အခင်းနိမျိုးဖြစ်မူ ကပ္ပိယ၊ အတ္ထရဏသဒ္ဒါဖြင့် ဘွင့်ခြင်းကြောင့် ပန်းပြောက် ပန်းရွက် ထူထပ်သော သားမွေးကော်ဇောနိမျိုး, သားမွေးဖြင့် ပြီးသော ပန်းပြောက် ပန်းရွက် ထူထပ်သောအထည်မျိုးကို ပြုလုပ်သော အခင်းနိမျိုးကိုလည်းယူလေ၊ ယခုကာလ သုံးစွဲကြသော အနိုခ်ကော်ဇောများကား- လျှော်ချည်ကောဇောသာများ၏၊ သားမွေးကော်ဇောအနည်းငယ်မျှသာရှိ၏၊ အနိုခ်ဍ် ပန်းပြောက်ပင် ခြယ်သော်လည်း လျှော်ချည် ဖြစ်ခဲ့လျှင် ကပ္ပိယ၊ သားမွေးချည်မှ အကပ္ပိယ။

ဤ၌ အနိုဆိုသော်လည်း အကပ္ပိယ ဆိုးရည်မျိုးဖြင့် ဆိုးအပ်သော အနိုကိုယူ၊သက်နှံးဆိုးသော ကပ္ပိယဆိုးရည်ဖြင့် ဆိုးသောအနို,ပကတိ ဇာတိ သိုးမွေးနိမျိုးကား-ကပ္ပိယသာ။ ။ပဋ္ဌလိကာပြီး၏။

ကဋ္ဌိသ

၈။ ကဋ္ဌိသံ-ရှေ့ချည်,ငွေ့ချည်ဖြင့် ချုပ်လုပ် ခြယ်လယ်သော ရှုန့်ရင်းသော ပိုးချည်အခင်း။ "သိလက္ခန်ဒီကာကြီး"။

၀၁။ ကဋ္ဌိသံ-ရှေ့ချည်, ပိုးချည် ၂-ပါးရောစပ်၍ ရက်အပ်သော ပိုးချည်အခင်း။"ဝိမတိ"။

၀၂။ ကဋ္ဌိသံ- ပိုးချည်နှင့် ကဋ္ဌိသ မည်သော လျှော်ချည် ၂-ပါးရောစပ်၍ ရက်အပ်သော ပိုးချည်အခင်း။ "အဘိဓာန်ဒီကာ"။

ယင်းကို သိလက္ခန်ဒီကာသစ်၌ ကေစိဆိုသည်၊ ဤအခင်း၌ကား-ရတနာနှင့်ရောလျှင် အကပ်ပြီ၊ မရောလျှင်ကပ်ပြီ။ ။ကဋ္ဌိသပြီး၏။

ကောသေယျ

၉။ ကောသေယျ- ရှေ့ချည်,ငွေ့ချည် ရက်မှု, ချုပ်မှု,ခြယ်လယ်မှုရှိသော ပိုးချည်အခင်း၊ ချောမွေ့သော ပိုးချည်ကိုယူ။

ဤ၌လည်း ရတနာနှင့်ရောလျှင် အကပ်ပြီ၊ မရောလျှင် ကပ်ပြီ။

ဘုဒ္ဓကောသေယျ ပန ဝဋ္ဋတိ။
[အဋ္ဌကထာ။]

ရတနာနှင့်ရောခဲ့လျှင် ၀ါချည်,လျှော်ချည်ပင်ဖြစ်သော်လည်း အကပ်ယဿ၊ ကဋ္ဌိသသည်လည်း ကောသေယျမျိုးပင်ဖြစ်၏၊ ပိုးကြမ်း, ပိုးချောမျှသာ ကွဲကြ၏၊ ထို့ကြောင့် ထိုအဋ္ဌကထာပါဠိ၌ ကောသေယျသဒ္ဒါဖြင့် ကဋ္ဌိသကိုလည်း သဗ္ဗဟိသင့်ပေရကား--

ကဋ္ဌိသဉ္စ ကောသေယျဉ္စ ရတနပရိသိဒ္ဓိတာနိ နု ဝဋ္ဋန္တိ။ သုဒ္ဓါနိ ဝဋ္ဋန္တိ။

ဟူသော ခုဒ္ဒသိက္ခာဒီကာဟောင်းသည် ကောင်းမြတ်လှပေ၏။ ကောသေယျပြီး၏။

ဝိကတိကာ

၁၀။ ဝိကတိကာ-ခြသေ့ သစ်ကျားသားရဲရုပ်တို့ဖြင့် ချုပ်မှု, ရက်မှု, ခြယ်လယ်မှု ထူးဆန်းစွာပြုအပ်သော ဝိကတိကာမည်သော သားမွေးအခင်း။"ကျမ်းဂန်များ"။

၀၁-ခြေသွေ့ သစ်ကျား သားရဲရုပ်တို့ဖြင့်ရင်း, ရတနာတို့ဖြင့်ရင်း ထူးဆန်းစွာပြုအပ်သော ဝိကတိကာမည်သော သားမွေးအခင်း။ "ဝိမတိ"။

ဤ၌လည်း ဥဏ္ဏာမယသဒ္ဒါ, အတ္ထရဏသဒ္ဒါတို့နှင့်ဘွင့်၏၊ သားရဲရုပ်၏လည်း အကပ္ပိယရုပ်မျိုးဖြစ်ပေရကား- ၀ါချည်, ပိုးချည်, လျှော်ချည်ပင်ဖြစ်သော်လည်း သားရဲရုပ်ခြယ်လယ်သည်ဖြစ်အံ့၊ ရတနာနှင့်ရောသော ၀ါချည်,လျှော်ချည်အခင်းကဲ့သို့ အကပ္ပိယသာ။ ။ဝိကတိကာပြီး၏။

ဥဒ္ဒလောမိ, ကေန္တလောမိ

၁၁။ ဥဒ္ဒလောမိ-၂-ဘက်အမွေးထသော သားမွေးအခင်း။

၁၂။ ကေန္တလောမိ- တဘက်အမွေးထသော သားမွေးအခင်း၊

[ဝိနည်းအဋ္ဌကထာ။]

၀၁၊ ဥဒ္ဒလောမိ- တဘက်အမွေးထသော အမွေးအခင်း။ ကေန္တလောမိ-၂-ဘက်အမွေးထသော အမွေးအခင်း။

[သုဗ္ဗန်အဋ္ဌကထာ။]

အဿတ္ထိ-ဤသည် လွန်ကဲသောအနက်ကိုပြတတ်၏၊ ထို့ကြောင့် ဂေါနကအခင်းမျှနီးနီး လက်၄-သစ်ရှိအောင် ရှည်သောအမွေးကိုယူ၊ အမွေးရှိသော အထည်ဟူသမျှ တဘက်မွေး,၂- ဘက်မွေးမှ မလွတ်နိုင်ရာ။

မြတ်စွာဘုရားသည်လည်း—

အနုဇာနာမိ ဘိက္ခဝေ ပါ၀ါရံ၊ အနုဇာနာမိ ဘိက္ခဝေ ကောဇဝံ၊ အနုဇာနာမိ ဘိက္ခဝေ ကမ္မလံ။

ဟူ၍ အမွေးရှိသောအထည်မျိုးကိုလည်း ခွင့်ပြုတော်မူ၏၊ထို့ကြောင့် ဥဋ္ဌတသဒ္ဒါ, ပပ္ပဋသဒ္ဒါ, ဒသာသဒ္ဒါတို့နှင့် ဘွင့်ကြသည်အား လျှော်စွာ အဆာ အမြှောတ် အထူးရှည်သော အခင်းမျိုးကို ဤ၌ယူအပ်၏၊ ယခုကာလ၌ကား - ကော်ဇောမျိုးမှာ တဘက်ခမွေးကိုသာ မြင်ဘူး၏၊ ခြုံထည်မျိုးမှာသာ ၂-ဘက်မွေးကိုမြင်ရသည်။

ဤ၌လည်း ဥဏ္ဏာမယသဒ္ဒါနှင့် ဘွင့်ကြသောကြောင့် ၀ါချည်, ပိုးချည်, လျှော်ချည်ဖြစ်ခဲ့မူ ကပ္ပိယ၊ အတ္ထရဏသဒ္ဒါနှင့် ဘွင့်သောကြောင့်

သားမွေးဖြင့်ပြီးသော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်, ကမ္ဗလာထည်တို့ဖြင့် ပြုလုပ်သော ရှည်သောအမွေးရှိသော အဝင်းစုက်လည်း အကပ်ပိယ၌ သင်္ဂြိဟ်။ ။ဥဒ္ဒလောမိ,ကေန္ဒလောမိ၂-ပါးပြီး၏။

ကုတ္တက

၁၃။ ကုတ္တကံ-ထိုဒ္ဒတည်၍ ကချေသည်မ တကျိပ်ခြောက်ယောက် ကစလောက်အောင်ကျယ်သော သားမွေးအခင်း။

လက်၂- ဘက်ကို ဆန့်၍ကလျှင် ¦တယောက်တွက်တလံရ၏! ၄-ယောက်စီ ၄-တန်းပြုသော် အလျားဝ- လံခန့်, အနံ၄-လံခန့်ရှိရာ၏၊ တကျိပ်ခြောက်ယောက် က-စလောက်သည်မှစ၍ ထိုထက် ကျယ်သမျှ ကုတ္တကချည်း၊ထိုမှအောက်ကို ပမာဏယုတ္တ ညောင်စောင်းထက်ကျယ်သမျှသည် ဂေါနက၊ဥဒ္ဒလောမိ,ကေန္ဒလောမိ,ဟတ္ထတ္ထရ,မဟာပိဋ္ဌိယတို့ဒ္ဒဝင်၏။

ဤမှာလည်း ဥဏ္ဏာမယသဒ္ဒါ, အတ္ထရဏသဒ္ဒါတို့နှင့် ဘွင့်သည်ကို ပြဆိုခဲ့ပြီးသောအတိုင်းသိလေ။ ။ကုတ္တကပြီး၏။

ဟတ္ထတ္ထရ, အဿတ္ထရ,ရထတ္ထရ

၁၄။ ဟတ္ထတ္ထရံ-ဆင်ကျောက်ကုန်းမှာခင်းသောအခင်း။
၁၅။ အဿတ္ထရံ-မြင်းကျောက်ကုန်းမှာခင်းသောအခင်း။
၁၆။ ရထတ္ထရံ-ရထားပေါ်မှာခင်းသောအခင်း။
[အဂ်ုတ္တိရ်အဋ္ဌကထာ၌ကား-ဆင်ရပ်, မြင်းရပ်,ရထားရပ်ပါရှိသော အခင်းကိုလည်း ယူသေး၏။]

ဤ ၃-ပါးဒ္ဒကား- ဥဏ္ဏာမယ သဒ္ဒါမလာသောကြောင့် ဆင်ကျောက်ကုန်း, မြင်းကျောက်ကုန်း, ရထားခွင်နှင့် တိုင်း၍ အသီးပြုလုပ်သော အခင်းမှန်ခဲ့လျှင် ဘယ်ချည်မဆို အကပ်ပိယချည်းယူ၊ ဋီကာ-တို့ဒ္ဒ အမွေးလက် ၄-သစ်ရှိသော မဟာပိဋ္ဌိယ ကော်ဇောကိုပင်လျှင် ဟတ္ထတ္ထရဆိုလိုရပ်ရှိ၏။

မဟာပိဋ္ဌိယကောဇဝ ဒ္ဒိ ဟတ္ထိပိဋ္ဌိသု အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌ-ယဒ္ဒိလဒ္ဓသမည် စဘုရဂ်ုလပုပ္ပံ မဟာကောဇဝံ။
[စိဝရကွန္ဓကဋ္ဌကထာစု။]

ပါဠုလိရွာမင်းကွန်းဌ ဘုရားအမှုမှိုသော သံဃာတို့ နေထိုင်ရန် ဝဿကာရအမတ်တို့ခင်းကြသော အစီအရင်ကိုပြုဆိုရာ၌ကား-မဟာ-ဝိဇိယ ကော်ဇောတခြားဟတ္ထတ္ထရတခြား လာ၏၊မြန်မာတို့ မြင်းကုန်းနှီးကား-လဲသွတ်၏၊ မြင်းရထားအခင်းဌလည်း လဲသွတ်၏၊ မီးသင်္ဘော မီးရထားပဌမခန်း,ဒုတိယခန်းတို့ဌရှိသော အခင်းစုလည်း လဲအခင်းစုပင် ထင်၏။

ကောသလမင်းကြီးသည် အစိရဝတီ မြစ်ကမ်းမှာ အရှင်အာနန္ဒာအား ဟတ္ထတ္ထရကိုခင်း၍ ဤမှာထိုင်ပါဟု လျှောက်၏၊ အရှင်အာနန္ဒာ မထိုင်ဟု လာ၏၊ထို့ကြောင့် ဟတ္ထတ္ထရမှာလည်း လဲသွတ်သောအခင်းတမျိုးရှိရာ၏၊ လဲသွတ်သောအခင်းဟူသမျှသည် ဂိဟိဝိကဋပင်ဖြစ်သော်လည်း အကပ္ပိယသာ။ ။ဟတ္ထတ္ထရ၊ အသာတ္ထရ၊ ရထတ္ထရ ၃-ပါးပြီး၏။

အဇိနပဝေဏီ

၁၇။ အဇိနပဝေဏီ-သစ်နက်ရေကို ၂-ထပ် ၃-ထပ်ပြု၍ ညောင်စောင်းပမာဏ ချုပ်အပ်သော သစ်နက်ရေအခင်း။

ဤအခင်းကား-အကပ္ပိယ သားရေချိုးတည်း၊ အကပ္ပိယသားရေဟူသမျှသည် ဘုမတ္ထရဏကိစ္စ၌သာ အပ်သည်။ ။အဇိနပဝေဏီပြီး၏။

ကဒလိမိဂပဝရပစ္စတ္ထရဏ

၁၈။ ကဒလိမိဂပဝရပစ္စတ္ထရဏံ- အဝတ်ဖြူပေါ်၌ ဝံပိုင့်ရေကို ခင်း၍ချုပ်၍ ပြုအပ်သော မြတ်သောအပေါ်လွှမ်းအခင်း။

ဤအခင်းလည်း အကပ္ပိယသာ၊ သီလကွန်ဒိုကာသစ်ဌကား-သက်သက်သော ဝံပိုင့်ရေသည် ကပ္ပိယဟူ၏။

သုဒ္ဓဝေဝကဒလိမိဂစမ္မံ ဝဋ္ဋတိတိ ဝဒန္တိ။

[ဎင်းဒီကား]

ကဒလိဒိဂလားရေသည် အကပ္ပိယသားရေမျိုးဖြစ်ရကား- ထိုစကားကိုဆင်ခြင်။ ။ကဒလိဒိဂပဝရပစ္စတ္ထရဏပြီး၏။

သဉ္ဇာရဆ္ဆဒ

၁၉။ သဉ္ဇာရဆ္ဆဒံ-အထက်ဂို ဖြန့်ကြက်အုပ်မိုးသော ပိတာန်မျက်နှာကြက်နီရှိသော ညောင်စောင်း, အင်းပျဉ်, ပလ္လင်, ဘဒိုင်မျိုး။

ကပ္ပိယ ညောင်စောင်း အင်းပျဉ်ပင် ဖြစ်သော်လည်း ဗိတာန်နိမိုး လျက်ရှိခဲ့လျှင် အကပ္ပိယဖြစ်၏၊ ကပ္ပိယပစ္စတ္ထရဏသည်လည်း ဗိတာန်နိမိုးလျက် ရှိခဲ့လျှင် အကပ္ပိယဖြစ်၏- ဟူလိုသည်၊ ဗိတာန်နိပင်ဖြစ်သော်လည်း ကပ္ပိယဖန်ရည်ဆိုးသော အနိုဖြစ်ခဲ့မူ အပ်ပါ၏၊ဝတ်ပန်းစသော အကပ္ပိယအရည်ဖြင့် ဆိုးလျှင်သာ မအပ်သည်။

ရတ္တာဝိတာနေသု စ ကာသာဝံ ဝဋ္ဋတိ၊ ကုသုမ္ဘာဒိရတ္တမေဝ နဝဋ္ဋတီတိ ဂဏ္ဌိပဒေသု ဝုတ္တံ။

[ဝဇိရ, သာရတ္ထ။]

ဗိတာန်နိဆိုသည်ကား-အလုံးစုံနိမ့ အကပ္ပိယ- အထူးထူးသော အဆင်းရှိသော ဗိတာန်, ပန်းချီဆေးရေးမှုဖြင့် ဆန်းကြယ်သော ဗိတာန်များကား-ကပ္ပိယ။"ဝိမတိ"။

ရတ္တာဝိတာနေနာ တိ သဗ္ဗရတ္တာဝိတာနေန၊ ယံ ပန နာနာ-ဝဏ္ဏံ ဝါ လေပစိတ္တံ ဝါ၊ တံ ဝဋ္ဋတိ။

[ဂင်းပါ၌။]

ဝိနိစ္ဆယဋီကာ၌ကား-နိသောအဆင်းများလျှင်မအပ်-ဟူ၏။ ယေဘုယျေနရတ္တာဝိတာနမ့ို နဝဋ္ဋတိ။

[ဂင်းပါ၌။]

အဋ္ဌကထာ၌ကား-ဗိတာန်ဖြူ, မျက်နှာကြက်ဖြူကိုသာ ကပ္ပိယဆို၏၊ ထိုဗိတာန်ဖြူသည်လည်း အောက်မှာ အကပ္ပိယ အခင်းရှိခဲ့မူ အကပ္ပိယဖြစ်ပြန်၏၊ကပ္ပိယအခင်းရှိခဲ့မူ ကပ္ပိယဖြစ်၏-ဟုဆို၏။

သေတဝိတာနမ့ို ဟေဋ္ဌာ အကပ္ပိယ ပစ္စတ္ထရဏော သတိ နဝဋ္ဋတိ၊ အသတိ ပန ဝဋ္ဋတိ။

[အဋ္ဌကထာ။]

အောက်၌ ကပ္ပိယအခင်းပင် ဖြစ်သော်လည်း ဗိတာန်နိဖြစ်ခဲ့လျှင် အကပ္ပိယသာ။

ရတ္တာဝိတာနသ ဟေဋ္ဌာ ကပ္ပိယပစ္စတ္ထရဏော သတိပိ နဝဋ္ဋတိ ယေဝ။

[ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာဟောင်း။]

ဤအဆိုများကို ထောက်မြော်သော-သဉ္ဇာရစ္ဆဒံ၊ ဗိဓာန်နိအမိုး ရှိသော ပစ္စတ္ထရဏအခင်း-ဟု အနက်ဆိုသင့်၏၊ ပစ္စတ္ထရဏသဒ္ဒါနှင့် ဆိုသောကြောင့် ညောင်စောင်း,အင်းပျဉ်ပေါ်မှာ ဆိုလိုရင်း-ဟုသိအပ်၏။

မေးမြန်းဘွယ်

မေး။ "အထက်၌ ဗိတာန်မျက်နှာကြက်နီ ကြက်မိုး၍ အောက်ကြမ်းပြင်ဖျာသင်ဖြူးပေါ်၌ ဂေါနကစသည်ကို ဘုမတ္ထရဏကိစ္စနှင့် ခင်းထားရာ၌ အိပ်ခြင်း,ထိုင်ခြင်းငှါ အပ်မည်လော၊ မအပ်မည်လော၊မေးရန်—

ဖြေ။ "အနုဇာနာမိ ဘိက္ခဝေ ဘုမတ္ထရဏံ ကာတုံ-ဟူသော အနုညာတအတိုင်းပင်ကျ၏၊ အပ်ပါ၏-ဖြေ။

သေတဝိတာနမ္ပို ဟေဋ္ဌာ အကပ္ပိယပစ္စတ္ထရဏော သတိ နဝဋ္ဋတိ။ အသတိ ပန ဝဋ္ဋတိ-ဟူသောအဋ္ဌကထာပါဠိဖြင့် အနုဇာနာမိ ဘိက္ခဝေ ဝိတာနံ-ဟူသော အနုညာတဗိတာန်သည် အဖြူသက်သက်တည်းဟုသိအပ်၏၊ ထိုဗိတာန်ဖြူကြက်မိုးသော ညောင်စောင်း, အင်းပျဉ်, ပလ္လင်,ဘဒ္ဒိုင်မူကား-ကပ္ပိယ။

မေး။ "ကပ္ပိယပစ္စတ္ထရဏလည်းမရှိ၊ အကပ္ပိယပစ္စတ္ထရဏလည်းမရှိ၊ ဗိတာန်နီသက်သက် ကြက်မိုး၍ထားသော ညောင်စောင်းသည် အပ်မည်လော-မအပ်မည်လော၊မေးရန်—

ဖြေ။ "ညောင်စောင်း၌ ကြက်မိုး၍ ထားအပ်သော ဗိတာန်နီ-သည် ပစ္စတ္ထရဏသို့လိုက်၍ ကပ္ပိယ, အကပ္ပိယဖြစ်သည် မဟုတ်၊ အသီးသော အကပ္ပိယမူတခုပေတည်း။

မေး။ "သို့မှန်ခဲ့သော် အဋ္ဌကထာဋီကာတို့မှာ ပစ္စတ္ထရဏနှင့် ဘက်တွဲ၍မဆိုသင့်-ဟူပြားအုံ့။

ဖြေ။ "ဗိတာန်ဖြူ၏လည်း သဉ္ဇာရစ္ဆဒပုဒ်တွင် ပါဝင်ခွင့်ရှိသည်ကို ပြလိုရှိ၍ဆိုပေရကား-ဆိုသင့်ပါ၏-ဟူပေ။

ဆင်ခြင်၍ယူ။ ။သဉ္ဇာရစ္ဆဒပြီး၏။

ဥဘတောလောဟိတကူပဓာန

၂၀။ ဥဘတော လောဟိတကူပဓာနံ-ခေါင်းရင်း,ခြေရင်း၂-ဌာနဌ် အုံးနှိ၂-လုံးရှိသောညောင်စောင်း, အင်းပျဉ်, ခဋင်, ဘဒိုင်။

ကပ္ပိယ ညောင်စောင်း အင်းပျဉ်,ကပ္ပိယပစ္စတ္ထရဏာပင် ဖြစ်သော်လည်း အထက်ဌ်အုံးနှိ၂-လုံးရှိခဲ့လျှင် အကပ္ပိယဖြစ်၏-ဟူလိုသည်။

ဤပုဒ်မှာ အဋ္ဌကထာဌ်ပင် မဠုဿ ဥဘတော လောဟိတကူပဓာနံ-ဟူ၍ဆိုသောကြောင့် ညောင်စောင်း,အင်းပျဉ်ပေါ်မှာ ဆိုလိုသည်၊ ဘုရားတို့ရဏာကိစ္စ ကပ္ပိယဖြစ်သော မဟာသယနစုသည် ညောင်စောင်း, အင်းပျဉ်ပေါ်ဌ် အကပ္ပိယဖြစ်၏၊ ကပ္ပိယဖြစ်သောညောင်စောင်း,အင်းပျဉ်သည် မဟာသယနအခင်းစု ခင်းအပ်သည်ရှိသော် အကပ္ပိယဖြစ်၏၊ ကပ္ပိယ ညောင်စောင်းအင်းပျဉ်, ကပ္ပိယ ပစ္စတ္ထရဏာစုသည် အထက်ဌ် ဗိတာန်နှိရှိခဲ့သော်ရင်း, အုံးနှိ၂-ခုရှိခဲ့သော်ရင်း အကပ္ပိယဖြစ်၏၊ ဤသို့ ယှဉ်တွဲဘက်စပ်ရှိဖြစ်သော ဒေသနာအရာ ဖြစ်ပေသောကြောင့် အကပ္ပိယစစ်မှဌ် ဌာန,ဌာနိဘက်တွဲမှုကို အလိုရှိအပ်၏။

ကပ္ပိယညောင်စောင်းပေါ်မှာ အကပ္ပိယအခင်း ခင်းရှိ အိပ်ရာဌ် အခင်းအတွက်သာ အပြစ်ရှိသည်၊အခင်းသာ အကပ္ပိယ၊ညောင်စောင်းအတွက်အပြစ်မရှိ၊ညောင်စောင်းကား-ကပ္ပိယ၊ဤသို့စစ်မှုကိုမလိုအပ်၊ ညောင်စောင်းအတွက်ကြောင့် အခင်းလည်း အကပ္ပိယ ဖြစ်ရသည်၊ အခင်းအတွက်ကြောင့် ညောင်စောင်းလည်း အကပ္ပိယဖြစ်ရသည်၊ ဤသို့ အကပ္ပိယမှဌ် တပါးသည် တပါး၏အင်္ဂါ ဖြစ်ကြသည်ကို လိုအပ်သတည်း။

အုံးနှိပင်ဖြစ်သော်လည်း တလုံးသာရှိမူ ထိပ်၂- ဘက်ဌ် အနှိပိတ်သော်ရင်း, ပဒုမာ ကြာအဆင်းရှိသော အထည်ပိတ်သော်ရင်း, ပန်းပြောက် ပန်းနွယ် ဆန်းကြယ်သော အထည်ပိတ်သော်ရင်း ပမာဏယုတ္တဖြစ်ခဲ့မူ အပ်ပါ၏။

ယံ ပန ကေမေဝ ဥပဓာနံ ဥဘောသု ပဿေသု ရတ္တံ ဝါ ဟောတိ ပဒုမဝဏ္ဏံ ဝါ ဝိစိတြံ ဝါ၊သစေ ပမာဏယုတ္တံ ဟောတိ၊ဝဋ္ဋတိ၊ မဟာဥပဓာနံ ပန ပဋိက္ခိတ္တံ။

[အဋ္ဌကထာ။]

နိသောအဆင်းမျှားလျှင်ပင် ၂-လုံးမအပ်ပြီ။"ဂဏ္ဌိပုဒ်စု"။

ယေဘုယျရတ္တာနိုပိ ဒွေဗိဗ္ဗောဟနာ နိ နု ဝဋ္ဋန္တိတိ ဂဏ္ဌိ-ပဒေသု ဝုတ္တံ။

[ဝိနိစ္ဆယဋ္ဌကာ။]

ဝိမတိအလိုကား-အနိသက်သက်သာမအပ်သည်၊အဆင်းတပါးရော လျှင်ပင် အပ်သည်ဟူ၏။

အနိမဟုတ်ခဲ့မူ ၂-လုံးပင်အပ်၏၊ ၂-လုံးထက်လွန်၍ကား-မထားရ။

အလောဟိတကာနိ ဒွေပိ ဝဋ္ဋန္တိ၊တတော ဥတ္တရိ လဘိတ္တာ အညေသံ ဒါတဗ္ဗာနိ-စသည်။

[အဋ္ဌကထာ-ရှေးဦးလည်းဆိုခဲ့ပြီ။]

ဤဦးလည်း အနိဆိုသည်ကား-ဝတ်ပန်းစသည်ဖြင့် ဆိုးသောအနိကို ယူ၊ သက်နိုးဆိုးသော ဖန်ရည်သည်ကား-ရတ္တ-ဟူသော ဝေါဟာရသို့ မရောက်၊ ထို့ကြောင့် ဗိတာန်ဦးဂုဏ်း, ဤအုံးဦးဂုဏ်း သက်နိုးအဆင်းမျိုး သည် အပ်၏၊"ဝိမတိ"။

ကသာဝံ ပန လောဟိတကဝေါဟာရံ နု ဂစ္ဆတိ၊ တသ္မာ ဝိတာနေပိ ဥဘတောလောဟိတကူပဓာနေပိ ဝဋ္ဋတိ။

[ဂုဏ်းပါ၌။]

ဤအတူ အကြင်ဆိုးရည်မျိုးတို့သည် သက်နိုးဦးအပ်ကုန်၏၊ ထိုဆိုး ရည်မျိုးတို့ဖြင့် ဆိုးအပ်ကုန်သော သားမွေးဖြင့်ပြီးကုန်သော သကလပ် ထည်, ဖဲထည်, ကတ္တီပါထည်, ကမ္ဗလာထည်တို့ဖြင့် ပြုလုပ်သောအခင်း ဟူသမျှတို့သည်လည်း ကပ္ပိယတို့သာတည်း၊သက်နိုးဦး အပ်သမျှတို့သည် အခင်းဦးမအပ်သည် မရှိကုန်ပြီ။

ထို့အတူ အဖြိတ်အဆာဖြစ်အောင် စိုက်၍ရက်သဖြင့် အလွန်ရှည် ခြင်းတည်းဟူသော အမွေး၏ ဘောက်ပြန်ခြင်းလည်းမရှိ၊ အဆင်း တောက်ပအောင် အကပ္ပိယဆိုးရည်ဖြင့် ဆိုးခြင်းလည်းမရှိ၊ပကတိ သိုး မွေးအတိုင်း ရက်အပ်သော ကော်ဇောဖြူ, ကော်ဇောနီ, ကော်ဇော ဝါ, ကော်ဇောပြောက်, ကော်ဇောကျားစုသည်လည်း ကပ္ပိယချည်း သာ။ ။ဥဘတောလောဟိတကူပဓာနပြီး၏။

ဝါဒညှိ၍ရှင်းလင်းချက်ပြီး၏။

၄-အခင်း၂-မျိုးတို့၏အထူး

၈မေး။ "ပြဆိုခဲ့ပြီးသော အခင်းတို့တွင်-ဂေါနက, စိတ္တက, ပဋိကာ, ပဌလိကာ, ဝိကတိကာ, ဥဒ္ဒလောမိ, ကေန္တလောမိ, ကုတ္တက, ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ, ဤ ၁၁-ခု တို့သည် ကောသေယျဝဂ်မှာလာသော သန္ဓတ အခင်းတို့နှင့် အဘယ်သို့ ထူးခြားကြကုန်သနည်း။

၈ဖြေ။ "ဤ၁၁-ခု တို့ကား-ရက်ထည်တို့ပေတည်း၊ ခင်းရှိလုပ်သော အထည်မျိုးမဟုတ်ကုန်၊ ကောသေယျဝဂ်၌ လာသော အထည်တို့ကား-ခင်းထည်မျိုးတို့တည်း၊ ရက်ရှိလုပ်သော အထည်မျိုးမဟုတ်ကုန်၊ မဟာသယနအရာတွင် ပါဝင်သော အခင်းတို့လည်းမဟုတ်ကုန်၊ သိက္ခာပုဒ်ရင်း၌ မြစ်ပယ်တော်မူသောအမှုကို လွတ်အောင်ပြု၍ ညောင်စောင်း,အင်းပျဉ် ပေါ်၌ပင် ခင်းရှိသုံးဆောင်အပ်ကုန်၏၊ ညောင်စောင်း, အင်းပျဉ်ပေါ်၌ ခင်းရန်မဟုတ်၊ဘူမတ္ထရဏ အကျိုးငှါပြု၍ ဘူမတ္ထရဏကိစ္စနှင့် သုံးဆောင်ခဲ့လျှင် မြစ်ပယ်မှုပင်မရှိကုန်၊ ထို့ကြောင့် ထိုသိက္ခာပုဒ်တို့၏ အနာပတ္တိဝါရတို့၌— အနာပတ္တိ ဝိတာနံဝါ ဘူမတ္ထရဏံဝါ သာဏိပါကာရံ ဝါ ဘိသိံဝါ ဗိမ္ဗောဟနံ ဝါ ကရောတိ။

ဟူ၍သိက္ခာပုဒ်တိုင်းမှာပင်လာသည်။

ထိုအခင်းတို့၌ ပိုးချည်ရောမှ, မည်းနက်သော သိုးမွေးဒွေဘာဂ ထက်လွန်မှု၊ ၅၂-ချက်သာ အဆင်းအတွက်, ချည်အတွက်မြစ်ပယ်ချက်ရှိသည်၊ ထို၂-ချက်မှ လွတ်လျှင် အဆင်းအတွက်လည်း အပြစ်မရှိ၊ ချည်အတွက်လည်း အပြစ်မရှိ၊ရတနာခြယ်လယ်ခဲ့သော်ရင်း,သားရဲရုပ်ခြယ်လယ်ခဲ့သော်ရင်း မဟာသယန၌ အလျော်အားဖြင့်သွင်း၍ ညောင်စောင်း, အင်းပျဉ်၌ခင်းမှုကို ရှောင်ကြဉ်ရာ၏၊ အဘိုးများစွာထိုက်တန်သော အခင်းမျိုးမဟုတ်၊ ရက်ထည်ကို မသုံးနိုင်ကြကုန်သောသူတို့၏ အသုံးအဆောင်မျိုးပေတည်း၊ ရဟန်းတို့ကိုယ်တိုင်ပင် ပြုလုပ်ခြင်းငှါ တတ်ကောင်းကုန်၏။

အခင်း ၂-မျိုးတို့၏အထူးပြီး၏။

၅-လောကဋ္ဌခင်းကြပုံအစီအရင်

ယခုအခါ ဂေါနက အစရှိသောအခင်းတို့ကို လောကဋ္ဌ ခင်းကြပုံ အစီအရင်ကိုပြဆိုပေအုံ့။

သုနိဓ, ဝဿကာရအမတ်ကြီးတို့သည် ပါဋလိရှာ မင်းကွန်းရုံး တော်ကြီးမှာ သံယာတော် ၅၀၀-နှင့်တကွ မြတ်စွာဘုရား နေထိုင်ရန် ခင်းကြပုံကိုပြဆိုအုံ့။

၁။ ရှေးဦးစွာ မင်္ဂလာအကျိုးငှါ နွားချေးလိမ်းကျံသည်။

၂။ နွားချေးသွေ့ခြောက်လျှင် အနံ့ပျောက်ကင်းရန် နံ့သာမျိုး ၄-ပါးလိမ်းကျံသည်။

၃။ ၎င်းအပေါ်မှာ ဖျာကြမ်း,ဖျာချောခင်းသည်။

စတုဇာတိယဂန္ဓေဟိ လိမ္ပိတွာ ဥပရိ နာနာဝဏ္ဏေ ကဋ-သာရကေ သန္ထရိတွာ။

[အဋ္ဌကထာ။]

၄။ ဖျာကြမ်း,ဖျာချောအပေါ်မှာ မဟာပိဋ္ဌိယစသော ကော်ဇောကြမ်းကြီးခင်းသည်။

တေသံ ဥပရိ မဟာပိဋ္ဌိယကောဇဝါဒိကေ အာဒိံ ကတ္ဝာ ဟတ္ထတ္ထရဏာဒိဟိ နာနာဝဏ္ဏေဟိ အတ္ထရဏေဟိ သန္ထရိ-တဗ္ဗ ယုတ္တဋ္ဌာနေသု သန္ထရာပေသုံ။

ဤအထပ်မှာ မဟာပိဋ္ဌိယစသော ကော်ဇောကြီးတို့နှင့် ဟတ္ထတ္ထရ စသော အခင်းကြီးတို့ကို အထက်, အောက် ခြားနားမှု မဆိုပြု၊ အာဒိ သဒ္ဒါ ၂-ချက်ပါ၏၊ပဌမအာဒိသဒ္ဒါဖြင့်-ဂေါနက,ကုတ္တက,ဥဒ္ဒလောမီ, ကေနဒ္ဓလောမီ, ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ- ဟူသော ကော်ဇောကြမ်း, အခင်းကြမ်းကြီးတို့ကိုယူ၊ ဒုတိယအာဒိသဒ္ဒါဖြင့် စိတ္တက, ပဋိကာ, ပဋလိကာ, ဝိကတိကာ-ဟူသော အချောလတ်အခင်းတို့ကို ယူ။

၅။ ထိုအခင်းကြမ်း အခင်းလတ်တို့၏ အပေါ်မှာ- မဟာရဟ ဖြစ်သောဘုရားနေရာကိုခင်းသည်။

မဇ္ဈဋ္ဌာနေ တာဝ မင်္ဂလထမ္ဘံ နိဿာယ မဟာရဟံ ဗုဒ္ဓါသနံ ပညပေတွာ။

တာဝ၊ ရှေးဦးစွာ။ မဇ္ဈဌာနေ၊ အလယ်အရပ်၌။ မဂ်လထမ်္ဘံ၊ မဂ်လာရှိသော သီတိုင်ကို။ နိဿာယ၊ မှီ၍။ မဟာရဟံ၊ မြင့်မြတ်သောသူတို့အားသာ ထိုက်တံသော။ ဗုဒ္ဓါသနံ၊ ဘုရားနေရာကို။ ပညေ-ပေတွာ၊ ခင်း၍။ပေး။

ဆင်စွယ်ညောင်စောင်း,ရွှေညောင်စောင်း,သဘော့ဖျာသင်ဖြူးနှင့် သင်ဖြူးချောတို့ကိုပယူ။

၆။ ထိုအပေါ်မှာ နူးညံ့လှစွာသော နှစ်သက်ဘွယ်ရှုချင်ဘွယ် ကောင်းလှသော ပစ္စတ္ထရဏ အခင်းတို့ကိုခင်းသည်။

တတ္ထ ယံယံ မုဒုကဉ္စ မဇနာရမ္မဉ္စ ပစ္စတ္ထရဏံ၊ တံတံ ပစ္စတ္ထရိတ္ဝာ။

အလွန်ချောမွေ့သော ကော်ဇောမျိုး,အခင်းမျိုးနှင့်တကွ ကဋ္ဌိဿ, ကောသေယျ, အဇိနပဝေဏိ, ကဒလိမိဂပဝရ ပစ္စတ္ထရဏတို့ကိုယူ။

၇။ ထိုအပေါ်မှာ ခေါင်းရင်း, ခြေရင်း ၂-ဌာနတို့၌ အလွန်နီလှစွာသော နှစ်သက်ဘွယ် ရှုချင်ဘွယ်ကောင်းလှသော အုံးနီ ၂-ခုကိုထားသည်။

ဥဘတော လောဟိတကံ မဟာဥဒ္ဓဃနံ ဥပဓာနံ ဥပ-ဒဟိတ္ဝာ။

ဥဘတော၊ ခေါင်းရင်း,ခြေရင်း ၂-ဘက်၌-အနက်ပေး။

၈။ ထိုညောင်စောင်း၏ အထက်၌ ရွှေကြယ်, ငွေကြယ်တို့ဖြင့် ဆန်းကြယ်လှစွာသော ဗိတာန်မျက်နှာကြက်ကြီးကို ဆွဲသည်။

ဥပရိ သုဝဏ္ဏရဇတတာရကဝိစိတ္တံ ဝိတာနံ ဗန္ဓိတ္ဝာ။

၉။ အနောက်နံရံကိုမှီ၍ သံဃာတော်တို့ နေထိုင်ရန်ပလ္လင်အင်းပျဉ်, အမှီအင်းပျဉ်,ညောင်စောင်း,အင်းပျဉ်-စသည်တို့ကိုခင်းသည်။

သံဃဿ ပလ္လင်္ကဝိဒ္ဓ အပဿယဝိဒ္ဓ မဗ္ဘဝိဒ္ဓာဒိနိ ပညေ-ပေတ္ဝာ။

ဤပါဠိ၌–သားရဲရုပ်မရှိသော ပလ္လင်ငယ်ကို ပလ္လင်္ကဝိဒ္ဓဆိုသည်။

၁၀။ ထိုအပေါ်မှာ အဝတ်ဖြူအစရှိသော ပစ္စတ္ထရဏတို့ကိုခင်းသည်။

ဥပရိ သေတ ပစ္စတ္ထရဏောဟိ ပစ္စတ္ထရာပေတွာ။

ဤသို့ကျမ်းဂန်တို့၌ ခင်းပုံအစီအရင်လာသည်။

တိကအင်္ဂုတ္တိရိပါဠိတော်၌ကား-

၁။ တခုသော ပလ္လင်ပေါ်၌ဂေါနက အခင်းကြမ်း၊ ပဋိကာ, ပဋလိကာ, အခင်းလတ်၊ ကဒလိမိဂ အခင်းချောတို့ကို ခင်း၍ ဗီတာန်နှီ, အုံးနှီတို့ကိုထားသည်ဟုလာ၏။

၂။ ပစ္စတ္ထရဏခေါ်သော အခင်းနှ အခင်းချောတို့ကိုကား- အခင်းလတ်တို့၏ အပေါ်မှာ အိပ်မည့်နေရာ, ထိုင်မည့်နေရာတွင်ရှေ့ ခင်းသည်၊ တပြင်လုံးခင်းသည်မဟုတ်။

၃။ အခင်းလတ်တို့ကိုကား- အဆင်းအရောင်တို့ဖြင့် အတင့်အတယ်ရှုဘွယ်မငြီးဖြစ်စေခြင်းငှါ အနှံ့အပြားခင်းသည်။

၄။ ထိုအခင်းလတ်တို့၏ အောက်၌ ဂေါနကစသောအခင်းကြမ်းကြီးတို့ကို အနှံ့အပြားခင်းသည်၊ ထိုအောက်၌ ဖျာကြမ်း,ရိုင်ကြမ်းတို့ကိုခင်းသည်။

ပစ္စတ္ထရဏအခင်းတို့၏ ကိစ္စကား-အိပ်သောထိုင်သောသူ၏ ကိုယ်မှဖြစ်သော ချွေး အညစ်အကြေးတို့ကြောင့် အခင်းလတ်တို့၌ အသွေးအရောင်မပျက်စေခြင်းငှါရင်း, ကိုယ်၌ နှုးညံ့ချောမွေ့သော အတွေ့ကိုရစေခြင်းငှါရင်း ဖြစ်၏။

လောကဒ္ဒခင်းကြပုံအစီအရင်ကိုပြဆိုခဏ်းပြီး၏။

ဒုတိယခဏ်းပြီး၏။

(၈) တတိယခဏ်း

၁-ကပ္ပိယ, အကပ္ပိယစစ်တမ်း

ယခုအခါ အဓိဋ္ဌာန်တင်မှုနှင့် စပ်၍ ကပ္ပိယ, အကပ္ပိယစစ်တမ်းကိုဆိုပေအုံ့။

၁။ သိုးမွေးဖြင့်ပြီးသော အမွေးရှည်သော ကော်ဇောကြီးမျိုး ဟူသမျှသည်လည်းကောင်း,

၂။ သိုးမွေးဖြင့် ပြီးကုန်သော အကပ္ပိယဆိုးရည်ဖြင့် ဆိုးအပ်ကုန်သော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်, ကမ္ဗလာထည်တို့ကို ပြုလုပ်သော အခင်းမျိုးတို့သည်လည်းကောင်း,

၃။ အမွေးလက် ၄-သစ်ရှည်သော ဝါချည်, ပိုးချည်, လျှာ်ချည် အခင်းစုသည်လည်းကောင်း,

၄။ လဲသွတ်သောအခင်းမျိုးသည်လည်းကောင်း,

၅။ အမှတ်မရှိသောချည်ဖြင့် ရက်သော ရတနာ ခြယ်လယ်သော အခင်းမျိုး, သားရဲရုပ် ခြယ်လယ်သော အခင်းမျိုးသည်လည်းကောင်း–

ဤအလုံးစုံသော ကော်ဇောမျိုး,အခင်းမျိုးသည် အကပ္ပိယအခင်းမျိုးဖြစ်၏၊ညောင်စောင်း, အင်းပျဉ်ပေါ်၌ ခင်း၍အိပ်ခြင်း ထိုင်ခြင်းကိုလည်းမပြုအပ်၊ ပုဂ္ဂလိကလျှော်၍ရသော်လည်း အဓိဋ္ဌာန်ဝိကပ္ပနာလည်းမလိုက်၊ ဘုရားတို့ရဏ အနေနှင့်သာ သုံးဆောင်ရ၏။

အမွေးလက် ၄-သစ်အောက်ယုတ်သော ဝါချည်ဖြင့် ပြီးသော ကော်ဇောမျိုး,အခင်းမျိုး၊ပိုးချည်ဖြင့်ပြီးသောကော်ဇောမျိုး,အခင်းမျိုး၊ လျှာ်ချည်ဖြင့် ပြီးသော ကော်ဇောမျိုး,အခင်းမျိုးတို့သည်ကား-ကပ္ပိယအခင်းမျိုးတို့သာတည်း၊ ထိုကပ္ပိယအခင်းမျိုးတို့၌လည်း အဓိဋ္ဌာန်မှု, ဝိကပ္ပနာမှုကို ရွေးချယ်ခွင့်ရှိ၏၊ ကောသေယျဝဏ်၌လာသော ခင်း၍လုပ်သောသိုးမွေးအခင်းတို့၌လည်း အဓိဋ္ဌာန်မှု, ဝိကပ္ပနာမှုကို ရွေးချယ်ခွင့်ရှိ၏။

ရက်၍ ပြုလုပ်သော သားမွေးထည်မျိုးပင်ဖြစ်သော်လည်း သက်နှံ၌ အပ်သော ကပ္ပိယဆိုးရည်ဖြင့် ဆိုးအပ်သော ကော်ဇောမျိုး,အခင်းမျိုးသည်လည်းကောင်း, သိုးကောင်၌ရှိသော ပကတိအဆင်းအတိုင်းပြုလုပ်သော ကော်ဇောမျိုး,အခင်းမျိုးသည်လည်းကောင်း ကပ္ပိယဖြစ်၏၊ ထိုကပ္ပိယအခင်းမျိုး၌လည်း အဓိဋ္ဌာန်မှု, ဝိကပ္ပနာမှုကို ရွေးချယ်ခွင့်ရှိ၏။

ပကတိအဆင်းအတိုင်းပင် ဖြစ်သော်လည်း အမွေးလက် ၄-သစ် မျှရှည်၍ ပမာဏယုတ္တညောင်စောင်းထက် အလျားအနံကျယ်ခဲ့ပြန်မူ မဟာပိဋ္ဌိယကော်ဇောမျိုးဖြစ်၍ အကပ္ပိယဖြစ်ပြန်၏။

၁။ အနုဇာနာမိဘိက္ခဝေကောဇဝံ၊ "စိဝရကွန္ဓကပါဠိတော်"။

၂။ အနုဇာနာမိ ဘိက္ခဝေ ကောဇဝ န္တိ ဣဒေ ပကတိကောဇ-ဝမေဝ ဝဋ္ဋတိ၊ မဟာပိဋ္ဌိယကောဇဝံ နု ဝဋ္ဋတိ၊မဟာပိဋ္ဌိယ ကောဇဝန္တိ ဥဏ္ဏာမယော ပါဝါရသဒိသောကောဇဝေါ။ "အဋ္ဌကထာ"။

၃။ မဟာပိဋ္ဌိယကောဇဝန္တိ ဟတ္ထိပိဋ္ဌိသု အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသမည်ံ စတုရင်္ဂုလပုပ္ဖံ ကောဇဝံ။ "ဋီကာ"။

ပကတိကောဇဝမေဝ ဝဋ္ဋတိ-၌ ပကတိကော်ဇော ဆိုသည်ကား-ဂေါနကအစရှိသော အကပ္ပိယဝိကတိမျိုးမှ ကင်းသော ကော်ဇော တည်း။

၁။ အလျားအနံကြီးမှု ဝိကတိတပါး။
၂။ အမွေးရှည်မှု ဝိကတိတပါး။
၃။ အဆင်းတပ်စွန်းတောက်ပအောင် ပြုမှု ဝိကတိတပါး။
၄။ ပန်းပြောက် ပန်းနွယ် ခြယ်လယ်မှု ဝိကတိတပါး။
၅။ သားရဲရုပ်ခြယ်လယ်မှု ဝိကတိတပါး။
၆။ ရတနာ ခြယ်လယ်မှု ဝိကတိတပါး။

၅ပါဝိကတိတို့ကို မဖြစ်စေဘဲ အလျားအနံညောင်စောင်း ပမာဏ ထက် မကြီးစေမူ၍ အမွေးလက် ၄-သစ်ခန့်တိုင်အောင် မရှည်စေမူ၍ ဝတ်ပန်းစသော တောက်ပတပ်စွန်းသောအကပ္ပိယဆိုးရည်မျိုး မဆိုးမူ၍ ရတနာခြယ်မှု, သားရဲရုပ်ခြယ်မှုမှကင်း၍ သိုးကောင်၌ရှိသော ဇာတိအဆင်းအတိုင်း ပြုလုပ်သော သားမွေးကော်ဇောမျိုး, ကပ္ပိယ ဖန်ရည်ဆိုးသော သိုးမွေးချည်တို့ဖြင့်ရက်သော သားမွေးကော်ဇော မျိုးတို့ကို ပကတိကော်ဇောဆိုသည်။

အဋ္ဌကထာ၌--

မဟာပိဋိယသဒ္ဒါဖြင့် အလျားအနံကျယ်ခြင်း, အမွေးရှည်ခြင်း ဟူသော ဝိကတိ ၂-ပါးကိုသာ အကပ္ပိယဟု ပြဆိုခြင်းသည် ပကတိ ပသင်္ဂအားကြီးရာကို ပြဆိုခြင်းပေတည်း၊ ပကတိ သိုးမွေးအတိုင်းတွင် အလျားအနံကြီးရုံမျှ အမွေးရှည်ရုံမျှဖြစ်သော မဟာပိဋိယ ကော်ဇော သည် ပကတိကောဇဝပင်ဟု မှတ်ထင်ဘွယ် အားကြီး၏၊ ထို့ကြောင့် ပကတိကောဇဝမေဝ ဝဋ္ဋတိ၌ ပကတိသဒ္ဒါမျှနှင့် မပြီး၍ အသီးထုတ် ပြရသည်။

ကြွင်းသော ဝိကတိမှုတို့၌ကား- ဝိကာရကိစ္စ ထင်ရှားလှ၏၊ ထို့ကြောင့် ပကတိသဒ္ဒါနှင့်ပင် နစ်စေရန်ကိစ္စ ထင်ရှားလှပြီဖြစ်၍ ပကတိကောဇဝမေဝ ဝဋ္ဋတိ၊ ဂေါနကာဒိနိ နဝဋ္ဋန္တိ-ဟုမဆိုပေသည်။

ကပ္ပိယ, အကပ္ပိယစစ်တမ်းပြီး၏။

၂-အဓိဋ္ဌာန်,ဝိကပ္ပနာမှ

အဓိဋ္ဌာန်မှ, ဝိကပ္ပနာမှုတို့၌-

မဠုဘိသိ ပိဋ္ဌဘိသိ ဗိဇ္ဇောဟနံ ပါဝါရော ကောဇဝေါ တိ ဧတေ-သု ပန သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏော စ အဓိဋ္ဌာနကိစ္စံ နတ္ထိ ယေဝ။

[ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာ။]

ဤ၌ ဘိသိသည် မဠုဘိသိ,ပိဋ္ဌဘိသိ, ဘုမတ္ထရဏဘိသိ,စက်မဘိသိ, ပါဒပုဉ္ဆနဘိသိ အများရှိသော်လည်း ညောင်စောင်း, အင်းပျဉ်ထက် ခင်းသော ဘုံလျှိုရေအဝတ်၌သာလျှင် ပစ္စတ္ထရဏ သက်နှံးအဓိဋ္ဌာန် လျဉ်းပါးရန်ရှိသောကြောင့် မဠုဘိသိ, ပိဋ္ဌဘိသိဟုဆိုပေသည်၊ ပစ္စတ္ထ-ရဏသက်နှံးအရာ၌သုံးရသော မဠုဘိသိ,ပိဋ္ဌဘိသိတို့၌ပင် အဓိဋ္ဌာန်တင် ဘွယ်ကိစ္စမရှိ၊ ကြွင်းသောဘိသိတို့၌ ဆိုဘွယ်မရှိ ဆိုလိုသည်။

ဗိဇ္ဇောဟနမှာလည်း အပေါ်လွှမ်းအတွက် ပရိက္ခာရ စောဠ-သက်နှံး, ပစ္စတ္ထရဏသက်နှံး အဓိဋ္ဌာန်လျဉ်းပါးရန်ရှိ၍ အသီးထုတ် ဆိုသည်။

ပစ္စတ္ထရဏ ဒိနိ ပါဝါရော ကောဇဝေါ တိ တ္တေကမေဝ ဝုတ္တံ။

ဟူသော အဌကထာပါဠိနှင့်အညီ စုလျားပုတီး အခင်း, ကော်ဇောအခင်း၊ ဤအခင်း ၂-ပါးသည်လည်း ပစ္စတ္ထရဏမျိုးပင် ဖြစ်၏၊ သက်နိုး ၉-ထည်တွင် ပစ္စတ္ထရဏသက်နိုးအဖြစ် လျှဉ်းပါးဘွယ်ရှိ၏၊ ထို့ကြောင့် ထိုသို့သောလျှဉ်းပါးမှုကို ရှင်းလင်းစေခြင်းအကျိုးငှါ ပါဝါရောကောဇော-ဟု အသိုးထုတ်ဆိုပေသည်။

ပါဝါရောဆိုသော်လည်း ဘိသိ ဗိဇ္ဇောဟန ကောဇဝတ္ထိနှင့် အတူ လာသောကြောင့် သန္ဌတသေနာသနတွင် ပါဝင်သော အခင်းဝိသေသ ဖြစ်သော စုလျားပုတီးအခင်းမျိုးကိုယူ၊ အခြေအရုံဖြစ်သော စုလျားထည်မျိုးကို မယူလင့်၊ အခြေအရုံဖြစ်သော စုလျားထည်မျိုးသည်ကား-ပုဂ္ဂလိကဖြစ်ခဲ့သော် အဓိဋ္ဌာန်မလွတ်ရာ။

ကော်ဇောသည်လည်း မဟာသယနမျိုးဖြစ်သော ဘုမတ္ထရဏ ကော်ဇောမျိုး,ကပ္ပိယဖြစ်သော ပစ္စတ္ထရဏကော်ဇောမျိုး ၂-ပါးတွင် ဘုမတ္ထရဏမျိုးဌ အဓိဋ္ဌာန်ကိစ္စ လျှဉ်းပါးဘွယ်မရှိ၊ ပစ္စတ္ထရဏကော်ဇောမျိုးဌသာလျှင် လျှဉ်းပါးဘွယ်ရှိသည်။

သေနာသနသည် ၄-မျိုးရှိ၏။-
၁။ ဝိဟာရ သေနာသနမျိုး,
၂။ မဠုပီဌ သေနာသနမျိုး,
၃။ သန္ဌတ သေနာသနမျိုး,
၄။ ရုက္ခမူလ သေနာသနမျိုး,

ထို ၄-မျိုးတို့တွင် ဤမဠုဘိသိ၊ ပီဌဘိသိ၊ ပါဝါရ၊ ကောဇဝတ္ထိသည် သန္ဌတသေနာသန အမျိုးအရိုးတို့ပေတည်း၊ ထို့ကြောင့် ပုဂ္ဂလိကပင် ဖြစ်သော်လည်း အဓိဋ္ဌာန်တင်ဘွယ်ကိစ္စမရှိ၊ ဤအနက်ကိုပြလိုရ၍ ဘိသိ ဗိဇ္ဇောဟန, ပါဝါရ, ကောဇဝတ္ထိကို တလုံးတစုတည်း ပေါင်းစု၍ ဆိုတော်မူသည်။

ပါဝါရောတိ သလောမကော ကပ္ပါသာဒိဘေဒေါ။

ဟူသော စီဝရက္ခန္ဓက အဌကထာပါဠိနှင့်အညီ အမြိတ်အဆာ ဟုဆိုအပ်သော အမွေးရှိသော ဝါချည်စုလျားး, ဂိုးချည်စုလျားး, သိုးမွေးချည်စုလျားး, လျှော်ချည်စုလျားး အလုံးစုံဟုဆိုအပ်သော ပစ္စတ္ထ-

ရဏာစုသည်ရင်း၊ အလုံးစုံသော ကော်ဇောဟူသော ပစ္စတ္ထရဏာစုသည်ရင်း၊ပါဝါရော ကောဇဝေါ-ဟူသောပါဠိ၌ ပါဝင်ပြီးဖြစ်၍ သေနာ-သနတ္ထာယ ဒိန္နပစ္စတ္ထရဏော စ-၌ ထို ၂-ပါးမှကြင်းသော ပစ္စတ္ထ-ရဏာမျိုးကိုယူ။

ထို ၂-ပါးမှကြင်းသော ပစ္စတ္ထရဏာမျိုးဆိုသည်ကား-အမြှီတ်အဆာ ဟု ဆိုအပ်သော အမွှေးမရှိသော ဝါချည်အိပ်ရာခင်းမျိုး, ပိုးချည်အိပ်ရာခင်းမျိုး, သိုးမွေးချည်အိပ်ရာခင်းမျိုး, လျှော်ချည် အိပ်ရာခင်းမျိုးပေတည်း၊ ဤအိပ်ရာခင်းမျိုးသည်သာလျှင် သက်နိုးပစ္စတ္ထရဏာတွင် ပါ-ဝင်သည်၊ အမွှေးရှိသော ပါဝါရ ပစ္စတ္ထရဏာ, ကောဇဝ ပစ္စတ္ထရ-ဏာတို့ကား-သက်နိုးပစ္စတ္ထရဏာတွင် ပါဝင်သော အခင်းမဟုတ်ကြကုန်။

သက်နိုးပစ္စတ္ထရဏာတွင် ပါဝင်သော အခင်းစုသည်လည်း ပုဂ္ဂလိက လည်းရှိသည်၊ သေနာသနပရိဘောဂလည်း ရှိသည်၊ ထိုတွင် ပုဂ္ဂလိက သည်သာ အဓိဋ္ဌာန်ထိုက်သည်၊သေနာသနပရိဘောဂမူကား-အဓိဋ္ဌာန် မထိုက်၊ ဤသို့သော အနက်ကို သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏောစ-ဟုပြဆိုတော်မူပေသည်။

[ဤကား-အဋ္ဌကထာပါဠိဖြင့် သိအပ်သော အဓိပ္ပါယ်တည်း။]

ဤ၌ သေနာသနအကျိုးငါးလွှာအပ်သော ပစ္စတ္ထရဏာဆိုသည်ကား-ကျောင်းမှာ ထာဝရထားရန် တည်ထောင်၍ထားသော အခင်းမျိုးတည်း၊ ပုဂ္ဂလိကကျောင်းဌာပင် ဖြစ်သော်လည်း ပုဂ္ဂလိကမဟုတ်၊ သေ-နာသနပရိဘောဂမျိုးပေတည်း၊ ဒါယကာတို့ ထူထောင်သော အခင်း-မှသာ မဟုတ်၊ကျောင်းနေရဟန်း၏ ပုဂ္ဂလိကအထည်ကိုပင် ပုဂ္ဂလိက စိတ်ပြတ်၍ သေနာသနပရိဘောဂ ပြု၍ထားလျှင် သေနာသနပရိက္ခာ-ရပင်တည်း။

မေးမြန်းဘွယ်

မေး။ "အမွှေးရှိသော စုလျားအခင်းမျိုး ကော်ဇော မျိုးများ သည် သန္ဓတသေနာသန အမျိုးအရိုးဖြစ်ခဲ့၍ အဓိဋ္ဌာန်-တင်မူ လျဉ်းပါးဘွယ်မရှိ၊ ယင်းသို့ဖြစ်ပါလျက် အဘယ်-ကြောင့် အဋ္ဌကထာဆရာထုတ်ဘော်၍ဆိုရလေသနည်း။

လျှဉ်းပါးဘွယ်မရှိက ထုတ်ဘော်၍ ဆိုခွင့်မရှိတကား-ဟု လှုပ်ရှားဘွယ်ရှိသောကြောင့် ဝိမတိဋ္ဌိကာ၌-

ပါဝါရော ကောဇဝေါ တိ ဣမေသမ္မိ ပစ္စတ္ထရဏာနိ လောကေပိ ဝေါဟရဏတော သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏာ တော ဝိသုံ ဂဟဏံ ကတံ။ဟုမိန့်၏။

[ဟိတ်ပါဒ်ကိုပခေါနပြု၍ဆိုသောစောဒနာတည်း။]

ဖြေ။ ။ပါဝါရ, ကောဇဝတ္ထိုကိုလည်း ပစ္စတ္ထရဏာဟူ၍ လောက၌ ခေါ်ကြလျက် ရှိသောကြောင့် အဓိဋ္ဌာန်တင်မှု လျှဉ်းပါးဘွယ်ရှိသည်သာလျှင် ဖြစ်၏၊ထို့ကြောင့် အသီးထုတ်ဘော်၍ဆိုတော်မူပေသည်-ဟူလို။

[ပုဂ္ဂလိကပင်ဖြစ်သော်လည်း အဓိဋ္ဌာန်လွတ်ချက်ကို ဟိတ်စွက်၍ ပြုဆိုသောဋီကာပါဒ်ပေတည်း။]

တနည်းကား—

မေး။ ။ပါဝါရ, ကောဇဝတ္ထိုကို အဘယ်ကြောင့် အသီးဆိုရသနည်း၊ပစ္စတ္ထရဏာစ-၌ ပါဝင်နိုင်ကြသည်မဟုတ်လော၊ ပါဝင်နိုင်ကလည်း အသီးမဆိုသင့်-စောဒနာရန်ရှိ၍ ၎င်း-ပါဒ်ကိုမိန့်။

ဖြေ။ ။ပါဝါရ,ကောဇဝတ္ထိုသည် ;လောက၌ ပစ္စတ္ထရဏာ ခေါ်ကြလျက်ရှိကုန်၏၊ ထို့ကြောင့် အသီးမဆိုခဲ့လျှင် ထိုပစ္စတ္ထ-ရဏာ၌ ပါဝင်လေ၍ သေနာသနအကျိုးငှါ လှူမှသာ အဓိဋ္ဌာန်လွတ်သည်၊ပုဂ္ဂလိကဖြစ်ခဲ့မှု အဓိဋ္ဌာန်မလွတ်ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ထိုအနက်ကို ရှောင်လွှဲခြင်းငှါ အသီးဆိုရသည်-ဟူလို။

[ပုဂ္ဂလိကပင်ဖြစ်သော်လည်း အဓိဋ္ဌာန်လွတ်းကြောင်းကို ဟိတ်လောင်း၍ပြုချက်ပင်တည်း။]

အဋ္ဌကထာ၌ အသီးခွဲ၍ပင်ဆိုသော်လည်း ပစ္စတ္ထရဏာချင်းအတူတူ ဖြစ်သောကြောင့် ပါဝါရ,ကောဇဝတ္ထိမှာလည်း သေနာသနပရိက္ခာရ အကျိုးငှါ လှူရာ၌သာ အဓိဋ္ဌာန်လွတ်သင့်သည်၊ ပုဂ္ဂလိကအကျိုးငှါ

လျှောခ့် အမိဌာန်မလွတ်သင့် ဟူသော ပရိကပ္ပလဒ္ဓိကို ဝိမတိဆရာ ပယ်ပေသည်၊ဝိမတိဆရာသာ ပယ်သည်မဟုတ်၊ ကခ်ါဋိကာသစ်ဆရာ လည်း ပယ်သည်သာတည်း။

ဘိသိဗိဇ္ဇောဟန ပါဝါရကောဇဝါနမ္ပိ သေနာသနပရိက္ခာ-ရတောယေဝ အမိဌာနကိစ္စံ နတ္ထိတိ ဝေဒိတဗ္ဗံ။
[ဂင်းဋီကာပါဋ္ဌ။]

ဘိသိဗိဇ္ဇောဟန ပါဝါရကောဇဝါနမ္ပိ၊ ဘိသိ, ဗိဇ္ဇောဟန, ပါဝါရ, ကောဇဝတ္ထူ၏လည်း။ ဝါ၊ တိုဋ္ဌလည်း။ သေနာသန-ပရိက္ခာရတောယေဝ၊ သေနာသန ၄-ပါးတို့တွင် သန္ဌိတ သေနာသန ပရိက္ခရာမျိုး ဇာတိအစစ် ဖြစ်သောကြောင့်ပင် လျှင်။ အမိဌာန ကိစ္စံ၊ အမိဌာန်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ဝေဒိတဗ္ဗံ၊ သိအပ်၏။
[ဂင်းဋီကာအနက်။]

တခြားတပါးသော ပစ္စတ္ထရဏာဘို့မှာ ခြေရုံမှုနှင့်ဆက်ဆံသော အထည်မျိုးဖြစ်လေသောကြောင့် အခင်းမျိုးသက်သက် မဟုတ်လေ ရကား-သေနာသနပရိက္ခရာအကျိုးငှါ ဝိသေသရည်မှတ်၍ လျှမ်းမှသာ လျှင် အမိဌာန်လွတ်နိုင်သည်၊ အမျိုးအရိုးသက်သက်နှင့် အမိဌာန် မလွတ်နိုင်၊ ခင်းဘို့သက်သက်တိုင်း၍ ရက်အပ်သော အမွေးစုတ်ဖွား စုလျားကော်ဇောတို့ဌမှုကား-သေနာသနပရိက္ခရာမျိုးသက်သက်ဖြစ်ပေ သောကြောင့်ပင်လျှင် အမိဌာန်ကိစ္စ မရှိရလေသည်-ဟူလို။

ဤဋီကာပါဋ္ဌဖြင့် ဘုံလျှို, ခေါင်းအုံး, စုလျား, ကော်ဇော၊ ဤ ၄-မျိုးတို့မှာ အမိဌာန်လွတ်ရန် အကြောင်းတပါး ရှာဘွယ်မရှိ၊ ပုဂ္ဂလိက ပင်ဖြစ်သော်လည်း သန္ဌိတသေနာသန ပရိက္ခရာမျိုးအစစ် ဖြစ်သည့် အတွက်နှင့်ပင် အမိဌာန်လွတ်ရလေသည်ဟု ပြဆိုသောကြောင့် ယခင် က ပြဆိုခဲ့ပြီးသော ပရိကပ္ပလဒ္ဓိကို ပယ်သည်သာတည်း။

ကောဇဝါနမ္ပိ-ဌ ဝိသဒ္ဒါကို ဆိုသည်မှာကား-နောက်နားဌလာ သော ပစ္စတ္ထရဏာမှာ သေနာသန ပရိက္ခရာအဖြစ်သို့ ရောက်မှသည့် အမိဌာန် လွတ်ခြင်း၏အကြောင်းဟု သိရ၏၊ ဘုံလျှို့စသည်ဘို့မှာ

အကြောင်းမပါ။ အကြောင်းရှာဘွယ် ကိစ္စရှိချေ၏-ဟု လှုပ်ရှားရန်ရှိသောကြောင့် ဘိသိစသည်တို့မှာလည်း သေနာသနပရိက္ခရာအဖြစ်သည်ပင် အကြောင်းတည်းဟု အကြောင်းတစိတ်တူမှုကို ငဲ့၍ ပိ.သဒ္ဒါ ကိုဆိုပေသည်။

တစိတ်တူမှုကိုမပယူမှု၍ ပစ္စတ္ထရဏနှင့် အလုံးစုံတူမှုကို ဆိုလိုသည် ဖြစ်ငြားအံ့။

ဘိသိ ဗိဇ္ဇောဟန ပါဝါရ ကောဇဝါနမ္ပိ သေနာသန-
ပရိက္ခာရတ္ထာယ ဒိန္နတ္တာ၎ အဓိဋ္ဌာနကိစ္စံ နတ္ထိ။

ဟု ဆိုရမည်၊ ထိုသို့ကား-မဆိုသောကြောင့် တစိတ်တူမှုကိုငဲ့သော ပိ-ဟုသိအပ်သတည်း၊ ဤသို့သိပေမှ အဌကထာရိပ်နှင့် ရောမိကြမည်၊ ဤသို့မသိမှု၍ ဋီကာနှင့်ထင်တိုင်းပေါက်လွှတ်ယူခဲ့လျှင် အဌကထာနှင့် ကွာလွမ်း၍သွားတတ်သည်၊ ဋီကာမှာ ထွေးယှက်လျက် ရှိခဲ့လျှင် အဌ-ကထာရိပ်ကို နာနာကြည့်ရသည်၊ အဌကထာမှာ ထွေးယှက်လျက်ရှိခဲ့လျှင် ပါဠိတော်ရိပ်ကိုနာနာကြည့်ရသည်၊ဤအရာမှာ အဌကထာရိပ် အလွန်ထင်ရှားလျက်ရှိသည်၊ ခြုံရုံသောပါဝါရမျိုး တိုင်အောင်ပင် အဓိဋ္ဌာန်တင်ဘွယ်မရှိဟု ဆိုသွားပါ၏။

စီဝရကွန္ဓကပါဠိတော်မှာလည်း-

၁။ ရှေးဦးစွာ ဂဟပတိစီဝရကို ခွင့်ပြုတော်မူ၏။
၂။ ၎င်းနောက် ပါဝါရကို ခွင့်ပြုတော်မူ၏။
၃။ ၎င်းနောက် ကောဇဝကို ခွင့်ပြုတော်မူ၏။
၄။ ၎င်းနောက် ကမ္ဗလကို ခွင့်ပြုတော်မူ၏။
၅။ ၎င်းနောက် ခေါမစသော သက်နုံးမျိုး ၆-ပါးကို ခွင့်ပြုတော်မူ၏။
၆။ ၎င်းနောက် ဝိသာခါဝတ္ထုတွင် ဝဿိကသာဋိကကို ခွင့်ပြုတော်မူ၏။
၇။ ၎င်းနောက် အသုစိမက္ခိတဝတ္ထုတွင် နိသီဒနကို ခွင့်ပြုတော်မူ၏။
၈။ ၎င်းနောက် အာနန္ဒဝတ္ထုတွင် ပစ္စတ္ထရဏကို ခွင့်ပြုတော်မူ၏။

၉။ ၎င်းနောက် ဗေလဋ္ဌသီသဝတ္ထုတွင် ကဏ္ဍုပဋိစ္ဆာဒိကို ခွင့်ပြုတော်မူ၏။

၁၀။ ၎င်းနောက် ဝိသာခါဝတ္ထုတွင် မုခပုဏ္ဍနစောဠကကို ခွင့်ပြုတော်မူ၏။

၁၁။ ၎င်းနောက် ပရိက္ခာရစောဠကို ခွင့်ပြုတော်မူ၏။

၁၂။ ၎င်းနောက် အဓိဋ္ဌာန်, ဝိကပ္ပနာကို ခွင့်ပြုတော်မူ၏။

[ပရိက္ခာရစောဠ ဟူသည်လည်း ရေစစ်ပုဝါနှင့် သပိတ်အိတ်, ဘိုးပ်အိတ်စသည်တည်း။]

ဤသို့လျှင်အမည်အသီးအသီးနှင့် ခွင့်ပြုပြီးရှိနေပါလျက် အဓိဋ္ဌာန်, ဝိကပ္ပနာအစီအရင်ကို ခွင့်ပြုတော်မူသောအခါ ပါဝါရ, ကောဇဝ, ကမ္မလ၊ ဤ ၃-ပါးသည်မပါ ကျန်ရှိ၍နေ၏၊ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည်လည်း အဓိဋ္ဌာန်အရာ၌ ပါဝါရ, ကောဇဝတို့ကို အသီးနုတ်ပယ်ကြ,ကုန်၏၊ ကမ္မလကိုကား- ပါဝါရ၌သွင်းရိပ်ရှိ၏၊ အိပ်ရာ၌အမြဲထား၍အိပ်သောအခါမှခင်းမှခြုံမှ၌ အသုံးပြုရသော အထည်မျိုးဖြစ်ခဲ့၍ သေနာသနပရိက္ခာရဇာတိကဖြစ်သောကြောင့် ပါဝါရမျိုး, ကမ္မလမျိုး,ကောဇဝမျိုးတို့ကို အဓိဋ္ဌာန်မှ အလွတ်ထားတော်မူသည်။

တေန ခေါပန သမယေန အညတရာ ဣတ္ထီ ခရကမ္မလံ ပါရုတာ ဟောတိ။အညတရော ဘိက္ခု သာရတ္တော တံ ဣတ္ထိံ ဧတဒဝေါစ၊ ကဏ္ဍသလောမံ ခေါ တေ ဘဂိနိ တိ။ ။တေန ခေါပန။လ။အာကိဏ္ဏလောမံ ခေါ တေ ဘဂိနိ တိ။ ။တေနခေါ ပန။လ။ ခရလောမံ ခေါ တေ ဘဂိနိ တိ။ ။တေနခေါပန။လ။ ပါဝါရံ ပါရုတာ ဟောတိ။လ။ ဒီဃလောမံ ခေါ တေ ဘဂိနိ တိ။

ဟူ၍ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌လာသော ဝတ္ထုများကို ထောက်၍ အမွေးတိုမျိုးကား-ကမ္မလ,အမွေးရှည်မျိုးကား-ပါဝါရဟုသိအပ်၏။

အမွေးလက်၄-သစ်ရှည်သော မဟာပိဋ္ဌိယကော်ဇောကို ပြုဆိုသော အဋ္ဌကထာ၌လည်း—

မဟာပိဋ္ဌိယဇကောဇဝန္တိ ဥဏ္ဏာမယော ပါဝါရသဒိသော ကောဇဝေါ။

ဟူ၍လာ၏။

နိသီဒိုင်မှတပါး ကောသေယျဝဂ်၌လာသော ခင်းရှုလုပ်သောသန္ဓ-တကော်ဇောမျိုးဟူသမျှသည်လည်းသန္ဓတသေနာသနမျိုးစင်စစ်ဖြစ်၏၊ အဓိဋ္ဌာန်လွတ်၏။

နမတကံ ဥပ္ပန္နံ ဟောတိ၊ဘိက္ခူနံ ဇေတဝေါသိ"နမတ-
ကံ အဓိဋ္ဌာတဗ္ဗံ ဥဒါဟု ဝိကပ္ပေတဗ္ဗ"န္တိ၊ဘဂဝတော ဇေ-
မတ္တံ အာရောစေသုံ၊ နဘိက္ခဝေ နမတကံ အဓိဋ္ဌာတဗ္ဗံ၊ နဝိက-
ပ္ပေတဗ္ဗန္တိ။

[ခုဒ္ဒကဝတ္ထုပါဠိတော်။]

နမတကံ နာမ ဌေကလောမေဟိ ကတံ အဝါယိမံ
စမ္မက္ခဏ္ဍပရိဘောဂေန ပရိဘုဥ္ဇိတဗ္ဗံ။

[အဋ္ဌကထာ။]

ယခုကာလတရုပ်ကော်ဇောခေါ်သော ခင်းရှုလုပ်သော သားမွေး အခင်းငယ်မျိုးကို နမတကအခင်းခေါ်ရိုပ်ရှိ၏၊ ဤနမတကအခင်း၌ အလျားအနံအဓိဋ္ဌာန်ဝိကပ္ပနာလောက်ပါလျက် ခင်းရှုလုပ်သောသန္ဓ-တမျိုး, သေနာသနမျိုးဖြစ်သည့်အတွက် အဓိဋ္ဌာန်,ဝိကပ္ပနာကို ပယ်တော်မူသည်ကို မြင်သဖြင့်လည်း နိသီဒိုင်မှတပါး ခင်းရှုလုပ်အပ်သော သန္ဓတအခင်းမျိုးတို့၌ အဓိဋ္ဌာန်, ဝိကပ္ပနာ မရှိကြောင်းကို သိအပ်သတည်း။

ကောသေယျဝဂ်မှာလာသော သန္ဓတနိသီဒိုင်နှင့် ရတနဝဂ်မှာလာသော စီဝရနိသီဒိုင် ၂-ပါးတို့၏ အခြင်းအရာသည်ကား-ဋီကာတို့မှာ အကျဉ်းလာ၏၊ ဝဏ္ဏရမှာ အကျယ်လာ၏။

ဤမျှသောစကားရပ်ဖြင့် ဘုံလျှို, ခေါင်းအုံး, စုလျား, ကော်ဇော, ကမ္မလာဟူသောဝတ္ထုတို့၌ အဓိဋ္ဌာန်မရှိကြောင်းသည် ပါဠိတော်နှင့် ပင် ထင်ရှား၏၊ အဋ္ဌကထာနှင့်ကား-တိုက်ရိုက်ပြီး၏-ဟု သိစေအပ်သတည်း၊ ဤသို့သိသဖြင့် ဝိမတိ,ကင်္ခါဋီကာ ၂-ရပ်၊ ယခင်ပါဠိတို့၌လည်း ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်ကိုသာ ယူအပ်၏၊ ထိုဋီကာပါဠိတို့မှ ပါဠိ အဋ္ဌကထာနှင့် ကွာလွဲမ်းရှိသွားသော အနက်အဓိပ္ပါယ်များကို မယူအပ်။ ။တရပ်။

သေနာသနတ္ထာယဒိန္နပစ္စတ္ထရဏော တိ ဏ္ဍေ အနိ၀ါသေတ္မာ အပါရုပေတ္မာ စ ကေ၀လံ မဗ္ဗပိဌေသုယေ၀ အတ္ထရိတ္မာ ပရိ-ဘုဉ္ဇိယမာနံ ပစ္စတ္ထရဏံ အတ္တနော သန္ဓကံပိ အနမိဌာတုံ ၀ဋ္ဋတိ တိ ၀ဒန္တိ။ ဟေဋ္ဌာ ပန ပစ္စတ္ထရဏမ္ပိ အဓိဌာတဗ္ဗမေ၀၊ တိ အ၀ိသေသေန ၀ုတ္တတ္တာ အတ္တနော သန္ဓကံ အဓိဌာတဗ္ဗ-မေ၀၊တိ အမ္မာကံ ခန္တိ၊ ဝိမံသိတ္မာ ဂဟေတဗ္ဗံ။
[သာရတ္ထ။]

ဤ၌-အတ္တနောသန္ဓကံ အဓိဌာတဗ္ဗမေ၀၊တိ အမ္မာကံခန္တိ-ဟူသော ပါဌ်ဖြင့် ပစ္စတ္ထရဏအမည်ရသော ပါ၀ါရ, ကောဇ၀တ္ထိ၌လည်း မိမိ၏ ပုဂ္ဂလိက ဖြစ်ခဲ့သော် အဓိဌာန်တင်မှု ရှိသင့်သည်ကို ပြဆိုသောကြောင့် သာရတ္ထဒီပနီအလိုအားဖြင့် ဘုံလျှို, ခေါင်းအုံးတို့နှင့်တကွ ပါ၀ါရ, ကောဇ၀တ္ထိကိုလည်း ပုဂ္ဂလိကဖြစ်ခဲ့လျှင် အဓိဌာန်တင်ရမည်ဟု ယူကြ ကုန်၏။

အဌကထာ၌-
ပစ္စတ္ထရဏမ္ပိအဓိဌာတဗ္ဗမေ၀-ဟု အောက်၌ဆိုခဲ့သော သာမည စကား၌ ဝေဘန်၍ သိထိုက်သော ဝိသေသတ္ထကို ပြတော်မူခြင်းငှါ-

မဗ္ဗဘိသိ,ဝိဌဘိသိ, ဖိဇ္ဇောဟနံ,ပါ၀ါရော, ကောဇ၀ေါ-တိ ဧတေသု ပန သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏော စ အဓိ-ဌာတဗ္ဗကိစ္စံ နတ္ထိယေ၀။

ဟုနောက်မှာဆိုပေရကား-ရှေသာမည စကားသည် ဝိသေသအ ရာ၌တည်သည်သာဖြစ်၏၊ သာမညဖြစ်သော ရှေစကားနှင့် ဝိသေသဖြစ် သော နောက်စကားကို မတားမြစ်သင့်၊ ဝိသေသဖြစ်သော နောက် စကားဖြင့် သာမညဖြစ်သောရှေစကားသည် ဝိသေသအရာ၌တည်မြဲ ဖြစ်၏။

ထို့ကြောင့် ဋီကာ၌လာသော အာစရိယ၀ါဒကို ဖယ်လိုသည် ရှိသော် သေနာသနပရိက္ခာရတ္ထာယဒိန္န-ဟူသော ဝိသေသနပုဒ်ဖြင့်သာ ပယ်အပ်၏၊ သေနာသနပရိက္ခရာအကျိုးငှါ လျှောအပ်သော ပစ္စတ္ထရဏ် သည်သာ အဓိဌာန်လွတ်သည်ဟု အဌကထာဆိုသောကြောင့် အတ္တ-

နောသန္တာကဖြစ်ခဲ့လျှင် မဝတ်မရုံမူ၍ ညောင်စောင်း,အင်းပျဉ်ခ်ခင်း၍ သုံးဆောင်ရုံမျှ ဖြစ်သော်လည်း အဓိဋ္ဌာန်မလွတ်ထိုက်ဟု ပယ်သင့်သတည်း။

ဆိုဘွယ်အထူးကား။ ။ပါဝါရမျိုး, ကောဇဝမျိုး, ကမ္မလာမျိုးဖြစ်ခဲ့လျှင် အတ္တနောသန္တာကပင်ဖြစ်သော်လည်း အဓိဋ္ဌာန်လွတ်၏အမှေးမရှိသော အခင်းချောမျိုးဖြစ်ခဲ့လျှင် အတ္တနောသန္တာက မဟုတ်မှသာ အဓိဋ္ဌာန်လွတ်ခွင့်ရှိသည်၊ အတ္တနောသန္တာကဖြစ်ခဲ့လျှင် အဓိဋ္ဌာန်လွတ်ခွင့်မရှိ၊ ဤဋီကာပါဠိသည်ကား-ဘုံလျှို,ခေါင်းအုံး, စုလျား, ကော်ဇော-ဟူသော အဋ္ဌကထာ၌ အသီးထုတ်ဆိုသော ပစ္စတ္ထရဏမျိုးတို့၌ ဆိုသောပါဠိမဟုတ်၊ ထိုပစ္စတ္ထရဏင၇- မျိုးတို့မှ အလွတ်ဖြစ်သော ပစ္စတ္ထရဏမျိုး၌သာ ဆိုကြသော အာစရိယဝါဒ ဋီကာဝါဒ ပါဠိပေတည်း။

ထို့ကြောင့် သာရတ္ထဒီပနီဆရာအလို ပုဂ္ဂလိကဖြစ်သော ဘုံလျှို, ခေါင်းအုံး, စုလျား, ကော်ဇောများကို အဓိဋ္ဌာန်တင်ရမည်-ဟုဆိုကြသောသူတို့၏ စကားသည် ပယ်အာ်သောစကားသာတည်း။

ဤမျှသော စကားရပ်တို့ဖြင့် ဘုံလျှိုအခင်းမျိုး, ခေါင်းအုံးမျိုး, အမွေးရှိသော စုလျားဝတ်လုံခြုံထည် ကမ္မလာမျိုး, ဘုမတ္ထရဏကော်ဇောကြီးမျိုး, ဥတ္တရတ္ထရဏကော်ဇောလတ်မျိုး, ပစ္စတ္ထရဏကော်ဇောချောမျိုး, ကောသေယျဝက်ဌလာသော သန္ဌတ ကော်ဇောမျိုး ဤအလုံးစုံသည် ပုဂ္ဂလိကလျှ၍ပင်ရသော်လည်း အဓိဋ္ဌာန်, ဝိကပ္ပနာလွတ်သော အထည်မျိုးဖြစ်သည်ကို ပါဠိတော်နှင့်လည်း သိသာသည်၊ အဋ္ဌကထာနှင့်လည်း ထင်ရှားသည်ကို ပြဆိုသောအခါးတည်း။

ဥစ္စာမဟာသယနာနံ၊ ဝိနိစ္ဆယော မယာ ကတော။
ယုတ္တံ ဥ,တ္တာန ဂဏ္ဍန္တု၊ ပဏ္ဍိတာ ယုတ္တဒဿိနော။

မယာ၊မုံရွာမြို့မှ လယ်တီတောကျောင်း ဆရာဝါသည်။ဥစ္စာမဟာ-သယနာနံ၊ ဥစ္စာသယန မဟာသယနတို့၏။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ကတော၊ သက္ကရာဇ် ၁၂ ဖဝ-ခု၊ တန်ဂူးလဆန်း၃-ရက်တွင် စီရင်ဆုံးဖြတ်ရေးသားအပ်ပြီ။ ယုတ္တဒဿိနော၊ သင့်မြတ်သော သဘော

ယုတ္တိကို သိစွမ်း, မြင်စွမ်းရှိကြကုန်သော။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ ယုတ္တံ၊ အသင့်အမြတ်ကို။ ဥတ္တာန၊ သိကြကုန်၍။ ဂဏ္ဍန္တု၊ မှတ်ယူစွဲမြဲ ကြစေကုန်သတည်း။

အဓိဋ္ဌာန်,ဝိကပ္ပနာမှုပြီး၏။

ဤတွင်ရွေ့ကား-ဥစ္စာသယနမဟာသယနဝိနိစ္ဆယပြီး၏။

ဒီယာသနဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုद္ဓဿ

ဒီယာသနန္တိ ယံ တေ ပညတ္တံ ဒီယဒဿိနာ။
တဿ ဝိနိစ္ဆယံ ဒါနိ၊ ပဝက္ခာမိ ယထာဗလံ။

အနက်။ ။* ဒီယဒဿိနာ၊ အရှည်ကို မြင်တော်မူသော မြတ်စွာဘုရားသည်။ယံတေ အာသနံ၊ အကြင်အခင်းကို။ ဒီယာသနန္တိ၊ ဒီယာ-သန-ဟူ၍။ ပညတ္တံ၊ ပညတ်တော်မူအပ်၏။ ဒါနိ-ဤဒါနိ၊ယခုအခါ၌။ တဿအာသနဿ၊ ထိုဒီယာသနအခင်း၏။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ ယထာဗလံ၊ အစွမ်းရှိသလောက်။ အဟံ၊ လယ်တီဟောကျောင်းဆရာငါသည်။ ပဝက္ခာမိ၊ ဖိန့်ဆိုစီရင်ပေအုံ့။

၁–ဓမ္မဂါရဝမူလသိက္ခာပုဒ်

ယေ စ ဗဟူ ဘိက္ခူ။ ထေရာ စ နဝါ စ မဇ္ဈိမာ စ အာ-ယသ္မတော ဥပါလိဿ သန္တိကေ ဝိနယံ ပရိယာပုဏန္တိ။ အာ-ယသ္မာဥပါလိ ဌိတကော ဥဒ္ဒိသတိ ထေရာနံ ဘိက္ခူနံ ဂါရဝေန။ ထေရာပိ ဘိက္ခူ။ ဌိတကာ ဥဒ္ဒိသာပေန္တိ ဓမ္မဂါရဝေန။ တတ္ထ ထေရာစေဝ ဘိက္ခူ။ ကိလမန္တိ၊ အာယသ္မာ စ ဥပါလိ ဘဂဝ-

---

မှတ်ချက်။ ။* ဤအမှတ်ပြပဋိညာဉ်--ဂါထာ၏အနက်မှာ စာမူရင်းဌ မပါသော်လည်း အနက်ကိုလိုလားသူတို့အဂ္ဂိုးငှါထည့်သွင်းဘော်ပြရပေသည်။

တော ကေမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ နဝ-ကေန ဘိက္ခုနာ ဥဒ္ဒိသန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ ဥစ္စတရေ ဝါ ဓမ္မဂါရဝေန။ထေရေန ဘိက္ခုနာ ဥဒ္ဒိသာပေန္တေ-နာ သမကေ ဝါ အာသနေ နိသီဒိတုံ နီစတရေ ဝါ ဓမ္မဂါရ ဝေန။

အရှင်ဥပါလိထေရ်သည် အရိယာသူမြတ်ဖြစ်၍ ဓမ္မဂါရဝအာဒီ လည်းပါရမီပတ္တာဖြစ်သင့်ရကား"တောရနံဘိက္ခူနံ ဂါရဝေန"ဟူသော ပါဠိဖြင့် ဓမ္မဂါရဝကိုလည်းယူပါ။ ထိုသို့ယူသည်ရှိသော် အရှင်ဥပါလိ ထေရ်သည် ဓမ္မဂါရဝအကြောင်းကြောင့် မိမိထက်သီတင်းကြီးဖြစ်သော ဓမ္မဒ္ဓေါဝါသိကထေရ ဘိက္ခုတို့နှင့် နေရာတူ၌ရင်း, မြင့်သော နေရာ၌ရင်း နေ၍ ဝိနည်းပိဋကတ်ကို ပို့ချကြောင်းကိုသိအပ်၏။ ထိုသို့ ဓမ္မဂါရဝအကြောင်းကြောင့် နေရာတူ, မြင့်သောနေရာ၌ နေခြားသော် လည်း "ထေရဂါရဝ" ဟူသောအကြောင်းကြောင့် မတ်တတ်ရပ်ခြင်း ဣရိယာပုထ်ဖြင့်သာ နေ၍ချပို့လေသည်။

"အနုဇာနာမိ ဘိက္ခဝေ"အစရှိသော ပါဠိတော်မြတ်ဖြင့်ကား-ထိုသို့ သဘောရှိသော တရားကျမ်းဂန် ပို့ချသင်ကြားခြင်း, တရားဓမ္မ ဟော ပြောဆုံးမနှာခံခြင်း-စသောအရာများ၌ အာစရိယပုဂ္ဂိုလ် သုဏန္ဓ ပုဂ္ဂိုလ် ၂-ဦးတို့သည်ပင်ချင် ထေရဘာဝကို ပမာဏမပြုအပ်၊ ဓမ္ဓ-မဟာဘူဂုဏ်ကိုသာ ပမာဏပြုအပ်၏။ ဓမ္ဓမဟာဘူဂုဏ်ကိုအာဂုံပြုသော ဓမ္မဂါရဝအကြောင်း တပါးတည်းဖြင့်ပင်လျှင်-

၁။ သုဏန္ဓထေရတို့နှင့် နေရာတူ၌ရင်း, နေရာမြင့်၌ရင်း, နေခြင်း ၄၊ါအပ်၏။

၂။ သုဏန္ဓထေရတို့က မတ်တတ်ရပ်ချက် နာကုန်စဉ်လည်း ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်ဖြင့် ချပို့ဟောပြောခြင်း ၄၊ါအပ်၏။

၃။ သုဏန္ဓထေရတို့ကလည်း တူသောနေရာ, နိမ့်သောနေရာ၌ တူသောဣရိယာပုထ်, ယုတ်သော ဣရိယာပုထ်ဖြင့်နေ၍ သီတင်းယ် အာစရိယပုဂ္ဂိုလ်ကို အရိုအသေပြု၍နာအပ်၏-ဟု သိအပ်၏။

ရပ်ခြင်း ဇာရိယာပုထိသည် အရှည်မခံသော ဇာရိယာပုထိဖြစ်၍ ပုဂ္ဂိုလ် ၂-ဦးတို့အားပင် ထိုင်ခြင်းဇာရိယာပုထိကို ခွင့်ပြုတော်မူသည်။

[ဤပါဠိတော်၌။ "သမဏေဝါအာသနေ" ဟူသောပါဠိ၌အနိမ့်,အမြင့် အရပ်ပမာဏတူသော အသီးအသီးသော ညောင်စောင်း,အင်းပျဉ်များကို ယူပါ၊ ဤသိက္ခာပုဒ်ကား-တရားကျမ်းဂန် ချပို့သင်ကြားရာ, တရားဓမ္မ ဟောပြောနာခံရာ ဤကဲ့သို့သောအရာများ၌သာ ဆက်ဆံသည်။]

ဓမ္မဂါရဝမူလသိက္ခာပုဒ်ပြီး၏။ တရပ်-

၂-ထေရဂါဝရ, အသာရုပ္ပမူလကသိက္ခာပုဒ် ၂-ပါး

တေန ခေါ ပန သမယေန ဗဟူ ဘိက္ခူ။ အာယသ္မတော ဥပါလိ-ဿ သန္တိကေ ဌိတကာ ဥဒ္ဒေသံ ပတိမာနေန္တာ ကိလမန္တိ။ ဘဂဝ-တော တေမတ္တံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ သမာနာသ-နိကေဟိ သဟ နိသီဒိတုံ။

ဤသိက္ခာပုဒ် နိဒါန်းမှ အရှင်ဥပါလိ စာချသော ကျောင်းမှ ညောင်စောင်း, အင်းပျဉ်မှတပါး ထိုင်၍ လျောင်း၍ နေစရာနေရာ တပါးမရှိ၊ ရှိသောညောင်စောင်း,အင်းပျဉ်စုမှာလည်း ထေရ ဂါရဝ တရား အားကြီးကြသောအဝါဖြစ်၍တနာရီတခဏမုဟုတ္တမျှပင်သီတင်း သိက္ခာကြီးသော ပုဂ္ဂိုလ်တို့နှင့် အတူတကွနေခြင်းငှါမဝံ့ကုန်သောနဝ, မဇ္ဈိမတို့သည် မတ်တတ်ရပ်လျက်နေကြကုန်သည်။

တနည်း-ညောင်စောင်း,အင်းပျဉ်မှ တပါးဘုမတ္ထရဏ ဖြစ်သော ဖျာ,သင်ဖြူး-စသည်ရှိပါသော်လည်း ဒိမိတို့ထက် သီတင်းကြီးပုဂ္ဂိုလ်တို့ နေကြကုန်သည်ဖြစ်၍ရင်း, အခင်းမရှိရာ၌ ထိုင်နေခြင်းငှါ မတတ်ကောင်းသည်ဖြစ်၍ရင်း မတ်တတ်နေကြကုန်သည်။

သိက္ခာပုဒ်၌-

အညမညံ နာတိနဝ နာတိဝုဒ္ဓဘာဝေန သမာနံ အာသနံ အရဟန္တိတိ သမာနာသနိကာ-ပြုပါ။

သမာန-အရကိုတခုတည်း အဖြစ်ဖြင့်တူသည်ကိုယူ၊ သမဏေဝါ အာသနေ-ဟူသော ရှေသိက္ခာပုဒ်ကဲ့သို့ အနိမ့်, အမြင့်ကူကာမျှကို မယူလင့်၊ သဟသဒ္ဒါကိုမြော်ပါ။

အာသနံ-အရကိုကား-ညောင်စောင်း,အင်းပျဉ်နှင့်တကွ ဘုမဇ္ဇရ-ဏဖြစ်သော ဗျာ, သင်ဖြူး, ကော်ဇော-အစရှိသော နေရာဟူသမျှ ကိုပင်ယူ၊ ညောင်စောင်း,အင်းပျဉ်မျှကိုမယူလင့်။

သမာနာသနိကေဟိ၊ တခုတည်းအဖြစ်ဖြင့် တူသောနေရာ၌နေခြင်းငှါ ထိုက်ကုန်သော ရဟန်းတို့ချင်းချင်း။ သဟ၊ အတူတကွ။ နိသီဒိတုံ၊ ထိုင်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ အနက်ပေး။

[သမာနာသနိက အရသည် နောက်သိက္ခာပုဒ်၌ထင်ရှားလာလတ္တံ့။]

အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုံ- ဟူသော သိက္ခာပုဒ်၌-

တိဏ္ဍံ ဝဿာနံ အန္တရေ တေသံ ဥပသမ္ပဒါတိ တိဝဿန္တ-ရာ၊ တေဝ ပုဂ္ဂလ သာမညေန တိဝဿန္တရော-ဟုပြု။

တပါးနှင့်တပါးသည် ရက်ပေါင်း ၁၀၀၀-မြင့်ရေတွက်အပ်သော ၃-နှစ်ကို မလွန်ဘူး၍ ပဉ္စင်းအဖြစ်ကိုရကြသော ရဟန်းချင်းချင်းသည် တိဝဿန္တရသမာနာသနိကမည်၏၊ ထိုသမာနာသနိက ရဟန်းချင်းချင်းသည်သာလျှင် တခုတည်းသောညောင်စောင်း, တခုတည်းသော အင်းပျဉ်,တခုတည်းသော ဗျာ,သင်ဖြူး,ကော်ဇော ခင်းဖြီးတို့၌ အတူတကွ ထိုင်နေခြင်းကို ခွင့်ပြုတော်မူ၏ ဟူလိုပါသည်။

အဋ္ဌကထာဂုကား-

တိဝဿန္တရေနာတိဇတ္တု တိဝဿန္တရောနာမ ယော ဒ္ဝိဟိ ဝဿေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ယော ပန ဧကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ၊ယော ဝါ သမာနဝဿော၊ တတ္တ ဝတ္ထုမေဝ နတ္ထိ၊ ဣဒမေ သဗ္ဗေ ဧကသ္မိံ မဇ္ဈေ ဝါ ပိဋ္ဌေ ဝါ ဒ္ဝေဒ္ဝေ ဟုတ္ဝာ နိသီဒိတုံ လဘန္တိ။ ဟုဘွင့်တော်မူသည်။

ဤအဋ္ဌကထာ၌-

ဒ္ဝိဟိဝဿေဟိ-ဟူ၍ဆိုခြင်း၌ တတိယဝဿကို နှစ်စေလို၍ ဆိုခြင်းမျှသာဖြစ်သည်။ သမ္ဘောဟ ပိနောဒနီ အဋ္ဌကထာ ဒုတိယသာကာရ

သစ္ဆရာယစိမ်တွင် ဆဟိမာသေဟိ-ဟူသောပုဒ်ကဲ့သို့ မှတ်ပါ။ ထို့ကြောင့် တပါးနှင့်တပါး ၂-နှစ်နှင့်၁၀လ, ၁၁-လပင် ကြီးကြ,ငယ်ကြ သော်လည်း တိ၀ဿန္တရ သမာနာသနိကပင်-ဟုမှတ်ယူသင့်ပါသည်။

ကေသို့ မဟ္ဓေါ ပိဋ္ဌေါ ဒွေဒွေ ဟုတ္တာ-ဟူသော စကားကိုကား-နောက်၌ဟောတော်မူလတ္တံ့သော အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဇ္ဈေ ဒုဝဂ္ဂဿပိဋ္ဌိ-ဟူသော သိက္ခာပုဒ်တော်အရကို အတွင်း၀င်ပြု၍ တချက်တည်းပြီး သိမ်းခြုံ၍ ဆိုလိုက်သော စကားသာ ဖြစ်သည်၊ ယခုတွင်ဆဲ ဖြစ်သော သမာနာသနိက သိက္ခာပုဒ်တို့၌ အာသန-အရကို ညောင်စောင်း,အင်းပျဉ်ကိုသာ ယူစေလို၍ ဘွဲ့ဆိုသည်ဟု မယူသင့်။ ဒွေဒွေ ဟုတ္တာ-ဟု ဆိုခွင့်မရောက်သေးဘဲလျက် ဒွေဒွေဟုတ္တာ-ဟု ဤနေရာ၌ ဆိုသည်ကိုထောက်ပါ။

ထို့ကြောင့် ဤသမာနာသနိက,တိ၀ဿန္တရသိက္ခာပုဒ် ၂-ပါးတို့ ဖြင့် တပါးနှင့်တပါး ရဟန်းသိက္ခာရခြင်း ၃-နှစ်ကိုမလွန်ကြပါမူ တခု တည်းသော ညောင်စောင်း, အင်းပျဉ်, ဗျာ, သင်ဖြူး-စသည်၌ အတူ တကွထိုင်နေသော်လည်းအဂါရ၀,အသာရုပ္ပအရာနှင့်စပ်၍အပြစ်မရှိ၊ တပါးနှင့်တပါး ၃-နှစ်ကိုလွန်၍ ကြီးကြ,ငယ်ကြမူ တခုတည်းသော ညောင်စောင်း, အင်းပျဉ်, ဗျာ,သင်ဖြူးစသည်၌အတူတကွ ထိုင်နေခဲ့ သည်ရှိသော် သီတင်းငယ်များမှာ အဂါရ၀အပြစ်, သီတင်းကြီးများ မှာ အသာရုပ္ပအပြစ်ဖြင့် ထိုးကြတ်ထိုက်ကြောင်းကိုသိအပ်၏။

ထေရဂါရ၀, အသာရုပ္ပမူယကသိက္ခာပုဒ် ၂-ပါးပြီး၏။

၃-ဘေဒကုလက ဒုဝဂ္ဂမဇ္ဈိမသိက္ခာပုဒ်၌ စီစစ်ခြင်း

တေန ခေါ ပန သမယေန သဗ္ဗဟုလာ သမာနာသနိကာ မဇ္ဈေ နိသီဒိတ္တာ မဇ္ဈေ ဘိန္နံသု၊ ပိဋ္ဌေ နိသီဒိတ္တာ ပိဋ္ဌေ ဘိန္နံသု၊ ဘဂ၀တော တေမဇ္ဈေ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ တိ၀ဋ္ဋဿ မဇ္ဈေ တိ၀ဋ္ဋဿ ပိဋ္ဌိ,တိ၀ဋ္ဋေါ ပိ မဇ္ဈေ နိသီဒိတ္တာ မဇ္ဈေ ဘိန္နံ၊ ပိဋ္ဌေ နိသီဒိတ္တာ ပိဋ္ဌေ ဘိန္နံ၊ အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဇ္ဈေ ဒုဝဂ္ဂဿ ပိဋ္ဌိ။

ဤသိက္ခာပုဒ် ၂-ပါးကား- သမာနာသနိကချင်းဖြစ်၍ အချင်းချင်း အဂါရဝ, အသာရုပ္ပအပြစ်မရှိသော်လည်း ဒါယကာတို့ သဒ္ဓါဒေယျ လှူဒါန်း၍ရသော ပရိက္ခရာဘဏ္ဍာများ၌ ပမာဏကိုမသိဘဲ သုံးဆောင်ခြင်းတည်းဟူသော ဒုပ္ပရိဘောဂကို မြစ်ပြင်းငှါ မဠ,ပိဋ္ဌတို့၌သာ ဒုဝဂ္ဂ-ပရိစ္ဆေဒပမာဏအပိုင်း အခြားကို ထားတော်မူသော သိက္ခာပုဒ်များ ပေတည်း၊ ပုဂ္ဂလအဂါရဝ, အသာရုပ္ပအပြစ်များကို အကြောင်းပြု၍ ပညတ်သည်ဟုမမှတ်လင့်၊ ထိုပုဂ္ဂလအဂါရဝ, အသာရုပ္ပအပြစ်များ ကိုကား-ရှေ့သမာနာသနိက တိဝဿန္တရသိက္ခာပုဒ်တို့ဖြင့်ပင် အနွယ ဗျတိရေကအားဖြင့် ပယ်ပြီး ပိုင်းခြားပြီး ဖြစ်သည်။

သမာနာသနိက ရဟန်းတို့ချင်းဖြစ်မူကား-တခုသောညောင်စောင်း, အင်းပျဉ်စသည်၌ ၅-ယောက်, တကျိပ်စသည်ဖြင့် ဆုံသရွှေတိုးဝှေ့၍ ထိုင်နေကြသော်လည်း အဂါရဝ အတွက်နှင့် အပြစ်မဆိုသာ၊ဂရုဘဏ် အရာမြောက်ထိုက်သော ညောင်စောင်း, အင်းပျဉ်များ ပျက်စီးရန် အခွင့်ကို မမြော်မြင်ဘဲ အတိုင်းအရှည်ကို မသိမှု၍ သုံးဆောင်ကြခြင်း တည်းဟူသော ဒုပ္ပရိဘောဂ အတွက်ကြောင့်သာ အပြစ်ဖြစ်ရလေ သည်၊ မြတ်စွာဘုရားသည်လည်း ထိုအပြစ်ကို တားပြစ်ပြင်းငှါ တခု သော ညောင်စောင်း, အင်းပျဉ်၌ ၂-ပါးသော သမာနာသနိက ရဟန်းတို့အားသာ ထိုင်စေဟု အပိုင်းအခြားကို ထားတော်မူသည်ဟု နိသံသယမုချစင်စစ်မှတ်ပါ၊ ထိုအနက်သည်လည်း ညောင်စောင်း, အင်းပျဉ်ပြိုပျက်ပြင်းကို အရင်းပြု၍ ဖြစ်လာသော ဤသိက္ခာပုဒ်ဝတ္ထု၊ နိဒါန်းဖြင့်ပင် ထင်လင်းလှပါ၏။

ဆိုဘွယ်အထူးကား—

တိဝဂ္ဂေါပိ မဠေ နိသီဒိတ္တာ မဠ ဘိန္နေ၊ပိဋေ နိသီဒိတ္တာ ပိဋ္ဌ ဘိန္နေ။

ဟူ၍ တခုသော ညောင်စောင်း, အင်းပျဉ်၌ ၃-ပါးသော သမာ-နာသနိကရဟန်းတို့ တပြိုင်နက် တပေါင်းတစုတည်း ထိုင်ရုံမျှနှင့် ညောင်စောင်း, အင်းပျဉ်ကျိုးပျက်ခြင်းကို အကြောင်းပြု၍ ဟော တော်မူသော သိက္ခာပုဒ်တော် ဖြစ်လေသောကြောင့် ဤဒုဝဂ္ဂသပိဋ်-

ဟူသောသိက္ခာပုဒ်၌ မဇ္ဈအရ, ပီဋကအရများကိုလည်း ၂-ပါးသောရဟန်းတို့အားသာ ထိုင်နေခြင်းငှါ အရှည်ခန့်စကောင်းလောက်သော အလျား ၄-တောင့်ထွာ ရှိသော လုပ်ဆောင်သုံးစွဲမြဲ အရိုးအစည်ဖြစ်သောတယောက်အိပ်လောက်ရုံ တပါးနေလောက်ရုံဖြစ်သော ပမာ-ဏယုတ္တ ညောင်စောင်း, အင်းပျဉ်ကိုသာ ယူရန်အကြောင်းလည်း အလွန်ပင် ထင်ရှားလှပါသတည်း။

ပမာဏ ယုတ္တဖြစ်သော ညောင်စောင်း,အင်းပျဉ် ထင်ရှားရှိကြောင်းကိုလည်း—

ယတ္ထ ပမာဏယုတ္တော မဇ္ဈေ ဣတောစိတော စ ပရိဝတ္တေ-တုံ သက္ကာ ဟောတိ။

ဟူသောကုဋိကာရ သိက္ခာပုဒ်အဋ္ဌကထာ, ပမာဏယုတ္တ မဇ္ဈအရကို အဋ္ဌဝိဒတ္ထိနဝဝိဒတ္ထိ-ဟုဘွင့်ကြသောဋီကားများကို ရှုရှာ၍သိပါ။

ဤစူဠဝါပါဠိတော် သေနာသနက္ခန္ဓကဘုပင်လျှင်။

ဝါဆိုရဟန်းတို့ကို ကျောင်းနေရာချထားရာ၌ တပါးတပါးလျှင် ကျောင်း တကျောင်း တကျောင်းစီ ရလောက်လျှင် တကျောင်း တကျောင်းစီချစေ၊ တကျောင်းစီ မလောက်လျှင် ပရိဝုဏ် အပိုင်းအခြားဖြင့်ချစေ၊ ပရိဝုဏ်တခုစီ မလောက်လျှင် တိုက်ခန်းအပိုင်းအခြားဖြင့်ချစေ၊ တိုက်ခန်းတခုစီ မလောက်လျှင် သေယျဂ-ဟုဆိုအပ်သော ညောင်စောင်း, အင်းပျဉ်ရာ အပိုင်းအခြားဖြင့် ချစေ- ဟုဟောတော်မူရာများကို မြော်၍လည်း သိသင့်လှပါတော့သည်။

ထိုစကားမှန်ပါ၏၊ အကယ်၍ ညောင်စောင်း,အင်းပျဉ်ဟု ဆိုသော အရာတိုင်းမှာ ဂရုဘဏ္ဍာဝိနိစ္ဆယ အရာများ၌ကဲ့သို့ အကြိုးအဝယ် အတိုင်းအရှည် ပမာဏ အမှန်းအတားကို လုံးလုံးလျှော်၍ အနည်းငယ်ရံခါမျှသာ အထူးပြစ်လာသော ဟလ္ပာ တတောင်ခန့် ရှိသော ညောင်စောင်းငယ်၊ ၁၀-တောင့်, ၁၅-တောင့်, အတောင့် ၂၀-ခန့်ရှည်သော ညောင်စောင်းကြီးများ ရှိနေသည်ကို အစွဲအလမ်းတခုပြု၍ ငယ်ချင်သလောက်ငယ်, ကြီးချင်သလောက်ကြီးကို ကြိုယူထည့်သွင်း၍ ဆုံးဖြတ်ပိုင်းခြားရမည်ချည်းမှန်လျှင် အပုတ်ဆုံး ကျောင်းပေါ်ရာနေ

ရာကိုပိုင်းခြားရာ၌ရင်း,သိမ်ဖုတ်ရာအခက်းတွင် စတုဝဂ္ဂသံယာတွဲ တွဲ၍ နေထိုင်ရာ အပိုင်းအခြားများ၌ရင်း ညောင်စောင်း ပမာဏကို အတိုင်းအရှည် အမှတ်ပြု၍ဆိုခြင်းငှါ တတ်ကောင်းတော့မည်လော။

ထို့ကြောင့် ဤဒုဝဂ္ဂသမ္ဘူ ဒုဝဂ္ဂသပိဒ်-ဟူသောသိက္ခာပုဒ်၌လည်း အကြီးအငယ်ကြီဘန်၍ ရတိုင်းသောညောင်စောင်း, အင်းပျဉ်များကို ကြီယူထည့်သွင်း၍ယူခြင်းငှါ မတတ်ကောင်း၊ ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်ကိုသာ နိသံသယ မုချစင်စစ် မှတ်ယူခြင်းငှါ သင့်မြတ်ပါသတည်း။

ဤသိက္ခာပုဒ်ကိုလည်း ဒါယကာတို့ သဒ္ဓါဒေယျ လှူဒါန်း၍ထား အပ်သောသံယိက, ဂဏိက, ပုဂ္ဂလိက, ဘိက္ခုသန္တက ထာဝရအသုံး အဆောင်ဖြစ်သော ညောင်စောင်း, အင်းပျဉ်တို့၌သာ ယူအပ်၏၊ ဤကဲ့သို့သော ညောင်စောင်း, အင်းပျဉ်တို့မှာသာ ကျိုးပျက်မည်ကို အထူးစောင့်ရှောက်ထိုက်သည်၊ ဤဒုဝဂ္ဂ သိက္ခာပုဒ်တော်သည်လည်း ကျိုးပျက်ခြင်းကိုစောင့်ရှောက်ခြင်းငှါ ပညတ်သောသိက္ခာပုဒ်ပေတည်း။

ဖြိုတွင်းရှာတွင်း ပမ်ုတ်ရှတ်,တွမ်းစဉ်, ဆွမ်းစား-စသောဒုမင်္ဂလ, သုမင်္ဂလကိစ္စကြီးငယ်နှင့် ဒါယကာတို့ဟတ်နိုင်ပါသမျှ မဏာခေတ္တာမင်း ထားအပ်သော ဂိဟိပိဏ္ဍညောင်စောင်း, အင်းပျဉ်များကိုကား-ဤ သိက္ခာပုဒ်၌ မလိုအပ်၊ ထိုသို့သော ဂိဟိပိဏ္ဍ ညောင်စောင်း, အင်း ပျဉ်များ၏ကား-သမာနာသနိက ရဟန်းတို့ချင်းဖြစ်ပေမူ ဒါယကာ တို့ရေတွက်မှန်းထား၍ ပင်းထားဟိုင်း ပမာဏယုတ္တ ညောင်စောင်း, အင်းပျဉ်ဟုခေါ်ရင် ၃-ပါးဖြစ်စေ, ၄-ပါး, ၅-ပါးပင်ဖြစ်စေ၊ ဆုံတတ် သရွေ့ ကိုးရှေသိပ်သည်းမျှပင် ထိုင်နေခြင်းငှါ အပ်ပါ၏၊ မအပ်ဟူ၍ မယူသင့်။

ထိုစကားသင့်၏၊ လူတို့သန္တကဖြစ်သော ဝတ္ထုတို့၌ လူတို့သဒ္ဓါ တရားရှိသည်အတိုင်းသုံးဆောင်၍ ကျိုးသော် ပျက်သော်လည်း ဒုပ္ပရိ-ဘောဂ ဖြစ်သည်မဆိုသာ၊ ပဗ္ဗဇိတ်ဝဋ္ဋသိက္ခာပုဒ် အရာသို့ကျလျှင် လည်း မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဒါယကာတို့အား ရဟန်း တော်တို့အတွက် တာဝန်နှင့်စပ်၍ ပလိဗောဓကိစ္စ ပိုမိုရှိမည်အရာ,

ကုသိုလ်ယုတ်လျော့မည်အရာများကို အလွန်တရာညှာတာစောင့်ရှောက်တော်မူခြင်းအလေ့ ရှိတော်မူပါသည်၊ ထို့ကြောင့် ဤဒုဝဂ္ဂသိက္ခာပုဒ်အတွက်နှင့် လူဘို့အပေါ်တွင် ပလိဗောဓကိစ္စ ပိုမိုစေခြင်းငှါမသင့်ပေ၊ ဂိဟိဝိကဋ္ဌံ အဘိနိသီဒိတုံ၊နတ္ထေဝအဘိနိပ္ပဒေတုံ-စသည်များကိုမြော်ပါ။

လောကဝဇ္ဇ သိက္ခာပုဒ်အရာများ၌ကား-လူဘို့မျက်နှာကို ညှာတာစောင့်ရှောက်၍ သိက္ခာပုဒ်တော်ကို လျော့ခြင်းမည်သည် မရှိကောင်း၊ ထို့ကြောင့်ပင်လျှင် ပုဂ္ဂလအဂါရဝ, အသာရူပ္ပဓမ္မ တည်းဟူသော လောကဝဇ္ဇအရာစင်စစ်ဖြစ်ချေ၍ ထိုသို့သောဂိဟိဝိကဋ္ဌ ဘာဝကာလ-က လူတို့ခင်းထားသော ညောင်စောင်း,အင်းပျဉ်တို့၌ပင် သော်လည်း အသမာနာသနိက ရဟန်းတို့ချင်းဖြစ်ခဲ့မူ မဆထရ်ကြီးက ခွင့်မပြုဘဲသော်ရင်း, မထေရ်ငယ်က ခွင့်မပန်ဘဲသော်ရင်း ပမာဏာပဟုတ္တာ ဖြစ်သော ညောင်စောင်း,အင်းပျဉ်ငယ်များ၌ ၂-ပါးအတူတကွ ထိုင်နေခြင်းငှါ အပ်ကြောင်းကို ရှေသိက္ခာပုဒ်ဖြင့် တင်းတင်းကျပ်ကျပ် ထိုးဖြတ်အပ်၏။

သံယိက, ဂဏိက, ပုဂ္ဂလိက, ဘိက္ခုသန္ဓိကများ၌ကား-ဆိုခွင့်ပင်မရှိပြီ၊ ထိုသို့သဘောရှိရာသော ဘိက္ခုသန္ဓိကများ၌ အသမာနာသနိ-ကရဟန်းတို့ချင်းဖြစ်မူ ညောင်စောင်း, အင်းပျဉ်တခု၌ ၂-ပါးသော ရဟန်းတို့ အတူတကွနေထိုင်ကြင်းငှါဧကန္တမအပ်ဧကာသည်သာတည်း၊ ထိုသို့သော ပမာဏယုတ္တညောင်စောင်း, အင်းပျဉ်ပေါ်မှာမှ မဟုတ်သေး၊ အလျားဂ-တောင့်ထွာအောက် ယုတ်သော ပမာဏရှိသည်ဖြစ်၍ ဒီဃာသနမဆိုလောက်သော ဗျာဃယ်,သင်ကြားယ်, ကော်ဇောယ်စသည်များ၌လည်းသင့်လျော်ရာသောအခြောင်းတပါးခွင့်ကင်း၍ အသမာနာသနိကရဟန်းတို့အတူတကွ တစ်ပါးကပ်ကြီး နေထိုင်ကြင်းငှါ မအပ်လေသည်သာတည်း။

မအပ်ကြောင်းကိုလည်း—

အနုဇာနာမိ ဘိက္ခဝေ သမာနာသနိကေဟိ သဟ နိသီဒိတုံ။

ဟူသော ရှေးသိက္ခာပုဒ်ဖြင့်ပြီးသဟည်း။

သင့်လျော်ရာသော အခြောင်းတပါးဟူသည်ကား- မမာမကျန်းရှိ၍ နင်းနှိပ်ဆုပ်နယ် ထူလှည်းပွေ့ပိုက်ခြင်း-စသော ဝေယျာဝစ္စကိစ္စ,

လူရှင်ပရိသတ် ကျဉ်းမြောင်းခြင်း,ရေ,မီး,မင်း,ခိုးသူ,ခြွေသွေ့ သစ်ကျားသားရဲ ဘီလူးစသော အန္တရာယ်တွေ့ခြင်း စသည်များကိုယူပါ၊ ထိုသို့သော အကြောင်းထူးပင် မရှိပြားသော်လည်း ဘတ္တဂ္ဂဝတ် အဌကထာများကို ထောက်ပြန်သော် ထေရ်ကြီးက ခွင့်ပေးသော်ရင်း, ထေရ်ငယ်ကခွင့်ပန်၍သော်ရင်း ထိုင်နေကြသည်ဖြစ်ပါမူ ဂိဟိသန္တကဘိက္ခုသန္တာ-က မရွေးမျယ် ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ် အောက်ယုတ်သော ပမာဏရှိသော ဒီဃာသန မဆိုလောက်သော ဖျာငယ်, သင်ဖြူးငယ်, ကော်ဇောငယ်-စသည်များ၌ ပင်သော်လည်း အသမာနာသနိကတို့ချင်း တပေါင်းတည်း ထိုင်နေသည်ကို အပြစ်မဆိုသင့်ပေ။

ညောင်စောင်း,အင်းပျဉ်၌ကား-ပြိုပျက်ခြင်းဘေးအကြောင်းကို ငဲ့ရန်ရှိပြီးသောကြောင့် ခွင့်တောင်းခွင့်ပေး၍ပင် ဖြစ်သော်လည်း ပမာ-ဏယုတ္တ ညောင်စောင်းတခု အင်းပျဉ်တခု၌ - ပါးထက် အလွန်နေခြင်းငှါ မလျော်လွန်းပါ။

ထောက်မြော်ရန် စူဠဝါဝတ္ထုက္ခန္ဓကဘတ္တဂ္ဂဝတ်၌လာသော ပါဠိအဌကထာပါ၌ကား—

> နထေရေဘိက္ခု။ အနုပခဇ္ဇ နိသီဒိတဗ္ဗံ နနဝါဘိက္ခု။ အာသနေန ပဋိဗာဟေတဗ္ဗာ။
>
> [ပါဠိတော်။]

> နထေရေဘိက္ခု။ အနုပခဇ္ဇာတိ ထေရေ ဘိက္ခု။ အတိအလ္လီယိတ္မာ နနိသီဒိတဗ္ဗံ၊ သစေ မဟာထေရဿ နိသဇ္ဇာသနေန သမကံ အာသနံ ဟောတိ၊ ပဟူသု အာသနေသု သတိ ကေဏ္ဍေ အာသနာနိ ထပေတ္မာ နိသီဒိတဗ္ဗံ၊ဘိက္ခု။ ဂဏ္ဌောတ္မာ ပဋိတ္ဌာသနေသု အနိသီဒိတ္မာ မဟာထေရေန နိသီဒါတိ ဝုတ္တေန နိသီဒိတဗ္ဗံ၊ နော စေ မဟာထေရော ဝဒတိ ဣဒံ ဘန္တေ အာသနံ ဥစ္စန္တိ ဝတ္တဗ္ဗံ၊ နိသီဒါတိ ဝုတ္တေ နိသီဒိတဗ္ဗံ၊ သစေ ပနဝေပံ ပုစ္ဆိတေ နဝဒတိ၊ နိသီဒန္တဿ အနာပတ္တိ၊ မဟာထေရဿ အာပတ္တိ၊ နဝကော ဟိ ဝေရ္ဗေ အာသနေ အနာပုစ္ဆာ

နိသီဒန္တော အာပဇ္ဇတိ၊ ထေရော အာပုစ္ဆိတော အနနုဇာ-နန္တော။

[အဋ္ဌကထာ။]

ဘတ္တဂ္ဂဟုသည်ကား-

ဘတ္တံဂဏ္ဍန္တိ ထွေးဘိဘတ္တဂ္ဂံ-ဟု၀စနတ္ထပြု၍ စရပ်, တန်ဆောင်း, ကျောင်းတွင်း,ကျောင်းပ၊ ရွာတွင်း၊ ရွာပ၊ အိမ်တွင်း၊ အိမ်ပ ဌာန အမှတ်မရှိလူတို့က ပင့်ဘိတ်၍ ဆွမ်းခဲဘွယ်ဘောဇဉ်ကို လုပ်ကျွေးရာ ဌာနသည် မုချအားဖြင့်၎င်း, လက္ခဏာဟာရနည်းအားဖြင့်၎င်း ဘတ္တဂ္ဂ မည်၏၊ကျောင်းတွင်း ဆွမ်းစားကျောင်းသာမုချ၊အကြင်းမှာလက္ခဏာ ဟာရ ဘတ္တဂ္ဂမည်၏။

ဘတ္တဂ္ဂံ၀တ္တေ အန္တောဂါမော ၀ါ ဟောတု ဝိဟာရော ၀ါ မနုဿာနံ ပရိဘောဂေ ဌိတဋ္ဌာနံ ဂစ္ဆန္တေန စိ၀ရံ ပါရုပိတ္တာ ကာယ-ဗန္ဓနံ ဗန္ဓနမေ၀ ၀ဋ္ဋတိတိ အဋ္ဌကထာသု ၀ုတ္တံ။

ဟူသော အဋ္ဌကထာကိုထောက်ပါ။

၌အဋ္ဌကထာပါဠိပြင်ပင်-

ကျောင်းတွင်း, ကျောင်းပ၊ ရွာတွင်း,ရွာပ ဒေသမရွေး လူတို့က ပင့်ဘိတ်၍ ပရိတ်ရွတ်ရာ, ဆွမ်းစဉ်ရာ, တရားနာရာ မပင့်မဘိတ်သော်လည်း ကိစ္စကြီးငယ် ပြောဆိုဘွယ်နှင့် လူပရိသတ်သို့ ကပ်ရာ၀င်ရာ မျှားခ၌လည်း သက်နှံးရုံခြင်းစသော အကျင့်၀တ်ကို ပြု၍သာ ကပ်အပ်၀င်အပ်သည်-ဟု ယူသင့်သည်။

၌အရာ၌-

အနုပခဇ္ဇ-ဟူသောပါဠိပဒ၊ယင်းပါဠိပဒကို ကွင်းသော အတိအလို-ယိတ္တာ-ဟူသောအဋ္ဌကထာပဒတို့၏ အနက်ကို သေနာသနဝတ်ကျေလာ သော ဣရိယာပုထ် ၄-ပါးဖြင့် နေ့နေ့ညည ထာ၀ရနေရာကိုသာ လိုအပ်သော အနုပခဇ္ဇသိက္ခာပုဒ်ကဲ့သို့ မယူပါလင့်၊၌အရာ၌ကား-ထိုင်ခြင်း ဣရိယာပုထ်ဖြင့် ခဏတမုဟုတ်မျှသာ နေကြရာဖြစ်၍ အနုပခဇ္ဇအတိ အလွယိတ္တာ- အရကို ထိစပ်ခိုက်တိုက်၍ ထိုင်နေသည်ကိုသာ ယူပါ။

သမကံအာသနံ-အရကို တခုတည်းသောညောင်စောင်း, တခုတည်းသော အင်းပျဉ်,တခုတည်းသောဖျာရိုင်,သင်ဖြူး,ကော်ဇောခင်းနှီးများကို အမြင့်အနိမ့်အထူးမရှိ တညီတပြင်တည်း ခင်းထားသည်ကိုပင် ယူသင့်၏။

ဟူသု အာသနေသု သတိ ကေံ ဒွေ အာသနာနိ ထပေတွာ နိသီဒိတဗ္ဗံ။

ဟူသောစကားခြို့ တတောင့်ထွာပမာဏကို နေရာတခုဟုပိုင်းခြားရှိ ရဟန်းကနည်းရှိ နေရာကအပိုအမိုများသေးပါလျှင် ထက်ဝယ်ဘွဲ့ခွေရှိ ထိုင်နေသော မင်းထရံကြီးဒူးစွန်းမှ စပ်ကြားခြို့ တတောင့်ထွာ ပမာဏာနှ ချန်ထားရှိနေသည်ကို ကေံအာသနံထပေတွာ-ဟု ယူပါ။ ၃-တောင်ပမာဏာနှ ချန်ထားရှိနေသည်ကို ဒွေအာသနာနိထပေတွာ-ဟု ယူပါ။ ခင်းထားအပ်သောဖျာတချပ် ၂-ချပ်, ကော်ဇောတချပ် ၂-ချပ်ကို ချန်ထားရှိ နေသည်ကို အိုလိုရင်းမမှတ်ပါလင့်။

ဘိက္ခု။ ဂဏ္ဌေတွာ ပညတ္တာသနေသုခြို့–

ရဟန်း ၂-ပါးဖြစ်၍ ၃-တောင်ခန့်သာ၊ ၃-ပါးဖြစ်၍ ၄-တောင့်ထွာခန့်သာ၊ ၄-ပါးဖြစ်၍ ၆-တောင့်ထွာခန့်သာ ခင်းထားသည်ကို ယူပါ၊ ဤအရာမျိုးခြို့ တပါးတပါး၏နေရာ တတောင့်ထွာ, တတောင့်ထွာခန့်သာ ယူသင့်ကြောင်း ယုတ္တိသည် နောက်တွင်လည်း ထင်ရှားလာလတ္တံ့။

ဣဒံ ဘဂဝန္တံ အာသနံ ဥစ္စဒ္ဓိ ဝတ္ဘဏ်ခြို့–

ဥစ္စံ-ဟူသည်ကား-မင်းထရံကြီးနေရာနှင့် တပြိတပြင်တည်းနေသည်ကိုပင် ဥစ္စာဟူသည်ဟု ဝိမတိဝိနောဒနီဘွင့်တိုင်း သင့်မြတ်တော့သည်၊ အကျဉ်းမှာ ပါဠိလျှောက်အဓိပ္ပါယ်အတိုင်း ဉာဏ်နှင့် စဉ်းစားရှိ ကြည့်လျှင် သိသာသင့်ပါ၏။

လိုရင်းကိုဆိုပါအုံ။ ။ဤဘတ္တာဂ္ဂဝတ္တာအဌကထာခြို့ နိတတ္ထ,နေယျတ္ထ အားဖြင့် ကျောင်းတွင်း ဂုဏ်တွင်းမရှေးမချယ်၊ ဆွမ်းစား, ဆွမ်းစဉ်, ပရိတ်ရွတ်စသော ကိစ္စနှင့် ပတ်ဘိတ်ရှိ လူတို့ခင်းထားသော နေရာထိုင်ရာ

များ၌ တဝါသာရသေးသော ရဟန်းငယ်နှင့် အဝါ ၆-ရပြီးသော ထေရ်ကြီးပင်ဖြစ်သော်လည်း ပန်ကြားခြင်း, ခွင့်ပြုခြင်းကိုပြု၍ နေသည်ရှိသော် တတောင်ခန့်သာ အလျားရှည်သော တခုတည်းသော ညောင်စောင်း, အင်းပျဉ်ပေါ်၌ပင် အတူတကွထိုင်နေသင့်ကြောင်းကို သိသာထင်လင်းရှိပါသောကြောင့် တတ်နိုင်ပါသမျှ ခဏခေတ္တတိစ္ဆနှင့် လူတို့ခင်းထားအပ်သော ပမာဏယုတ္တ ညောင်စောင်း, အင်းပျဉ်ထိုညောင်စောင်း, အင်းပျဉ်အောက် ယုတ်သောပမာဏရှိသည်ဖြစ်၍ ဒီဃာသနမသုံးလောက်သော ဖျာငယ်,သင်ဖြူးငယ်,ကော်ဇောငယ်-စသည်များ၌ အသမာနာသနိကဖြစ်သော ရဟန်းတို့ ချင်းချင်းပင်သော်လည်း ပန်ကြားခြင်း, ခွင့်ပြုခြင်းကို ပြု၍နေကြခြင်းငှါ သင့်မြတ်ကြောင်းကို သိသာထင်လင်းပါတော့သည်။

ဘိက္ခုသန္ဓာကပင်ဖြစ်ပြားသော်လည်း ဟတ္ထပါသ်ကိုစောင့်၍ ကံကြီး, ကံငယ်ဆောင်ရွက်ရာ သိမ်အပြင်၌ ခင်းထားသော ညောင်စောင်း, အင်းပျဉ်,ဖျာရိုင်, သင်ဖြူး, ကော်ဇောများ၌ကား-ကမ္မသုတ္တိကိုသာ အလေးဂရု ရှေးရှုပြု၍ နေကြရသော အရာဖြစ်၍ ဤသမာနာသနိက, တိဝဿန္တရသိက္ခာပုဒ်များကို စောင့်ရှောက်ရမည် ဟူသော ကျမ်းဂန်အရိပ်အခြေက်မျှမထင်၊ ဘုရားပုထိုးရှိခိုးဝတ်တက်ရာ, ကရားနာရာ,စာပေကျမ်းဂန်တက်နာရာများ၌လည်း အာရမ္ဘဏသမ္ဘတ္တိ,ဓမ္ဘသဝနသမ္ဘတ္တိများကိုသာ အလေးဂရု ရှေးရှုပြု၍ နေကြရသောအရာပင်ဖြစ်ပြန်၍ ဤကံကြီး, ကံငယ်ဆောင်ရာနှင့် တူသင့် မတူသင့်ကို ချင့်ချိန်ကြပါ။

ဟေဒမူလကဒုဝဂ္ဂမဇ္ဈသိက္ခာပုဒ်၏
စီစစ်ခွင့်ရှိသမျှ အသားကုန်စီစစ်ထုတ်ပြသော
စကားစုပြီး၏။

၄-ဒီဃာသနအဆုံးအဖြတ်

ဘုန် ခေါ် ပန် သမယေန ဘိက္ခု။ အသမာနာသနိကော်သော ဒီဃာသနေ နိသိဒိတု ဟုတ္တုစ္ဆာယန္တိ။ တတော ဘေတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ ထပေတ္ဝာ

ပဏ္ဍာကံ မာတုဂါမံ ဥဘတောဗျဉ္ဇနကံ အသံမာနာသနိကေဟိ သဟ ဒီဃာသနေ နိသီဒိတုန္တိ။

အထခေါ ဘိက္ခူနံ တေဒဟောသိ၊ ကိတ္တကံ ပစ္ဆိမံ နုခေါ ဒီဃာသနံ ဟောတီတိ။ အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဍံ ပဟောတိ၊ ဧတ္တကံ ပစ္ဆိမံ ဒီဃာသနန္တိ။

ဤဒီဃာသနသိက္ခာပုဒ်များ၌-

အသမာနေသုယေဝ အာသနေသု နိသီဒိတုံ အရဟန္တိ သမာနေ အာသနေ နိသီဒိတုံ နအရဟန္တိတိ အသမာနာ-သနိကာ။

ဟု ဝိဂြိဟ်ပြု၍ တိဝဿန္တရ ရဟန်းချင်းချင်းမှတပါး ၃-နှစ်လုံးလုံး ၃-နှစ်ထက်အလွန်ကြီးကြ, ငယ်ကြသော ရဟန်းချင်းချင်းသည်ရင်း, ပဏ္ဍုက်, မိန်းမ,ဥဘတောဗျည်းဖြစ်သော သူများကိုချန်လှပ်၍ ကြင်းသောသာမဏေ,လူယောက်ျား, အထီးဖြစ်သော ခွေး,ဝက်,ကြက်,ဌက်စသော ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်, မျက်မြင်ထင်ရှားအောင် ဆောင်ပြ၍တည်သော ဘီလူး, ပြိတ္တာ, ဗြဟ္မာ, နတ်များသည်ရင်း ရဟန်းတို့နှင့်ဒီဃာသနမဟုတ်သော ညောင်စောင်း, အင်းပျဉ်, ဗျာရိုင်,သင်ဖြူး, ကော်ဇောငယ်-စသည်များ၌ အတူတကွထိုင်နေခြင်းငှါ မထိုက်သောကြောင့် အသမာနာသနိကမည်၏-ဟုယူသင့်သည်။

ပဏ္ဍုက်, လူမိန်းမ, ဥဘတောဗျည်းဖြစ်သော လူ, တိရစ္ဆာန်, ဘီလူး, ပြိတ္တာမများနှင့်ဖြစ်မူကား- ဒီဃာသနဖြစ်သော နေရာ၌ပင်သော်လည်း နေရာတူဟပြင်တည်း၌ အတူတကွထိုင်နေခြင်းငှါ မအပ်တော့သည်သာတည်း၊ အိပ်ခြင်းဣရိယာပုထ်၌ကား-ဆိုဘွယ်ပင်မရှိ။

အနုဇာနာမိ ဘိက္ခဝေ သမာနာသနိကေဟိ သဟ နိသီဒိ-တုံ၊အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုံ။

ဟူသော ရှေသိက္ခာပုဒ်တို့၌ ဗျတိရေက အဝုတ္တသိဒ္ဓိ နည်းအားဖြင့် အသမာနာသနိကပုဂ္ဂိုလ်တို့နှင့်ကား- တခုတည်းသောနေရာ၌ အတူတကွထိုင်နေခြင်းငှါမအပ်ဟူ၍ သာမညအားဖြင့်သာ သိရသေးသည်၊

ထိုပုဂ္ဂိုလ်တို့နှင့် အတူတကွထိုင်နေခြင်းငှါ မအပ်သောအရာသည် ဒီဃာသနနေရာ၌ပင် မအပ်သည်ဖြစ်မည်၊ ဒီဃာသန မဟုတ်သော နေရာ၌ မအပ်သည်ပင် ဖြစ်မည်၊ ၂-ပါးစုံ၌ပင် မအပ်သည်ဖြစ်မည်ဟူ၍ ဝိသေသအားဖြင့် မသိမသာ မထင်မလင်း ရှိနေသည်ဖြစ်၍ ဘုရားလက်ထက်၌ ရဟန်းတော်တို့သည် အသမာနာသနိကတို့နှင့် တကွ ဒီဃာသန၌ပင် တကွအတူ ထိုင်နေခြင်းငှါ အပ်မည်, မအပ်မည်ဟု ကုက္ကုစ္စရှိကြကုန်သည်။

[နိဒါန်းဝတ္ထုအဓိပ္ပါယ်။]

ဤသို့ သိက္ခာပုဒ် နိဒါန်းဝတ္ထု, အနုသန္ဓေကို သမာနာသနိက, တိဝဿန္တရသိက္ခာပုဒ်တို့နှင့်သာ စပ်ဆက်၍ယူရမည်၊ ရှေနောက်တစပ် တည်းဆက်၍ နေသော ဒုဝဂ္ဂမဠ္ဆသိက္ခာပုဒ်နှင့် စပ်ဆက်၍မယူပါ လင့်။

ထိုသို့ ဒုဝဂ္ဂမဠ္ဆသိက္ခာပုဒ်နှင့် ဒီဃာသနသိက္ခာပုဒ်တို့ကို အချင်းချင်းစပ်နွယ် ဆက်ကူးခြင်းငှါ အကြောင်းအခွင့် မသင့်လေသော ကြောင့်သာလျှင် "ဒီဃာသနံနာမ မဠ္ဆ ဝိဌ ဝိနိမုတ္တံ"အစရှိသည်ဖြင့် ရှေမဠ္ဆဝိဌသိက္ခာပုဒ်၌လာပြီးသော ညောင်စောင်း, အင်းပျဉ်မှ တပါးသော နေရာများကိုသာ နောက်ဒီဃာသနသိက္ခာပုဒ်၌ ဒီဃာသနယူသင့်သည်ဟု နှလုံးပိုက်၍ ဘွင့်ကြသော ဋီကာဆရာတို့စကားကို အနှစ်သာရအားဖြင့် မမှတ်မယူသာ။

> • အဘယ့်ကြောင့် နည်းဟူ၍-ပါဠိတော်၌လည်း အကြောင်းထူးမထင်၊ အဋ္ဌကထာ၌လည်း-ယံ တိ ဟိ ပဟောတိ-ဟူ၍ ပဟောနကဘာဝကိုသာ ဒီဃာသနလက္ခဏာပြု၍ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ-ဟူ၍ ဝတ္ထုသာမညကိုသာ ပြလေသောကြောင့်တည်း။

ရှေးဖြစ်သော သမာနာသနိက သာမညသိက္ခာပုဒ်နှင့်သာ စပ်ဆက်နှိုးနွယ်ပြီးလျှင် ညောင်စောင်း, အင်းပျဉ်ပမာ ဖြစ်စေ၊ ဗျာဂ္ဃ, သင်ဖြူး,ကမ္ဗလာ,ကော်ဇောပင်ဖြစ်စေ–

၁။ ရှည်လျားကျယ်ပြန့်သော နေရာထိုင်ရာသည် ဒီဃာသနမည်၏။

၂။ မရှည်လွန်း မကျယ်မပြန့်လွန်းသော နေရာထိုင်ရာသည် အဒီ-ဃာသနမည်၏။–

ဟူ၍ သာမညအားဖြင့်သာ ပိုင်းခြားပြောဆိုခွင့်ရှိသည်။

ဒီဃာသနံ-ဟူသောပုဒ်၌–

ဒီဃသဒ္ဒါသည် ဥပနိဓာပညတ်ဖြစ်၍ ရဿရှိမှဒီဃရှိရသည်၊ ဝါ-ခုဒ္ဒက,မဇ္ဈိမရှိမှ ဒီဃရှိရသည်ဖြစ်၍ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, ခုဒ္ဒကနိကာယ်ဟူရာတို့၌ကဲ့သို့ ဤအရာ၌လည်း ဒီဃာသန,မဇ္ဈိမာသန, ခုဒ္ဒကာသနဟူ၍ ၃-ထွေ ၃-ရပ် ဘော်ထုတ်ဝေဘန်သင့်ကြောင်းကို သတိပညာဖြစ်သင့်သည်။

ဝေဘန်၍ပြပေအံ့

အမေးကား။ ။၁။ အဘယ်သည် မဇ္ဈိမာသနမည်ပါသနည်း။
၂။ အဘယ်သည် ခုဒ္ဒကာသနပည်ပါသနည်း။
၃။ အဘယ်သည် ဒီဃာသန မည်ပါသနည်း။
[အမေးသုံးချက်။]

အဖြေကား။ ။၁။ ဤအရာဌာနသည် ခဏတမုဟုတ်မျှ ထိုင်နေခြင်း ဣရိယာပုထ်တခုနှင့်သာ ဆိုးဝိုင်စပ်လျင်းသော အရာဌာနဖြစ်ပါ၍ အရာအားလျော်စွာ ဝေဘန်သင့်လေရကား- တပါးထိုင်နေရာကို အလျားအနံ တတောင့်ထွာပမာဏ အမှတ်ထား၍ အလျား ၃- တောင့်, အနံ တတောင့်ထွာ ပမာဏရှိသော ညောင်စောင်း, အင်းပျဉ်စသော အမှတ်မရှိသော နေရာသည် မဇ္ဈိမာသနမည်၏။

၂။ ထိုအောက် အလျားအနံ ပမာဏကို လွန်လျှင် ခုဒ္ဒကာသနမည်၏။

၃။ ထိုထက် အလျားအနံ ပမာဏ ရှည်လျား ပြန့်ကျယ်လျှင်ဒီဃာသနမည်၏-ဟု ဝေဘန်ပိုင်းခြားရပါမည်။

ခဏတမုဟုတ်ထိုင်နေခြင်း ဇုရိယာပုထ်အရာမျှသာဖြစ်၍ အရာအားလျော်စွာ အလျားအနံတတောင့်ထွာ ပမာဏကို တပါးသောရဟန်း၏ နေ့ရာဟု ပိုင်းခြားဆုံးဖြတ် မှတ်ယူနိုင်သင့်ကြောင်း ယုတ္တိကိုဆိုပါမည်။

> တေန ခေါ ပန သမယေန သမ္မဟုလာ သမာနာသနိကာ မဠ္ဍေ နိသီဒိတ္ထာ မဠ္ဍံ ဘိန္ဒိံသု။ ပိဋ္ဌေ နိသီဒိတ္ထာ ပိဋ္ဌံ ဘိန္ဒိံသု။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂသ မဠ္ဍံ တိဝဂ္ဂသ ပိဋ္ဌံ။

ဟူ၍လာသော နိဒါန်းဝတ္ထုသိက္ခာပုဒ်တို့၌ အလျား ၄- တောင့်ထွာ အနံထိုနှင့် သင့်မြတ်လောက်သော ပမာဏယုတ္တ ဖြစ်သော ညောင်စောင်း, အင်းပျဉ်တခုပေါ်တွင် ၄- ပါး, ၅-ပါး, ၆-ပါး, ၇-ပါး စသည်ဖြင့် သမ္မဟုလသမာနာသနိကရဟန်းတို့သည် မဆုံ့မပျည်း တိုးဝှေ့ သိပ်ညှပ်၍ နေကြသဖြင့် ထိုညောင်စောင်း,အင်းပျဉ်တို့သည် မတည်မတ်နိုင်၊ ကျိုးပျက် ပြိုကွဲ တိမ်းလဲပျက်စီးရှိခဲ့သောကြောင့် "အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂသမဠ္ဍံ တိဝဂ္ဂသပိဋ္ဌံ"ဟူ၍ ဟောတော်မူသည်မှာ အကြောင်း ၂-ပါးကိုင်း၍ဟောတော်မူသည်။

အကြောင်း ၂-ပါးဟူသည်ကား—

၁။ တခုတည်းသော ပမာဏယုတ္တ ညောင်စောင်း, အင်းပျဉ် ပေါ်၌ ၃-ပါးထက်အလွန် ၄-ပါး, ၅-ပါးစသည်ဖြင့် တိုးဝှေ့ သိပ်ညှပ်၍ ထိုင်နေခြင်းသည် သုခနိသိန္နသမဏသာရုပ္ပမဖြစ်၊ ဤသည်လည်းတကြောင်း။

၂။ ညောင်စောင်း အင်းပျဉ်မခံမရပ်နိုင် ပြိုပျက်လွယ်သည်လည်းတကြောင်း၊ ဤအကြောင်း ၂-ပါးကိုင်း၍ တိဝဂ္ဂသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

ထိုအကြောင်း ၂-ပါးတွင်လည်း သုခနိသိန္နသမဏသာရုပ္ပ မဖြစ်သောအကြောင်းသည်သာ ဤသိက္ခာပုဒ်၌ ပမာဏအားဖြင့် ဇဲတော်မူရင်းဖြစ်သည်၊ ပြိုပျက်ခြင်းအကြောင်းနှင့်ထပ်မံ၍ ဒုဝဂ္ဂသိက္ခာပုဒ်ဆင့်တော်မူရပြန်သည်ကိုထောက်ပါ။

ထို့ကြောင့် ပမာဏယုတ္တ ညောင်စောင်း အင်းပျဉ်တခုပေါ်တွင် ၃-ပါးသော ရဟန်းများသာထိုင်နေလျှင် တပါးတပါးလျှင် တတောင့်ထွာစီ ဝေပုံကျသဖြင့် သုခနိသိန္နလည်းဖြစ်၊ သမဏသာရုပ္ပလည်းဖြစ်သင့်ပြီဟု-နှလုံးပိုက်တော်မူ၍ ဤတိဝဂ္ဂသိက္ခာပုဒ်ကို ဟောတော်မူသည်ဟု မှတ်ယူယုံကြည်ကောင်းတော့သည်။

ထိုသို့သော အကြောင်းကြောင့် "ယံ တိဏ္ဏံ ပဟောတိ၊ တ္တေကံ ပစ္ဆိမံ ဒီဃာသနံ" ဟူ၍ အယုတ်ဆုံး ဒီဃာသနကို ပြတော်မူသော စကားခ်ီလည်း သုံးယောက်သောသူတို့အား ထိုင်နေခြင်းငါးလောက်သော ပစ္ဆိမဒီဃာသနနေရာဟူသည်လည်း အလျား ၄-တောင့်ထွာ ပမာဏရှိသော နေရာအခင်းပင်တည်းဟု နိသံသယမုချစင်စစ် မှတ်ယူဆုံးဖြတ်သင့်လှတော့သည်သာ ဖြစ်သတည်း။

စောဒနာချက်။ ။ထိုသို့ဖြစ်ခဲ့သော် ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်များသည်လည်း ပစ္ဆိမဒီဃာသနခ်ီပင် ပါဝင်လေသည်ဖြစ်၏၊ ထိုသို့ ဖြစ်ပြန်လျှင်လည်း ပမာဏယုတ္တဖြစ်သော ညောင်စောင်း,အင်းပျဉ်ပေါ်ခ်ီ ဝဇ္ဇနီယ ပုဂ္ဂိုလ် ၃-ယောက်မှ ကြွင်းသော ပုဂ္ဂိုလ်သာမည်တို့နှင့်အတူတကွ ထိုင်နေအပ်၏-ဟူသောအနိဋ္ဌဒေါသ ရောက်ခဲ့၏-ဟူငြားအုံ့။

အဖြေ။ ။မရောက်ပါ၊ထိုပမာဏယုတ္တညောင်စောင်း,အင်းပျဉ်များသည် ဒီဃာသနလက္ခဏာသို့ပါဝင်ပေသည်ကား-မှန်၏၊ ထိုသို့ပင်ပါဝင်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်ဖြင့် ထိုသို့သော ညောင်စောင်း,အင်းပျဉ်များခ်ီ သမာနာသနိကရဟန်း ၂-ပါးသာ အတူတကွထိုင်နေစေဟူ၍ အထူး ထုတ်နုတ် ပိုင်းခြားထားတော်မူပြီးဖြစ်သောကြောင့် ထိုအနိဋ္ဌဒေါသသည် စင်စစ်မရောက်သည်သာတည်း။

ဤအလုံးစုံသော စကားရပ်ဖြင့် ဒီဃာသနသည် ညောင်စောင်း, အင်းပျဉ်ဟူသောဒီဃာသန, ဗျာရိုင်, သင်ဖြူး, ကမ္ဗလာ, ကော်ဇောစသော အခင်းမျိုးဟူသော ဒီဃာသနဟူ၍ ၂-ထွေပြားရ၏။

ထိုတွင် ညောင်စောင်း အင်းပျဉ်တည်းဟူသော ဒီဃာသနမှာ အလျား ၄-တောင့်ထွာ အနံထိုနှင့် သင့်လျော်ရုံရှိသော ညောင်စောင်း

အင်းပျဉ်ဖြစ်မူ ပစ္ဆိမဒီဃာသနပင် ဖြစ်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်၌ ပါဝင်ပြီးဖြစ်သောကြောင့် ဒီဃာသနသိက္ခာပုဒ်၌ မသွင်းအပ်၊ အလျားဂ-တောင့်ထွာထက် တတောင့်ထွာတက်၍ အလျား ၆-တောင်၊ ၆-တောင်ထက် အလွန်ရှိမှ ဒီဃာသနသိက္ခာပုဒ်၌ သွင်းရပါမည်။

ဗျာရိုင်, သင်ဖြူး, ကမ္ဘလာ,ကော်ဇောစသော ဒီဃာသနမျိုးမှာ ကား-အလျား ၄-တောင့်ထွာအနံတတောင့်ထွာရှိမူအယုတ်ဆုံး ပစ္ဆိမ-ဒီဃာသနမည်၏။ထိုထက် တယောက်ထိုင်လောက်သော တတောင့်ထွာ ပမာဏဖြင့် အလျားအဆင့်ဆင့်တိုးပွားမှ အနံတတောင့်ထွာ အလျား အလံတရာ,တထောင်-စသည်ရှည်သည်ရှိသော်မဟာဒီဃာသနမည်၏။

[ဤကား-အလျားသက်သက် တိုးနည်းတည်း။]

အလျား ၃-တောင်၊အနံ ၃-တောင်စတုရန်းရှိပြန်ပါမူ၊တယောက်ထိုင်နေလောက်သော တတောင့်ထွာပမာဏဖြင့် ပိုင်းခြားဝေဘန်လျှင် ၄-ယောက်ပင်ထိုင်နေလောက်ပြန်ရကား-ဒီဃာသနပင် မည်၏။

ထိုနည်းအတူ—

၁။ အလျား ၄-တောင့်ထွာ၊ အနံ ၃-တောင်ရှိပါမူ ၆-ယောက်ထိုင်လောက်သော ဒီဃာသနမည်၏။

၂။ အလျား ၄-တောင့်ထွာ၊အနံလည်း ၄-တောင့်ထွာ ရှိပါမူ ၉-ယောက်ထိုင်လောက်သော ဒီဃာသနမည်၏။

၃။ အလျား ၆-တောင်၊ အနံ ၃-တောင်ရှိပါမူ ၈-ယောက်ထိုင်လောက်သော ဒီဃာသနမည်၏။

၄။ အလျား ၆-တောင်၊ အနံ ၄-တောင့်ထွာရှိပါမူ တကျိပ်နှစ်ယောက် ထိုင်လောက်သော ဒီဃာသနမည်၏။

၅။ အလျား ၆-တောင်၊ အနံလည်း ၆-တောင်ရှိပါမူ တကျိပ်ခြောက်ယောက်ထိုင်နေလောက်သော ဒီဃာသနမည်၏။

ဤသို့စသည်ဖြင့် အလျားအနံ တိုးပွားနည်းကို ဉာဏ်ရှင်းဇောင်ဝေဘန်ပါလေ၊ ညောင်စောင်း, အင်းပျဉ်များမှာလည်း အလျားအနံ တိုးပွားနည်းကို ဤအတူ သိပါလေဦး။

အလျား ၄-တောင့်ထွာ အနံ ၂-တောင် ၆-သစ်ခန့်မျှရှိသော ပမာဏယုတ္တ ညောင်စောင်း,အင်းပျဉ်သည် ဒီဃာသနပင်ဖြစ်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်က ပိုင်ဆိုင်ပေသည် ဖြစ်၍ မဇ္ဈိမာသန ဟူ၍ပင်ဆိုအပ်တော့သည်၊ထိုအောက်အလျားအနံ ၂-ပါးတိုသော,ကျဉ်းသော ညောင်စောင်း, အင်းပျဉ်ကို ခုဒ္ဒကာသနဟူ၍ဆိုအပ်၏၊ အလျားပင်တိုသော်လည်း အနံကျယ်ပြန့်၍ စတုရန်းတတောင့်ထွာ ၄-ဌာန၊ ၄-ဌာနထက်အလွန်ရပြန်ပေမူ ဒီဃာသနပင်မည်၏။

ခုဒ္ဒကာသန ဖြစ်သော ညောင်စောင်း, အင်းပျဉ်၌ကား-အလျော်အားဖြင့်ဆိုသည်ရှိသော် သမာနာသနိက ရဟန်းချင်းပင် ဖြစ်သော်လည်း ၂-ပါးအတူ ထိုင်နေခြင်းငှါ မအပ်ဟုဆိုခွင့်ရှိ၏၊ ဖျာရိုင်, သင်ဖြူး,ကမ္မလာ,ကော်ဇော စသော သံဃာရိမ, အသံဃာရိမအခင်းမျိုး၌ကား-အလျားခ-တောင်ရှင်း၊ ၄-တောင့်ထွာအောက် အယုတ်ရှင်းရှိ၍ အနံတတောင့်ထွာရှိပါမူ မဇ္ဈိမာသနဆိုအပ်၏၊ အလျော်အားဖြင့် ၂-ပါးသာ ထိုင်နေသင့်၏၊ ဤသို့မဟာပဒေသနည်းအားဖြင့် ပိုင်းခြားဝေဘန်၍ဆုံးဖြတ်အပ်၏။

အဋ္ဌကထာ၌-

"သံဃာရိမေဝါ အသံဃာရိမေဝါ"ဟူသောပါဠိ၌ သံဃာရိမေ-အရကို ဖျာ,သင်ဖြူး စသည်၊ အသံဃာရိမေ-အရကို ကျောက်စသည်ဟု ဘွင့်ကြသော ဝိမတိဝိနောဒနီဋီကာ, ဝိနယာလင်္ကာရဋီကာများ၌ ဆိုဘွယ်အထူးကား-ပြောင်းရှေ့ချီကြ၍ ရစကောင်းသော ဖျာ,သင်ဖြူးစသော သံဃာရိမဝတ္ထုများမှာ သိသာပြီ။

ပြောင်းရှေ့ချီကြ၍.မရစကောင်းသော အသေစိုက်နှက် ချည်တုပ်ဘွဲ့နှောင်၍ထားအပ်သော အသံဃာရိမ ဝတ္ထုများ၌ကား-အသံဃာရိမေ-အရကို ပကတိသောဘူမိ၊ တိုဘူမိနှင့်အလားတူ ဘူမိဂတိကဖြစ်သင့်သော ကျောင်းကြမ်းပြင်,စရပ်ကြမ်းပြင်, အိမ်ကြမ်းပြင်စသည်ကို ချန်လှပ်၍ ဘူမိဂတိကမရစကောင်းသော ဝတ္ထုများကိုသာ ယူသင့်ပါသည်၊ ထိုသို့ယူသင့်လေသောကြောင့် တိုဆိုခဲ့ပြီးသော ပကတိဘူမိ၊ ထိုဘူမိနှင့် အလားတူဖြစ်သော ကျောင်း, စရပ်, အိမ်ကြမ်းပြင်များ၌

အခင်းတပါး မရှိဘဲနှင့်ပင် ပဏ္ဍာကဋ္ဌတ္ထိဥဘတောဗျဥ္ဇနကဟု ဆိုအပ်သော ဝဇ္ဇနီယ ဖြစ်သော လူ,တိရစ္ဆာန်,ဘီလူး,ပြိတ္တာများနှင့် တပြင်တည်း ထိုင်နေသော်လည်း အပြစ်မရှိဟု မှတ်ယူအပ်၏။

ထို့အဘူ ဒီဃာသနထိုက်သော အခင်းနေရာပေါ်၌ပင်သော်လည်း အခင်းငယ်အသီးအသီး ဆင့်ထပ်ခင်း၍ ဝဇ္ဇနီယ ပုဂ္ဂိုလ်များနှင့်ပင် ထိုင်နေသော်လည်း အပြစ်အထူးမဆိုသာပေ။

ဤကား-ပါဠိတော်ရင်းအဘွင့် အဌကထာတို့ကို အစဉ်အတိုင်း အဓိပ္ပါယ်ကို အသားကုန်ထွက်အောင် ဉာဏ်စွမ်းရှိသမျှ ထုတ်ဘော်ဝေဘန်၍ဆုံးဖြတ်အပ်သောအချက်တည်း။

ဒီဃာသန အဆုံးအဖြတ်ပြီး၏၊

နာနာဂန္ဓိစာရဏအခက်း

ယခုအခါ ရှေစကားရပ်စု၌ ရှုပ်ထွေး ကျယ်ပွားအံ့စိုး၍ မထည့်မသွင်းဘဲ ရှောင်လွှဲချန်လှပ်ခဲ့သော လက်သန်းအဌကထာများနှင့်တကွ ဋီကာကြီးငယ်တို့ အထူးထူး အထွေထွေ ရေးသားဘွင့်ဆိုကြသော စကားရပ်များကို စီစဉ်ပေါင်းစု၍ စီစစ်ရာဖြစ်သော နာနာဂန္ဓိစာရဏအခက်းကိုဆိုပေအံ့။

(က) အနုဇာနာမိ ဘိက္ခဝေ နဝကေန ဘိက္ခုနာ ဥဒ္ဒိသန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ၊ ဥစ္စတရေ ဝါ ဓမ္မဂါရဝေန၊ ထေရေန ဘိက္ခုနာ ဥဒ္ဒိသာပေန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ၊ နီစတရေ ဝါ ဓမ္မဂါရဝေနာ တိ။

(ခ) အနုဇာနာမိ ဘိက္ခဝေ သမာနာသနိကေဟိ သဟ နိသီဒိတုံ။

(ဂ) အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုံ။

(ဃ) အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂဿ မဏ္ဍ တိဝဂ္ဂဿ ပိဏ္ဍံ။

(င) အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဏ္ဍ ဒုဝဂ္ဂဿ ပိဏ္ဍံ။

(၅) အနုဇာနာမိ ဘိက္ခဝေ ဌပေတ္တာ ပဏ္ဍိတံ မာတုဂါမံ ဥဘတောဗျဉ္ဇနကံ အသမာနာသနိကေဟိ သဟ ဒီဃာသနေ နိသီဒိတုံ။

(ဆ) အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဍံ ပဒဟာတုံ။ ဧတ္ထကံ ပစ္ဆိမံ ဒီဃာသနန္တိ။

[စုဠဝါဒသနသနဂ္ဂန္ထပါဠိတော်။]

တိဝယန္တရေနာ တိ ဣဿ တိဝယန္တရော နာမ ယော ဒ္ဝိဟိ ဝယေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ။ ယောပန ဧကေန ဝယေန မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ ယော ဝါ သမာနဝယော၊ တတ္ထ ဝတ္ထဗ္ဗမေဝ နတ္ထိ။ ဣမေ သဗ္ဗေ ကေသ္မိ မဗ္ဗေ ဝါ ပိဗ္ဗေ ဝါ ဒ္ဝေ ဒ္ဝေ ဟုတ္ဝာ နိသီဒိတုံ လဘန္တိ။

ယံ တိဏ္ဍံ ပဒဟာတိ၊ တံ သံဟာပေတုံ ဝါ ဟောတု အသံ-ဟာရိမံ ဝါ၊ တထာ ရူပေ အဝိ ဖလကဘူမ္ယာ အနုပသမ္ပန္နေနာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။

[ဂဠိုးအဋ္ဌကထာပါဠိ။]

တိဝယန္တရေနာ တိ တိဏ္ဍံ ဝယသာ အဇ္ဇောဟရိတေန။

[ဝဇိရဗုဒ္ဓိ။]

ဒီဃာသနံ နာမ မဗ္ဗ ပိဋ္ဌ ဝိမုတ္တံ ယံကိဉ္စိ ဧကတော သုခံ နိသီဒိတုံ ပဟောတိ။

[ဟေရသကဏ္ဍ။]

ယံ တိဏ္ဍံ ပဟောတိ တိ မဗ္ဗ ပိဋ္ဌ ဝိနိမုတ္တံ ယံ အာသနံ တိဏ္ဍံ သုခံ နိသီဒိတုံ ပဟောတိ၊ ဣဒံ ပစ္ဆိမံ ဒီဃာသနံ။

ဧတ္ထ မဗ္ဗပိဋ္ဌရဟိတေသု အသမာနာသနိကာပိ တဝေယာ နိသီဒိတုံ လဘန္တိ။ မဗ္ဗပိဋ္ဌေသု ပန ဒ္ဝေ။ အဒီဃာသနေသု မဗ္ဗ ပိဋ္ဌေသု သမာနာသနိကာဝေ ဒ္ဝေ နိသီဒိတုံ လဘန္တိ ဒုဝဂ္ဂ-ဝေယ်ာ အနုညာတတ္တာ။

[ဝိမတိ။]

မဇ္ဈေဝါ ပိဋ္ဌေဝါ တိ ဣတ္ထ ဝါသဒ္ဒေါ သမုစ္စယတ္ထော။ တေန ဟဒ္ဒိကာ စမ္မကွဇ္ဇာဒီသု ဒိယာသနေသုပိ နိသီဒိတုံ နဝဋ္ဋတိ တိ ဒီပိတံ ဟောတိ။

[ပါရိဝါသိကကဿနိကဒေဘွင့်ဝိမတ်ဒ္ဓိဂ၁ော။]

ယော ဟိ ဘိက္ခု မဟန္တတရော ဝါ ဒဟရတရော ဝါ တိ အတ္ထနော မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ သော ဘိက္ခု တိဝဿန္တရော နာမ တိ ယောဇနာ။ ကေသု ဘိက္ခု-နော ဟိ ဏ္ဍံ ဝဿာနမန္တရေ ဗ္ဗိတော တိဝဿန္တရော။ အညော ဘိက္ခု။

တတ္ထ တိ ဘိက္ခူသု။ ဣမေ သဗ္ဗေ ဟိ သဗ္ဗေ တိဝဿန္တရ ဒ္ဒိဝဿန္တရ သမာနာသနိကာ။ ဣမေ ဘိက္ခူ လဘန္တိ ဟိ သမ္ဘဒ္ဓေါ။ ယံ တိဏ္ဍံ ပဟောတိ တိ မဇ္ဈ ပိဋ္ဌ ဝိနိမုတ္တံ ယံ အာသနံ တိ ဏ္ဍံ သုခံ နိသီဒိတုံ ပဟောတိ၊ တထာရူပေ အာသနေပိ ဒ္ဒေ ဒ္ဒေ ဟု-တ္ဝာ နိသီဒိတုံ လဘန္တိ ဟိ ယောဇနာ။ အဝိသဒ္ဒေန မဇ္ဈပိဋ္ဌာနိ အပေက္ခတိ၊ ဣဒံ ပဋ္ဌိမံ ဒိယာသနံ။ အနုပသမ္ပဒ္ဒေန ပိ ဟိ ပိသဒ္ဒေါ ပဂေဝ ဥပသမ္ပဒ္ဒေနာတိ ဒဿေတိ။

အနုဇာနာမိ ဘိက္ခဝေ ဘိဝဿန္တရေန သဟ နိသီဒိတုံ ဝစနတော တိဝဿန္တရေန ဘိက္ခုနာ သဒ္ဓိံ ကောသနေ နိသီ-ဒိတုံ ဝဋ္ဋတိ။ တိဝဿန္တရောနာမ ယော ဒ္ဒိဟိ ဝဿေဟိ မဟန္တ-တရော ဝါ ဒဟရတရော ဝါ ဟောတိ။ ယော ပန ဧကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ ယော ဝါ သမာန-ဝဿော။ တတ္ထ ဝတ္ထုမ္ဘိ ဧဝ နတ္ထိ။ ဣမေ သဗ္ဗေ ဧကတ္ထိံ မဇ္ဈေ ဝါ ပိဋ္ဌေ ဝါ ဒ္ဒေ ဒ္ဒေ ဟုတ္ဝာ နိသီဒိတုံ လဘန္တိ။

အနုဇာနာမိ ဘိက္ခဝေ ဒုဝဋ္ဌသ မဇ္ဈ ဒုဝဋ္ဌသ ပိဋ္ဌန္တိ ဟိ ဝုတ္တံ၊

ယံ ပန တိဏ္ဍံ ပဟောတိ။ တံ သံဟာရိမံ ဝ ဟောတု အသံဟာရိမံ ဝါ။ တထာရူပေ အာ ·လကဝုဏ္ဏေ အဥ္ဇ-သမ္ပဒ္ဒေနာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။

အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဏံ ပဟောတိ၊ တြေက် ပစ္ဆိမံ ဒီဃာသနန္တိ ဟိ ဝုတ္တံ။

အနုဇာနာမိ ဘိက္ခဝေ ဌပေတ္မာ ပဏ္ဍကံ မာတုဂါမံ ဥဘတောဗျဉ္ဇနကံ အသမာနာသနိကေဟိ သဟ ဒီဃာသနေ နိသီဒိတုန္တိ ဝစနတော ပန ဒီဃာသနေပိ ပဏ္ဍကာဒိဟိ သဟ နိသီဒိတုံ နုဝဋ္ဋတိ။

[ဝိနယသင်္ဂဟ။]

သံဟာရိမံ ဝါ တိ သံဟာရိတုံ ယုတ္တံ ကဋ္ဌသာရကာဒိ။ အသံဟာရိမံ ဝါ တိ သံဟာရိတုံ အသက္ကုဏေယ္ယံ ပါသာ-ဏာဒိ အာသနံ။ တေနာဟ သာရတ္ထဒီပနိယံ ဒီဃာသနံ နာမ မဗ္ဗ ပိဋ္ဌ ဝိနိမုတ္တံ ယံကိဉ္စိ တိဏ္ဏန္နံ ဧကတော သုခံ နိသီဒိတုံ ပဟောတိ တိ။

ကသ္မာ ပန တိဏ္ဏန္နံ ဧကတော သုခံ နိသီဒိတုံ ပဟောတီတိ ဝုတ္တံ။ နနု ဒ္ဝိန္နံ ပဟောနကာသနဒ္ဝေ ဒီဃမေဝါ တိ စောဒနံ သန္ဓာယဟ အနုဇာနာမိ။လ။ဒီဃာသနန္တိ ဟိ ဝုတ္တန္တိ။

ဒ္ဝိန္နံ ပဟောနကေဟိ အဒီဃာသနေတ္ထ သမာနာသနိဧက-ဟောဝ သဟ နိသီဒိတုံ ဝဋ္ဋတိ။ တိဏ္ဏံ ပဟောနကတော ပဋ္ဌာယ ဂဟိတေ ဒီဃာသနေ ပန အသမာနာသနိကေဟိ သဟ နိသီ-ဒိတုံ ဝဋ္ဋတိ၊ ယဒိ ဧဝံ ပဏ္ဍကာဒီဟိပိ သဟ နိသီဒိတုံ ဝဋ္ဋ-ယျာတိ စောဒနံ မနသိကတ္မာ အာဟ အနုဇာနာမိ ဘိက္ခဝေ ဌပေတ္မာ ပဏ္ဍကန္တိအာဒိ။ တတ္ထ အတ္ထော သုဝိညေယ္ယော၀။

[ဂဠေးအာဘင့်ဝိနယာလင်္ကာရဋီကာ။]

သမာနာသနိကော နာမ၊ ဒ္ဝိဟိ ဝဿေဟိ ယော ပန။
ဝုဏ္ဏော ဝါ ဒဟရော ဝါပိ၊ ဝဿေနေကေန ဝါ ပန။
သမာနဝဿေ ဝတ္ထုဗ္ဗို၊ ကိဉ္စိနာမ နဝိဇ္ဇတိ။
သတ္တဝဿဆဝဿေဟိ၊ ပဋ္ဌဝဿော နိသီဒတိ။
ဟေဋ္ဌာဒီဃာသနံ တိဏ္ဏံ၊ ယံ ပဟောတိ နိသီဒိတုံ။
ကေမဗ္ဗေ ပိဋ္ဌေ ဝါ၊ ဒ္ဝေ နိသီဒန္တိ ဝဋ္ဋတိ။

ဥဘတောဗျူဟံ ဇုတ္တိံ၊ ဌပေတ္မာ ပဏ္ဍိကံ ပန။
ဒိယာသနေ အနုညာသိ၊ သဗ္ဗေသမ္ပိ နိသီဒိတုံ။
[ဝိနယဝိနိစ္ဆယပါဠိ။]

ယော ပန ဘိက္ခု ဒ္ဝိဟိ ဝဿေဟိ ဝါ ဧကေန ဝါ ဝဿေန ယဿ ဘိက္ခုနော ဝုဗှုတရော ဝါ ဟောတိ ဒဟရော ဝါ၊ သော တေန ဘိက္ခုနာ သမာနာသနိကော နာမ ဟောတိ တိ ယောဇနာ။ သတ္တဝဿေန ပဉ္စဝဿောတိ ဇုဒံ ဒ္ဝိဟိ ဝဿေဟိ ဝုဗှုနဝကာနံ သမာနာသနိကတ္တေ ဥဒါဟရဏံ ဆဝဿေန ပဉ္စဝဿောတိ ဇုဒံ ကေဝဿေန ဝုဗှုနဝကာနံ သမာနာသနိ-ကတ္တေ ဥဒါဟရဏံ ယံ တိဿံ နိသီဒိတုံ ပဟောတိ၊တံ ဟေဋ္ဌာ-ဒိယာသနံ နာမာ တိ ယောဇနာ။ သမာနာသနိကာ ဧဝ မဇ္ဈေ နိသီဒိတ္တာ မဇ္ဈေ ဘိန္နံသု။ ပိဋ္ဌေ နိသီဒိတ္တာ ပိဋ္ဌေ ဘိန္နံသု တိ အာရောစိတေ ဝတ္ဌုမှိ အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဇ္ဈေ ဒုဝဂ္ဂဿ ပိဋ္ဌေ အနုညာတတ္တာ ဒ္ဝေ တိ သမာနာသနိကေ ဒ္ဝေ သန္ဓာယ ဝုတ္တံ။ဥဘတောဗျူဟေန ဇုတ္တိပဏ္ဍိကံ ဌပေတ္မာ သဗ္ဗေ-ဟိ ဂဟဋ္ဌေဟိ ပဗ္ဗဇိတေဟိ ပုရိသေဟိ ဝါ သဟ ဒိယာသနေ နိသီဒိတုံ အနုညာတန္တိ ယောဇနာ။

ပေါ်တ္ထကေသု ပန ကတ္ထစိ သဗ္ဗေသန္တိ သာဓိဝစနန္တော ပါဋ္ဌော ဒိဿတိ။ တတော သ ဗ္ဗေဟိ ပိတိ ကရဏဝစနန္တော ဝ ပါဋ္ဌော ယုတ္တတရော။ ကရဏဝစနပသင်္ဂေ ဝါ သာဓိဝစန-နိဒ္ဒေသော တိ ဝေဒိတဗ္ဗော။ယထာဟ—

ယံ တိဿံ ပဟောဟိ၊ တံ သံဟာရိမံ ဝါ ဟောတု အသံဟာ-ရိမံ ဝါ၊ တထာ ရူပေ အပိ ဖလကကွဏ္ဍော အနုပသမ္ပဇ္ဇနာ ပိ သဒ္ဒိ နိသီဒိတုံ ဝဋ္ဋတိ တိ။ ။[ဂဏ်းဖြိုကာပါဋ္ဌ။]

သမာနာသနိကောပိစာတိ။

တိဝဿန္တရမနုညာတံ၊ ဘိက္ခု။နမေကမာသနံ။
သတ္တဝဿတိဝဿေဟိ၊ ပဉ္စဝဿော နိသီဒိတုံ။
ဌပေတ္မာ ပဏ္ဍိကံ ဇုတ္တိံ၊ ဥဘတောဗျူဟံ မုနိ။
ဒိယာသနေ အနုညာသိ၊ သဗ္ဗေဟေဝ နိသီဒိတုံ။

အန္တိ ဒီဃာသနံ တိဏ္ဍေယံ ပဟောတိ နိသီဒိတုံ။
မဗ္ဗကေဝါဝိ ဝိဌေဝါ၊ ဒ္ဝိန္နံ လဇ္ဇီ နိသီဒိတုန္တိ။
[ခုဒ္ဒသိက္ခာ။]

တိဏ္ဍ ဝယာနံ အန္တရံ တိဝယန္တရံ။အနုဇာနာမိ ဘိက္ခဝေ ဘိဝယန္တရေန သဟ နိသီဒိတုန္တိ ဟိ ဝုတ္တံ။ ယော ဒ္ဝိဟိ ဝယေ-ဟိ ဝုဗ္ဗော ဝါ နဝေါ ဝါ။ သော တိဝယန္တရော နာမ။ မုနိတိ ဗုဒ္ဓမုနိ။ သဗ္ဗေဟေဝါ တိ အနုပသမ္ပန္နေဟိပိ။ အန္တန္တိ ပစ္ဆိမံ။ အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဍံ ပဟောတိ၊ ဇေ္ဇကံ ပစ္ဆိမံ ဒီဃာသနန္တိ ဝုတ္တတ္တာ ယံ တိဏ္ဍံ ပဟောတိ။တံ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ။တထာရူပေ ဖလကက္ခဏ္ဍေပိ နိသီ-ဒိတုံ ဝဋ္ဋတိ။ ဒ္ဝိန္နန္တိ ဒ္ဝိန္နံ သမာနာ သနိကာနံ။ အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဠ္ဠံ ဒုဝဂ္ဂဿ ပိဋ္ဌန္တိ ဝုတ္တတ္တာ ဒ္ဝေ သမာနာ-သနိကာ သဟ နိသီဒိတုံ လဘန္တိ။ အညေဟိ အသမာနာ-သနိကေဟိ အနုပသမ္ပန္နာဒီဟိ ဝါ ဒ္ဝေ ဟုတ္တာပိ နိသီဒိတုံ နလဘန္တိ။

[ခုဒ္ဒသိက္ခာဋီကာဟောင်း။]

တိဝယန္တရမေကမာသနံ ဘိက္ခူနံ အနုညာတန္တိ သမ္ဗန္ဓော။ တတ္ထ ကေသ္မိ အာသနေ မဠ္ဠာဒိကေ ဒ္ဝိန္နံ အာသနံ နိသီဒနံ ကေမာသနံ။ မကာရော သန္ဓိဇော။ ကီဒိသန္တိ အာဟ တိဝယ-န္တရန္တိ။ တိဏ္ဍံ ဝယာနမန္တရ မေကဿာတိ တိဝယန္တရော။ ဒ္ဝိဟိဝယေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဘိက္ခု။ သော တဿ အတ္ထိတိ တိဝယန္တရံ။ တိဝယန္တရဝန္တန္တိ အတ္ထော။ ယော ပန ကေနစိ ဝယေန မဟန္တတရော ဝါ ဒဟရတရော ဝါ ကေဝေသော ယေဝ ဝါ။တဗ္ဗန္တတာယ ဝတ္ထုဗ္ဗ-မော နတ္ထိ။ အထဝါ။ တိဝယန္တရန္တိ ကရဏတ္ထေ ဥပယောဂ ဝစနံ။ တိဝယန္တရေန သဒ္ဓိံ တိ အတ္ထော။ တမေဝ သမတ္ထေတိ သတ္ထဝယ တိဝယေဟိစ္စာဒိနာ။ မုနိ အနုညာသိ တိ သမ္ဗန္ဓော။ သဗ္ဗေဟေဝါ တိ သမာနာသနိက အသမာနာသနိကေဟိ သဗ္ဗေဟေ သဒ္ဓိံ။ ဒီဃာသနံ ဒသေတိ အန္တန္တိ အာဒိနာ။

ယံ တိဏ္ဍံ နိသီဒိတုံ ပဟောတိ၊ တံ အန္ဓံ ဒိယာသနန္တိ သမ္မန္နော။ အန္ဓန္တိ ပစ္ဆိမံ။ အဒိယာသနေ ပန သမာနာသနိ-ကာ နိသီဒိတုံ လဘန္တိတိ ဒသေန္တော မဠုကေတိအာဒိ မာဟ။ သဗ္ဗတ္ထ အယာထာဝကရဏတော ဒုက္ကဋန္တိ။

[ဎင်းဋီကာသစ်။]

ကေတော ပဏ္ဍာကိတ္ထိဟိ၊ ဥဘတော ဗျဉ္ဇနေန ဝါ။
ဒိယာသနေ နိသီဒေယ္ယ၊ အဒိယေ အာသနေ ပန။
အသမာနာသနိကေန၊မဠုပီဋ္ဌေ သယေယ္ယ ဝါ။

[မူလသိက္ခာ။]

ယော ဒိယာသနေ ပဏ္ဍာကိတ္ထိဟိ ပဏ္ဍာကေန ဝါ ဣတ္ထိယာ ဝါ ဥဘတော ဗျဉ္ဇနေန ဝါ ကေတော နိသီဒေယ္ယ၊ တဿ ဒုက္ကဋံ သိယာ၊ အဒိယာသနေတိ ရဿေ အာသနေ၊ ယော ဘိက္ခု ရဿာသနေ မဠုဝါ ပီဋ္ဌေ ဝါ အသမာနာသနိကေန ကေတော သယေယ္ယ၊ တဿ ဒုက္ကဋံ သိယာ တိ အတ္ထော။

[မူလသိက္ခာဋီကာဟောင်း။]

ပဏ္ဍာကိတ္ထိဟိ ဝါ ဥဘတော ဗျဉ္ဇနေန ဝါ ကေတော သဒ္ဓိ-ယေဝ ဒိယာသနေ နိသီဒေယ္ယ၊ တဿ ဒုက္ကဋန္တိ ယောဇနာ။ တတ္ထ ပဏ္ဍာကော စ ဣတ္ထိ စာ တိ ပိဋ္ဌဟော၊ တာဟိ။ ဥဘတော ဗျဉ္ဇနံ အဿာတိ ဥဘတော ဗျဉ္ဇနံ၊ တေန။ ဥယမ္ပိ ;သဟာဒိ-ယောဂေ တတိယာ၊ နသမာနာသနိကော အသမာနာသနိကော တိ ဥဘေတပ္ပုရိသော၊ တေန။ သဟာဒိယောဂေ တတိယာ။ မဠ္ဟော စ ပီဋ္ဌဟော တိ သမာဟာရဒ္ဒန္ဒော၊ တသ္မိံ။ တ္ထေ စ သမာ-နာသနိကံ နာမ ဒ္ဝိဟိ ဝဿေဟိ မဟန္တတရော ဝါ ဒဟရ-တရော ဝါ ကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော-ဝါ ဟောတိ၊ တတောပရံ အသမာနာသနိကာနာမ၊တေ-ဟိ သဒ္ဓိ ;အဒိယာသနေ နိသိန္နဿ ဝါ နိပ္ပန္နဿ ဝါ ဒုက္ကဋံ၊ ဝါ သဒ္ဒေါ အဝုတ္တသမုစ္စယော။

[မူလသိက္ခာဋီကာသစ်။]

ဤထုတ်ပြန်အပ်သော ကျမ်းအပေါင်းတို့တွင် ပါဠိတော်ရင်းအဘွင့် အဋ္ဌကထာကြီးများ၌ စီစစ်ရန်ရှိသမျှကို ရှေး၌စီစစ်အပ်ပြီ၊ သာရတ္ထ ဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာတို့၌လည်း၊ "မဠ္ဠ ပိဋ္ဌ ဝိနိမုတ္တံ" ဟူသော ပါဠိ၏အနက်ကို ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်မှ အလွတ်ဖြစ်သောဟူ၍ ရှေး၌ဆိုခဲ့ပြီးသောအတိုင်းသာမှတ်ပါ။

> ဣတ္ထ မဠ္ဠပိဋ္ဌရဟိတေသု အသမာနာသနိကာပိ တယော နိသီဒိတုံ လဘန္တိ၊ မဠ္ဠပိဋ္ဌေသု ပန ဒွေ၊ အဒီဃာသနေသု မဠ္ဠ ပိဋ္ဌေသု သမာနာသနိကာဧေ ဒွေ နိသီဒိတုံ လဘန္တိ၊ ဒုဝဂ္ဂသေဝ အနုညာတတ္တာ။

ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိ၌ စီစစ်၍ထုတ်သော်လည်း ပါဠိ အဋ္ဌကထာနှင့် ဆန့်ကျင်သောအနက်သာ ထွက်ရုံရှိသည်၊ မဆန့်ကျင်အောင် နှိုးနှောဆိုပြန်လျှင်လည်း အကျယ်အပွားစကားများ၍ မှတ်သားဘွယ်အထူးပေါ်တော့မည်မဟုတ်ရကား- မစီစစ်လိုပြီ။

ပါရိဝါသိကဘဏ္ဍနကဋ္ဌလာသော ဝိမတိဝိနောဒနီဋီကာပါဠိ၌ "တဋ္ဌ-ကာစမ္မဘဏ္ဍာ ဒီသု ဒီဃာသနေသုပိ" ဟူသောပါဠိ၌ အလျား ၄-တောင့်ထွာ အနံတတောင့်ထွာ စသည်ရှိသောသပေါ့ဖျာ,သားရေပိုင်းတို့ကိုသာ ယူပါ။

ယောဇနာပါဠိ-

"တထာရူပေ အာသနေပိ ဒွေဒွေဟုတ္တာ နိသီဒိတုံ လဘန္တိတိ-ယောဇနာ"ဟူသော ပါဠိသည်ပမာဒလေခပါဠိသည်သာ စင်စစ်ဖြစ်၏၊ "အပိသဒ္ဒေန မဠ္ဠပိဋ္ဌာနိအပေက္ခတိ"၊ ဟူသောစကား၌ "ဣဒံ ပစ္ဆိမံ ဒီဃာသနံ" ဟူသော ပါဠိသေသကို ပြုသော စကားစု သည်လည်း ပမာဒ လေခသာဖြစ်သည်။

ထိုစကားမှန်၏။

> ယံ တိဏ္ဏံ ပဟောတိ၊ တံ သံဟာရိမံ ဝါ ဟောတု အသံ-ဟာရိမံ ဝါ၊ တထာရူပေ အပိဖလကဘဏ္ဍေ အနုပသမ္ပန္နေ-နာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။

ဟူသော အဌကထာပါဠိသည် ယထာရုတ ဥဇုကပရိပုဏ္ဏာဖြစ်သော အဌကထာ ပေတည်း၊ စကားတပါးဆောင်၍လည်း ယောဇနာဘွယ်မရှိ၊ ထည့်သွင်း၍လည်းယောဇနာဘွယ်မရှိ။

ဝိနယာလင်္ကာရဋီကာ၌–

ယံ တိဏ္ဏံ ပဟောတိ၊ တွေကံ ပစ္ဆိမံ ဒီယာသနံ၊ ဟူသော ပါဠိတော်၏ ပြန်ဘက်ကိုပြသော "ဒွိန္နံ ပဟောနကေဟိ အဒီယာသနေ သမာနာသနိကေဟေ၀ သဟ နိသီဒိတုံ. ၀ဋ္ဋတိ"။

ဟူသောစကားသည် အလွန်သင့်မြတ်ပေ၏၊ ၃- ယောက်ထိုင်နေလောက်သော ဖျာ,သင်ဖြူး စသည်အောက် ငယ်သော ဖျာ,သင်ဖြူး စသည်သည် ဒီယာသန မဟုတ်သည်ဖြစ်၍ ခုဒ္ဒကာသနဟူ၍ဝင်း၊ရဿာသန ဟူ၍ဝင်း ဆိုသင့်လေရကား-ထိုခုဒ္ဒကာသန,ရဿာသနဖြစ်သော ဖျာ,သင်ဖြူး စသည်များ၌ သမာနာသနိကချင်းသာ အတူတကွထိုင်နေသင့်သော သဘောယုတ္တိသည် ပါဠိတော်နှင့်လျော်လှပေသည်။

ဝိနယဝိနိစ္ဆယအဌကထာ၌–

"သတ္တ၀ဿဆ၀ဿေဟိ၊ ပဋ္ဌ၀ဿောနိသီဒတိ၊ ခုဒ္ဒသိက္ခာ၌ သတ္တ၀ဿတိ၀ဿေဟိ၊ ပဋ္ဌ၀ဿောနိသီဒိတုံ။" ဟူသော စကားနှစ်ရပ်သည် မညီကြ၊ ခုဒ္ဒသိက္ခာအတိုင်း တထပ်ထည်းရှိကြလျင် အတိယုတ္တာ။

ဝိနိစ္ဆယဋီကာ၌ ဆ၀ဿေဟိကို ပြလျက်ရှိသောကြောင့် ထပ်ခါအောင်ပြင်ရမည်လည်း မခက်တောင်း၊ ရဟန်းခံသည့်နေ့မှစ၍ ၅-၁၂ လည်၍ ၅-နှစ်ရှိပြီးသော ရဟန်းသည် ၇-နှစ်ရှိပြီးသော သီတင်းကြီးနှင့်ရင်း, ၃-နှစ်သာရှိသေးသော သီတင်းငယ်နှင့်ရင်း၊ ဤသို့ မိမိကို အလယ်ထား၍ အထက်ကို ၂-နှစ်၊ ၂-၀ါကြီးနှင့် အောက်ကို ၂-နှစ်၊ ၂-၀ါငယ်နှင့် သမာနာသနိကဖြစ်သည်ကို ခုဒ္ဒသိက္ခာ၌ နိဒဿနနည်းပြတော်မူခဲ့သည်၊ ၂-နှစ် ၂-၀ါကြီး၊ ၂-နှစ် ၂-၀ါငယ်ဟူရာ၌လည်း ၃ နှစ်မပြည့်သမျှကို ၂-နှစ် ၂-၀ါ၌ အတွင်း၀င်ပြု၍ယူပါ။ ခုဒ္ဒသိက္ခာ မူလသိက္ခာ ဋီကာဟောင်း ဋီကာသစ်တို့၌ စိစစ်ဘွယ်များစွာမရှိပြီ၊

စိုးစဉ်းရှိသည်ကို စီစစ်ပြန်လျှင် စကားသာကျယ်၍ အဓိပ္ပါယ်ထူးလှ တော့မည်မဟုတ်၊ ထို့ကြောင့် မစီစစ်လိုပြီ။

နာနာဂန္ဓိဝိစာရဏာအခန်းပြီး၏။

ဤတွင်ရှေကား-ဒီဃာသနဝိနိစ္ဆယကျမ်းပြီး၏။

ဥပသမ္ပဒါနိ နိဿယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ

ရှေးဦးအမှာစကား

ဥပသမ္ပဒကံကိုဆောင်ရွက်လိုသောဆရာသည် ဥပေါသထကံ၌ကဲ့သို့ သံဃာမစည်းဝေးမီ ရှေးအဘို့ဝယ် သိမ်အပြင်၌ တံမြက်လှည်းခြင်း၊ ညဉ့်အခါဖြစ်မူ ဆီမီးထွန်းခြင်း၊ သောက်ရေ သုံးဆောင်ရေတည်ခြင်း၊ နေရာခင်းခြင်းဟူသော ပုဗ္ဗကရဏ ၄-ပါးတို့ကို ကိုယ်တိုင်သော်လည်း ပြုရာ၏၊သူတပါးကိုသော်လည်း ပြုစေရာ၏။

ထိုနောက်မှ ရဟန်းအဖြစ် ၁၀-နှစ်ပြည့်ပြီးသော ဒသဝဿဂုဏ်၊ ဥဘတော ဝိဘင်းကို လေ့လာခြင်းဟူသော ဗဟုဿုတဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဥပဇ္ဈာယ်လုပ်ထိုက်သော မထေရ် ရဟန်းကိုရင်း၊ ၃ဘန် ၅-ပါး,၄ဘန် ၆-ပါး,၄ဘန် ၇-ပါး,ကရိဏီး ၄ ပါး, ပယတ် ၄ ပါး အစီအရင်နှင့်တကွ ဗျဥ္ဇနဗုဒ္ဓိ၁၀-ပါးကို ပိုင်းပိုင်းခြားပြား ကျွမ်းကျင်၍ ပြိုပြင် ပြတ်သားအောင် ဘတ်ရွတ်နိုင်သော ဂဟဋ္ဌဝါစာပါ၄ကရဟန်းတို့ကိုရင်း၊ ဂဏာပူရဏာဖြစ်ထိုက်သော ၃-ပါး, ၃-ပါးထက် အလွန်ဖြစ်သော ကာရကရဟန်းတို့ကိုရင်း ဝိပဿနာပြုနိုင်သို့ ပဋိဃောဘ်စည်းဝေးစေရာ၏။

၈–၁။ ထိုနောက်မှ ပဗ္ဗဇ္ဇဒေါသ ကင်းရှင်းစင်ကြယ်သော ရဟန်းလောင်းကို သံယာ့အလယ်သို့သွင်း၍ ဥပဇ္झာယ်ယူခြင်း။

၂။ ဥပဇ္झာယ်ပေးခြင်း။

၃။ သပိတ်သင်္ကန်းကြားခြင်း။

၄။ သံယာ့ဘောင်မှထုတ်ခြင်း။

၅။ အနုသာသကရဟန်းကို သမုတ်ခြင်း။

၆။ သမုတ်ရသော ရဟန်းသွား၍ ရဟန်းလောင်းကို သင်ကြား ဆုံးမခြင်း။

၇။ သင်ကြားဆုံးမပြီးသောရဟန်းလောင်းကို ဥ္ဒတ်ဖြင့်သံယာ့ဘောင်သို့ သွင်းခြင်း။

၈။ ရဟန်းအဖြစ်ကိုတောင်းခြင်း။

၉။ အန္တရာယိကဓမ္မပုစ္ဆကရဟန်းကို သမုတ်ခြင်း။

၁၀။ အန္တရာယိကဓမ္မကို မေးမြန်းခြင်းဟူသော ပုဗ္ဗကိစ္စ ၁၀-ပါးကို အစဉ်အတိုင်းပြုရာ၏။

၁။ ထိုနောက်မှ ''သုဏာတု မေ ဘန္တေ သံဃော'' အစရှိသော ဥ္ဒတ္တိစတုတ္ထ ကမ္မဝါစာကို အကြိမ်များစွာဘတ်ရွတ်၍ ပဋ္ဌင်းဖြစ်အောင် ပြုလုပ်ခြင်းဟူသော ပဓာနကိစ္စကိုပြုရာ၏။

၂။ ထိုနောက်မှ ပဋ္ဌင်းဖြစ်ရာအခါသမယကိုကြားခြင်း, နိဿယ ၄-ပါးကို ကြားခြင်း, အကရဏီယ ၄-ပါးကို ကြားခြင်းဟူသော အပရကိစ္စ ၃-ပါးကိုပြုရာ၏။

ရှေးဦးအမှာစကားပြီး၏။

ပုဗ္ဗကိစ္စစီရင်ခံချက်း

၁-၃-ပုဗ္ဗကိစ္စ။ ။ထိုပုဗ္ဗကိစ္စ, ပဓာနကိစ္စ, အပရကိစ္စဟု ဆိုအပ်သော ကိစ္စ ၃-ပါးတို့တွင် ပုဗ္ဗကိစ္စ ၁၀-ပါး၌အကျုံးဝင်သော ဥပဇ္ဈာယ်ယူစေခြင်း, ဥပဇ္ဈာယ်ပေးခြင်းဟူသော ပုဗ္ဗကိစ္စ ၂-ပါးကို ပြည့်စုံစေခြင်းငှါ–

ပဌမံ ဥပဇ္ဈံ ဂါ ဟာပေတဗ္ဗော။
ဟူသော ဝါကျစကားကို ရှေးဦးစွာဟောတော်မူသည်။
အနက်ကား။ ။ပဌမံ၊ သပိတ်,သင်္ကန်းကို ကြားခြင်းကိစ္စစသည်တို့မှ။ဝါ၊ တို့၏ရှေးဦးစွာ။ ဥပသမ္ပဒါပေကျော၊ ပဋ္ဌင်းလောင်းကို။ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂါဟာပေတဗ္ဗော။ ယူစေအပ်၏။

[ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ ။ဟု ၃-ခေါက်ဆိုစေ၍ ဥပဇ္ဈာယ်ယူစေရမည်။]

ဥပဇ္ဈာယ်ပြုလုပ်မည့်မထေရ်ရဟန်းတော်ကလည်း—
သာဓုဟူ၍ဝင်း၊ သာဟုဟူ၍ဝင်း၊ လဟုဟူ၍ဝင်း၊ ဩပါယိကံ ဟူ၍ဝင်း၊ ပတိရူပံဟူ၍ဝင်း၊ ပါသာဒိကေန သမ္မာဒေဟိဟူ၍ဝင်း နှုတ်တက်ရာ နှစ်သက်ရာတခုခုသောစကားကို ၃-ခေါက်ဆိုရမည်။ ။ ဟူလိုသည်။

ဤပုဗ္ဗကိစ္စ ၂-ပါးကိုပြုရသည်မှာ—

နဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋသ။

ဟူသောမဟာဝါဒန္တက ပါဠိတော်မြတ်နှင့်အညီ ဥပဇ္ဈာယ်မရှိသော ပဋ္ဌင်းလောင်းကို ပဋ္ဌင်းခံခဲ့သည်ရှိသော် ကမ္မဝါဆရာ ကာရကသံဃာ တို့၌ဒုက္ကဋ်အပြစ် စင်စစ်စွန်းငြိရာသောကြောင့် ထိုဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကင်း သန့်ရှင်း စင်ကြယ်စေခြင်းငှါ ဤပုဗ္ဗကိစ္စ ၂-ပါးကိုပြုရသတည်း၊ ဥပဇ္ဈာယ်ယူစေခြင်း, ဥပဇ္ဈာယ်ပေးခြင်းဟူသောပုဗ္ဗကိစ္စ ၂-ပါးပြီး၏။

တတိယပုဗ္ဗကိစ္စ။ ။ဥပဇ္ဈာယ်ယူစေခြင်း,ဥပဇ္ဈာယ်ပေးခြင်းဟူသော ပုဗ္ဗကိစ္စကို၊ပြည့်စုံစေပြီး၍ သပိတ်, သင်္ကန်းကို ကြားခြင်းဟူသော ပုဗ္ဗကိစ္စကိုပြတော်မူခြင်းငှါ—

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။
အယံ တေ ပတ္တော၊ အာမ ဘန္တေ၊အယံ သံဃာဋိ၊အာမ-ဘန္တေ၊အယံ ဥတ္တရာသင်္ဂေါ။ အာမ ဘန္တေ၊ အယံ အန္တရဝါ-သကော၊ အာမ ဘန္တေ။

ဟူသော ဒေသနာဝါကျကိုဟောတော်မူသည်။

ဤဒေသနာဝါကျ၌ "အာမဘဏ္ဍ" ဟူသော ပဋိညာစကားသည် ပါဠိတော်ရင်းခ၌မရှိ၊နောက်မှ ထည့်သွင်းသောစကားသာဖြစ်၏၊ထိုသို့ဖြစ်သော်လည်း လိုအပ်သောစကားပင်ဖြစ်၍ သင့်မြတ်သည်သာဖြစ်၏။

အနက်ကား။ ။ဥပဇ္ဈာ၊ဥပဇ္ဈာယ်ကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။

ကိုံ အာစိက္ခိတဗ္ဗံ၊ အဘယ်သို့ ကြားအပ်သနည်းဟူမူကား။ အာဝုသော၊ အမောင်။ အယံ၊ အဓိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန် ပမာဏနှင့်ပြည့်စုံသော ဤသပိတ်သည်။ တေ၊ အမောင်ပဋ္ဌင်းလောင်း၏။ ပတ္တော၊ မရမ်းမဂ္ဂါးအမျှားမ ဗိုင် ကိုယ်ပိုင်သပိတ်ပေတည်း။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်မိန့်တိုင်း မှန်ပါ၏။

အယံ၊ အဓိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန်ပမာ-ဏနှင့် ပြည့်စုံသော ဤဒုဂုဏ်သင်္ကန်းသည်။ တေ၊ အမောင်ပဋ္ဌင်းလောင်း၏။ သံဃာဋိ၊ ဒုဂုဏ်သင်္ကန်းပေတည်း။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်မိန့်တိုင်းမှန်ပါ၏။

အယံ၊ အဓိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန်ပမာ-ဏနှင့် ပြည့်စုံသော ဤကိုယ်ရုံသည်။ တေ၊ အမောင်ပဋ္ဌင်းလောင်း၏။ ဥတ္တရာသင်္ဂေါ၊ ကိုယ်ရုံပေတည်း။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်မိန့်တိုင်းမှန်ပါ၏။

အယံ၊ အဓိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန်ပမာဏနှင့် ပြည့်စုံသော ဤသင်းပိုင်သည်။ တေ၊ အမောင်ပဋ္ဌင်းလောင်း၏။ အန္တရဝါသကော၊ သင်းပိုင်ပေတည်း။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်မိန့်တိုင်းမှန်ပါ၏။

ဤသပိတ်,သင်္ကန်းကို ကြားခြင်းဟူသော ပုဗ္ဗကိစ္စကိုပြု၊ရသည်မှာ-နဘိဂ္ဂေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါဒန္တကပါဠိတော်မြတ်နှင့်အညီ၊ဏာဒေတ္တာဌားရမ်းသော သပိတ်,သင်္ကန်းဖြင့် ပဋ္ဌင်းခံခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,

ကမ္မဝါဆရာ,ကာရကသံ်ယာတို့၌ ဒုက္ခဒုအပြစ် စင်စစ်စွန်းငြိရာသော ကြောင့် ထိုဒုက္ခဒုအပြစ်မှ စင်စစ်လွတ်ကင်း သန့်ရှင်းစင်ကြယ်စေခြင်း ၄၂ ဤပုဇ္ဇကိစ္စကိုပြုရသတည်း၊ထို့ကြောင့် သပိတ်,သင်္ကန်းသည် ပဉ္စင်းလောင်း၏ ပုဂ္ဂလိကသန္တာန ဖြစ်ပေမူ ဆိုဘွယ်မရှိပြီ။

သူတပါးတို့က ခြိုးမြှင့်သော သပိတ်,သင်္ကန်း ဖြစ်ပေမူကား-ဤပုဇ္ဇ-ကိစ္စကိုမပြုမီ ရှေးအဘိုကပင် ပဉ္စင်းလောင်း၏ ပုဂ္ဂလိက သန္တာနပိုင် ဖြစ်မြောက်လေအောင် ပေးလှူ ခြိုးမြှင့်၍ထားအပ်၏၊ သင်္ကန်း၃-ထည် ကိုလည်း ကပ္ပဗိန္ဒုထိုး၍ထားအပ်၏။

[သတိရှိပါစေ။]

ဤပုဇ္ဇကိစ္စတိုင်အောင် ဥပဇ္ဈာယ်ဆရာ၏အမည်, ပဉ္စင်းလောင်း၏ အမည်ကိုသုံးသပ်သောစကား မပါမရှိသေးသည်နှင့် တိသ-ဟူသော, နာဂဟူသော အမည်များကို မမှည့်သော်လည်း သင့်မြတ်ပါသေး၏။

ဤမှနောက်၌မူကား-ဥပဇ္ဈာယ်ဆရာအား တိသ-ဟူသောအမည်, ပဉ္စင်းလောင်းအား နာဂ-ဟူသောအမည်ကိုပေးရမည်။

[သတိရှိပါစေ။]

ထိုသူတို့၏ပကတိအမည်သည် နန္ဒ,သုမနစသော ဘတ်လွယ် ရှုတ်လွယ်သောအမည်ဖြစ်ပေမူ ထိုအမည်ရင်းအတိုင်းနှင့်—

သုဏာတု ဝေ ဘန္တေ သံ်ယော၊ နန္ဒော အာယသ္မတော သုမနဿ ဥပသမ္ပဒါပေက္ခော။

စသည်ဖြင့် ဘတ်ရှုတ်ခြင်းငါ သင့်မြတ်လှပါ၏။ ။သပိတ်,သင်္ကန်း ကိုကြားခြင်းဟူသောတတိယပုဇ္ဇကိစ္စပြီး၏။

စတုတ္ထပုဇ္ဇကိစ္စ။ ။ယခုအခါစတုတ္ထပုဇ္ဇကိစ္စကို ပြည့်စုံစေခြင်းငါ—

"ဂစ္ဆ-အမုမှိ သြကာသေ တိဋ္ဌာဟိ" ဟူသော ဒေသနာဝါကျကို ဟောတော်မူသည်။

အနက်ကား။ ။အာဝုသော၊ အမောင်-ပဉ္စင်းလောင်း။ ဤတော၊ ဤသံ်ယာ့ဘောင်မှ။ဂစ္ဆ၊ သွားပါလေလော့၊ဂန္ဓာ၊ သွားပြီး၍။ အမုမှိသြကာသေ၊ ဤအမည်ရှိသော အရပ်၌။ တိဋ္ဌာဟိ၊ ရပ်ဆိုင်းငံ့ထွေနေလင့်ပါလော့။

ဤပုဗ္ဗကိစ္စကို မပညတ်မီ ရှေးကာလ၌ ရဟန်းလောင်းကို သံဃာ့အလယ်၌ ဆုံးမကြသည်နှင့် သံဃာကို ရှိုသဖြင့် ရဟန်းလောင်းသည် မဖြေမကြားဝံ့ရှိနေသောကြောင့်—

အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသိတွာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ။

ဟု ဤပုဗ္ဗကိစ္စကို ခွင့်ပြုတော်မူပေရကား- "အမုမှိ ဩကာသေ တိဋ္ဌာဟိ"ဟုသာမညအားဖြင့် ဟောတော်မူပါသော်လည်း သံဃာ့ဥပစာမှလွတ်လေအောင်သံဃာမှ ၁၂-တောင်, ၁၂-တောင်ထက်အလွန် ကွာဝေးသောအရပ်၌ နေလင့်ခြင်းသည် သင့်မြတ်ရာသတည်း။

"ဂစ္ဆ"ဟူ၍ဆိုခြင်းကြောင့် သွားလိုရာ အရပ်တိုင်အောင် သွားမည်စိုး၍"အမုမှိ ဩကာသေ တိဋ္ဌာဟိ"ဟုနေလင့်ရန် အရပ်ဒေသကို ပြ၍ တန်စားသောစကား ဖြစ်ပေရကား—

"တိဋ္ဌာဟိ၊ ဆိုင်းလင့်လော့"ဟူသောဒုနက်သည်သာ သင့်ပေသည်၊ မတ်တတ်ရပ်၍နေရမည် ဆိုလိုသည် မဟုတ်ပေ။

"ဌာ-ဂတိနိဝတ္တိယံ၊ဂတိနိဝတ္တိ-ဂမနသုပစ္ဆေဒေ"ဟူသော ဓာတ်ကျမ်းစကားနှင့်အညီ "တိဋ္ဌာဟိ"ဖြင့် သွားခြင်းကြိယာကိုသာ မြစ်ပေသည်၊ ထိုင်ခြင်း,လျောင်းခြင်းကြိယာကိုမမြစ်ပေ၊ထို့ကြောင့် သင့်တင့်ရာအရပ်၌ ရဟန်းလောင်းနေရန်,ကမ္မဝါဆရာတို့နေ့ရန် ခင်းကျင်းစီမံ၍ထားနှင့်ပြီးလျှင် ရဟန်းလောင်းက ကမ္မဝါဆရာတို့အား ဝပ်တွားရှိခိုး၍ ကမ္မဝါဆရာတို့က ဆောင့်ကြောင့်ထိုင်ခြင်း, ထက်ဝယ်ဘွဲ့ခွေခြင်းတို့ဖြင့် ချမ်းသာစွာနေထိုင်၍ ဆုံးမခြင်းသည်သာလျှင် နေရသူတို့လည်း ချမ်းသာသည်၊ မြင်ရသူတို့လည်း ကြည်ညိုဘွယ်ရှိသည်! ပါဠိတော်နှင့်လည်း သင့်လျော်သည်၊ သပိတ်ပရိက္ခရာကိုလွယ်စေ၍ ထွက်စေရမည်ဟု ကျမ်းဂန်အရိုပ်မျှမထင်၊အကျိုးလည်းမထင်၊သံဃာ့ဘောင်မှ ထုတ်ခြင်းဟူသော စတုဋ္ဌပုဗ္ဗကိစ္စပြီး၏။

ပဉ္စမပုဗ္ဗကိစ္စ။ ။ယခုအခါပဉ္စမပုဗ္ဗကိစ္စကို ပြည့်စုံစေခြင်းငှါ—

"သုဏာတု မေ။လ။ အဟံ နာဂံ အနုသာသေယျံ"ဟူသောသမ္ဗုတိဉတ်ကိုထားတော်မူသည်။

ဤသမ္မုတိဟူသော ပုဗ္ဗကိစ္စကိုပြုရသည်မှာ–
နဘိဂ္ဂဝေ အသမ္မတေန အနုသာသိတဗ္ဗော၊ယောအနုသာသေယျ၊ အာပတ္တိ ဒုက္ကဋသဲ။

ဟူသော မဟာဝါဒန္ဓက ပါဠိတော်မြတ်နှင့်အညီ သမ္မုတိမရဘဲဆုံးမ မိချေလျှင် ဒုက္ကဋ်အပြစ် စင်စစ်စွန်းငြိရာသောကြောင့် ထိုအပြစ်မှလွတ်ကင်းစေခြင်းငှါ ပြုရသော ပုဗ္ဗကိစ္စပေတည်း။ ။သံဃာ့ဘောင်မှထုတ်ခြင်းဟူသော ပဉ္စမပုဗ္ဗကိစ္စပြီး၏။

ဆဋ္ဌမပုဗ္ဗကိစ္စ။ ။ယခုအခါ သမ္မုတိရသောရဟန်းတို့၏ ရဟန်းလောင်းနေလင့်ရာ အရပ်သို့သွား၍ သင်ကြားဆုံးမခြင်းဟူသော ဆဋ္ဌမပုဗ္ဗကိစ္စကိုပြုခြင်းငှါ-"သုဏာသိ နာဂ" အစရှိသော ဒေသနာဝါကျကို ဟောတော်မူသည်။

အနက်ကား။ ။နာဂ၊ နာဂအမည်ရှိသော အမောင်ပဉ္စင်းလောင်း။
သုဏာသိ၊ငါတို့၂-ပါး မိန့်စကားကိုနားထောင်လော့။

အယုံ၊ဤအခါသည်ကား။ တေ၊ သင်-အမောင် ပဉ္စင်းလောင်း၏။ သစ္စကာလော၊ မသွေမလွှဲအမှန်ကိုသာ လျှောက်ထားရမည့်အခါပေတည်း။ ဘူတကာလော၊ မပိုမယုတ် အဟုတ်ကိုသာ လျှောက်ထားရမည့်အခါပေတည်း။

ယံ၊ အကြင်ကုဋ္ဌ, ဂဏ္ဍာစသော အန္တရာယိကဓမ္မတို့၏ ရှိ, မရှိသော သဘောသည်။ဇာတံ၊သင့်ဝယ်ဖြစ်၏။တံ၊ ထိုကုဋ္ဌ,ဂဏ္ဍာစသောအန္တရာယိကဓမ္မတို့၏ ရှိ,မရှိသော သဘောကို။ သံဃမဇ္ဈေ၊ သံဃာ့အလယ်သို့ရောက်သောကာလ၌။ ပုဗ္ဗဏ္ဏေ၊ပုဗ္ဗကသမ္မုတိရသော မထေရ်ရဟန်းက မေးမြန်းစစ်ဆေးပေသည် ရှိသော်။ သန္တံ၊ ထင်ရှားရှိပေမူကား။ အတ္ထိတိ၊ ရှိပါပေသည်ဘုရားဟူ၍။ဝတ္တဗ္ဗံ၊ လျှောက်ထားအပ်ပေသည်။ အသန္တံ၊ ထင်ရှားမရှိပေမူကား။ နတ္ထိတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားအပ်ပေသည်။

မာခေါ၀ိတ္ထာသိ၊ ကြောက်စိတ်ကွက်၍၊ ကိုယ်လက်အင်္ဂါ၊ ခိုင်မာမလှပ်၊ သစ်သားရုပ်သို့၊ ငုတ်တုတ်မနေပါလင့်။ မံကု၊ ကြောက်စိတ်ဝင်၍၊မရှင်ညှိုးချုံး၊ နှလုံးမသာ၊ မျက်နှာမလှရှိသည်။မာခေါ၀ါအဟောသိ၊မဖြစ်ပါလင့်။

ဝေ၊ဤဆိုလတ္တံ့သောနည်းဖြင့်။တံ၊ သင်-အမောင်ပဉ္စင်းလောင်းကို။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။ ကိုပုစ္ဆိသန္တိ၊ အဘယ်သို့ မေးမြန်းကြကုန်လတ္တံ့နည်းဟူမူကား—

ကုဋ္ဌံ၊ နူနာမျိုးဂုဏ်း။ ဂဏ္ဍာ၊ အိုင်းနာမျိုးဂုဏ်း။ ကိလာသော၊ ပွေး,ညှင်း, တင်းတိတ်အနာမျိုးဂုဏ်း။ သောသော၊ ခယရုဂ်ချောင်းဆိုး အနာမျိုးဂုဏ်း။ အပမာရော၊ ဝက်ရူး,ကြက်ရူး အနာမျိုးဂုဏ်း။ဝေရူပါ၊ ဤသို့ သဘောရှိကုန်သော။ အာဗာဓာ၊ အနာကြီး ၅-မျိုးတို့သည်။ တေ၊သင်-ပဉ္စင်းလောင်းအား။ သန္တိ၊ ရှိပါကုန်သလော။ ဝေ၊ ဤသို့။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တံ့၊ သင်ပဉ္စင်းလောင်းသည်။ မနုဿောအသိ၊ လူသားစင်စစ် မှန်ပါ၏လော။ ဝေမ္မိ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တံ့၊ သင်သည်။ ပုရိသောအသိ၊ ယောကျ်ားစင်စစ် မှန်ပါ၏လော။ ဝေမ္မိ၊ ဤသို့လည်း၊ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

ဘုဇီသော၊သူ့ကျွန်မဖြစ်၊ မင်းစစ်တော်လှန်၊ သူကောင်းမှန်သည်၊ အသိ၊ ဖြစ်ပါ၏လော။ ဝေမ္မိ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

အဏာဏော၊ သူ့မြို သူ့ကြွေး၊ ချေးငှါးမတင်၊ သန့်ရှင်းစင်သည်။ အသိ၊ ဖြစ်ပါ၏လော။ ဝေမ္မိ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

ရာဇဘဋော၊ မင်းခယောကျ်ား၊ မင်းခစားသည်။ နအသိ၊ မဖြစ်ဘဲ ရှိပါ၏လော။ ဝေမ္မိ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

မာတာပိတူဟိ၊ အမိအဘတို့သည်။ အနုညာတော၊ အခွင့်ပြုအပ်ပြီး သောသူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဝေမ္မိ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

ပရိပုဏ္ဏဝီသတိဝဿော၊ ပဋိသန္ဓေ၊တည်နေသည်မှ၊ စ၍ရေတွက်၊ အသက် ၂၀-ပြည့်ဖြိုးကြွယ်သည်။အသိ၊ ဖြစ်ပါ၏လော။ ဝေမ္မိ၊ ဤသို့ လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တော၊ သင်-ပဋ္ဌင်းလောင်းအား။ ပတ္တစီဝရုံ၊ သပိတ်,သင်္ကန်းသည်။ ပရိပုဏ္ဏား၊ပြည့်စုံပါ၏လော။ ဝေမ္ပါ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တ်ား၊ သင်သည်။ ကိုံနာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်ပါသနည်း။ ဝေမ္ပါ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တော၊ သင်-ပဋ္ဌင်းလောင်း၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ်အမည်ရှိပါသနည်း။ ဝေမ္ပါ၊ ဤသို့လည်း။ ပုစ္ဆိ-သန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

အနုသာသန ကိစ္စဆိုသည်ကား- သံဃာ့ဘောင်သို့ တဘန်သွင်း၍ သံဃာ့အလယ်သို့ရောက်သောကာလ ပုဗ္ဗကသမ္မုတိရသော မထေရ်ရဟန်းတော်တို့က မေးမြန်းစစ်ဆေးလတ္တံ့သော အကြောင်းအရာစုကို ပဋ္ဌင်းလောင်း သိနှင့်ရန် သင်ကြားခြင်းကိစ္စသာတည်း၊ မေးခန်း,ဖြေခန်းမဟုတ်ပေသေး။

မေးခန်း,ဖြေခန်းမှာ သံဃာ့အလယ်၌သာ ပြုထိုက်သည်၊အပဋ္ဌမပြုထိုက်၊"အဟံနာဂံအနုသာသေယျံ" ဟုအနုသာသနသမ္မုတိကို ခံယူ၍သွားလေသော ထိုမထေရ်ရဟန်းတော်တို့သည်လည်း သင်ကြားဆုံးမခြင်းအနုသာသနအမှုကိုသာပြုထိုက်ပေကုန်သည်၊မေးမြန်းစစ်ဆေးခြင်းပုစ္ဆနအမှုကို မပြုထိုက်ပေကုန်၊ ထိုပုစ္ဆနအမှုကိုကား-"အဟံနာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ" ဟု ပုစ္ဆနသမ္မုတိကို ခံယူပြီးမှ သမ္မုတိရသော ရဟန်းတို့သည်သာလျှင် ပြုထိုက်ကုန်သည်၊ ပုစ္ဆနသမ္မုတိမရသော ရဟန်းတို့ မပြုထိုက်ကုန်၊ ဤအကြောင်းကိုကား-"သံဃမဇ္ဈေ ပုဋ္ဌေန" ဟူသောစကားကိုဌင်း၊ "ဝေ တံ ပုစ္ဆိသန္တိ" ဟူ၍ အနာဂတ်ဝိဘတ်နှင့် လာသည်ကိုဌင်း ထောက်၍ သိသာထင်ရှားလှပါ၏။

ထို့ကြောင့် ထိုအပဋ္ဌိလိုက်သွားသော ရဟန်းတို့သည် မေးမြန်းခြင်း အမှုနှင့် အလျင်းပင်မဆိုင်လေရကား-

[အာဗဗာဓာ၊ တို့သည်။ သန္တိ၊ ရှိကုန်သလော။ ကုဋ္ဌံ၊ သည်။အာတ္တိ၊ ရှိသလော။ ဂဏ္ဍော၊ သည်။ အတ္ထိ၊ ရှိသလော။လ။ဟော၊ သင်-ပဋ္ဌင်း

လောင်း၏။ ဥပဇ္ဈာယော၊ သည်။ ကောနာမော၊ အဘယ်အမည်ရှိ သနည်း။]

ဟု မေးမြန်းသော အနေနှင့်ပေးကြ ဆိုကြသော အနက်သည် လည်း မသင့်လွန်း၊ "ဝေံပုစ္ဆိဿန္တိ" ကိုအသီးအသီးသော စကားဝါကျ တို့၌ ဖြစ်စေ, အဆုံးစွန်၌ဖြစ်စေ ယှဉ်၍ပေးမှသာ သင့်မြတ်သည်။

"သန္တိ တေ ဝေရုပါ အာဗာဓာ" ဟူသောပုဒ်၌ဝေရုပါအာဗာဓာ ၏သရုပ်ကို ကုဋ္ဌံ,ဂဏ္ဍောစသည်ဖြင့် ထုတ်ပြကာမျှသာ ဖြစ်ပေသော ကြောင့်။ ကုဋ္ဌံ,ကိုမေးခွန်းတခု၊ဂဏ္ဍော,ကိုမေးခွန်းတခု၊ ကိလာသော, သောသော, အပမာရောတို့ကိုလည်း မေးခွန်းတခု၊ တခုစီ ပြုခြင်းသည် လည်း မသင့်လွန်း၊ဂုဏ်းတို့ကို "ဝေရုပါအာဗာဓာ" နှင့်ပေါင်း၍ မေးခွန် တခုသာဖြစ်သင့်ပေသည်။

"ဝေံ တံ ပုစ္ဆိဿန္တိ" ၌ ဝေံ-၏အရဖြစ်သော ပုစ္ဆနာကာရသရုပ်ကို "သန္တိ တေ ဝေရုပါ အာဗာဓာ။ကုဋ္ဌံ။လ။ကောနာမော တေ ဥပဇ္ဈာ ယော-ဟု ထုတ်ပြခြင်းမျှသာ ဖြစ်ပေရကား-ဤစကားတို့၏ အတွင်း၌ ရှိ နေသော "နတ္ထိဘန္တေ" ၅-ပုဒ် "အာမဘန္တေ" ၇-ပုဒ် "အဟံဘန္တေနာ ဂေါနာမ" ပုဒ်၊ "ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ" ပုဒ်၊ ဤအဖြေပုဒ်များသည် အရာမဟုတ်သည် စင်စစ်ပေတည်း။

ထို့ကြောင့် ပဠင်းလောင်းနေရာအပ၌ နာဂေါ ဟူသော အမည်၊ တိဿောဟူသောအမည်များကို ဖွဲ့ဖွဲ့နွဲ့နွဲ့ချဲ့ချဲ့ထွင်ထွင်တန်းဆာဆင်၍ လူရှင်အများ ကြားစေသမှုပြုလုပ်ကြသောအမှုသည် အရာမဟုတ်ရာ၌ ပြုလုပ်ခြင်းသက်သက်သာ ဖြစ်သတည်း၊ လုပ်လိုလျှင် သံယာ့အလယ် သို့ရောက်၍ ပုစ္ဆနသမ္ဘုတိကို ရပြီးမှ လုပ်သင့်သည်။

[ပညာရှိတို့သတိမူရန်။]

ဤသင်ကြားဆုံးမခြင်း ပုဗ္ဗကိစ္စကို ပြုရသည်မှာ အချို့သော ရဟန်း လောင်းတို့သည် သံယာ့အပြင်၌အလျင်မနှူးနှပ်နှင့်မူ၍သံယာ့အလယ်၌ မေးမြန်းစစ်ဆေးလေရာမဖြေဝံ့ကြရှိသည်နှင့် သံယာ့အလယ်၌ရဲရဲဖြေဆို လျှောက်ထားဝံ့စေခြင်းငှါနှူးနှပ် နှင့်ရသောကိစ္စပေတည်း။ ။အပ၌ သင်ကြားဆုံးမခြင်း ဟူသောဆဋ္ဌမပုဗ္ဗကိစ္စပြီး၏။

သတ္တမပုဗ္ဗကိစ္စ။ ။ယခုအခါ ဆုံးမသင်ကြားရန် နူးနပ်လိမ်မာပြီးသော ရဟန်းလောင်းကို သံဃာ့ဘောင်သို့ တဘန် သွင်းခြင်းဟူသော သတ္တမပုဗ္ဗကိစ္စကိုပြခြင်းငှါ–

"သုဏာတု မေ ။လ။ အာဂစ္ဆယျ" ဟူသော ဥတ်နှင့် တကွ "အာဂစ္ဆာဟိတိ ဝတ္တဗ္ဗော"ဟူသော ဝိဓိကိုဟောတော်မူသည်။

ဤပုဗ္ဗကိစ္စကို ပြုရသည်မှာရှေးအခါသံဃာ့ဘောင်သို့ အနုသာသက ရဟန်းနှင့်တကွ ရဟန်းလောင်းလိုက်လာသည်နှင့် မလိုက်လာစေဘဲ သံဃာကိုဥတ်ဖြင့် သိစေပြီးမှ ခေါ်ခြင်းငှါပြုရသည်။

ထို့ကြောင့် "နာ ဘိက္ခဝေ ကေစေတာ အာဂန္ဒုဗ္ဗံ၊အနုသာသကေန ပဌမတရံ အာဂန္ဒွာသံယောဇ္ဇေတဗ္ဗော"ဟု၍ဟောတော်မူသည်။ ။ သွင်းခြင်းဟူသောသတ္တမပုဗ္ဗကိစ္စပြီး၏။

အဋ္ဌမပုဗ္ဗကိစ္စ။ ။ယခုအခါသံဃာ့အလယ်သို့ရောက်၍ရဟန်းအဖြစ်ကို သံဃာအားတောင်းပန်ခြင်းဟူသော အဋ္ဌမပုဗ္ဗကိစ္စကို ပြခြင်းငှါ- "သံဃံ ဘန္တေ။လ။ အနုကမ္ပံ ဥပါဒါယ" ဟူသော ဒေသနာဝါကျကို ဟောတော်မူသည်။

အနုက်ကား။ ။(က) ဘန္တေ။ အရှင်ဘုရားတို့။ အဟံ၊အကျွန်ုပ်သည်။ သံဃံ၊သံဃာတော်ကို။ ဥပသမ္ပဒံ၊ ပဋ္ဌင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည် ။မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊သနားစောင့်ရှောက်ခြိုးမြှောက်ကယ်မခြင်းကို။ဥပါဒါယ၊အစွဲပြု၍။ ဥလ္လုမ္ပတု၊သီလသိက္ခာ၊ သေးငယ်စွာသော သမဏေအဖြစ်မှ(၂၂၇)နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ်သိက္ခာကြီးမြတ်စွာသော သာသနာထမ်း ရဟန်းတော်အဖြစ်သို့ ထုတ်ဆယ် ကယ်တင်တော်မူပါလော့။

(၁) ဘန္တေ၊ အရှင်ဘုရားတို့။ ဒုတိယမ္ပိ၊ ၂-ကြိမ်မြောက်လည်း။ အဟံ၊ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော်ကို။ ဥပ-သမ္ပဒံ၊ ပဋ္ဌင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မံ၊ အကျွန်ုပ်ကို။အနုကမ္ပံ။ သနားစောင့်ရှောက် ခြိုးမြောက်ကယ်မခြင်းကို။ ဥပါဒါယ၊ အစွဲပြု၍။ ဥလ္လုမ္ပတု၊ ကိလေသာဟု၊ တဏှာမြေးရစ်၊ မြွှအညစ်မှ၊ အသစ်စဲ့စဲ့၊ ပုလဲအသွင်၊ ဖြူစင်သန့်ရှင်းသောဂုဏ်သိုလ်အဘိုးသို့ ထုတ်ဆယ်ကယ်တင်တော်မူပါလော့။

(၂) ဘန္တေ၊ အရှင်ဘုရားတို့။ တတိယမ္ပိ၊ ၃-ကြိမ်မြောက်လည်း။ အဟံ၊ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ ပဋ္ဌင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မံ၊အကျွန်ုပ်ကို။ အနုကမ္ပံ၊ သနားစောင့်ရှောက်ခြိုးမြောက်ကယ်မခြင်းကို။ ဥပါဒါယ၊ အစွဲပြု၍။ ဥလ္လုမ္ပတု၊ သံသရာ-သမုဒ္ဒါ၊ ဝဲဇလုပ်မှ၊ ဝိမုတ္တိခေါ်၊ သောင်ကျွန်းဘော်သို့ ထုတ်ဆယ်ကယ်တင်တော်မူပါလော့။

ဤတောင်းပန်ခြင်းဟူသော ပုဗ္ဗကိစ္စကိုပြုရသည်မှာ တောင်းပန်၍ ဖြစ်စေရသော အမှုမည်သည် အလေးအမြတ်ပြုသည်၊ ခြိုးမြှင့်ပေသော သံဃာတော်တို့၏ ကျေးဇူးကိုမြင်သည်၊ ဆိုလွယ်ဆုံးမလွယ်သည်၊ ထို့ကြောင့်ပြုရသည်။ ။တောင်းပန်ခြင်းဟူသော အဌမပုဗ္ဗကိစ္စပြီး၏။

နဝမပုဗ္ဗကိစ္စ။ ။ယခုအခါ အန္တရာယိကဓမ္မကို မေးမြန်းစစ်ဆေးရန်သမုတ်ခြင်း ဟူသောနာမပုဗ္ဗကိစ္စကိုပြုခြင်းငှါ-"သုဏာတု မေ။လ။ ပုဗ္ဗေယုံ"ဟူသော ဥတ္တိကံကို ဟောတော်မူသည်။

ဤသမုတ်ခြင်းဟူသော ပုဗ္ဗကိစ္စကိုပြုရသည်မှာ အမှတ်မရှိသော ပုဂ္ဂိုလ်တို့သည် ရဟန်းလောင်းတို့အား အန္တရာယိကဓမ္မကို မေးမြန်းခွင့်မရစေခြင်းငှါ ပြုရသည်၊ ထို့ကြောင့် ဤပုစ္ဆကသမ္ဘုတိကို ခံယူ

ရသောပုဂ္ဂိုလ်သည် သာလျှင် မေးမြန်းထိုက်ပေသည်။ ။မေးမြန်းရန် သမုတ်ခြင်းဟူသော နဝမပုဗ္ဗကိစ္စပြီး၏။

ဒသမပုဗ္ဗကိစ္စ။ ။ယခုအခါ မေးမြန်းစစ်ဆေးခြင်းဟူသော ဒသမ ပုဗ္ဗကိစ္စကို ပြခြင်းငှါ- "သုဏသိနာဂ" အစရှိသော အစီအရင်ကို ဟောတော်မူသည်။

အနက်ကား။ ။နာဂ၊ အာဂုံနကရောတိ အစရှိသော၊ ဗျူပ္ပတ္တိ-ဝေါဟာ၊ အလွန်သာ၍၊ မဂ်လာပညတ်၊ ဘွဲ့မည်တပ်သည်၊ သူမြတ်ပြီ လှ၊ မောင်နာဂ။ မေ-မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏသိ၊ စေ့စေ့နာ ပါလေ့။အယံ၊ ဤအခါသည်ကား။ တေ၊ အမောင်ပဉ္စင်းလောင်း၏။ သစ္စကာလေ၊ မသွေမလွန်! အမှန်ကိုသာ၊ လျှောက်ထားရာသော အခါကာလဖြစ်ပေသည်။ ဘူတကာလေ၊ မပိုမယုတ်၊ အဟုတ်ကိုသာ လျှောက်ထားရာသော အခါကာလဖြစ်ပေသည်။

ယံ၊ အကြင်ကုဋ္ဌ,ဂဏ္ဍစသောအန္တရာယိကဓမ္မတို့၏ ရှိ,မရှိဟူသော သဘောသည်။ဇာတံ၊သင့်ဝယ်ဖြစ်၏။တံ၊ထိုကုဋ္ဌ,ဂဏ္ဍစသော အန္တရာ-ယိက ဓမ္မတို့၏ ရှိ,မရှိဟူသော သဘောကို။ပုစ္ဆာမိ၊မေးမြန်းပါ၏။

သန္တံ၊ ထင်ရှားရှိပါမူကား-အတ္ထိတိ၊ ရှိပါသည်ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ အမောင် လျှောက်ထားရချိမ့်မည်။ အသန္တံ၊ ထင်ရှားမရှိပါမူကား။ နတ္ထိတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ အမောင်လျှောက်ထားရချိမ့်မည်။

ဗေး။ ။တေ၊အမောင်ပဉ္စင်းလောင်းအား။ ဝေရူပါ၊ဤသို့သဘော ရှိကုန်သော။အာဗဘာဝ၊ အနာကြီး ၅-မျိုးတို့သည်။သန္တံ၊ ရှိပါကုန်သလော။ ကုဋ္ဌ၊ အင်္ဂါကိုယ်လက်၊ အကုန်ပျက် သော သမင်လျက် နုနာမျိုးသည်။ အတ္ထိ၊ရှိပါသလော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။နတ္ထိ၊မရှိပါ။

ဗေး။ ။ဂဏ္ဍာ၊ နှစ်ရှည်ကြာ၍၊ ဆေးမတွေ့ဘဲ၊ ယနေ့ထက်တိုင်၊ ပြည်အိုင်သွေးပွက်၊ မစဲထွက်သော အိုင်းပျက်အနာမျိုး သည်။ အတ္ထိ၊ရှိပါသလော။

ဖြေ။ ။ဘန္တေ၊အရှင်ဘုရား။ နတ္ထိ၊မရှိပါ။

ဧမး။ ။ကိလာသော၊ နွားပြောက် နွားကျား၊ အလားတူလျက်၊ အရေပျက်၍၊ အကွက်အကွင်း၊ ထင်တုံလျင်းသော၊ ပွေး, ညှင်း, တင်းတိတ်နာမျိုးသည်။ အတ္ထိ၊ရှိပါသလော။

ဧဖြ။ ။ဘန္တေ၊အရှင်ဘုရား။နတ္ထိ၊မရှိပါ။

ဧမး။ ။သောသော၊တဖြေးတဖြေး၊အသွေးအသား၊ ကုန်ခန်းပြား၍၊ ခေါင်းပါးဆုတ်ယုတ်၊ ခယရုဂ်ချောင်းဆိုး၊ ပန်းနာမျိုးသည်။ အတ္ထိ၊ရှိပါသလော။

ဧဖြ။ ။ဘန္တေ၊ အရှင်ဘုရား။ နတ္ထိ၊ မရှိပါ။

ဧမး။ ။အပမာရော၊ဝက်ရူး,ကြက်ရူး,သည်းခြေရူးနှင့်၊မေ့မူးချွတ်ယွင်း၊ သတိကင်းသော အနာမျိုးသည်။ အတ္ထိ၊ ရှိပါသလော။

ဧဖြ။ ။ဘန္တေ၊ အရှင်ဘုရား။ နတ္ထိ၊ မရှိပါ။

"သန္ဓိတေ ဝေရူပါ အာဗာဓာ"အစရှိသည်ဖြင့်အနာမျိုး ၅-ပါး ထင်ရှားရှိသည်,မရှိသည်ကို ငါတို့ ၂-ပါးက မေးမြန်းသည်ရှိသော် "နတ္ထိဘန္တေ" ဟူ၍ သင်-ပဠိုင်းလောင်းက လျှောက်ထားပေသောကြောင့်–

နဘိက္ခဝေ ပဠုဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊အာပတ္တိ ဒုက္ကဋသ။

ဟူသောမဟာဝါဒန္ဓကပါဠိတော်မြတ်နှင့်အညီ၊ အနာမျိုး ၅-ပါး ထင်ရှားရှိနေသော ပဠုင်းလောင်းကို ရဟန်းခံ၍ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ,ဂိုဏ်းသံယာတို့အားစွန်းငြိရာသောဒုက္ကဋ် အပြစ်မှ စင်စစ်လွတ်ကြောင်း သူကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

ဧမး။ ။တို့၊သင်-ပဠုင်းလောင်းသည်။မနုဿော၊ ဖြဟ္မာ,သိကြား၊ နဂါး,ဂဠုန်၊ ကုမ္ဘဏ္ဍာမဖြစ်၊ လူစင်စစ်သည်။ အသိ၊မှန်ပါ၏လော။

ဧဖြ။ ။ဘန္တေ၊အရှင်ဘုရား။အာမ၊လူသားစင်စစ်မှန်ပါ၏။

"မနုဿောသိ"ဟူသောပါဠိဖြင့် လူသားစင်စစ်၊ ဖြစ်သည်ကေန်မှန်ပါ၏လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမဘန္တေ"ဟု သင်ပဠုင်းလောင်းက လျှောက်ထားပေသောကြောင့်–

တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပဇ္ဇော နဥပသမ္ပာဒေ-
တဗ္ဗော၊ ဥပသမ္ပဇ္ဇော နာသေတဗ္ဗော။

ဟူသော မဟာဝါဒနှကပါဠိတော်မြတ်နှင့်အညီ၊တိရစ္ဆာန် အပါ အဝင်ဖြစ်သော ဗြဟ္မာ, နတ်, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်,ယက္ခ, ဂန္ဓဗ္ဗနတ်စသည်တို့ကို ပဋ္ဌင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ,ဂိုဏ်းသံယာတို့အား စွန်းငြိရာသော ဒုက္ခဇနအပြစ်မှ စင်စစ်လွတ်ကြောင်း လူကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တုံ့၊ သင်-ပဋ္ဌင်းလောင်းသည်။ ပုရိသော၊ ယောဂျားစင်စစ်သည်။ အသိ၊မှန်ပါ၏လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။အာမ၊ ယောဂျားစင်စစ်မှန်ပါ၏။

"ပုရိသောသိ"ဟူသောပါဠိဖြင့် ဥဘတော ဗျည်း ၂-ပါး၊ ပဏ္ဍုက် ၆-ပါး၊ မဟုတ်ငြားဘဲ၊ ယောဂျားစင်စစ်၊ ဖြစ်သည်ကေန်၊ မှန်ပါ၏ လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမဘန္တေ"ဟု သင်-ပဋ္ဌင်း လောင်းက လျှောက်ထားပေသောကြောင့်—

ပဏ္ဍကော ဘိက္ခဝေ။လ။ဥဘတော ဗျဉ္ဇနကော ဘိက္ခဝေ
အနုပသမ္ပဇ္ဇော နဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပဇ္ဇော နာသေ-
တဗ္ဗော။

ဟူသော မဟာဝါဒနှကပါဠိတော်မြတ်နှင့်အညီ၊ပဏ္ဍုက်,ဥဘတော ဗျည်းတို့ကို ပဋ္ဌင်းခံ၍ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ, ဂိုဏ်းသံယာတို့အား စွန်းငြိရာသော ဒုက္ခဇနအပြစ်မှ စင်စစ်လွတ်ကြောင်း ယောဂျားကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တုံ့၊ သင်-ပဋ္ဌင်းလောင်းသည်။ ဘုဇိသော၊သူ့ကျွန်မဖြစ်၊ မင်းစစ်တော်လှန်၊ သူကောင်းမှန်သည်။ အသိ၊ဖြစ်ပါ၏-
လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊သူကောင်းမှန်ပါ၏။

"ဘုဇိသောသိ"ဟူသောပါဠိဖြင့် သူ့ကျွန်မဖြစ်၊မင်းစစ်တော်လှန်၊ သူကောင်းမှန်ပါ၏လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမ-ဘန္တေ"ဟု သင်-ပဋ္ဌင်းလောင်းကလျှောက်ထားပေသောကြောင့်—

နဘိကွဲ့ဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋသ။

ဟူသော မဟာဝါဒနှကပါဠိတော်မြတ်နှင့်အညီ၊အန္တောဇာတကျွန်, ဓနဉ္ဇီတကျွန်,ကရမရာနိဟကျွန်,ဥပဂတကျွန် ၅ါသုံးကျွန်လေးယောက်တို့ကို ရဟန်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံယာတို့အား စွန်းပြိုရာသော ဒုက္ခဋ္ဌအပြစ်မှ စင်စစ်လွတ်ကြောင်း သူကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

ဇမး။ ။တို့၊သင်-ပဉ္စင်းလောင်းသည်။အဏဏော၊သူ့မြို သူ့ကြွေး၊ ချေးငှါးမတင်၊ သန့်ရှင်းစင်ကြယ်သည်။ အသိ၊ ဖြစ်ပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ သူ့မြို သူ့ကြွေး၊ ချေးငှါးမတင်၊ သန့်ရှင်းစင်ကြယ်သည်မှန်ပါ၏။

"အဏဏောသိ"ဟူသောပါဠိဖြင့် သူ့မြို သူ့ကြွေး၊ချေးငှါးမတင်၊ သန့်ရှင်းစင်ကြယ်ပါ၏-လောဟု ၅ါတို့က မေးမြန်းသည်ရှိသော်"အာ-မဘန္တေ"ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထား ပေသောကြောင့်—

နဘိကွဲ့ဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော။ယော ပဗ္ဗာ ဇေ-ယျ၊ အာပတ္တိ ဒုက္ခဋသ။

ဟူသောပဟာဝါဒနှက ပါဠိတော်မြတ်နှင့်အညီ၊ သူ့မြို သူ့ကြွေး၊ ချေးငှါးရှိတင်၊ မသန့်စင်သောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံယာတို့အား စွန်းပြိုရာသော ဒုက္ခဋ္ဌအပြစ်မှ စင်စစ်လွတ်ရှင်း ကြွေးမြီကင်းသော သူအမှန်ဖြစ်ပေသည်ဟုမှတ်။

ဇမး။ ။တို့၊သင်-ပဉ္စင်းလောင်းသည်။ရာဇဘဋော၊မင်းခယောက်ျား၊ လစာစားသည်။ နအသိ၊ မဟုတ်ဘဲရှိပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မင်းခယောက်ျား၊ လစာစား မဟုတ်သည်မှန်ပါ၏။

"နသိရာဇာဘဒ္ဒော"ဟူသောပါဠိဖြင့်၊ မင်းစိုးရာဇာတို့၏ လခရိက္ခာစားသော သူမဟုတ်ဘဲ ရှိပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမဘန္တေ" ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထား ပေသော ကြောင့်—

နဘိက္ခဝေ ရာဇာဘဒ္ဒော ပဗ္ဗာဇေတဗ္ဗော။ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါဒန္ဓကပါဠိတော်မြတ်နှင့် အညီ၊မင်းစိုးရာဇာတို့၏ လခရိက္ခာနှင့် မကင်းသောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ,ဂိုဏ်းသံယာတို့အား စွန်းငြိရာသောဒုက္ခဋ်အပြစ်မှ စင်စစ်လွတ်မှ သူ့ရိက္ခာစားမဟုတ်သူ အမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊သင်-ပဉ္စင်းလောင်းသည်။ မာတာပိတူဟိ၊ အမိအဘတို့သည်။ အနုညာတော၊အနုံးအညွှတ် အခွင့်လွှတ်အပ်သော သူသည်။အသိ၊ ဖြစ်ပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အမိအဘာ၊ အခွင့်ရသောသူ မှန်ပါ၏။

"အနုညာတောသိ မာတာပိတူဟိ"ဟူသောပါဠိဖြင့် အမိအဘတို့သည် အခွင့်ပြုပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမ-ဘန္တေ"ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

နဘိက္ခဝေ အနနုညာတော မာတာပိတူဟိပုတ္တော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါဒန္ဓကပါဠိတော်မြတ်နှင့်အညီ၊အမိအဘတို့ခွင့်မပြုသောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံယာတို့အား စွန်းငြိရာသောဒုက္ခဋ်အပြစ်မှ စင်စစ်လွတ်ကြောင်း ကောင်းစွာ ခွင့်လွှတ်သူ အမှန်ဖြစ်ပေသည်ဟုမှတ်။

မေ:။ ။တွံ၊ သင်-ပဉ္စင်းလောင်းသည်။ ပရိပုဏ္ဏာဝီသတိဝဿောပဋိသန္ဓေ၊ တည်နေသည်မှ၊ စ၍ရေတွက်၊ နှစ်လရက်ဖြင့်၊ အသက်နှစ်ဆယ်၊ပြည့်ဖြိုးကြွယ်သည်။အသိ၊ဖြစ်ပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။အာမ၊ အသက် နှစ်ဆယ်၊ ပြည့်ဖြိုး ကြွယ်သည်မှန်ပါ၏။

''ပရိပုဏ္ဏာဝိသတိ ဝဿောသိ''ဟူသော ပါဠိဖြင့် အသက် ၂၀-ပြည့်ပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော် ''အာမဘန္တေ'' ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

နဘိက္ခဝေ ဇာနံ ဥိနဝိသတိဝဿောပုဂ္ဂလော ဥပသမ္ပာဒေ-တဗ္ဗော။ယော ဥပသမ္ပာဒေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော။

ဟူသောမဟာဝါဒန္ဓက ပါဠိတော်မြတ်နှင့်အညီ၊ အသက် ၂၀-မပြည့်သောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မ-ဝါဆရာ,ဂိုဏ်းသံယာတို့အား စွန်းငြိရာသော ပါစိတ်အပြစ်, ဒုက္ကဋ် အပြစ်တို့မှ စင်စစ်လွတ်ချက် အသက် နှစ်ဆယ်ပြည့်သူ အမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တေ၊သင်-ပဉ္စင်းလောင်းအား။ ပတ္တစီဝရံ၊သပိတ်,သင်္ကန်းသည်။ ပရိပုဏ္ဏော၊ ပြည့်စုံပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊သြော်-ပြည့်စုံပါ၏။

''ပရိပုဏ္ဏံ တေ ပတ္တစီဝရံ''ဟူသောပါဠိဖြင့် သင်ပဉ္စင်းလောင်းအား သပိတ်, သင်္ကန်းပြည့်စုံပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော် ''အာမဘန္တေ''ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

နဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော။ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသောမဟာဝါဒန္ဓက ပါဠိတော်မြတ်နှင့်အညီ၊ သပိတ်,သင်္ကန်းမရှိသောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါ-ဆရာ, ဂိုဏ်းသံယာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်းကောင်းစွာပြည့်စုံသော သပိတ်,သင်္ကန်းရှိသောသူအမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊သင်-ပဉ္စင်းလောင်းသည်။ကိန္နာမော၊ အဘယ်အမည်ရှိသည်။အသိ၊ဖြစ်ပါသနည်း။

၆ဖြ။ ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊တပည့်တော်သည်။ နာဂေါ-နာမ၊နာဂ-ဟူသောအမည်ရှိပါ၏။

"ကိန္နာမောသိ"ဟူသောပါဠိဖြင့် သင်-ပဉ္စင်းလောင်းသည် အဘယ်အမည်ရှိပါသနည်းဟု ဂါတို့က မေးမြန်းသည်ရှိသော် "အဟံဘန္တေနာ-ဂေါနာမ"ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

"အာဂုံ နကရောတိတိနာဂေါ"ဟူသော မဟာဝါနိဒ္ဒေသပါဠိတော်မြတ်နှင့်အညီ၊ သာသနာထမ်းရဟန်းတော်ဖြစ်သည်မှစ၍ အဝါ ၆၀-ပြည့်ကြွယ်စွန်းမြောက် အရွယ်ရောက်သည်တိုင်အောင် သဗ္ဗညုမြတ်စွာဘုရားမြစ်တားကဲ့ရဲ့တော်မူအပ်သော ဒုက္ကဋ,ဒုဗ္ဘာသိစသော အပြစ်ယေယ်တို့ကိုပင် မြင်းမိုရ်မေရု၊နှိုင်းစံတူ၍၊ မပြုမကျင့်၊ အသင့်ရှောင်ကြဉ်၊ ကင်းလွတ်စင်လျက်၊ လေးအင်သီလ၊ မြတ်ဓမ္မဖြင့်၊ နေလတဆူ၊ ဖြစ်ဘို့ဟူသော၊ ဗျုဋ္ဌတ္တိဝေါဟာ၊ မဂ်လာအတိတ်၊ နိမိတ်ကောင်းတခုဖြစ်စေခြင်းငှါ-နာဂဟူသောအမည်သည် သင်ပဉ္စင်းလောင်း၏ အမည်ဟူ၍မှတ်။

တနည်းကား။ "နာဂဆ္ဆတိတိ နာဂေါ"ဟူသော မဟာဝါနိဒ္ဒေသပါဠိတော်မြတ်နှင့်အညီ၊ အနာဂါရိယ ပဋိဋ္ဌအမှု ရဟန်းပြုသော နေကျွမ်းတရားဖြင့် ပယ်ရှားပစ်စွန့်အပ်ပြီးသော ယရာဝါသ သမ္ဘာဝအစု မကောင်းမှုတို့ကို အသစ်တဘန်ပြန်၍မကပ် ရှင်းရှင်းပြတ်ပေသောအနက်ကြောင့်ရင်း၊ အမြဲမပြတ် စောင့်ထိန်းအပ်သော ပါတိမောက္ခသံဝရ၊ ဣန္ဒြိယသံဝရ၊ ပစ္စယသန္နိဿိတ၊ အာဇီဝပါရိသုဒ္ဓိသီလတရားတို့ဖြင့် ပယ်ရှားပစ်ခွါအပ်ပြီးသော အာပတ်၇ -ပုံဟူဆိုအပ်သောအပြစ်၊ အက္ခန္တိ- သည်းမခံခြင်း၊ အညာဏ- မသိခြင်း၊ ကောသဇ္ဇ- ပျင်းရိခြင်း၊ မုဋ္ဌဿတိ- သတိလွတ်ကင်းခြင်း ဟူသော အပြစ်၊ ပစ္စည်း ၄- ပါးတို့၌ မက်မောတွေ့ဝေခြင်းဟူသော အပြစ်၊ ပစ္စည်း ၄-ပါးတို့ကို ရှာမှီးခြင်း၌ မစင်ကြယ်ခြင်းဟူသော အပြစ်၊ ဤသို့သော အပြစ်အစု မကောင်းမှုတို့သို့ အသစ်တဘန်ပြန်၍ မကပ် ရှင်းရှင်းပြတ်ပေသောအနက်ကြောင့်ရင်း၊သင်-ပဉ္စင်းလောင်းကို နာဂဟူ၍မှတ်။

တနည်းကား။ ။"နဂစ္ဆတိတိနာဂေါ"ဟူသော မဟာဝါ နိဒ္ဒေသ ပါဠိုးတော်မြတ်နှင့်အညီ၊ ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိဟူသော အဂတိ၄-ပါးသို့ လိုက်စား စောင်းငဲ့ခြင်းမရှိဘဲ ပကတိနှလုံးသွင်း ဖြောင့်စင်းတည့်မတ်ပေသော အနက်ကြောင့် သင်-ပဠွင်းလောင်း၏အမည်ကို နာဂ-ဟူ၍မှတ်။

၅မး။ ။တေ၊ သင်-ပဠွင်းလောင်း၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာသည်။ကောနာမော၊အဘယ်အမည်ရှိပါသနည်း။

၅ဖြ။ ။ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ အာယသ္မာ တိဿတ္ထေရော နာမ၊ အရှင်တိဿမထေရ်အမည်ရှိပါ၏။

"ကောနာမော တေ ဥပဇ္ဈာယော" ဟူသော ပါဠိဖြင့် သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်းဟု ငါတို့က မေးမြန်း သည်ရှိသော် "ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ"ဟု သင်-ပဠွင်းလောင်းက လျှောက်ထားပေသောကြောင့်—

ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတိတိ ဥပဇ္ဈာယော။

ဟူသော ဝစနတ္ထနှင့်အညီ တပည့်သားတို့ သန္တာန်ဝယ် ငြိတွယ်ရောက်တတ် ကဲ့ရဲ့အပ်သော ဒုက္ကဋ်,ဒုဗ္ဘာသိစသော အပြစ်ကြီးငယ်တို့ကို ပညာစက္ခုဖြင့် ကြည့်ရှုကြပ်မတ်၊ ဆုံးမတတ်ပေသောကြောင့် ၎င်း၊

ဒ္ဒိဟိ အနုဂ္ဂဟေဟိ အနုဂ္ဂဟေတ္တာ အတ္တနော နိယိတကေ တောသေတိတိ ကိသော။

ဟူသော ဝစနတ္ထနှင့်အညီ ပစ္စယဓမ္မာ နှစ်ဖြာသော ခြိုးမြောက်ခြင်းတို့ဖြင့် ထောက်ပင့်ခြိုးမြှင့်လျက် မိမိကိုမှီကုန်သော တပည့်သား အပေါင်းတို့ကို ကောင်းစွာ နှစ်သက်ရွှင်လန်းစေတတ်သော သတ္တိကြောင့်၎င်း၊ သင်-ပဠွင်းလောင်း၏ ဥပဇ္ဈာယ်ဆရာကို တိဿ-အမည်ရှိသော မည်သည့်ဆရာတော်ဟူ၍မှတ်။

ဤမေးမြန်းခြင်းဟူသော ပုဗ္ဗကိစ္စကို ပြုရသည်မှာ အန္တရာယိကဓမ္မတို့မှ မစင်ကြယ်သော ပဋ္ဌင်းဒလောင်းကို ရဟန်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့၌ စွန်းငြိရာသော အပြစ်တို့သည် ထင်ရှားရှိကုန်သည်ဖြစ်၍ ထိုအပြစ်တို့မှ ကင်းလွတ်စင်ကြယ်စေခြင်းငှါ ပြုရသော ပုဗ္ဗကိစ္စပေတည်း၊ အန္တရာယိကဓမ္မကို မေးမြန်းသော စကားအစဉ်၌ "နတ္ထိ ဘန္တေ၊ အာမ ဘန္တေ" အစရှိသောအဖြေစကားစုသည် ပါဠိတော်ရင်း၌မရှိ၊ နောက်စကားပင်ဖြစ်သော်လည်း သင့်မြတ်ပေ၏။ ။အန္တရာယိကဓမ္မတို့ကို မေးမြန်းစစ်ဆေးခြင်းဟူသော ဒသမပုဗ္ဗကိစ္စပြီး၏။

ပုဗ္ဗကိစ္စစိရင်ခံလာပြီး၏။

ပဓာနကိစ္စစိရင်ခံလာ

ဤသို့လျှင် ပုဗ္ဗကရဏာ ၄-ပါး၊ ပုဗ္ဗကိစ္စ ၁၁-ပါးတို့ကို အစဉ်အဘိုင်း ပြည့်စုံစေပြီး၍ ယခုအခါပဋ္ဌင်းအခြေစ်ကို ပြုခြင်းဟူသော ပဓာနကိစ္စကိုပြီးစေခြင်းငှါ -

၁။ သုဏာတု မေ။လ။ သော ဥ ဏ္ဍိ။ ။ဟူသောပဌမဥတ္တိ အစီအရင်။

၂။ သုဏာတု မေ။လ။သောဘာ သေယျ။ ။ဟူသောဒုတိယကမ္မဝါစာအစီအရင်။

၃။ ဒုတိယဒုတိ ဒေတမတ္ထံ ဝဒါမိ။ သုဏာတု မေ။ လ။ သော ဘာသေယျ။ ။ဟူသောတတိယကမ္မဝါစာအစီအရင်။

၄။ တတိယဒုတိ ဒေတမတ္ထံ ဝဒါမိ။ သုဏာတု မေ။ လ။ သော ဘာသေယျ။ ။ဟူသော စတုတ္ထကမ္မဝါစာအစီအရင်။

၅။ ဥပသမ္ပန္နော သံဃေန။လ။ ဘေမေတံ ဓာရယာမိ။ ။ဟူသော ကမ္မနိဋ္ဌာနအချပ်စကား။

ဤသို့လျှင် ၅-ရပ်၊ ၅-ချက်သော အစီအရင်တို့တို့ ကောင်းကောင်းပြီးသည်။

၍ ၅-ရပ် ၅-ချက်သော အစီအရင်တို့ကို ဘတ်ရွတ်မည်ပြုသော အခါ သိမ်အပြင်၌ရှိသမျှသော သံဃာတို့ကို တပါးနှင့်တပါး နီးသည်ထက် နီးအောင် ချဉ်းကပ်စေရာ၏၊ အဘယ့်ကြောင့်နည်းဟူမူ၊ ထိုသံ-ဃာတို့၏ အတွင်း၌ ရဟန်းမဖြစ်ခဲ့သောသူ၊ ရဟန်းအဖြစ်မှ လျှောကျသောသူပါခဲ့သော် ထိုသူအတွက်နှင့် ဟတ္ထပါသ်ကွာခြင်း ဖြစ်ရာသော ကြောင့်တည်း။

ဘတ်ရွတ်ရာ၌လည်း ပုဂ္ဂိုလ်သာမန်ကို ဘတ်ရွတ်စေခြင်းငှါ မအပ်၊ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" ဟူ၍ဟော တော်မူသောကြောင့် မာဂဓဘာသာအကျွမ်းရပဒကို တစ်ဘစ် ခွဲခွဲ ပြီးအောင်မြင်အောင် ရွတ်စွမ်း,ဆိုစွမ်းရှိသော ပုဂ္ဂိုလ်ကိုသာ ဘတ်ရွတ်စေရာ၏။

ထိုပုဂ္ဂိုလ်သည်လည်း—
(က) ဌာနအထူးအပြား,
(ခ) ကရိယာအထူးအပြား,
(ဂ) ပယတ်အထူးအပြား—
၁။ သိထိလ,
၂။ ဃနိတ,
၃။ ဒီဃ,
၄။ ရဿ,
၅။ ဂရု,
၆။ လဟု,
၇။ နိဂ္ဂဟီတ,
၈။ ဝိမုတ္တ,
၉။ သမ္ဗန္ဓ,
၁၀။ ဝဝတ္ထိတ—

ဟူသောဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါးတို့၏ အထူးအပြားတို့ကိုသိ၍ တလုံးတလုံးသော အက္ခရာကို ရွတ်မည်ရှိသောအခါ တခုတခုသောမြင်းမိုရ်တောင်ကို ချိုကြွေအံ့သောအခါကဲ့သို့ လွန်စွာအားထုတ်၍ ရွတ်ဘတ်ရမည်။

အားထုတ်ပုံကား။ ။"သုဏာဝတု"ကို ရှုတ်မည်ရှိရာ သု-အက္ခရာ၏ ဌာန်ကိုရင်း၊ ကရိယာကိုရင်း၊ ပယတ်ကိုရင်း၊ ဗျည္ဇနဗုဒ္ဓိအပိုင်းအခြားကိုရင်း သိ၍ရှုတ်ရမည်။

အဓိပ္ပါယ်။ ။သု-အက္ခရာ၏ဌာန်ကား- ဒန္တဌာန်တည်း၊ ဒန္တဌာန်ဟူသည်ကား-အထက်သွားအစဉ်၏ အတွင်းအရပ်တည်း၊သု-အက္ခရာ၏ ကရိယာ ဟူသည်ကား-ဇိဝှဂ္ဂကရိယာဘည်း၊ ဇိဝှဂ္ဂကရိယာဟူသည်ကား- လျှာဖျားအရပ်တည်း၊ သု-အက္ခရာ၏ ပယတ်ဟူသည်ကား-ဝိဝဋုပယတ်တည်း၊ ဝိဝဋုပယတ်ဟူသည်ကား- ၎င်းသု-အက္ခရာ၏ဌာန်, ကရိယာတို့၏ ဘွင့်ခြင်းတည်း၊ သု-အက္ခရာ၏ ဗျည္ဇနဗုဒ္ဓိအပိုင်းအခြားဟူသည်ကား-သု-အက္ခရာသည်သိထိုလ, ဓနိတ ၂-ပါးတို့တွင်အလျော်အားဖြင့် သိထိုလ၌ သွင်းရသည်၊ဂရု,လဟု ၂-ပါးတွင် လဟုပေတည်း၊ နိဂ္ဂဟီတ, ဝိမုတ္တ ၂-ပါးတွင် အလျော်အားဖြင့် ဝိမုတ္တ၌ဝင်သတည်း၊ သမ္ဗန္ဓ,ဝဝတ္ထိတ ၂-ပါးတွင် အလျော်အားဖြင့် ဝဝတ္ထိတ၌ဝင်သတည်း။

ထို့ကြောင့် ထိုသု-အက္ခရာကို သေးသေးသိမ်သိမ်ပိန်ပိန်ညပ်ညပ်မရှိစေမူ၍ စကြာမင်းတို့အသုံးအဆောင်ဖြစ်သော ပြည်တန်ပတ္တမြားတလုံးကဲ့သို့ လုံးဝန်းမဏ္ဍလပြည့်ဝအောင်မြင်သဖြင့် "ပရိမဏ္ဍလပဒဗျည္ဇန" ဖြစ်စေခြင်းငှါ-ဌာန်ကိုလည်းအတတ်သိ၍ ဌာန်စွန်း,ဌာန်ဖျားမ၌ဖြစ်စေဘဲ ဌာန်လယ်,ဝမ်းလိုင်း၌ဖြစ်အောင် အားထုတ်ရမည်၊ ဌာန်စွန်း,ဌာန်ဖျား၌ဖြစ်ခဲ့သော် တောင်သူလူရိုင်းတို့ရှုတ်သောသု-အက္ခရာကဲ့သို့ သေးသေး သိမ်သိမ် ပိန်ပိန် ညပ်ညပ်သာဖြစ်သည်၊ လုံးဝန်းမဏ္ဍလပြည့်ဝအောင်မြင်စွာ မဖြစ်။

ကရိယာကိုလည်း အတတ်သိ၍၊ ပယတ်ကိုလည်းအတတ်သိ၍၊ဗျည္ဇနဗုဒ္ဓိ အပိုင်း အခြား ကိုလည်း အတတ်သိ၍ လုံးဝန်းမဏ္ဍလ ပြည့်ဝ-အောင်မြင်စွာ ရှုတ်ရမည်။

ဏာ-အက္ခရာသည် မုဒ္ဓဌာန်၌ဖြစ်၏၊ မုဒ္ဓဌာန်ဟူသည်ကား-အာခေါင်အရပ်ကိုဆိုသတည်း၊ ၎င်းဏာ-အက္ခရာသည် ဇိဝှေါပဂ္ဂကရိယာဖြင့်ဖြစ်၏၊ ဇိဝှေါပဂ္ဂကရိယာဟူသည်ကား- လျှာဖျား၏ အနီးအပါးဖြစ်သော လျှာအရပ်ကိုဆိုသတည်း၊ ဏာ-အက္ခရာကိုရှုတ်မည်ရှိသော

အခါ ဌာန်,ကရိုဏ်းကိုသိ၍ ရှုတ်ရမည်၊ဌာန်,ကရိုဏ်းကိုမသိမူ၍ ရှုတ်ခဲ့သော် ဒန္ဓာဌာန်,ဇီဝဂ္ဂကရိုဏ်းများနှင့် ရှုတ်မိလျှင် နေ-ယေနာ- အကွာရာသာဖြစ်မည်၊ ဏ-ကြီးဏာ-အကွာရာမဖြစ်၊ နေ-ယေနာ-အကွာရာနှင့် "သုနာတု"ဟုဖြစ်လျှင် သဘာဝနိရုတ္တိလက္ခဏာပျက်သောကြောင့် ကံပျက်မည်။

တု-အကွာရာသည်လည်း သု-အကွာရာနှင့် ဌာန်,ကရိုဏ်း, ဗျဉ္ဇနဗုဒ္ဓိတူ၏၊ ပယတ်သာကွဲ၏၊ တု-အကွာရာမှုကား-ဗုဒ္ဓပယတ်ပေတည်း၊ ထို့ကြောင့် ဇီဝဂ္ဂကရိုဏ်းကို ဒန္ဓာဌာန်၌ နာနာခိုက်အောင် အားထုတ်၍ ရှုတ်၊ ထို့ကြောင့် ထိုတု-အကွာရာကိုရှုတ်မည် ရှိသောအခါ ဌာန်,ကရိုဏ်းကိုသိ၍ရှုတ်ရမည်၊ဌာန်,ကရိုဏ်းကိုမသိမူ၍ရှုတ်ခဲ့သော် မုဒ္ဓဌာန်, ဇီဝေါပဂ္ဂကရိုဏ်းများနှင့် ရှုတ်မိလျှင်ဌသံလျင်းချိတ်ရှု-အကွာရာသာဖြစ်မည်၊ တဝမ်းပူ-တု အကွာရာမဖြစ်၊ ဌသံလျင်းချိတ်ရှု-အကွာရာနှင့်"သု-ဏာရှု"ဟု ဖြစ်လျှင်လည်း သဘာဝနိရုတ္တိလက္ခဏာပျက်သောကြောင့် ကံပျက်မည်။

ထိုသို့ရှုတ်မိလျှင် ကံပျက်ကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌ ဝဂ်တပါး၌ သိထိလကိုရှုတ်သင့်လျက် ဝဂ်တပါး၌သိထိလကို ရှုတ်ခြင်းသည်လည်း"အညသ္မိံ ဝတ္တေဗ္ဗေ အညံ ဝဒတိ"ပင်ဖြစ်သည်ဟုဆိုသည်၊နောက်တပြင်လုံး၌လည်း ဤအတူ အလုံးတိုင်း အလုံးတိုင်း သတိပညာကြီးစေရမည်။

ဗုဒ္ဓါပ္ပါဒသမယမည်သည် ကမ္ဘာအသရေ့ကြာမှ တခါ တခဏသာဖြစ်နိုင်သည်၊ ထိုခဏနှင့် ကြုံကြိုက်ကြသူ တသောင်း,တသိန်းတွင် တယောက်တလေမျှသာ ပဗ္ဗဇိတသမယကိုရနိုင်သည်၊ သို့ဖြစ်၍ သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးကောင်းသားတယောက်သည် ရပြီး, ရဆဲ, ရလတ္တံ့သော မနုဿသမ္ဘတ္တိတို့ကို အကုန်လုံးစွန့်၍ ပဗ္ဗဇိတဒုလ္လဘကို ရခြင်းငှါ ရဟန်းပြုပါသည်ကို ကမ္မဝါစာဘတ်ရှုတ်သောဆရာက အဏည်အဝါသာ ကြီး၍ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ ဗျဉ္ဇနဗုဒ္ဓိအခြင်းအရာများကို မသိလေသောကြောင့်, တဝမ်းပူနှင့် ဌသံလျင်းချိတ်၊ ထဆင်ထူးနှင့် ဌ-ဝမ်းဘဲ၊ ဒထွေးနှင့် ဒုသံကောက်၊ ဓအောက်ချိုက်နှင့် ပရေမှုတ်၊ နယေနှင့်ဏကြီး၊ ယယေနှင့် ရကြီး၊ လယေနှင့် ဠကြီးတို့ကို

ဌ်ဘန်,ကရိုဏ်းကွဲပြား ကြသည့်အတိုင်း အသံကွဲအောင် ဘတ်နည်း, ရွတ်နည်းကို မသိမလိမ်မာသောကြောင့် ရတနာအပြည့် တင်သော သုံးပင်တိုင်သဘော်ကြီးကို မှောက်စေဘိသကဲ့သို့"သုဏာတု"တဘွန်းနှင့် ပင်"ပဗ္ဗစ်တဒုလ္လဘ"အချက်ကြီးကို ပျက်စီးရှုပ်ထွေးပစ်တတ်သည်။

[သတိမူပါကုန်။]

၎, ၌,ဍ,ပ,ဏ, ရ,ဠ ၍ ၇-လုံးတို့သည် အာခေါင်အရပ်၌ ဖြစ်ကုန်၏၊ ဗ်ဝေ့ါပဂ္ဂကရိုဏ်းရှိကုန်၏၊ ထို့ကြောင့် လျှာဖျား၏ အနီးဖြစ်သောလျှာအရပ်နှင့် စေ့ဆော်၍ လိုင်သံပါအောင် ရွတ်ရမည်၊တ,ထ, ဒ,ဓ,နဒ,လ,သ ၍ ၇-လုံးတို့သည် သွားအရပ်၌ ဖြစ်ကုန်၏၊ ဗ်ဝ့ဂ္ဂက-ရိုဏ်းရှိကုန်၏၊ ထို့ကြောင့် လျှာဖျားအရပ်နှင့် စေ့ဆော်၍သွားသံ ပါအောင် ရွတ်ရမည်။

သဒ္ဒါကျမ်းဂန်,အဘိဓာန်ကာကျမ်းဂန်တို့၌လည်းကျမ်းကျင်ပါမှ ဆရာကောင်း,ဆရာမြတ်တို့၏ နည်းဥပဒေသကိုလည်း လက်ထပ်လက်ငင်းရဘူးပါမှ ကမ္မဝါစာကို ဘတ်ခြင်းငှါထိုက်သည်၊ သို့မဟုတ်မူ၍ သိထိုလ၊ ဓနိတ၊ နိဂ္ဂဟီတမျှကို မှတ်မိရုံနှင့် ကမ္မဝါဆရာလုပ်ပေလျှင် "သုဏာတု"တဘွန်းနှင့်ပင်ဥပသမ္ပဒကံ,ပရိဝါသ်ကံ,မာနတ်ကံ,အဗ္ဘာန-ကံတို့သည် ပျက်စီး၍ ကုန်ရာတော့မည်။

[သတိမူပါကုန်။]

ဥ တ်,ကမ္မဝါစာဘတ်ရွတ်စဉ်အခါ၌လည်း အမှားအတိမ်းမရှိစေ ရုံ၍ ဖြည်းညှင်းသာယာစွာ ဘတ်ရွတ်ရမည်၊ အဆောတလျင် မဘတ်မရွတ်ရ၊ မိမိဘတ်ရွတ်လိုက်သောအက္ခရာကို အပြီအသ နည်းဒုံ့ ထင်၍ အားမရရှိလျှင် ထပ်၍ဘတ်ရမည်၊ သူတပါးကိုအပ်မလိုက်ရ။

ဘတ်ရွတ်စဉ်အခါ၌လည်း ဘတ်ရွတ်ပြီး ပုဒ်ပါ၌အက္ခရာနှင့်စပ်လျဉ်း၍ အပျက်တချော်စကားကိုမျှ မပြောမဆိုအပ်၊ ယုတ်စွဉ့်အဆုံး ဘတ်ရွတ်သောသူ မကြားရာ ပရိသတ်အစွန်အဖျားရှိနေသောရဟန်းတို့ ချင်းချင်း နှားရင်းအပ်၍ တိုးတိုးစကားကိုမျှမပြောမဆိုအပ်၊ ပြောဆိုမိလျှင် ဘတ်ရွတ်ပြီးသော ကမ္မဝါစာသည် အချည်းနှီးဖြစ်လေတော့သည်၊ အရင်းက ပြန်၍ဘတ်ပြန်ရလည်။

ဤကား-ဥ တ်၌ရင်း, ကမ္မဝါစာ ၃-ချက်၌ရင်း, ကမ္မနိဋ္ဌာန်နိဂုံး၌ရင်း ဤ ၅-ချက်သော ဌာနသည် လိုရင်းပဓာနဖြစ်၍ သတိထားရန် ဆိုလိုက်သော စကားရပ်ပေတည်း။

အချို့သောဆရာတို့သည်ကား- စဝုတ္ထကမ္မဝါစာ၌"သော ဘာသေယျ"တွင်ရှေ့ရဟန်းဖြစ်ခြင်းကိစ္စပြီးပြီဖြစ်၍"ဥပသမ္ပန္နော သံယေန။လ။ ဝေမေတံ ဓာရယာမိ"ဟူသော ကမ္မနိဋ္ဌာန်နိဂုံးစကားကို မဘတ်မရွတ်သော်လည်း ကံပျက်ရန် အခွင့်မရှိလေသောကြောင့် ထိုနိဂုံးစကားကို တခေါက်တကြိမ်မျှ ဘတ်လျှင်ပင် ပြီးတော့သည်၊ ၃-ခေါက် ၃-ကြိမ် ဘတ်ဘွယ်ကိစ္စမရှိ၊တခေါက်တကြိမ်ဘတ်ရွတ်သောအခါ၌လည်းသိထိ-လ,ဓနိတစသောအပူကို ဥ တ်,ကမ္မဝါစာတို့၌ကဲ့သို့ လွန်စွာအားထုတ်ခွင့်မရှိ၊ ပကတိဘတ်ရိုးဘတ်စဉ် ရွတ်ရိုးရွတ်စဉ်နှင့်ပင် သင့်မြတ်တော့သည်။ ဝုဋ္ဌာနကံ ကမ္မဝါစာတွင်"ဒိန္နော သံယေန၊ ဒိန္နံ သံယေန၊ အဗ္ဘိတောသံယေန"ဟူသော နိဂုံးတို့၌လည်း ထိုအတူပင်တည်းဟု ပြောဆိုလေ့ရှိကြကုန်၏။

ပရိဝါပါဠိတော်၌ အတိတကဂ ကမ္မသင်္ဂဟိတ အဖြစ်ဖြင့် ဟောတော်မူသောကြောင့်"သော ဘာသေယျ"တွင်ရှေ့ ရဟန်းဖြစ်ခြင်းကိစ္စပြီးပေသည် မှန်ငြားသော်လည်း ထိုနိဂုံးကိုလည်း အရိုအသေပြု၍ ဘတ်ခြင်းသည်သာ သင့်မြတ်ပါသတည်း။ ။ဤဥ တ်,ကမ္မဝါစာ,နိဂုံးစကားတို့၏ အနက်အဓိပ္ပါယ်ကို မဆိုပြီ။

ရဟန်းအဖြစ်ကို ပြုခြင်းဟူသော
ပဓာနကိစ္စစီရင်ခန်းပြီး၏။

အပရကိစ္စစီရင်ခန်း

ပဌမအပရကိစ္စ။ ။ယခုအခါ ရဟန်းဖြစ်သော သက္ကရာဇ် လ,ရက်, အချိန်ကာလကို ကြားခြင်းဟူသော အပရကိစ္စကိုပြုခြင်းငှါ—

တာ၀ဒေ၀ ဆာယာ မေတာဗ္ဘာ၊ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ၊ ဒိ၀သဘာဂေါ အာစိက္ခိတဗ္ဗော၊ သင်္ဂီတိ အာစိက္ခိတဗ္ဗာ။ ။ ဟူသော စကားကို ဟောတော်မူသည်။

အနက်ကား။ ။တာဝတေ၀၊ ထိုပဋ္ဌင်းအဖြစ်သို့ ရောက်ပြီးဟူ၍ဆို ထိုက်သော ဥ တ္တိစတုတ္ထကမ္မ၀ါစာပြီးဆုံးသော ခဏာ၌သာလျှင်။ ဆာ ယာ၊ အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းယှဉ်တိုင်းတာအပ်၏။ ဥတုပ္ပမာကံ၊ ဥတုအတိုင်းအရှည်ကို။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ ဒိ၀သဘာ၀ေါ၊ ပုဗ္ဗဏ္ဏ, မဇ္ဈန္တစသောနေ့အဘို့ကို။ အာစိက္ခိတဗ္ဗာ၊ ကြားအပ်၏။ သင်္ဂီတိ၊ ပေါင်းရုံးသိမ်းအုပ်၊ အချုပ်စာတမ်းကို။ အာစိက္ခိတဗ္ဗာ၊ကြား အပ်၏။

"သင်္ဂီတိ"သဒ္ဒါသည်,သံ-ရှေးရှိသော ဂေ-ဓာတ်,တိ-ပစ္စည်းဖြင့်ပြီး သောပေါင်းဘွဲ့သီကုံးခြင်းအနက်ကို ဟောသောသဒ္ဒါပေတည်း၊ ထို့ ကြောင့်ရှေးဦးကြားခဲ့ပြီးသော အရိပ်,ဥတု,နေ့ရက်စုနှင့်တကွ ကြွင်းသမျှ သော ကောဇာခုနှစ်, သာသနာခုနှစ်, ဥတု,ရာသီ, မာသ,ပက္ခ,ဒိ၀သ, ပဟာရ, နာရီ, ဘ၀ါး, ပါဒ, ဗိဇနာ, ပြန်,ခရာ, လဂ်, နက္ခတ်, ပါဒ, နဝင်းတို့ကိုရင်း၊သိမ်,ဥပဇ္ဈာယ်ဆရာ, ကမ္မ၀ါဆရာ,ဂိုဏ်းသံယာအရေ အတွက်တို့ကိုရင်း "သင်္ဂီတိ"ဟူသော ဤပုဒ်ဖြင့် အကုန်သိမ်းကျုံး၍ ယူတော်မူသည်။

ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၂၅၃-ခု၊ သာသနာသက္ကရာဇ် ၂၄၃၅-ခု၊ ဂိမှန္တဥတု၊မေထုန်ရာသီ၊ ပဌမ၀ါဆိုလ၊ လဆန်း ၁-ရက် နံနက်ဟချက်တီး၊ အရိပ်ဘ၀ါးမည်မျှအချိန်၊ မည်သည့်မြို့ရွာ၊ မည်သည့် ကျောင်းတိုက် ခဏ္ဍသိမ်တွင် ဥပဇ္ဈာယ်ဆရာမည်သူ၊ ပဌမ ကမ္မ၀ါဆရာ မည်သူ,မည်သူ၊ဒုတိယကမ္မ၀ါဆရာမည်သူ,မည်သူ၊တတိယကမ္မ၀ါဆရာ မည်သူ,မည်သူ ကြွင်းဂဏာပူရဏာကာရကသံယာ မည်မျှတို့နှင့် မြင့်မြတ် သော ရဟန်းတော်အဖြစ်သို့ရောက်သည် ဟူ၍ အပြည့်အစုံ ပေါင်းဘွဲ့ သီကုံး၍ကြားရမည်ဆိုလိုသည်။

ဤ"သင်္ဂီတိအာစိက္ခဏာ"ဟူသော အပရကိစ္စကို ပြုရသည်မှာ အခါ ကာလကို မှတ်မိမှ¦ထေရ်ကြီး,ထေရ်ငယ် ဂဏည်စစ်ဆေး၍ ပြုရသော အခွင့်၌ အကြီးအငယ်ကိုသိနိုင်သည်၊ ပဌ၀ဿ၊ ဒသ၀ဿ၊ဒွိသတ်၀ဿ- အပိုင်းအခြားနှင့်စပ်သော နိဿယမုစ္စက,ပရိသုပဌာပက,ဘိက္ခုနော ၀ါဒကအရာတို့၌ရှင်း၊ဥပဇ္ဈာယမဂ္ဂ, အာစရိယမဂ္ဂနှင့်စပ်သော အ

ထူးရှိသေရသော အရာတို့၌ဂုဏ်း၊ သမာနာသနိက,အသမာနာသနိက နှင့်စပ်သော နေရာတူနေသင့် မနေသင့်ဟူရာတို့၌ဂုဏ်း၊ ပိုင်းခြားနိုင်သည်။ ။သင်္ဂီတိအာစိဏ္ဏဏဟူသောပဌမအပရကိစ္စပြီး၏။

ဒုတိယအပရကိစ္စ။ ။ယခုအခါ မှီရာ၄-ပါး၊ အကရဏီယ ၄-ပါးတို့ကို ကြားခြင်းဟူသော အပရကိစ္စ ၂- ပါးကို အစဉ်အတိုင်း ပြတော်မူခြင်းငှါ—"စတ္တာဝရော နိဿယာ အာစိဏ္ဏတဗ္ဗာ"အစရှိသော ဒေသနာတော်မြတ်ကိုဟောတော်မူသည်။

အနက်ကား။ ။စတ္တာရော၊ ၄-ပါးကုန်သော။ နိဿယာ၊သာသနာထမ်း ရဟန်းပြုလုပ်သောသူတို့ အားကိုးအားထား ကိုးစားမှီတင်းရာတို့ကို။ အာစိဏ္ဏတဗ္ဗာ၊ ပြောကြားအပ်ကုန်၏။ စတ္တာရိ၊ ၄- ပါးကုန်သော။ အကရဏီယာနိ၊ မပြုမကျင့်အပ်သော အမှုတို့ကို။ အာစိဏ္ဏတဗ္ဗာနိ၊ပြောကြားအပ်ကုန်၏။

ပဌမနိဿယ။ ။ယခုအခါ မှီရာ၄-ပါးကို ကြားသောအစီအရင်ကို အကျယ်ပြတော်မူလိုသည်ဖြစ်၍ "ပိဏ္ဍိယာလောပဘောဇနံ" အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အနက်ကား။ ။အာဝုသော၊ ငါ့ရှင် ပဉ္စင်းသစ်။ တေ၊ သင်-ပဉ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းဘဝသို့ ကပ်ခြင်း,ရောက်ခြင်း အမှုသည်။ ပိဏ္ဍိယာလောပဘောဇနံ၊ သလုံးသားဖြင့် အားထုတ်၍ရအပ်သော တလုပ်စာ၊ ကလုပ်စာမျှသောဆွမ်းကို။ နိဿာယ၊ အားကိုးသမှုအမှီပြု၍။ ပဝတ္တာ၊ ဖြစ်ရကျေ၏။ တသ္မာ၊ ထို့ကြောင့်။ ကတ္ထ၊ တိုသပိတ်လက်စွဲ၍ ဆွမ်းခံခြင်းအမှု၌။ တေ-တယာ၊ သင်-ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အားထုတ်ခြင်းအမှုကို။ ကရဏီယော၊ပြုအပ်၏။

အတိရေကလာဘော၊ ရှေးဘုန်းရှေးကံ ဆော်ဘန်ခြီးမြှင့်သော အခွင့်အလမ်းနှင့်ကြွေမ်သဖြင့်"ပိဏ္ဍိယာလောပ"ဆွမ်းထက်ဘုန်းတန်းပိုလျှံ လာဘ်များပြန်မှုကား—

၁။ သံယဘဏ္ဍာ၊ တိုက်ရိုသံယာ အဂုန်ပါသော သံယဘဏ္ဍာတ်မှရ အပ်သောဆွမ်းကိုဝင်း။

၂။ ဥဒ္ဒေသဘဏ္ဍာ၊ တိုက်ရိုသံယာ အ၍ပါသော ဥဒ္ဒေသဘတ်မှ ရအပ်သောဆွမ်းကိုဝင်း။

၃။ နိမန္တနံ၊ တတ်နိုင်သလောက် ပင့်ဘိတ်လျှောက်ထား၍ ကြွ ရောက်သံယာ လျှဒါန်းပါသော နိမန္တနဘတ်မှရအပ်သော ဆွမ်းကိုဝင်း။

၄။ သလာကဘဏ္ဍာ၊ စာရေးတံကျရာ လျှဒါန်းပါသော သလာက ဘတ်မှရအပ်သောဆွမ်းကိုဝင်း။

၅။ ပက္ခိကံ၊ဆန်း,ဆုတ်ပက္ခ နှစ်ကာလ၌ ကြည်ဆွသဒ္ဓါ လျှဒါန်း ပါသော ပက္ခိကဘတ်မှရအပ်သောဆွမ်းကိုဝင်း။

၆။ ဥပေါသထိကံ၊ လကွယ်,လပြည့် ဥပုသ်နေ့၌ ကြည်မြေ့သဒ္ဓါ လျှဒါန်းပါသော ဥပေါသထိကဘတ်မှ ရအပ်သော ဆွမ်းကို ဝင်း။

၇။ ပါဋိပဒိကံ၊ ဥပုသ်ကျော်တက် နောက်တရက်၌ ထက်ပြက် သဒ္ဓါ လျှဒါန်းပါသော ပါဋိပဒိကဘတ်မှ ရအပ်သော ဆွမ်း ကိုဝင်း။

ဤမေ၊ ဤ၆-ပါးသော သံဃိကဘတ် အပိုလာဘ်တို့ကို။ သာဒိ-တပ္ပာ၊ သာယာအပ်ကုန်သေး၏။

အဓိပ္ပါယ်ကား။ ။အနမတဂ္ဂသံသရာ၌ ဂဏ်ါသဲလုံးမျှမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်လည်းကောင်း၊ တဆူတဆူသော ဘုရားရှင့်လက်ထက်၌ ၂၄- သန်းမျှနှင့် ကုဋေကြောက်ဆယ် ဗိုလ်ခြေ တသိန်း ကျွတ်လိန်းပါဝင်ကြကုန်သော ရဟန်းတော်တို့သည်လည်း ကောင်း၊ ရှေးဦးစွာ ရဟန်းပြုကြကုန်သောကာလ လေးကျွန်းကို အ စိုးရသော စကြာမင်းပင်ဖြစ်ပါသော်လည်း ရဟန်းတော်တသက်၌ အ သက်မွေးရန် ကြံဘန်ကြောင့်ကြ၍ ဓနဥစ္စာ အရင်းအနှီး အပြီးစီပ်၍ ရဟန်းပြုရိုးမရှိ၊ သလုံး မြင်းခေါင်းကိုသာ အရင်းအနှီးထား၍ ပြုမြ ပေတည်း။

ထိုသို့ပြုရာ၌လည်း မည်သူမည်ဝါက တထပ်စာ, နှစ်ထပ်စာလျှပေ, လောင်းပေလိမ့်မည်ဟု အားကိုး၍လည်း ပြုကြသည်မဟုတ်၊ တအိမ်လျှင် တလုပ်စာ-တလုပ်စာ ရှာကြံခံယူ၍ အသက်မွေးမည်ဟု ပြုကြမြဲထုံးစံပေတည်း။

ထို့ကြောင့် ငါတို့ဘုရားလက်ထက်တော်၌လည်း မဟာကပ္ပိနမင်း, ဘဒ္ဒိယမင်းစသော တိုင်းရှင်,ပြည့်ရှင်တို့သည်လည်းကောင်း၊ ဇောတိ-ကသူဌေး, ဇဋိလသူဌေး, သောဏသူဌေးစသော သူဌေးကြီးတို့သည်လည်းကောင်း၊ ဥပတိဿ, ကောလိတ စသော သူဌေးပုဏ္ဏားတို့သည်လည်းကောင်း၊ တိုင်းကြီး, ပြည်ကြီး, စည်းစိမ်ကြီးကို စွန့်ပစ်၍ရဟန်းပြုကြပြီးနောက် အသက်ထက်ဆုံး ဤ"ပိဏ္ဍိယာလောပ"ဆွမ်းဖြင့်သာ မျှတတော်မူကြကုန်သတည်း။

အဘယ့်ကြောင့်"ပိဏ္ဍိယာလောပ"ဆွမ်းသည်သာ အထူးအားပြုထိုက်ပါသနည်းဟူမူ ဤဆွမ်းသည် သုဘိက္ခုကာလ,ဒုဗ္ဘိက္ခကာလမရွေး အခါခပ်သိမ်းလည်း ရလွယ်သည်၊ အရပ်ဒေသတိုင်း, အိမ်မြင်တိုင်းလည်း ရလွယ်သည်၊ဆွမ်းတလုပ်စာအတွက်ကြောင့် လောင်းသူဒါယ-ကာတို့ကလည်းရဟန်းတော်အပေါ်၌ ကျေးဇူးဟူသောမြိမထား၊ရဟန်းတော်ကလည်း ဒါယကာတို့အပေါ်၌ ငဲ့ခြင်း,ညှာတာခြင်းကို မပြုရ၊ ဆွမ်းတလုပ်စာမျှအတွက်နှင့် ကုလဒူသန,အနေသနများကို ပြု၍လည်းကောင်း၊ သားငယ်,မြေးငယ်များကို ထိန်းကျောင်း၍လည်းကောင်း၊ ပင့်တိုင်း ခေါ်တိုင်း လိုက်ပါ၍လည်းကောင်း၊ လောကဝတ် ပျူဂါစကားကို အလိုက်အလျောပြောဟော၍လည်းကောင်း၊ ဒါယကာတို့စိတ်နှလုံးကို စောင့်ရှောက်ဘွယ်မရှိ၊ လူတို့နှင့်စပ်ယှဉ်သော တဏှာသံယောဇဉ်လည်းကင်း၏၊ကြောင့်ကြ စိုးရိမ်ခြင်းလည်း ကင်း၏၊ ကုလ-မဇ္ဈေ,လာဘမဇ္ဈေရတို့မှလည်းကင်း၏၊ ကိုယ်ခန္ဓာကို မဂ်လာကြက်သရေကြီးထင်မှတ်သော ဝိပလ္လာသတရားကို နှိမ်နင်းရ၏၊ မာနနည်း၏၊ဥစ္စာပစ္စည်းနည်းပါးသောလူ, ဇရာဒုဗ္ဗလဖြစ်သောလူတို့ကို အပါ-ယဒုက္ခမှစောင့်ရှောက်ရ၏။

နောက်နောက်ဘဝတို့၌ ချမ်းသာရန်အရင်းအနှီးတို့ကိုဌင်း၊သာဝ-ကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်ကို ရရန်

အရင်းအနှီးတို့ကိုရင်း လှည့်လည်ဝေငှခြင်းဖြစ်၏၊ သဒ္ဓါတရားနည်းပါးသောသူတို့ကို သဒ္ဓါအရင်းအနှီးကြီးပွားစေရခြင်းဖြစ်၏။

၁။ နောက်ဖြစ်ရဟန်းတို့အား "ဒိဋ္ဌဝနုဂတိ" ကိုပေးရခြင်း,

၂။ "ဣတရိတရေန ပိဏ္ဍပါတေန သန္တုဋ္ဌော ဟောတိ" ဟူသော ဘုရားအနန္တတို့ ခြီးမွမ်းတော်မူသော ပဌမ အရိယ-ဝံသမမ္မဋ္ဌ တည်ရခြင်း,

၃။ မိဿကဘတ်ဖြင့် မျှတ၍ ဒုက္ခရစရိယာတရားကို အားထုတ်တော်မူသော မြတ်စွာဘုရားတို့၏ မဟာပဓာန အကျင့်တော်မြတ်ကို ပူဇော်ရခြင်း,

၄။ "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ" ဟူသောစကားတော်ကို ပူဇော်ရခြင်း,

၅။ ပိဏ္ဍစာရိကဝတ်ဋ္ဌလာသော အရာမကသော သိက္ခာသီလတို့ကို နေ့စဉ်ဆည်းပူးရခြင်း,

၆။ အာဟာရေ ပဋိကူလအစိအရင်တို့ကို ပြည့်စုံစွာနှလုံးသွင်းရခြင်း,

၇။ "အာဟာရ ပရိယေသန မူလ ဒုက္ခ" ဟူသော ဝိရိယာရမ္ဘ-ဝတ္ထုကို ကိုယ်တိုင်မျက်မှောက်ပြုပြင်ရခြင်း,

၈။ လူအများတို့နေရာ ရှောင်ကွင်း မြဲတွင်းဖြစ်၍ ဝိပဿနာအပျိုးမျိုးတို့ကို အမြင်အကြားများရသဖြင့် ဝေဒနာမကသမ်ဓိရဝမ္ဘတို့၏ အနိစ္စသဘော, ဒုက္ခသဘော, ဝိပရိဏာမသဘောတို့ကို အထူးနှလုံးမသွင်းဘဲပင် မပြတ်မစဲထင်မြင်ရခြင်း,

၉။ ထင်မြင်တိုင်း, ထင်မြင်တိုင်းလည်း ဘုရားကို အထူးကြည်ညိုအားကိုးသောစိတ်၊ တရားကိုအထူးကြည်ညို အားကိုးသောစိတ်တို့၏ မပြတ်မစဲဖြစ်ရခြင်း ,

၁၀။ အနာရောဂါကင်းခြင်းစသော စကြိုသွားခြင်း၏ အကျိုး ၅-ပါးတို့ကိုရခြင်း,

၁၁။ လူနတ်တို့၏ စိတ်နှလုံးကို ကြည်စေရခြင်း,

၁၂။ ဝိရိယတရားကို ပွားများစေရခြင်း၊ ဤသို့အစရှိသည်ဖြင့် "ပိဏ္ဍိယာလောပ"ဆွမ်း၏အကျိုးတို့သည် အလွန်များစွာကုန်၏၊ထို့ကြောင့် "ဤပိဏ္ဍိယာလောပ"ဆွမ်းသည်သာလျှင် အထူးအားပြုထိုက်ပေသတည်း။

ကာယဗလ အားနည်းလှသည် ဖြစ်၍ရင်း၊ ခြေ၌ဖြစ်သော အနာရောဂါ, လက်၌ဖြစ်သောအနာရောဂါ ရှိသည်ဖြစ်၍ရင်း။

၁။ မျက်စိအားနည်းခြင်း,

၂။ နားအားနည်းခြင်း,

၃။ ကိုယ်တွင်းရောဂါရှိ၍ အချမ်းအပူမခံနိုင်ခြင်း,

၄။ အလွန်နူးညံ့သော ကိုယ်ရေ,ကိုယ်သားရှိသည်ဖြစ်၍ ဆွမ်းခံခြင်း,

၅။ ကိစ္စကြောင့် ကာယိက ဒုက္ခများသဖြင့် စိတ္တသုခကို မရခြင်း,

၆။ ဒုဿီကွသမယဖြစ်၍ ဆွမ်းခံလှည့်လည်၍ မပြည့်စုံသော အခါ တတ်နိုင်သည်လူတို့က သံဃာ့ဘတ်,ဥဒ္ဒေသဘတ်စသော သံယိကဘတ်တို့ကို အားထုတ်ခြင်းစသော အကြောင်းနှင့်ယှဉ်သောအခါ ထိုသို့သော အကြောင်းထူးရှိသော ပုဂ္ဂိုလ်တို့ကို ရည်တော်မူ၍၊ "အတိရေကလာ-ဘော" အစရှိသည်ဖြင့် သံယိကဘတ်စသော ခြောက်ပါးကိုခွင့်ပြုတော်မူသည်။

ဤအကြောင်းကိုကား- သံဃဘေဒက သိက္ခာပုဒ်၏ နိဒါန်းတွင် ဒေဝဒတ်ဝတ္ထုအဘွင့်အဌကထာများကိုထောက်၍ မြတ်စွာဘုရား၏ အလိုတော်နှင့်ကျနအောင် ဆိုလိုက်ပေသတည်း။ ။ပဌမနိဿယပြီး၏။

ဒုတိယနိဿယ။ ။အာဝုသော၊ ငါ့ရှင် ပဉ္စင်းသစ်။တေ၊သင်-ပဉ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ၊ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်းသည်။ ပံသုကူလ-စီဝရံ၊ လူတွင်လုံးလုံး၊ အသုံးမကျ၊ စွန့်ပစ်ရသော၊ ပံသုကူသက်နှင်းကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ပဝတ္တာ၊ ဖြစ်ရချေ၏။ တသ္မာ၊

ထို့ကြောင့်။ တတ္ထ၊ ထိုပံသုကူကို ကောက်ယူဆည်းစု ဝတ်ရုံမှ၌။ တေ-တယာ၊ သင်-ပဠုင်းသစ်သည်။ ယာဝဒီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အားထုတ်ခြင်းအမှုကို။ ကရဏီယော၊ ပြုအပ်၏။

အတိရေကလာဘော၊ ရှေးဘုန်းရှေးကံ၊ ဆောဘန်ခြိုးမြှင့်၊ အခွင့်ထောက်ကူ၍ပံသုကူသက်နှုးထက်၊ ဘုန်းတန်းပိုလျှံ၊ လာဘ်များပြန်မူကား။

၁။ ခေါမံ၊ ခေါမနိုင်ငံ, ရောမနိုင်ငံ၌ဖြစ်သော သက်နှုးကို လည်းကောင်း။ဝါ။ ခေါမမည်သော လျှော်အထူးကို ရက်သော သက်နှုးကိုလည်းကောင်း။

၂။ ကပ္ပါသိကံ၊ ဝါချည်ဖြင့် ရက်သော သက်နှုးကိုလည်းကောင်း။

၃၊ ကောသေယျံ၊ ပိုးချည်ဖြင့် ရက်သော သက်နှုးကိုလည်းကောင်း။

၄။ ကမ္မလံ၊သားမွေးဖြင့်ပြီးသော ကမ္မလာသက်နှုးကိုလည်းကောင်း။

၅။ သာဏံ၊ ပိုက်ဆံလျှော်ဖြင့် ရက်သော သက်နှုးကိုလည်းကောင်း။

၆။ ဘင်္ဂံ၊ဘန်ချည်ဖြင့် ရက်သော သက်နှုးကိုလည်းကောင်း။ ဝါ၊ ခေါမစသောချည် ၅-မျိုးတို့ကို ရောမ၍ ရက်သော သက်နှုးကိုလည်းကောင်း။

ဤမာနိ၊ ဤ၆-မျိုးသော သက်နှုးတို့ကို။ သာဒိတဗ္ဗာနိ၊ သာယာအပ်ကုန်သေး၏။

ဤသက်နှုးအရာ၌လည်း ဂင်္ဂါဝဲလုံးမျှမက ပွင့်ကြကုန်သောဘုရား, ပစ္စေကဗုဒ္ဓါ,သာဝကတို့၏အရိုးအစည်ကို "ဝိဏ္ဏိယာလောပ"ဆွမ်းအတိုင်းဆိုလေ။

ပံသုကူသက်နှုးဖြင့် မျှတသော ရဟန်းမှာ လူတို့က တင်ထားသော ကျေးဇူးဟူသော မြိုကင်းသည်၊ လူတို့ကို ငဲ့ခြင်း, ညှာတာခြင်းလည်းကင်းသည်၊ ဒါယကာတို့ စိတ်နှလုံးကို စောင့်ရှောက်ရခြင်းလည်းကင်း

သည်၊လူတို့နှင့် စပ်သော တဏှာသံယောဇဉ် အစိုးအရိမ် အကြောင့်အ ကြကုလမစ္ဆေရ စသည်တို့မှလည်း ကင်းသည်၊ အသုဘ၌ သုဘဟူ၍ ဖြစ်သော ဝိပလ္လာသတရားကိုလည်း နှိမ်နင်းရသည်၊ အဝတ်တန်းဆာ ကိုအစွဲပြု၍ ဖြစ်သော တဏှာမာနတရား၊ ကိုယ်ခန္ဓာအင်္ဂါကြီးငယ်ကို ၎င်း၊ အဝတ်တန်းဆာ ပရိက္ခရာတို့ကိုလည်း အပြောင်အလက် ကြိုက် သော စာပလျှ တရားတို့မှလည်း ကင်းသည်။

၁။ နောက်ခြစ်ရဟန်းတို့အား "ဒိဋ္ဌာနုဂတိ"ကိုပေးရခြင်း,
၂။ "ဣတရီတရေန စိဝရေန သန္တုဋ္ဌော ဟောတိ"ဟူသော ဒုတိယအရိယဝံသစမ္ဘဝ်တည်ရခြင်း,
၃။ မြတ်စွာဘုရား၏ မဟာပဓာန အကျင့်တော်မြတ်ကို ပူဇော်ရခြင်း,
၄။ ပံသုကူလခရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။
ကေံ ဝနသ္မိံ ဗျာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
ဟူသော စကားတော်ကို ပူဇော်ရခြင်း အစရှိသော မျိုး သော အကျိုး အာနိသံသရှိသည်။ ။အကြင်းမှာ ရှေး နည်းကို မှီ၍ဆိုလေ။ ။ဒုတိယနိဿယပြီး၏။

တတိယနိဿယ။ ။အာဝုသော၊ ဝါ့ရှင်ပဉ္စင်းသစ်။ တေ၊သင်-ပဉ္စင်း သစ်၏။ ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းအဖြစ်သို့ကပ်ရ ရောက်ရခြင်းသည်။ ရုက္ခ-မူလသေနာသနံ၊ သစ်ပင် တောချုံရင်းတည်းဟူသော အိပ်ရာ နေရာ အရိပ်အာဝါသကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ပဝဇ္ဇာ၊ ဖြစ်ရချေ၏။ တဿ၊ ထို့ကြောင့်။ဟတ္ထ၊ ထိုသစ်ပင်တောချုံရင်းတည်း ဟူသော အိပ်ရာနေရာကို သုံးဆောင်ခြင်းအမှု၌။ တေ-တယာ၊ သင်-ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အား ထုတ်ခြင်းအမှုကို။ ကရဏီယော၊ ပြုအပ်၏။

အတိရေကလာဘော၊ ရှေးဘုန်း ရှေးကံ ဆော်ဘန်ထောက်ကူ သဖြင့် ရုက္ခမူကျောင်းသင်ခမ်းထက် ဘုန်းတန်းပိုလျှံ လာဘ်များပြန် မူကား—

၁။ ဝိဟာရော၊ ၂-ဘက် အမိုးရှိသောကျောင်းကိုလည်းကောင်း။
၂။ အဗုယောဂေါ၊ တဘက်သာ အမိုး ရှိသော ကျောင်းကို လည်းကောင်း။
၃။ ပါသာဒေါ၊ ပြာသာဒ်ရှည်ကိုလည်းကောင်း။
၄။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်းကို လည်းကောင်း။
၅။ ဂုဟာ၊ ဂုကိုလည်းကောင်း။ ။ဤမေ၊ဤအရိပ်အာဝါသတို့ကို။ သာဒိတဗ္ဗာ၊ သာယာအပ်ကုန်၏။

အဓိပ္ပါယ်ကား။ ။အသိန်း,အသန်းမျှသော ရန်သူတို့ကို တယောက်အားနှင့် ဖြိုဖျက်လိုသောသူသည် ထိုရန်သူတို့၏ အလယ်၌ နေ၍လုပ်ကြံခြင်းငှါမတတ်ကောင်း၊ ထိုရန်သူတို့၏ အလယ်မှ ထွက်၍ လွတ်ရာအရပ်၌ နေမှသာ လက်နက်ကြီယာ ရိက္ခာစားနပ် ဗိုလ်ခြေ,တပ်ခြေတို့ကိုလုံလောက်အောင် စုရုံးခြင်းငှါ အခွင့်ရသည်၊ ထိုအခွင့်ကိုရ၍ အလုံးစုံအားပြည့်မှသာ ထိုရန်သူတို့ကို အကြွင်းမဲ့ ဖြိုဖျက်ခြင်းငှါ ထမြောက်အောင် ကြိုးစားသည်၊ ထိုအတူ အသိန်း,အသန်းမကသော ကိလေသာရန်သူတို့ကို လုပ်ကြံတော်မူကြကုန်သော အလုံးစုံသော ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝကရဟန်းဟူသမျှတို့သည် ကိလေသာကာမဂုဏ်ဘို့၏ ပေါင်းရုံး စုဝေးရာ မြို့ရွာနိုဂုံးအလယ်၌ နေ၍လုပ်ကြံခြင်းငှါ မတတ်ကောင်း၊ မြို့ရွာနိုဂုံးမှ ခွါ၍တောတောင်သစ်ပင် ချုံနွယ်ပိတ်ပေါင်းတို့ကို ခုံမြှိုပြု၍ နေမှသာ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော လက်နက်ကြီယာ ရိက္ခာစားနပ် ဗိုလ်ခြေ,တပ်ခြေတို့ကို လုံလောက်အောင် ရုံးစုခြင်းငှါ အခွင့်ရသည်၊ ထိုအခွင့်ကိုရ၍ အလုံးစုံအားပြည့်မှသာ ထိုရန်သူတို့ကို အကြွင်းမဲ့ ဖြိုဖျက်ခြင်းငှါ ထမြောက်အောင် ကြိုးစားကြကုန်သည်။

ထို့ကြောင့် သစ်ပင်တောချုံတို့သည် အလုံးစုံသောဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသူမြတ်တို့၏ အောင်တော်တည်ရာ မင်္ဂလာမြို့ကြီးတွေဖြစ်ကုန်၏၊ မြို့ရွာ နိုဂုံးတို့သည် အသိန်း,အသန်းမက မျှားလှစွာသော ကိလေသာရန်သူတို့၏ အောင်တော် တည်ရာ မဟာမြို့ကြီးတွေဖြစ်ကုန်၏။

ထို့ကြောင့် ဗုဒ္ဓဒါယဇ္ဇာဘုရားအမွေတော်ဖြစ်သော ရန်အောင်မင်္ဂလာ မဟာခံမြို့တော်ကြီးကို ပဋ္ဌာန်းလောင်းအား နှင်းအပ်တော်မူလို သည်ဖြစ်၍ ''ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ'' ဟူသောဒေသနာ တော်မြတ်ကို ဟောတော်မူသည်။

ထိုသို့ နှင်းအပ်တော်မူသော ရုက္ခမူလသေနာသန ဟူသောရန်အောင်မင်္ဂလာ မဟာခံမြို့တော်ကြီးကို စွန့်ပစ်၍ မြို့ရွာနိုဂုံးအနီး ဥပစာ ဌာရှာသူတို့၏ အခက်အနက် စနုတ်စပေါက်ကို မြော်၍ ပျော်ရွှင်ချမ်းမြေ့ မဲ့ကြီးမဲ့လျက် နေကြကုန်သော ပုထုဇဉ်ရဟန်းတို့သည် မြို့သူ, ရွာသူ လူဂဟဋ္ဌတို့နှင့် မခြားမနားအဖျားအရင်းမျှသာ ဖြစ်ကြ၍ ကိလေသာရန်သူတို့၏ လက်တွင်းဌ သေခြင်းမလွတ်သေရကြကုန်၏။ ။ [သတိမူကြပါကုန်။] ။အကြင်းမှာ ရှေးနည်းကိုမှီ၍ဆိုလေ။ ။တတိယ နိဿယပြီး၏။

စတုတ္ထနိဿယ။ ။အာဝုသော၊ ငါ့ရှင်ပဋ္ဌင်းသစ်။ တေ၊ သင်-ပဋ္ဌင်းသစ်၏။ ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းအဖြစ်သို့ ကပ်ခြင်း, ရောက်ခြင်းအမှု သည်။ ပုတိမုတ္တဘေသဇ္ဇံ၊ အနှံ့မကောင်းသော ဂေါမုတ်ဖြင့်ထုံအပ်, စိမ်အပ်သောဆီးဖြူ, သျှီသျှား,သဖန်းခါးစသော ဆေးကို။ ဝါ၊ကာလ ကြာညောင်း ဟောင်းနွမ်းပုပ်ဆွေးသည်ဖြစ်၍ လူတို့သည် စွန့်ပစ်အပ် သော ဓာတ်စာဆေးဝါးကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ပဝတ္တာ၊ ဖြစ်ရချေ၏။ တသ္မာ၊ ထို့ကြောင့်။တတ္တ၊ ထိုအနှံ့မကောင်း သော ဂေါမုတ်ဖြင့် ထုံအပ်,စိမ်အပ်သော ဆီးဖြူ,သျှီသျှား, သဖန်းခါး စသော ဆေးကိုသာ သုံးဆောင်ခြင်းအမှု၌။ ဝါ၊ ကာလကြာညောင်း ဟောင်းနွမ်းပုပ်ဆွေးသည်ဖြစ်၍ လူတို့သည် စွန့်ပစ်အပ်သော ဓာတ် စာ ဆေးဝါးကိုသာ သုံးဆောင်ခြင်းအမှု၌။ တေ-တယာ၊ သင်-ပဋ္ဌင်း သစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အားထုတ်ခြင်း အမှုကို။ကရဏီယော၊ပြုအပ်၏။

ဒေတိရေကလာဘော၊ ရှေးဘုန်းရှေးကံ၊ဆော်ဘန်သမှု၊အကြောင်း ပြု၍၊ ပုတိမုတ္တဆေးထက် လွန်ကဲပိုလို့ လာဘ်များပြန်မူကား။

သပ္ပါ၊ ထောပတ်ကိုလည်းကောင်း။နဝနီတံ၊ဆီဦးကိုလည်းကောင်း။ တေလံ၊ ဆီကိုလည်းကောင်း။ မဓု၊ ပျားကိုလည်းကောင်း။ ဖာဏိတံ၊ တင်လဲကိုလည်းကောင်း။ ဣမာနိ၊ ဤဆေး၅-ပါးတို့ကို။သာဒိတဗ္ဗာနိ၊ သာယာအပ်ကုန်သေး၏။

အဓိပ္ပါယ်ကား။ ။လောကီဖြစ်သော လူတို့၌ အထွတ်အမြတ်ပြု၍ တောင့်တအားကိုးရိုးထိုးစံမှုကား-အဘိုးလည်းထိုက်မည်၊ ရှားလည်းရှားပါးမည်၊ ဤသို့သော အသုံးအဆောင်မျိုးတို့ကို အထွတ်အမြတ်ထား၍ အားကိုးကြရကုန်သည်။

ရဟန်းတို့၌ကား-အပ္ပဿာနိ၊ တချင်ရွေးမျှ အဘိုးမထိုက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ အနဝဇ္ဇာနိ၊ လောကအပြစ်,ဓမ္မအပြစ် ကင်းရှင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ တာနိစ၊ ထိုသို့သဘော ရှိကုန်သော အသုံးအဆောင် တို့သည်လည်း။ သုလဘရူပါနိ၊ အခါမရွေး, အရပ်ဒေသမရွေး ရလွယ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်အံ့-ဟူ၍။

၁။ အဂ်ုတ္တိုရ်ပါဠိတော်၌ဘုရားချီးမွမ်းတော်မူသောအဘိုးမထိုက်, အဘိုးမရှိသော ဂုဏ်တပါး,

၂။ လောကပြစ်,ဓမ္မပြစ်ကင်းသောဂုဏ်တပါး,

၃။ အခါမရွေး,အရပ်ဒေသမရွေး အလွယ်တကူ အလိုရှိတိုင်းရနိုင်သော ဂုဏ်တပါး,

ဤဂုဏ်၃-ပါးနှင့် ပြည့်စုံသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးအစရှိသောအသုံးအဆောင်မျိုးတို့ကို အထွတ်အမြတ်ထား၍ အားပြုကြကုန်ပြီဓမ္မတာဖြစ်သည်။

ထို့ကြောင့် ရှေးဘုရားတော်မူခဲ့သော''ပိဏ္ဍိယာလောပ''ဆွမ်း, ပံသုကူသင်္ကန်း, ရုက္ခမူလကျောင်းတို့နှင့် ဤပူတိမုတ္တဆေးသည် ဂုဏ်၃-ပါးနှင့် ပြည့်စုံပေသော အသုံးအဆောင်မျိုးစင်စစ်ဖြစ်ပေ၍''ပူတိ-မုတ္တ ဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ''ဟူသော ဒေသနာတော်မြတ်ကိုဟောတော်မူသည်။ ။အကြင်းမှာ ရှေးနည်းကိုမှီ၍ဆိုလေ။ ။စတုတ္ထနိဿယ-ပြီး၏။

မှတ်ချက်။ ။ဤနိဿယ-ပါးကို ရဟန်းဖြစ်စကာလ၌ ပြောကြားရသည်မှာ ဘုရားလက်ထက်တော်၌ ရဟန်းတပါးသည် လူအများကဲ့သို့ လုပ်ကိုင်၍ အသက်မွေးရမည်ကို ကြောက်သည်ဖြစ်၍ ရဟန်းပြုရမှုကား-မလုပ်မကိုင်ဘဲနှင့် အကောင်းအမွန်ကို သုံးဆောင်၍အသက်မွေးချမ်းသာမည်ဟု အကြံရ၍ ရဟန်းပြုလေ၏၊ ဆွမ်းခံဝင်ချိန်ကျ၍ ဆရာဥပဇ္ဈာယ်တို့က ဆွမ်းခံခေါ်ပေသောအခါ ဆွမ်းခံ၍ စားရမည်ဖြစ်လျှင် လူထွက်တော့မည်ဆို၍ ထွက်သွားလေ၏၊ ထိုအကြောင်းကို ဘုရားသိတော်မူ၍ ရဟန်းဖြစ်စကာလ၌ နိဿယ ၄ ပါးကို ပြောကြားစေဟု ဟောတော်မူသည်။

ထို့ကြောင့် မိမိတို့သည် သီလ ဝိသောဓန၊ စိတ္တ ဝိသောဓန၊ ဒိဋ္ဌိ-ဝိသောဓန၊ကင်္ခါ ဝိသောဓန၊မဂ္ဂါ မဂ္ဂ ဝိသောဓန၊ပဋိပဒါ ဝိသောဓန၊ ဉာဏဒဿန ဝိသောဓနတည်းဟူသော အဆင့်ဆင့် တက်ရသော ရဟန်းကိစ္စ ၇- ပါးတို့တွင် သီလဝိသောဓန ဟူသော ပဌမ ကိစ္စတခုတွင်ရှေ့မျှ မပြည့်မစုံ အကြောင်းအကျားတွေဖြစ်ကြကုန်သည်နှင့် မိမိတို့ပုံပန်းမှာ ရဟန်းအမှု တခုလုံးလုံး ပြုစရာပြောစရာ မရှိကြကုန်သည်ဖြစ်ပါလျက် မူလနိဿယကြီး ၄-ပါးကို ရှောင်ရှား၍ အတိရေက-လာဘဘက်၌ သက်ဝင်ကြကုန်ပြီးလျှင် သုံးပင်တိုင် သဘော်ကြီးတို့သာ ဆောင်နိုင်သောဝန်ကို လှေငယ်, လောင်းငယ်ရှင် တို့သည် ဥစ္စာခင်၍ တင်မှားကြသဖြင့် လူရောလှေပါ လာဘသမုဒ္ဒရာအလယ်၌ ဒိုးတည်နှစ်နှစ်ကြ ပြိုလဲကုန်ဘိသကဲ့သို့ မင်းဆရာ၊ စိုးဆရာ၊ မြို့ဆရာ၊ ရွာဆရာ အဖြစ်၌ တည်ကုန်၍ မင်း,စိုး,ရာဇာ,မြို့ရွာ,နိဂုံးသူတို့ပူဇောသက္ကာရတို့ကို တသောင်းတန်၊ တထောင်တန်၊ တရာတန်၊ တဆယ်တန် ရတိုင်းခံပြီးလျှင် လေလုံ မိုယ်းလုံ ကျောင်းဘုံဆောင်တွင်းဝယ်၊ မင်းစား၊ မင်းအိပ်၊ မင်းဟိတ်၊ မင်းဟန်၊ မင်းသက္ကာန်အမှုနှင့် လူတပိုင်း,ရှင်တပိုင်းရိုင်းပြည်စ်ညမ်းသော နိဝရဏတရားတို့၏ အလိုတူအလိုပါရှာစောင့်, မြို့စောင့်,အမှောင့်သမ္ဘက် လူပျက် ရှင်ယောင်ကြီးတွေ ဖြစ်ကြကုန်၍ ကိုလေသာတုံး ဘုရားမုန်းလှသော လူသုံးလူသွန် မာရ်မင်းကျွန်တွေ မဖြစ်ပေရအောင် လေးထွေသောနိဿယ ဘုရားအမွေတော်မြတ်ကို အသက်ထက်ဆုံးနှလုံးသွင်းကြစေကုန်သတည်း။ ပဌမအပရကိစ္စပြီး၏။

ဒုတိယအပရကိစ္စ။ ။နိဿယ ၄-ပါးကိုကြားခြင်းဟူသောအပရကိစ္စ ကိုပြပြီး၍ ယခုအခါ "အကရဏီယ" ၄-ပါးကို ကြားခြင်းဟူသော အပရကိစ္စကိုပြခြင်းငှါ- "ဥပသမ္ပဒေန ဘိက္ခုနာ" အစရှိသောစကား ကို ဟောတော်မူသည်။

၁။ ဥပသမ္ပဒေန၊ မြင့်မြတ်သောအဖြစ်သို့ရောက်ပြီးသော။ ဘိက္ခု-နာ၊ရဟန်းသည်။အန္တိမသော၊ ယုတ်သောအပိုင်းအခြားအား ဖြင့်။တိရစ္ဆာနဂတာဃရိ၊တိရစ္ဆာန်မဋ္ဌသော်လည်း။မေထုနော-ဓမ္မော၊ မိန်းမ, ယောကျ်ား၊ ၂-ပါးအမှု၊ တပ်ခြင်းတူကုန် သော လူတို့၏ဥစ္စာဖြစ်သော အကျင့်ကို။ နပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ မေထုနံဓမ္မံ၊ မိန်းမ,ယောကျ်ား၊ ၂-ပါးအမှု၊ တပ်ခြင်းတူကုန်သော လူတို့၏ ဥစ္စာဖြစ်သော အကျင့်ကို။ ပဋိသေဝတိ၊ မှီဝဲမိချေအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အသမဏော၊ ရဟန်းမဟုတ်သည်။ ဝါ၊ ရဟန်းတု, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ၊ ဖြစ်၏။ အသက္ခ-ပုဏ္ဍိယော၊သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏သားတော်မဟုတ်သည်။ ဝါ၊သားဆိုး,သားယုတ်,သားစုတ်, သားညစ်သည်။ဟောတိ၊ ဖြစ်၏။

သေယျထာပိ နာမ၊ နှိုင်းဝိုင်းစရာ ဥပမာမည်သည်ကား။ သီ-သဠိန္ဒော၊ ဦးခေါင်းပြတ်ပြီးသော။ ပုရိသော၊ ယောကျ်ား သည်။ တေန၊ ထိုပြတ်လေပြီးသော ဦးခေါင်းနှင့်တကွ။သရီရ-ဗန္ဓနေန၊ ကိုယ်ကိုစပ်ဆက်ပြန်သဖြင့်။ ဇီဝိတုံ၊ အသက်တာဘန် ရှင်ပြန်ခြင်းငှါ။ အဘဗ္ဗော၊ မတိုက်လေသကဲ့သို့။ ဧဝမေव၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ မေထုနံဓမ္မံ၊ မိန်းမ, ယောကျ်ား၊ ၂-ပါးအမှု၊ တပ်ခြင်းတူကုန်သော လူတို့၏ဥစ္စာ ဖြစ်သော အကျင့်ကို။ ပဋိသေဝိဟ္မာ၊ မှီဝဲမိ၍။ ဝါ၊ မှီဝဲမိသည် ရှိသော်။ ဝါ၊ မှီဝဲမိသောကြောင့်။ အသမဏော၊ ရဟန်းမဟုတ် သည်။ ဝါ၊ ရဟန်းတု, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်း ယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ၊ ဖြစ်၏။

အသကျပုတ္တိယော၊ သာကိုဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်။ ဝါ၊ သားဆိုး, သားယုတ်,သားစုတ်,သားညစ်သည်။ဟောတိ၊ ဖြစ်၏။ တံ၊ ထို မေထုန်အကျင့်ကို။တေ-တယာ၊ သင်-ပဠွင်းသစ်သည်။ ယာဝ-ဇီဝံ၊ အသက်ထက်ဆုံး။ အကရဏီယံ၊ မပြုမကျင့်အပ်။ ဝါ၊ မပြုမကျင့်ထိုက်။ ဝါ၊ ပြုကျင့်ခြင်းငှါ မတတ်ကောင်း။ ဝါ၊ မပြု မကျင့်လင့်။ ဝါ၊ ပြုကျင့်ကောင်းသောအမှုမဟုတ်ပေ။ ဝါ၊မပြု မကျင့်ရမည့် ပဗ္ဗဇ္ဇာဒုလ္လဘအခါပေတည်း။

မေထုနဓမ္မ ၇-ပါးကို သတ္တနိပါတ်အဂုတ္တိုရ်ပါဠိတော်၌ ဟော တော်မူသည်။

ခုနစ်ပါးဟူသည်ကား—

၁။ ကိုယ်အင်္ဂါ ချင်းချင်း တွေ့ထိသည်ကို သာယာသော မေထုန် တပါး,

၂။ ၂-ယောက်ချင်းချင်းပြုံးပြုံးရယ်ရယ် ကျီစယ်စကားပြောဆို၍ နေရသည်ကို သာယာသော မေထုန်တပါး,

၃။ တဏှာပေမစိတ်ဖြင့် တဦးနှင့်တဦးမျက်နှာချင်းချင်းတစိမ်းစိမ်း တစိုက်စိုက် ကြည့်ရှုရသည်ကို သာယာသောမေထုန်တပါး,

၄။ အသံကြားသည်ကို သာယာသော မေထုန်တပါး,

၅။ ရှေးဦးတွေ့ခဲ့ ကြိုခဲ့ဘူးသော အပြုအမူတို့ကို အမှတ်ရတိုင်း ရ တိုင်း သာယာသောမေထုန်တပါး,

၆။ တပါးသော သူတို့ခံစား၍ နေသည်ကို သိရ ကြားရ တွေ့မြင်ရ၍ ရာဂဖြစ်ပွားသည်ကို သာယာသော မေထုန်တပါး,

၇။ ယခုဘဝကျင့်ဆောင်ရသော ဒါနကုသိုလ်,သီလကုသိုလ်,ဘာ ဝနာကုသိုလ်နှင့် နောက်နောက်ဘဝ၌လူ့ချမ်းသာ, နတ်ချမ်း သာကို သာယာရည်မှတ်သော မေထုန်တပါး—

ဤသတ္တမမေထုန်၌ မေထုန်မည်ကြောင်းကား- နောက်ဘဝဘို့ညွှတ် ၍ ပြုအပ်သောရဟန်းအဖြစ်, ရဟန်းသိက္ခာသည် မေထုန်ကြီးပွားရန် ပြုသည်သာဖြစ်၏။

လောဘအကြီး ကြီးမားသော ယောဂျားဟယောက်သည် ကြီးထွားရင့်မာသော အုန်းသီးကို ခဲယဉ်းစွာရလေ၏၊ ဤအုန်းသီးသည် အလွန်ရခဲ၏၊ ယခုခွဲလေသော် တခါစားနှင့်ပြီးတော့မည်၊မစားသေးပြီ၊ အပင်ဖြစ်အောင် စိုက်ပျိုးပြုစုမည်၊ ကြီးသောအခါ တန့်စ်တန့်လျှင် အသီးနှစ်ရာ,အသီးသုံးရာ နှစ်စဉ်သီးမည်၊ ထိုအခါမှ စိတ်ရှိတိုင်းလည်း ငါစားမည်၊ သားမယား ဝသည်ကိုလည်း ဝေခြမ်းမည်၊ ဥစ္စာစီးပွားလည်း ပြုမည်ဟုအကြံပြု၍၊ အစဉ်အုန်းအရသာကို ရှောင်ရှဲပေးလိုက်သကဲ့သို့ ထိုအတူ ယခုဘဝသည် အလွန်ခေါင်းပါးသည့် မေထုန်အမှုမဖြန့်ဖြူး မခံစားသေးပြီ၊ ရဟန်းပြု၍ ရဟန်းသိက္ခာနှင့် ရင်းဦးမည်၊ နောက်ဘဝ၌ လူဖြစ်လျှင်လည်း လူအလျောက်၊နတ်ဖြစ်လျှင်လည်း နတ်အလျောက် ငါးရာအခြိုအရံ, တထောင်အခြိုအရံနှင့် စိမ်ပြေနားပြေ ခံစားတော့မည်ဟု ပြုသည်ပင်မည်သတည်း။

ထို့ကြောင့် ပါဠိတော်၌-

အပိစ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ၊ဣမိနာဟံ သီလေနဝါ ဝတေနဝါ တပေနဝါ ဗြဟ္မစရိယေနဝါ ဒေဝေါဝါ ဘဝိဿာမိ ဒေဝညတရောဝါတိ၊ သော တံ အဿာဒေတိ၊ တံ နိကာမေတိ၊ တေနစ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒံ ပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ဝဏ္ဏံပိ ဝဏ္ဏိတံ သဗ္ဗလံပိ ကမ္မာ-သံပိ၊အာယံဂုစ္ဆတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ။

သည်ကဲ့သို့ မေထုနေန သဂ္ဂသောဂနေ၊နေ ပရိပုစ္ဆတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမ-နဿေဟိ ဥပါယာသေဟိ၊အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိတိ။

အနုက်ကား။ "ဒေဝိစခေါ၊ စင်စစ်သော်ကား။ အဟံ၊ ငါသည်။ ဣမိနာသီလေနဝါ၊ ဤယခုကျင့်ဆောင်သော သီလကြောင့်ရင်း။ ဣဝိ-နာဝတေနဝါ၊ ဤယခုကျင့်ဆောင်သော ဝုတတ် ပဋိပတ်ကြောင့်ရင်း။ ဣမိနာတပေနဝါ၊ ဤယခုအားထုတ်သော ဝီရိယကြောင့်ရင်း။ဣမိနာ-ဗြဟ္မစရိယေနဝါ၊ ဤယခုစောင့်ရှောက်ကြည်ရှောင်သော မေထုနဝိရတိ ကုသိုလ်ကြောင့်ရင်း။ ဒေဝေါဝါ၊ ဘုန်းတန်ခိုးကြီးသော နတ်မင်းသည်ရင်း။ ဒေဝညတရောဝါ၊ မထင်မရှားသော နတ်သာမည်သည်ရင်း။

ဘဝိဿာမိ၊ ဖြစ်ရပေလတ္တံ့။ ဣတိ၊ ဤသို့။ အညတရံ၊ အမှတ်မထား တပါးပါးသော။ ဒေဝနိကာယံ၊ ရုက္ခဇိုင်း, ဘုံမဇိုင်းစသော နတ်မျိုးကို။ ပဏိဓာယ၊ တောင့်တ၍။ ဗြဟ္မစရိယံ၊ မြတ်သောပဋိပတ် အကျင့်ကို။ စရတိ၊ ကျင့်၏။ သော၊ ထိုအကျင့်သီလနှင့်ပြည့်စုံသော ရဟန်းသည်။ တံ၊ ထိုမိမိကျင့်သမျှသော သီလပဋိပတ်ကို။ အဿာဒေတိ၊ သာယာ၏။ တံ၊ ထိုမိမိကျင့်သမျှသော သီလပဋိပတ်ကို။ နိကာမေတိ၊ နှစ်သက်၏။တေနစ၊ထိုမိမိပြုသမျှသော ကောင်းမှုဖြင့်လည်း။ ဝိတ္တိ၊နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဗြာဟ္မဏ၊ပုဏ္ဏား။ ခေါ၊ စင်စစ်။ ဣဒံပိ၊ ဤမိမိအကျင့်ကိုသာယာခြင်း,နတ်အဖြစ်ကို တောင့်တခြင်းသည်လည်း။ ဗြဟ္မစရိယဿ၊ မြတ်သောအကျင့်သီလ၏။ ခဏ္ဍံပိ၊ ကျိုးခြင်းလည်း။ဟောတိ၊ဖြစ်၏။ ဆိဒ္ဒံပိ၊ ပေါက်ခြင်း,ပြတ်ခြင်း,စုတ်ခြင်း,ပဲ့ခြင်းလည်း။ဟောတိ၊ ဖြစ်၏။သဗလံပိ၊ ပြောက်ခြင်း,ကွယ်ခြင်းလည်း။ ဟောတိ၊ဖြစ်၏။ ကမ္မာသံပိ၊ ကြောင်ခြင်း,ကျားခြင်းလည်း။ ဟောတိ၊ဖြစ်၏။ ဗြာဟ္မဏ၊ပုဏ္ဏား။ အယံ၊ ဤနောက်၌ ဘဝအမြောက်နှင့်ပြုသော ရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်မကြယ်သည်ကိုပြု၍။ ဗြဟ္မစရိယံ၊ ရဟန်းတရားကို။ စရတိ၊ ကျင့်သောရဟန်းဟု၍။ဝုစ္စတိ၊ ဆိုအပ်၏။

သော၊ ထိုရဟန်းသည်။ မေထုနေနသညောဂေန၊ မေထုန်သံယောဇဉ်နှင့်။ သညုတ္တော၊ ဘွဲ့နှောင်လျက်နေသည်။ ဟောတိ၊ ဖြစ်၏။သော၊ ထိုနှလုံး၌ မေထုန်သံယောဇဉ်ကြီး ချည်တုပ်ဘွဲ့နှောင်လျက်ရှိသေးသော ရဟန်းသည်။ ဇာတိယာ၊ ဇာတိဒုက္ခမှ၎င်း။ ဇရာယ၊ ဇရာဒုက္ခမှ၎င်း။ မရဏေန၊ မရဏဒုက္ခမှ၎င်း။ သောကေဟိ၊ သောကဒုက္ခတို့မှ၎င်း။ ပရိဒေဝေဟိ၊ ပရိဒေဝဒုက္ခတို့မှ၎င်း။ ဒုက္ခေဟိ၊ ကာယိကဒုက္ခတို့မှ၎င်း။ ဒေါမနဿေဟိ၊ စေတသိကဒုက္ခတို့မှ၎င်း။ ဥပါယာသေဟိ၊ ဥပါယာသဒုက္ခတို့မှ၎င်း။ နပရိမုစ္စတိ၊ မလွတ်နိုင်သေး။ ဒုက္ခသ္မာ၊ အပါယဒုက္ခစသော ဒုက္ခအမျိုးမျိုးမှ။ အပရိမုတ္တောဇာတိ၊ မကျွတ်နိုင်,မလွတ်နိုင်သေးသော ရဟန်းဟု၍။ အဟံ၊ ဝါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဤသို့ဟောတော်မူသော သတ္တနိပါတ်အဂုတ္တိုရ်ပါဠိတော်ကို မြင်သဖြင့် နောက်၌ဘဝအမြောက်ထား၍ ကျင့်သောရဟန်း၏ အကျင့်သည်

မေထုန်အလို့ငှါပင် ဖြစ်ရကား-နောင်ဖြစ်ရလတ္တံ့သော လူ့ချမ်းသာ, နတ်ချမ်းသာကို တောင့်တသာယာခြင်းအမှုသည်လည်း မေထုန်တပါးမည်သတည်း၊ ဤသတ္တနိပါတ်ပါဠိတော်လာ မေထုနဝမ္မ ၇-ပါး နှင့် မဂ်ချင်းချင်းအတွေ့ကို သာယာခြင်းဟူသော မဂ္ဂင်ရှစ်ပါးတို့ အဓိဝါသနမေထုန်ကြီးကိုပေါင်းသည်ရှိသော် မေထုနဝမ္မ၈-ပါးဖြစ်၏။

ထို၈-ပါးတို့တွင် ဥပသမ္ပဒေန ဘိက္ခုနာမ္မစ၍ အန္တိမသော တိရစ္ဆာန-၈တာယပိ တိုင်အောင်သောပါဠိတို့၌ ထိုမေထုန် ၈-ပါးလုံးတို့ကိုပင် ယူအပ်ကုန်၏၊ 'ယောဘိက္ခု အစရှိသော အလယ်စကားရပ် တို့၌မူကား-အန္တိမဝတ္ထုဖြစ်သော မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိအဓိဝါသနမေထုန်တခုကိုသာ ယူအပ်၏၊ နောက်သိက္ခာပုဒ်၌ ရှေးဦးစွာ တိဏသလာက အဒိန္နာဒါန်ကိုဟောပြီးမှ ယောဘိက္ခုစသည်၌ အန္တိမဝတ္ထုလောက်သော ပါဒပါဒါရဟအဒိန္နာဒါန်ကို ဟောသည်ကိုမြော်ပါ၊ ''ဟန္တေ-ယာဝဇီဝံ အကရဏီယံ'' ဟူသော နောက်ဆုံး စကားရပ်၌ကား-မေထုန် ၈-ပါးလုံးကိုပင် ယူအပ်၏၊နောက်သိက္ခာပုဒ် ၃-ပါးတို့၌လည်း ဤနည်းအတိုင်းသိရမည်။

''အသမဏောဝါ၊ အသက္ကပုတ္တိယောဝါ'' ဟူရာ၌ ရဟန်းသည် ပရမတ္ထရဟန်း,သမ္မုတိရဟန်းဟူ၍ ၂-ပါးရှိသည်၊ ဘုရား၏သားတော်သည်လည်း ပရမတ္ထသားတော်,သမ္မုတိသားတော်ဟူ၍ ၂-ပါးရှိသည်၊အရိ-ယာပုဂ္ဂိုလ် ၈-ယောက်သည် ပရမတ္ထရဟန်းမည်၏၊ပရမတ္ထသားတော်မည်၏၊ မြတ်စွာဘုရား၏ ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ဘတ်ရွတ်သမုတ်၍ ဖြစ်သော ပုထုဇဉ်ရဟန်းစုသည် သမ္မုတိရဟန်း, သမ္မုတိသားတော်မည်၏၊ ထိုပုထုဇဉ်ရဟန်းသည် အရိယာအဖြစ်သို့ ရောက်ပေမူကား-ပရမတ္ထသမ္မုတိ ၂-ဘက်၌ပင် ဝင်ပေ၏။

မြတ်စွာဘုရား၏ ရင်၌ဖြစ်သော တရားဒေသနာကိုကြားနာ၍ ကျင့်၍ အရိယာအဖြစ်သို့ရောက်သော ပရမတ္ထရဟန်း, ပရမတ္ထသံယာသည် သြရသပုတ္တမြတ်စွာဘုရား၏ ရှေရင်တော်နှစ် သားတော်စစ် ဖြစ်ပေသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ ရင်၌ဖြစ်သော ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ဥပသမ္ပဒေန်အဖြစ်သို့ ရောက်သော ပုထုဇဉ်သမ္မုတိရဟန်းသံယာ

များသည်လည်း သြရသပုတ္တာမြတ်စွာဘုရား၏ ရှေရင်တော်နှစ် သားတော်စစ်ပင် ဖြစ်ပေသည်ဟု မှတ်အပ်၏။

အဘယ့်ကြောင့်နည်းဟူမူ အရိယာဖြစ်ကြောင်းဖြစ်သော စတုသစ္စဒေသနာတရားသည်လည်း မြတ်စွာဘုရား၏ရင်ခွဖြစ်သည် မှန်သကဲ့သို့ ဥပသမ္ပဒါဖြစ်ကြောင်းဖြစ်သော ဥတ္တိစတုတ္ထကမ္မဝါစာတော်သည်လည်း မြတ်စွာဘုရား၏ ရင်ခွဖြစ်သည် အမှန်ပင်ဖြစ်သတည်း။

ထို့ကြောင့် ဤဥတ္တိစတုတ္ထကမ္မဝါစာတော်ဖြင့် ဥပသမ္ပဒါ အဖြစ်သို့ရောက်သော ယခုရှိကြသော ပုထုဇဉ်သမ္မုတိ ရဟန်းတို့ကို မြတ်စွာဘုရား၏သားတော်အစစ်မဟုတ်ဟု မဆိုထိုက်၊ သားတော်အစစ်တမျိုးဖြစ်ပေသည်ဟူ၍သာ ဆိုထိုက်ပေသည်ဟု မှတ်အပ်၏။

သီတင်းငယ်သော အရိယာရဟန်းသည် သီတင်းကြီးသော ပုထုဇဉ်ရဟန်း၏ နောက်နေရသည်၊ နိမ့်ရာ၌နေသည်၊ ရှိခိုးခြင်းစသည်ကိုပြုရသည်များကိုမြော်လေ။

အဆုံးခ၌ "အဂရဏီယံ" ဟူသောပုဒ်ကို အနက် ၆-ချက်ပေးသည်မှာ အနိယ-ပစ္စည်းသည် ကိစ္စ-ပစ္စည်းဖြစ်ပေ၍ ကံအနက်၊ အရဟအနက်၊ သက္ကာအနက်၊ ပေသအနက်။ အတိသဂ္ဂအနက်၊ ပတ္တကာလအနက်တို့ကို အစဉ်အတိုင်း ပေးလိုက်သည်။ ။ပြီး၏။

၂။ ဥပသမ္ပဒေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ တိဏသလာကံ၊ မြက်ဝါးခြမ်းကို။ ဥပါဒါယ၊ အစပြု၍။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးအပ်သော သူတပါးဥစ္စာကို။ ထေယျသင်္ခါတံ၊ခိုးတတ်, စဉ်းလဲတတ်သောသူ၏အမှုဟုဆိုအပ်သော ဇောစိတ်အစုဖြင့်။ နအာဒါတဗ္ဗံ၊ မယူအပ်။ ယောဘိက္ခု၊ သည်။ပါဒံဝါ၊ဆယ်မူးရေ ရှေစင်တမတ်ကိုလည်းကောင်း။ ပါဒါရဟံဝါ၊ ဆယ်မူးရေ ရှေစင်တမတ်ထိုက်တန်သော ကပ္ပိယဘဏ္ဍာကိုလည်းကောင်း။ အတိရေကပါဒံဝါ၊ ဆယ်မူးရေ ရှေစင်တမတ်ထက် လွန်သော အကပ္ပိယဘဏ္ဍာ၊ဆယ်မူးရေ ရှေစင်ဟမတ်ထိုက်သော ဘဏ္ဍာ ထက်လွန်သော အဘိုးထိုက်သော ကပ္ပိယဘဏ္ဍာကို လည်း

ကောင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို။ထေယျသင်္ခါတံ၊ခိုးတတ်, စဉ်းလဲတတ်သောသူ၏အမှုဟုဆိုအပ်သော ဇောစိတ်အစုဖြင့်။ အာဒိယတိ၊ ခိုးယူမိ ဘုံ။ သောဘိက္ခု၊ ထိုရဟန်းသည်။ အသမဏောဝါ၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသက္ကပုတ္တိယောဝါ၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။

သေယျထာပိနာမ၊ နှိုင်းခိုင်းစရာ ဥပမာကား။ ဗန္ဓနာ၊ အညာအဘွဲ့မှ။ ပဝုတ္တော၊ ကြွေကျလေပြီးသော။ ပဏ္ဍုပလာ-သော၊ သစ်ရွက်လျော်သည်။ ဟရိတတ္တာယ၊ စိမ်းရှင်ပြန်ခြင်း အကျိုးငှါ။ အဘဗ္ဗော၊မထိုက်လေသကဲ့သို့။ ဧဝမေဝ၊ ဤအတူ ပင်လျှင်။ ဘိက္ခု၊သည်။ ပါဒံဝါ၊ကိုဝင်း။ ပါဒါရဟံဝါ၊ ကိုဝင်း။ အတိရေကပါဒံဝါ၊ ကိုဝင်း။ အဒိန္နံ၊ ကို။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယိတ္တာ၊ ခိုးယူမိသည်ဖြစ်၍။ ဝါ၊ ခိုးယူခဲသည်ရှိသော်။ ဝါ၊ ခိုးယူမိသောကြောင့်။ အသမဏောဝါ၊သည်။ ဝါ၊သည်။ အသက္ကပုတ္တိယောဝါ၊သည်။ ဝါ၊ သည်။ ဟောတိ၊၏။ တံ၊ ထိုသူတပါးဥစ္စာကို ခိုးယူခြင်းအမှုမျှားကို။ တေ-တယာ၊သည်။ ယာဝဇီဝံ၊ဆုံး။ အကရဏီယံ၊အပ်။ ဝါ၊ထိုက်။ ဝါ၊ကောင်း။ ဝါ၊ လင့်။ ဝါ၊ဟုတ်ပေ။ဝါ၊ပေတည်း။

အဒိန္နာဒါန်သည် ၄-ပါးရှိကြောင်းကို ဒသကနိပါတ်အဂ်ုတ္တိုရ်၌ ဟောတော်မူလေသည်။

၄-ပါးဟူသည်ကား—
၁။ မိခိုကိုယ်တိုင်ယူခြင်းတပါး,
၂။ သူတပါးကို တိုက်တွန်းနှိုးဆော်ခြင်းတပါး,
၃။ သူတပါးယူသည်၊ ရသည်ကို ဝမ်းမြောက်ခြင်းတပါး,
၄။ အဒိန္နာဒါန်နှင့်ရသည်ကို ခြီးမွမ်းခြင်းတပါး—

"အသမဏောဝ အသက္ကပုတ္တိယော"တို့၌အသဒ္ဒါ၏ ဃဒိသအနက်။ ဂရဟအနက်ဘို့ကိုရည်၍ ဆိုခဲ့ပြီးသောအနက်ဘို့ကိုပေးသည်။

အသမဏော၊ ရဟန်းကောင်းတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော ရဟန်းသည်။ ။(ဝိရုဒ္ဓအနက်။)

ဥပုသ်ပဝါရဏာစသောကံကြီး,ကံငယ်တို့ကိုရင်း၊အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂအမှုတို့ကိုရင်း၊ ရဟန်းကောင်းတို့နှင့် အတူတကွပြုခြင်းငှါ မထိုက်ပေရကား-ရဟန်းဂေကာင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်မည်၏။

အသမဏော၊ ရဟန်းကောင်းအဖြစ်မှ တားမြစ်အပ်သော သူသည်။ ။(ပဋိသေဓအနက်။)

အသမဏော၊ ရဟန်းကောင်းအဖြစ်မှ ဆိတ်သောသူသည်။ ။(သုညအနက်။)

အသမဏော၊ သိက္ခာသီလမရှိ အသွင်အပြင်မျှသာ ရှိသည်ဖြစ်၍ သေးနုပ်သောရဟန်းသည်။ ။(အပ္ပကအနက်။)

အသမဏော၊ရဟန်းသိက္ခာမှကင်းသောသူသည်။(ဝိရဟအနက်။)

အသမဏော၊ရဟန်းသိက္ခာမရှိသောသူသည်။ ။(အဘာဝအနက်။)

အသမဏော၊ ရဟန်းကောင်းတို့မှ အသီးအခြား တပါးတပုံဖြစ်သောသူသည်။ ။(အညအနက်။)

အသကျပုတ္တိယောဠ်လည်း ထို့အတူ။ပြီး၏။

၃။ ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။သဠ္ဓိစ္ဆ၊ ဝဓက-စေတနာနှင့်တကွ စေ့ဆော်အားထုတ်၍။ အန္တမသော၊ ဖြင့်။ ကုန္ဆကိပိလ္လိကံ၊ ခြပုံး, ပိုးရွက်။ ဥပါဒါယ၊ ၍။ ပါဏော၊ သတ္တဝါကို။ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ နဝေါရောပေတဗ္ဗော၊မချအပ်။ ယောဘိက္ခု၊ သည်။ သဠ္ဓိစ္ဆ၊ ဝဓကစေတနာနှင့်တကွ စေ့ဆော်အားထုတ်၍။ အန္တမသော၊ ဖြင့်။ ဂဇ္ဇပါတနံ၊ ကိုယ်ဝန်ချခြင်းအမှုကို။ ဥပါဒါယ၊ ၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ရှိသောသူ၏ ကိုယ်ကောင်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချမိအံ့။ သောဘိက္ခု၊ သည်။ အာသမဏော၊ သည်။ ဝါ၊ သည်။ဟောတိ၊ ၏။ အာသကျပုတ္တိယော၊ သည်။ ဝါ၊သည်။ဟောတိ၊၏။

သေယျထာပိနာမ၊ ကား။ ဒွေဒဝါ၊ နှစ်ဘို့ နှစ်ဖြာ။ ဘိန္နာ၊ ကွဲလေပြီးသော။ ပုထုသိလာ၊ ကြီးစွာသော ကျောက်ဖြာ

ကျောက်လုံးသည်။ အပ္ပဋိသန္ဓိကာ၊ အသစ်တဘန် စေ့စပ်ပြန်ခြင်းငှါ မတတ်ကောင်းသည်။ ဟောတိ၊ ဖြစ်လေဘိသကဲ့သို့။ ဝေမေဝ၊ ဤအတူပင်လျှင်။ ဘိက္ခု၊! ရဟန်းသည်။ သဠိစ္စ၊ ၍။ မနုဿဝိဂ္ဂဟံ၊ ကို။ ဇိဝိတာ၊ မှ။ ဝေါရောပေတွာ၊ ချမိသည် ဖြစ်၍။ ဝါ၊ ချမိသည်ရှိသော်။ ဝါ၊ ချမိလေသောကြောင့်။ အသမ-ဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသက္ကပုတ္တိယော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုဇိဝိတိန္ဒြေမှချခြင်းအမှု မျှားကို။ တေ-တယာ၊ သည်။ ယာဝဇီဝံ၊ ဆုံး။ အကရဏီယံ၊ အပ်။ ဝါ၊ ထိုက်။ ဝါ၊ ကောင်း။ ဝါ၊ လင့်။ ဝါ၊ ဟုတ်ပေ။ ဝါ၊ ပေတည်း။

ပါဏာတိပါတတို့ကိုလည်း ၄-ပါးပင်ဟောသည်။

၄-ပါးဟူသည်ကား—

၁။ မိမိကိုယ်တိုင်သတ်ခြင်းတပါး,

၂။ သူတပါးကို နှိုးဆော်တိုက်တွန်းခြင်းတပါး,

၃။ သူတပါးသတ်၍ သေသည်ဆိုလျှင်ဝမ်းမြောက်ခြင်းတပါး,

၄။ သေအောင်သတ်နိုင်ပေသည်ကို မြှိုးမွမ်းခြင်းတပါး—

မိမိကိုယ်ကို မိမိသတ်ခြင်းအမှုသည်ကား- ရဟန်းမှာလည်း ပါရာ-ဇိကကျသောအမှုပင်မဟုတ်၊ လူမှာလည်း ပါဏာတိပါတ ကမ္မပထ မြောက်သော အမှုပင်မဟုတ်၊ မသင့်သောအကြောင်းနှင့် သတ်လေလျှင် ရဟန်းမှာဒုက္ကဋ်သင့်၏၊ လူမှာအပြစ်မဆိုလောက်၊ သင့်သော အကြောင်းနှင့် မိမိကိုယ်ကို မိမိသတ်ပေလျှင် ရဟန်းမှာပင်အပြစ်မရှိ၊ သို့ဖြစ်၍ ပါဏောဟူသောပုဒ်၌ "မိမိမှတပါးသောသတ္တဝါကို"ဟု ပေးသင့်ငြားသော်လည်း မသင့်သောအကြောင်းနှင့် သတ်သည်ဖြစ်သော ဒုက္ကဋ်အာပတ်ကိုလည်း ပါစေခြင်းငှါ "ပါဏော၊ သတ္တဝါကို"ဟု သာမညသာပေးသည်။ ။ပြီး၏။

၄။ ဥပသမ္ပဒေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တမသော၊ ဖြင့်။ သုညဂါရေ၊ ဆိတ်ငြိမ်သောကျောင်း၌။ အဘိရမာမိ၊ အလွန်မွေ့လျော်၏။ ဣတိ၊ ဤသို့သောစကားကို။ ဥပါဒါယ၊ အစပြု၍။ ဥတ္တရိမနုဿဓမ္မော၊ ဈာနလာဘီ, အဘိညာလာဘီ ဖြစ်သော

ပုထုဇဉ်ပုဂ္ဂိုလ်,အရိယာပုဂ္ဂိုလ်ဟုဆိုအပ်သော မြင့်မြတ်သော လူတို့၏ဥစ္စာဖြစ်သောဂုဏ်ကျေးဇူးများကို။ ဝါ။ ပကတိလူတို့၌ ဖြစ်နိုင်သော ဒါန,သီလစသော ကာမာဝစရ ကုသိုလ်တို့ထက် မြင့်မြတ်သော မဟဂ္ဂုတ်လောကုတ္တရာတရားများကို။ နဥလ္လပိ-တဗ္ဗော၊ ငါရသည်, ငါ၌ရှိသည်,ငါမျက်မှောက် ပြုနိုင်သည်ဟု ဝါဝါကြွားကြွား မပြောကြားအပ်။ ယောဘိက္ခု၊ သည်။ ပါဒိ-ဏ္ဍော၊ ယုတ်မာသော အလိုရမ္မက် မ,ိုသည်ဖြစ်၍။ ဣဿ္ဌာပက-တော၊ အလိုရမ္မက်သည် နှိပ်စက် ဘိစီးအပ်သည် ဖြစ်၍။ အ-သန္တံ၊ ဝိမိကိုယ်၌ ထင်ရှားမရှိသော။ အဘူတံ၊ မိမိသန္တာန်၌ တရုံတဆစ်မျှမဖြစ်စေဘူးသော။ ဥတ္တရိုမနုဿဓမ္မံ၊ ကို။ ဝါ၊ ကို။ ဥလ္လပတိ၊ ငါရသည်,ငါ၌ရှိသည်,ငါမျက်မှောက် ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိအံ့။ ဗျာနုံဝါ၊ ဗျာန်လေးပါး, ဗျာန်ငါးပါးကိုဌင်း။ ဝိမောက္ခံဝါ၊ လောကီဝိမောက္ခဗျာန် ရှစ်ပါး,လောကုတ္တရာဝိမောက္ခသုံးပါးကိုဌင်း။သမာဓိ ဝါ၊လောကီ သမာဓိ,လောကုတ္တရာသမာဓိကိုဌင်း။ သမာပတ္တိ ဝါ၊ လောကီ သမာပတ်, လောကုတ္တရာ သမာပတ်ဌိုဌင်း။ မဂ္ဂံဝါ၊ လောကုတ္တရာမဂ်လေးပါးကိုဌင်း။ ဖလံဝါ၊ လောကုတ္တရာ ဖိုလ် လေးပါးကိုဌင်း။ ဥလ္လပတိ၊ အံ့။ သောဘိက္ခု၊ သည်။ အသမ-ဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသက္ကုတ္တိယော၊ သည်။ ဝါ၊သည်။ ဟောတိ၊ ၏။

သေယျထာပိနာမ၊ကား။ မဏ္ဍကစ္ဆိနော၊လည်ဆစ်လည်သီး ပြတ်လေပြီးသော။ တာ၊လော၊ ထန်းပင်သည်။ ပုနဝိရုဠ္ဍိယာ၊ တဘန် ပေါက်ရောက်စည်ပင်ပြန်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက် သကဲ့သို့ ။ဝေမေဝ၊ ဤအတူပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပါပိဏ္ဍော၊ ဖြစ်၍။ ဣဿ္ဌာပကတော၊ ဖြစ်၍။ အသန္တံ၊ သော။ အဘူတံ၊ သော။ ဥတ္တရိုမနုဿဓမ္မံ၊ ကို။ ဥလ္လပိတွာ၊ မိ၍။ ဝါ၊ မိသည်ရှိသော်။ ဝါ၊ မိသောကြောင့်။ အသမဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသက္ကုတ္တိယော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုဗျာန်မဂ်ဖိုလ် တရားကို ပြောကြားခြင်း

အမှုမျှားကို။ တေ-တယာ၊သင်-ပဉ္စင်းသစ်သည်။ယာဝဇီဝံ၊ဆုံး။ အကရဏီယံ၊ အပ်။ ဝ၊ ထိုက်။ ဝ၊ ကောင်း။ ဝ၊ လင့်။ ဝ၊ ဟုတ်ပေ။ ဝ၊ ပေတည်း။

ပုဗ္ဗာပရ၊ သမာနနှင့်၊လ:ဠ္ဟဏဟေတု၊ ငါးခုအတ္ထ၊သက်အပ် စ္ပ၊ တုန,တ္ဝာန,တ္ဝာ။

ဟူသောရှေးဆရာတို့စကားနှင့်အညီ၊ ပဋိသေဝိတ္ဝာ၊ အာဒိယိတ္ဝာ၊ ဝေါရောပေတ္ဝာ၊ ဥလ္လပိတ္ဝာ၊ ဟူသောလေးပုဒ်တို့၌ အနက်သုံးချက်စီ ပေးလိုက်သည်။

အကရဏီယ ၄- ပါးကို ကြားခြင်းဟူသော အပရကိစ္စကို ပြုရသည်မှာ ရဟန်းပြုစကာလ၌ ရဟန်းသိက္ခာတို့ကို မသိနိုင်သေသည်နှင့် တပါးသောသိက္ခာတို့ကို လွန်ကျူးမိသည်ရှိသော် ကုစား၍ ပကတိဖြစ်အောင် တတ်ကောင်းသေး၏၊ ၎၊ ၄-ပါးကို လွန်ကျူးမိသည်ရှိသော် ကုစားခြင်းငှါ မတတ်ကောင်း၊ တပါးသော အမှုတို့ထက် ၎၊ ၄-ပါးသော အမှုတို့ကို အရင်သိနှင့်မှ သင့်မြတ်မည် ဖြစ်သော ကြောင့်ရင်း၊ တပါးသော အာပတ်အပြစ်တို့ အငြိုအစွန်း ရှိသော်လည်း ၎၊ ၄-ပါး လုံခြုံခဲ့သည်ရှိသော် သဒ္ဓါဒေယျ လှူဒါန်းသော ပစ္စည်းပဏ္ဍုများကို ခံယူသုံးဆောင်ခြင်းငှါထိုက်သော သီလဝန္တပုဂ္ဂိုလ်ပင် ဖြစ်ပေသည်၊ ဒုဿီလပုဂ္ဂိုလ်မဆိုရပေ၊ ၎၊အကြောင်းကြောင့်ရင်း၊ ၎၊ ၄-ပါးကိုသာရှေးဦးစွာ ကြားအပ်သတည်း။ဒုတိယအပရကိစ္စပြီး၏။

အကရဏီယ ၄-ပါးကို ကြားခြင်းဟူသော အပရကိစ္စစိရင်ခံလာ်း ပြီး၏။

နိဒါနုံးချုပ်စကား။ ။ ရဟန်းခံခြင်း ကိစ္စ၌အကြီးအမှူးပြုသော သူတို့သိက္ခမ်းလိမ်မာရန် ပုဗ္ဗကရဏာ ၄-ပါး၊ ပုဗ္ဗကိစ္စ ၁၀-ပါး၊ပဓာနကိစ္စ ၁-ပါး၊ အပရကိစ္စ အကျဉ်း ၃-ပါး၊ အကျယ် ၉-ပါးတို့ကို အနက်အဓိပ္ပါယ် အကျိုးအပြစ်နှင့်တကွ ပြဆိုအပ်သော၎၊စာတမ်းကို ဂေါဇာသဏ္ဍာရာဇ် ၁၂၅၁-ခု သာသနာနှစ် ၂၄၃၅-ခု ပဌမဝါဆိုလဆန်း ၄-ရက်တွင် မုံရွာမြို့ လယ်တီ တောကျောင်းဆရာဝါသည် စိရင်ပြီးစီး စေအပ်သတည်း။

၎၊တွင်ရွေ့ကား-ဥပသမ္ပဒါနိဿယကျမ်းပြီး၏။

သသင်္ခါရ၊အသင်္ခါရဝိနိစ္ဆယာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ

ပဋိညာဉ်

ရူပစျာန်စိတ်, အရူပစျာန်စိတ်, လောကုတ္တရာ စျာန်စိတ်များသည် သသင်္ခါရိကပင် ဖြစ်မည်၊ အသင်္ခါရိက ပင်ဖြစ်မည်၊ နှစ်ပါးစုံပင်ဖြစ်မည်၊ နှစ်ပါးစုံမှ အလွတ်ပင်ဖြစ်မည်ကို အယေအချာ မှတ်သားလိုပါကြောင်းနှင့် လေ့ကျင့်ရှာ တရုပ်တန်းရပ်နေ တကာ ငတောက်ကလျောက်ထားတောင်းပန်သည်ဖြင့် ကျမ်းဂန်အားဖို့ ဂိုဏ်သဏ္ဌာန်ကျ နှစ်ဌာနကိုထုတ်ပြ ဆုံးဖြတ်လိုက်ပေအံ့ သတည်း။

ဒုကာဝါဒပြဆိုချက်

ရူပစျာန်စိတ်, အရူပစျာန်စိတ်, လောကုတ္တရာ စျာန်စိတ်များသည် သသင်္ခါရိကပင် ဖြစ်သည်ဟူ၍ရင်း၊ အသင်္ခါရိကပင်ဖြစ်သည်ဟူ၍ရင်း၊ နှစ်ပါးစုံပင်ဖြစ်သည်ဟူ၍ရင်း၊ နှစ်ပါးစုံမှ အလွတ်ပင်ဖြစ်သည်ဟူ၍ရင်း အဘိဓမ္မပါဠိတော်, သုတ္တန်ပါဠိတော်, အဘိဓမ္မအဋ္ဌကထာ, သုတ္တန်အဋ္ဌကထာတို့၌ တိုက်ရိုက်အားဖြင့်အလာမရှိ။

သီဟိုဠ်ကျွန်းတွင် အရှင်သုမင်္ဂလသာမိ မထေရ် စီရင်သော အဘိဓမ္မတ္ထဝိဘာဝနီခေါ်သော ဒုကာကျော်ကျမ်းဌီကား—

သဗ္ဗညုတ ဗုဒ္ဓ ပရိကမ္မသခ်ါတပုဗ္ဗာဘိသခ်ါ ရေနဝိနာ ကေဝလံ အဓိကာရဝသေန အနုပ္ပဇ္ဇနတော အသခ်ါရိကန္တိ ပိ, အဓိကာရေန စ ဝိနာ ကေဝလံ ပရိကမ္မာဘိသခ်ါရေနေဝ အနုပ္ပဇ္ဇနတော သသခ်ါရိကန္တိ ပိ နသက္ကာ ဝတ္တုန္တိ။ အထ ဝါ ပုဗ္ဗာဘိသခ်ါရဝသေနေဝ ဥပ္ပဇ္ဇမာနသ္မိံ ဣဒ္ဓိမာနသ္မိံ ကဘာဝေါ သမ္ဘဝတိ တိ အသခ်ါရိကန္တိ စ ဗျဘိစာရာဘာဝတော သသခ်ါရိကန္တိ စ နဝုတ္တန္တိ။ ။ဤသို့လာ၏။

အနက်ကား။ ။သဗ္ဗညုတ ဗုဒ္ဓ၊ အလုံးစုံလည်းဖြစ်သော။ ဗျာနသ၊ ဗျာန်စိတ်၏။ ပရိကမ္မသခ်ါတပုဗ္ဗာဘိသခ်ါရေန၊ ပထဝီ ပထဝီ စသည်ဖြင့် စီးဖြန်းအားထုတ်ခြင်း ပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိသခ်ါရနှင့်။ ဝိနာ၊ကင်း၍။ ကေဝလံ၊သက်သက်။ အဓိကာရဝသေန၊ ရှေးရှေးသော ဘဝတို့၌ သမထကမ္မဋ္ဌာန်းကိုကြိုးပမ်းအားထုတ်ခဲ့ခြင်း ဟူသောအဓိကာရ၏အစွမ်းဖြင့်။ အနုပ္ပဇ္ဇနတော၊ မဖြစ်နိုင်ခြင်းကြောင့်။ အသခ်ါရိကန္တိ ပိ၊ အသခ်ါရိကဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ အဓိကာရေန၊ ဆိုခဲ့ပြီးသောအဓိကာရနှင့်။ ဝိနာစ၊ ကင်း၍လည်း။ ကေဝလံ၊သက်သက်။ ပရိကမ္မာဘိသခ်ါရေနေဝ၊ ဆိုခဲ့ပြီးသော ပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိသခ်ါရဖြင့်သာလျှင်။ အနုပ္ပဇ္ဇနတော၊မဖြစ်နိုင်ခြင်းကြောင့်။ သသခ်ါရိကန္တိ ပိ၊ သသခ်ါရိကဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိ၊ဤကား-တနည်းအဖြေတည်း။

ဤအဖြေ၏ အလိုစကားကျ ပိဏ္ဍတ္ထကား-သသခ်ါရိက, အသခ်ါရိက ဟူရာတို့ရာ၌ သခ်ါရဟူသည်ကား-ပုဗ္ဗာဘိသခ်ါရကို ဆိုသတည်း၊ ပုဗ္ဗဘိသခ်ါရနှင့် ပုဗ္ဗပယောဂ အတူတူပင်၊ဤဗျာန်အရာ၌ ပထဝီ ပထဝီ စသည်ဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်း ပယောဂသည် သခ်ါရပင်တည်း၊ ဗျာန်စိတ်ဟူက ထိုသခ်ါရနှင့် ကင်း၍ဖြစ်သည် မရှိလေသောကြောင့် အသခ်ါရိက ခေါ်ခွင့်မရှိ၊ ထိုသခ်ါရနှင့် တကွသာ ဖြစ်သောကြောင့် သသခ်ါရိကဆိုရမည်လည်း၊ ထိုသခ်ါရ အစွမ်းသက်သက်နှင့် ဖြစ်နိုင်သည်မဟုတ်၊ ရှေးရှေးသော ဘဝတို့၌ ဘုရားသာသနာ၌သော်၎င်း၊ ရသေ့တို့ သာသနာ၌သော်၎င်း၊ ကြိုကြိုက်၍ သမထကမ္မဋ္ဌာန်းကို

ကြိုးပမ်းအားထုတ်ခဲ့ဘူးသော အဓိကာရ ဥပနိဿယခံရှိမှုဖြစ်နိုင်သော ကြောင့် သသင်္ခါရိကဆိုခွင့်လည်းမရှိ။

စင်စစ်မူကား-ဤစျာန်စိတ်သည် သသင်္ခါရိက,အသင်္ခါရိက နှစ်ပါး စုံမှ အလွတ်သာတည်းဟူလိုသည်။ ။ဤကား-ပိဋ္ဌာတ္ထ။

အထဝါ၊ တနည်းမူကား။ ပုဗ္ဗာဘိသင်္ခါရဝသေနေဝ၊ဆိုခဲ့ပြီးသော ပရိကံဟုဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရ၏အစွမ်းဖြင့်သာလျှင်။ ဥပဋ္ဌမာ-နဿ၊ ဖြစ်နိုင်သောစျာန်စိတ်၏။ကဒါစိ၊ တရံတဆစ်ခု။ အသင်္ခါရိက-ဘာဝေါ၊ အသင်္ခါရိကအဖြစ်သည်။ နသမ္ဘဝတိ၊ ဖြစ်ခွင့်မရှိ။ ဣတိ၊ ထို့ကြောင့်။ အသင်္ခါရိကန္တိစ၊ အသင်္ခါရိကဟူ၍လည်း။ နဝုတ္တံ၊ အရှင်အနုရုဒ္ဓါဆရာဆိုတော်မမူအပ်။ ဗျဘိစာရာဘာဝတော၊အသင်္ခါ ရိကအနေနှင့်လျှဉ်းပါးဘွယ်မရှိသောကြောင့်။သသင်္ခါရိကန္တိစ၊သသင်္ခါ ရိကဟူ၍လည်း။နဝုတ္တံ၊ အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မမူအပ်။ ဣတိ၊ ဤကား-တနည်းအဖြေတည်း။

ဤအဖြေ၏အလိုစကား၊ဟု ပိဋ္ဌာတ္ထကား-စျာန်စိတ်သည် စီးဖြန်း ခြင်း ပရိကံဟု ဆိုအပ်သော သင်္ခါရရှိမှ ရကောင်းသောကြောင့် သသင်္ခါရိကချည်းသာ စင်စစ်တည်း၊ အသင်္ခါရိက မသိသာ၊ ဘုံသော် သသင်္ခါရိကဟု အရှင်အနုရုဒ္ဓါဆရာ၏ပါဠိတော့လောဟူမူဆိုခွင့်မရှိ။

ကျိုးဟူက အနက်သာရှိသည်၊ ကျိုးဖြူဟူ၍မရှိ၊ထို့ကြောင့် ကျိုးနက် ပျံလေ၏၊ ကျိုးနက်နားလေ၏ဟု အထူးဘော်၍ဆိုခွင့်မရှိရကား- ကျိုး ပျံလေ၏၊ ကျိုးနားလေ၏၊ ဤသို့သာဆိုကြရသတည်း၊ ထိုသို့ပင်ဆို သော်လည်း ကျိုးဆိုလျှင် အနက်သာတည်းဟု ကေန်စင်စစ်သိရတော့ သည်၊ ထို့အတူ စျာန်ဆိုလျှင် သသင်္ခါရိကသာတည်းဟု ကေန်စင်စစ် သိကြရကား-သသင်္ခါရိကစျာန်ဟူ၍ ဘော်၍ ဆိုခွင့်မရှိ၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာဘော်၍ မဆိုပေသတည်း။

စင်စစ်မူကား- ဤစျာန်စိတ်ဟူသမျှသည် သသင်္ခါရိကသာအမြဲ ဟုတ်ည်းဟူလိုသည်။ ။ဤကား-ပိဋ္ဌာတ္ထ။

ဤဋီကာအလိုအားဖြင့် တကာင်တောက်မေးလျှောက်သောစကား ၄-ခွန်းတွင် အသင်္ခါရိကပင်ဖြစ်မည်၊ ၂-ပါးစုံပင် ဖြစ်မည်ဟူသော အမေး၂-ခွန်းကိုပယ်၍ သသင်္ခါရိကပင်ဖြစ်မည်၊ ၂-ပါးစုံမှအလွတ်ပင်ဖြစ်မည်ဟူသော အ^မေး၂-ခွန်းကို ခွင့်ပြုသည်၊ ၂-ပါးစုံမှ အလွတ်သော်လည်း ဆိုတော့၊ တနည်း၊ သသင်္ခါရိကသာဟူ၍သော်လည်း ဆိုတော့ ဟူလိုသည်။ ။ဤကား-ကျမ်းဂန်အဆိုတည်း။

ဤဋီကာအရှင့် အဆုံးအဖြတ်သည် အ၍ကျမ်းဂန်တပါးနှင့် မညီ၊ အ၍သဘောယုတ္တိမရှိသောကြောင့် မသင့်မြတ်လေ။

အ၍ကျမ်းဂန်တပါးနှင့် မညီဆိုရာ၌ မညီပုံကား-မဂ်ဖိုလ်ကိုရခြင်းသည် ရှေးရှေးသော ဘဝတို့က ဖြည့်ကျင့်ပြီးသော ပါရမီအဓိကာရဥပနိဿယရှိမှရထိုက်သည်၊ အဓိကာရဥပနိဿယမရှိမူ မရထိုက်ဟူရသကဲ့သို့ ဤရူပစျာန်, အရူပစျာန်များသည်လည်း အဓိကာရ ဥပနိဿယ အစုံရှိမှ ရထိုက်သည်ဟူသော စကားသည် အဌကထာကြီးများနှင့်မညီ၊ အဌကထာကြီးတို့၌ကား- မဂ်ဖိုလ်မှာသာ ပါရမီအဓိ-ကာရရှိမှ ရထိုက်သည်၊မရှိလျှင် မရထိုက်၊ စျာန်အဘိညာဏ်သမာပတ်တို့မှာမူကား- ရှေးအဓိကာရဥပနိဿယမလို၊ အဓိကာရမရှိသော်လည်း အန္တရာယိကဓမ္မကင်းရှင်းသူဖြစ်၍ ရလောက်အောင် အားထုတ်နိုင်ပါမူ သာသနာတွင်းဖြစ်စေ, သာသနာပဖြစ်စေ ရထိုက်၏၊ ဧကန်ဟု ကျမ်းဂန်တိုက်ရိုက်လာသတည်း။

အဓိကာရကိုပြဆိုချက်

ယော ဧ သမ္ဘေ အကတာဓိကာရော၊တသ ဒုက္ခာပဋိ-ပဒါ ဟောတိ၊ ကတာဓိကာရသ သုခါ။

[အဌသာလိနီ ဝိသုဒ္ဓိမဂ်နှစ်ကျမ်း။]

အဓိပ္ပါယ်ကား-ရှေးရှေးဘဝတို့၌ သမ္ဘဝကမ္မဋ္ဌာန်းကိုအားထုတ်ခဲ့ဟူးသည်ဖြစ်၍ အဓိကာရဥပနိဿယ အခံမရှိသောပုဂ္ဂိုလ်သည် ဒုက္ခာပဋိပဒါ စျာန်,အဘိညာသမာပတ်တို့ကိုရသည် ဟူလိုသည်။

၁။ ထိုမှတပါး အဓိကာရဥပနိဿယ အခံရှိဘူးသော ပုဂ္ဂိုလ်တို့မှာ အကတကသိုဏ်းဌာပင် နိမိတ်ထင်၍ ဈာန်ရကြောင်း။

၂။ အဓိကာရဥပနိဿယအခံမရှိဘူးသော ပုဂ္ဂိုလ်တို့မှာမူကား-ထုံးနည်းကျကျ စိရင်ပြုလုပ်အပ်သော ကတကသိုဏ်းဌာ နိမိတ်ထင်၍ ဈာန်ရကြောင်း။

မှတ်ချက်။ ။အဓိကာရ ဥပနိဿယအခံရှိဘူးသော ပုဂ္ဂိုလ်တို့မှာ စုဒ္ဒသာကာရစိတ္တာဒမန အစီအရင်နှင့်ကင်း၍ အဘိညာဖြစ်ကြောင်း၊ အဓိကာရ ဥပနိဿယအခံမရှိဘူးသော ပုဂ္ဂိုလ်တို့မှာမူကား-ထိုအစီအရင်နှင့်အားထုတ်မှ အဘိညာဖြစ်ကြောင်းများကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ တိုက်ရိုက်လာသောကြောင့် အဓိကာရရှိမှ ဈာန်ကိုရသည်ဟူသော ဋီကာကျော်ဆရာစကားသည် မသင့်ပုံသေတည်း။

တနည်းကား-အဓိကာရသည် ဝေးသောအဓိကာရ, နီးသောအဓိကာရဟူ၍ ၂-ပါးရှိ၏၊ထိုတွင် ရှေးဒုတိယဘဝ,တတိယဘဝအစရှိသော နီးသောဘဝတို့၌ အားထုတ်ခဲ့သော အဓိကာရ ရှိ,မရှိကိုသာ အစွဲပြု၍ အဓိကာရရှိသူ,မရှိဘူးဟု ကွဲပြားရသည်၊ အလုံးစုံသော သတ္တဝါတို့သည် တခုတခုသောမဟာက မ္ဗာကို ၄-ဘို့ ဘို့၍ ၃-ဘို့ခန့်ကာလပတ်လုံး ဖြတ်မှီ့ပြည့်၌သာ နေကြရသည်၊ တဘို့ခန့်ကာလ၌သာ ကာမ ၁၁-ဘုံ၌ဖြစ်ကြရကုန်သည်။

ဤကိုထောက်၍ ဝေးသောအဓိကာရကို အစွဲပြု၍ ဆိုရသော် သတ္တဝါတိုင်းပင် ဈာန်အဘိညာသမာပတ်နှင့် နေရသော ကာလသာ များလေရကား- အဓိကာရမရှိဘူးသော သတ္တဝါဟူ၍ပင် မရှိသည်ကို ရည်၍ ဋီကာရှင်ဆိုပေသည်ဟူမူ ဆိုတန်သေး၏။

သာသနာတော်တွင်း၌ လောကီဈာန်ကို မရနိုင်ဟူသော စကားသည်ကား-အလွန်တွေ့ဝေလှသော အန္ဓဗာလတို့ စကားသာတည်း၊ အရာမဟုတ်လှ၍ အကျယ်မဆိုလိုက်ပြီ။ ။[တရပ်။]

ပုဗ္ဗာဘိသခ်ါရကိုပြဆိုချက်

ဋီကာရှင်အဆိုးအဖြတ်သည် အချိုသဘောယုတ္တိမရှိဟူရာ၌ သဘောယုတ္တိမရှိပုံကား-ဈာန်မဂ်ဖိုလ်မှကို မဆိုထားနှင့်ဒါနမှ၌ပင် ယေဘုယျအားဖြင့် တမတ်တန်ပြုသော ဒါနမှထက် တကျပ်တန်ပြုသောဒါနမှမှာ ပုဗ္ဗာဘိသခ်ါရ ပုဗ္ဗပွဲယောဂအားကြီးသည်၊ တကျပ်တန်ပြုသော ဒါနမှထက် တဆယ်တန်ပြုသော ဒါနမှ၏ ပုဗ္ဗပွဲယောဂအားကြီးသည်၊တဆယ်တန်ထက် တရာတန်၊တရာတန်ထက် တထောင်တန်၊ တထောင်တန်ထက် တသောင်းတန်၊ ဝါသောင်းတန်ထက် တသိန်းတန်ပြုသော ဒါနမှ၏ ပုဗ္ဗာဘိသခ်ါရ ပုဗ္ဗပွဲယောဂသည် အလွန်အားကြီးသည်၊ ပုဗ္ဗာဘိသခ်ါရပုဗ္ဗပွဲယောဂနှင့်ကင်းသော ဒါနမှမည်သည်မရှိ၊ထိုဒါနမှထက် အဆအသိန်း,အသန်းမကဖြစ်ခဲလှသောဈာနဘာ-ဝနာ-မဂ္ဂဘာဝနာမှမျှားမှာမူကား-ဆိုဘွယ်ပင်မရှိ။

ထို့ကြောင့် ဋီကာရှင်အလိုအားဖြင့် ပုဗ္ဗာဘိသခ်ါရနှင့် မကင်းသမျှကို သသခ်ါရိုကချည်းဆိုခဲ့သော် အလုံးစုံသော ကုသိုလ်စုသည် သသခ်ါရိုကချည်းသာ ဖြစ်၍ကုန်ရာ၏၊ အသခ်ါရိုကဟူ၍ပင်မရှိရာ။

သည်သာမကသေး။ ။သသခ်ါရိုကချည်း ဖြစ်၍ကုန်ရာတွင်မှလည်း တမတ်တန်ပြုသော ကုသိုလ်အောက် တကျပ်တန်ပြုသောကုသိုလ်သည် ယုတ်ညံ့၏၊ တကျပ်တန်အောက် တဆယ်တန်သည် ယုတ်ညံ့၏။လ။ တသိန်းတန်အောက် တသန်းတန်သည် ယုတ်ညံ့၏၊ ထိုအောက် ဈာန်မဂ် ကုသိုလ်စုသည် အလွန်ပင်ယုတ်ညံ့သည်ဟု ဆိုခွင့်ရှိရာသည်။

အဘယ့်ကြောင့်နည်း၊ လွယ်သောအမှုထက် ခဲယဉ်းသော အမှု၌ သသခ်ါရိုကဖြစ်ကြောင်း အဆင့်ဆင့်အားကြီးလေသောကြောင့်ရင်း၊ သသခ်ါရိုက ဖြစ်ကြောင်း အားကြီးရာ ယုတ်ညံ့ခြင်း အားကြီးသင့်လေသောကြောင့် ရင်းတည်း။

(က) ဒါနကုသိုလ်မှ၏ ရှေးဦးမကင်းနိုင်သောအမှုကား-ဒါနဝတ္ထု၊ ကို စီရင်ခြင်းစသော ပုဗ္ဗာဘိသခ်ါရကိစ္စတည်း။

(၁) သီလကုသိုလ်မှ၏ ရှေးဦးမကင်းနိုင်သောအမှုကား-ဇာတိ-ဂေါတ္တစသည်ကို ဆင်ခြင်ခြင်း, ဓိဋ္ဌာန်ခြင်း သိက္ခာပုဒ်ကို ခံယူဆောက်တည်ခြင်းစသောပုဗ္ဗာဘိသင်္ခါရကိစ္စတည်း။

(၂) ဈာနဘာဝနာကုသိုလ်မှ၏ရှေးဦးမကင်းနိုင်သော အမှုကား-ပထဝီ ပထဝီစသည်ဖြင့် စီးဖြန်းပွားများခြင်း ပုဗ္ဗာဘိသင်္ခါရကိစ္စတည်း။

(၃) မဂ်ကုသိုလ်မှ၏ရှေးဦးမကင်းနိုင်သောအမှုကား-အနိစ္စ,ဒုက္ခ, အနတ္တဟူ၍ စီးဖြန်းပွားများခြင်းပုဗ္ဗာဘိသင်္ခါရကိစ္စတည်း။

ဦးကာရှင်ကား-ကုသိုလ်အမှုအားလျော်စွာ မကင်းနိုင်သော ပုဗ္ဗာ-ဘိသင်္ခါရမှုတွေကို သသင်္ခါရိက အင်္ဂါပြု၍ ရူပဈာန်, အရူပဈာန်, လောကုတ္တရဈာန်တွေကို သသင်္ခါရိကချည်း ပြုလေသည်ကား-ပါဠိ-အဋ္ဌကထာဦးကာကြီးတို့၌လည်း အရိပ်မျှပင်မထင်၊ ဆိုခဲ့ပြီးသော အမှုတွေနှင့်လည်း မကင်းနိုင်သောကြောင့် သဘောယုတ္တိလည်း မရှိသည် ကေန်စင်စစ်ဖြစ်၏။ [ဟရပ်။]

ပါဠိတော်အဋ္ဌကထာဝါဒညွှန်းချက်

ယခုအခါ ပါဠိအဋ္ဌကထာကျမ်းဂန်တို့၌ အရိပ်အခြေက အားဖြင့်ရင်း,အထင်အလင်းအားဖြင့်ရင်း လာသောဝါတို့အလို ကိုယ်သဘောကျကို အလင်းပြလိုက်အံ့။

သဟ သင်္ခါရေနာတိ သသင်္ခါရောဇတနသသင်္ခါရေန သပ္ပ-ယောဂေန သဥပါယေန။
[အဋ္ဌသာလိနီအဋ္ဌကထာ၊မဟာကုသိုလ်သသင်္ခါရိကစိတ်အဘွင့်။]

ယော အာဒိတော ကိလေသေ ဝိကွဲမ္ဘေဒန္တော ဒုက္ခေန သ-သင်္ခါရေန သပ္ပယောဂေန ကိလမန္တော ဝိကွဲမ္ဘတိ၊ တဿ ဒုက္ခာ ပဋိပဒါ ဟောတိ၊ ယော ကိလေသေ ဝိကွဲမ္ဘေန္တော သုခေန အကိလမန္တော ဝိကွဲမ္ဘတိ၊ တဿ သုခါ ပဋိပဒါနာမ။
[ဌာနားအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရူပါဝစရဈာန်ဘွင့်။]

တတ္ထ ကတမာ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ ပညာ၊ ကိေလ့ဆန်-ကသိရေန သမာဓိ ဥပ္ပါဒေန္တိ သ။ လ။ တတ္ထ ကတမာ သုခါ-ပဋိပဒါ ခိပ္ပါဘိညာ ပညာ၊ အကိေလ့ဆန အကသိရေန သမာဓိ ဥပ္ပါဒေန္တိ သ့။

[အဘိဓမ္မာဏာဝိဘင်းပါဠိတော်။]

ကိေလ့ဆန ကသိရေန သမာဓိ ဥပ္ပါဒေန္တိ သတိ လောကုတ္တရ-သမာဓိ ဥပ္ပါဒေန္တိ သ၊ပုဗ္ဗဘာဂေ အာဂမနကာလေ ကိေလ့ဆန ကသိရေန ဒုက္ခေန သသင်္ခါရေန သပ္ပယောဂေန ကိလ-မန္တိ သ ကိလေသေ-ဝိက္ခမ္ဘေတွာ အာဂတာ သ။

[ဌာနဝိဘင်းအဋ္ဌကထာ။]

၅၂ အသင်္ခါရ ဝိနိစ္ဆယ

ဤအဋ္ဌကထာကြီးတို့၌ သသင်္ခါရအဘွင့်နှင့် ဒုက္ခာ ပဋိပဒါ စျာန်အဘွင့်သည် တထပ်တည်း တသံတည်း ကျသောကြောင့် ဒုက္ခာပဋိပဒါ ဖြစ်သော ရူပစျာန်စိတ်, အရူပစျာန်စိတ်, လောကုတ္တရစျာန်စိတ် ဟူသမျှသည် သသင်္ခါရချည်းဖြစ်သည်၊ ဗျတိရေကနည်းအားဖြင့် သုခါ-ပဋိပဒါဖြစ်သော ရူပစျာန်စိတ်,အရူပစျာန်စိတ်,လောကုတ္တရစျာန်စိတ် ဟူသမျှသည် အသင်္ခါရိက ချည်းဖြစ်သည်ဟု အနက်အားဖြင့် ပြီးသတည်း။ ။ဤကား-အရိပ်အမြွက်အားဖြင့် သိသာပုံတည်း။

အထင်အလင်းအားဖြင့်ပြီးပုံကား- ရူပါဝစရစျာန်, အရူပါဝစရ-စျာန်, လောကုတ္တရစျာန်တို့၏ အပြားကိုပြသော နေတ္တိပါဠိတော်-အဓိဋ္ဌာနာဟာရ ဝိဘင်း၌ သသင်္ခါရော သမာဓိ၊အသင်္ခါရော သမာဓိ-ဟူ၍ဟောတော်မူသည်။

နေတ္တိအဋ္ဌကထာ၌။ ။သသင်္ခါရောသမာဓိတိ ဒုက္ခာပဋိပ-ဒေါ ဒန္ဓာဘိညော ဒုက္ခာပဋိပဒေါ ခိပ္ပါဘိညောစ၊ သော ဟိ သသင်္ခါရေန သပ္ပယောဂေန စိတ္တေန ပစ္စနီကဓမ္မေ ကိေလ့ဆန ကသိရေန နိဂ္ဂဟေတွာ အဓိဂန္တ္ဗေ၊ ဣတရော အသင်္ခါရော သမာဓိ။ ။ဟူ၍လာသည်။

နေတ္တိဋ္ဌိကာ၌။ ။ဇုတရောတိ သုခါပဋိပဒေါ ဒန္ဓာဘိညော သုခါ-ပဋိပဒေါ ခိပ္ပါဘိညော–ဟူ၍လာသည်။ ။ဤသို့ လာသော ပါဠိတော်အဋ္ဌကထာဋီကာ မျှားကိုမြင်၍ ဒုက္ခာပဋိပဒါဒန္ဓာဘိည ခိပ္ပါဘိည ဖြစ်သော ရူပဈာန်စိတ်, အရူပဈာန်စိတ်, လောကုတ္တရဈာန်စိတ် ဟူသမျှသည် သသင်္ခါရိကချည်းဖြစ်သည်ဟူ၍ဝင်း၊သုခါပဋိပဒါ ဒန္ဓာဘိည ခိပ္ပါ-ဘိညဖြစ်သော ရူပဈာန်စိတ်,အရူပဈာန်စိတ်,လောကုတ္တရဈာန်စိတ် ဟူသမျှသည် သသင်္ခါရိကချည်း ဖြစ်သည်ဟူ၍ဝင်း၊ ကေန္တ အားဖြင့် ယုံကြည် လေးမြတ်မှတ်သားအပ်၏။ ။ဤကား-အထင်အမြင်အားဖြင့် သိသာပုံတည်း။ ။ [တရပ်။]

တနည်းထုတ်ဆိုညီနှိုင်းချက်

အမေး။ ။ထိုသို့ဖြစ်ခဲ့သော် သဠာယတန ရူပ,အရူပ,လောကုတ္တရစိတ်တို့၌ သသင်္ခါရိက ဘေဒ၊ အသင်္ခါရိက ဘေဒကိုအဘယ့်ကြောင့် မဆိုသနည်း။ ။မေးရန်။

အဖြေ။ ။ဓမ္မသင်္ဂဏီပါဠိတော်ရင်းခံပင် သသင်္ခါရိက, အသင်္ခါရိကအသံနှင့် မဟောသောကြောင့် သဠာယတန မဆိုပါသည်။ ။ဖြေရန်။

အမေး။ ။ဓမ္မသင်္ဂဏီ ပါဠိတော်ခံကား-သသင်္ခါရိက,အသင်္ခါရိက အသံနှင့်အဘယ့်ကြောင့် မဟောသနည်း။ ။မေးရန်။

အဖြေ။ ။ရူပ,အရူပ,လောကုတ္တရစိတ်စသည်သည် ဘာဝနာမယတရား စင်စစ်ဖြစ်ပေ၍ ဘာဝနာမယတရားစုနှင့် ထိုက်တန်သောပဋိပဒါဟူသောအသံနှင့်သာဟောသင့်သောကြောင့် သင်္ခါရသံနှင့်မဟောပါသည်။ ။ဖြေရန်။

ထိုစကားမှန်၏၊ ကာမာဝစရ တရားစုသည်ကား-အ၍ကာယကံ, အ၍ဝစီကံ,အ၍မနောကံ,အ၍ဒါနမယ,အ၍သီလမယ,အ၍ဘာ-ဝနာမယတွေဖြစ်လေ၍ ပဋိပဒါနှင့် ဟောခြင်းငါးမထိုက်၊သင်္ခါရနှင့်သာ ဟောခြင်းငါ ထိုက်သတည်း။

ရူပ,အရူပ,လောကုတ္တရာတရားအစုမှာမူကား-ဘာဝနာမယစင်စစ်သာဖြစ်သည်၊ ဘာဝနာနှင့်အကျင့်ကို ဟောသောပဋိပဒါသည် သဘော

တူလွသောကြောင့် ပဋိပဒါဟူသော ဝေါဟာရအသံနှင့် ဟောရလေသည်၊ပဋိပဒါကိုလည်း သုခါပဋိပဒါ,ဒုက္ခာပဋိပဒါနှစ်ထွေခွဲ၍ဟောပြန်သောကြောင့်–

သသခ်ါရိကစျာန်စုသည် ဒုက္ခာပဋိပဒါ၌ ပါဝင်လေသတည်း။
အသခ်ါရိကစျာန်စုသည် သုခါပဋိပဒါ၌ပါဝင်လေသတည်း။

ဤကား-ပါဠိအဋ္ဌကထာကျမ်းဂန်တို့၌ အရိပ်အမြွက်အားဖြင့်ရင်း, အထင်အလင်းအားဖြင့်ရင်း လာသောဝါတို့အလို ကိုယ်သဘောကျကို အလင်းပြလိုက်သော စကားရပ်တည်း။ [တရပ်။]

နိဂုံးချုပ်

၁။ ဤသို့လျှင်ပဌမ ပဋိညာစကားတရပ်။
၂။ ဒုတိယ ဋီကာဝါဒကိုပြသည်တရပ်။
၃။ တတိယ ဋီကာဝါဒတွင်အဓိကာရကိုဆုံးဖြတ်သည်တရပ်။
၄။ စတုတ္ထ ဋီကာဝါဒတွင် ပုဗ္ဗာဘိသခ်ါရကိုပယ်သည်တရပ်။
၅။ ပဉ္စမ အဋ္ဌသာလိနီဝိသုဒ္ဓိမဂ် ဝိဘင်းပါဠိတော် ဝိဘင်းအဋ္ဌ-ကထာတို့ကိုထုတ်ပြည့်နှိုင်း၍ ဝါတို့အလို ကိုယ်သဘောကျကိုဆုံးဖြတ်သည်တရပ်။
၆။ ဆဋ္ဌ၊ နေတ္တိပါဠိတော်,နေတ္တိအဋ္ဌကထာ,နေတ္တိဋီကာတို့ကို ထုတ်ပြ၍ ဝါတို့အလို ကိုယ်သဘောကျကို ဆုံးဖြတ်သည်တရပ်။

ဤသို့လျှင်၊ ၆-ရပ်, ၆-ခကားတို့ဖြင့်ခြားနားကန့်ကွက်၍ မယှက်မထွေးရဖအောင် ဖြေဆိုဆုံးဖြတ်လိုက်သည် တကာဝတောက်။

သသခ်ါရ,အသခ်ါရဝိနိစ္ဆယကျမ်းပြီး၏။

ဤတွင်ရွေ့ကား–မဟာသယနဒီပနီ,ဒီဃာသနဝိနိစ္ဆယ,
ဥပသမ္ပဒဝိနိစ္ဆယ,သသခ်ါရ,အသခ်ါရ ဝိနိစ္ဆယ
၄-ကျမ်းကျဲ့ ပြီးပြီ။

[illegible]

[illegible] ဦးဂဝန
ကမ္ဘာဘေး၊ရန်ကုန်။